www.burmeseclassic.com

လင်းလက်အိမ်
PUBLISHING GROUP



BURMESE CLASSIC

မိုးဦးကိုကိုစီစဉ်သည်

# လွန်းတာမို

မာနပြိုင်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူး စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (ရွှေခြေသံပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း။ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀၀ ကျပ်

ဖြန့်ချိရေး - လင်းလက်အိမ်စာပေ
၁၇/၁၊ အောင်စင်လမ်း၊ (၂၄)ရပ်ကွက်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း - ၀၉ ၄၁၀၄၅၀၈၄၊ ၀၉ ၈၇၃၃၅၂၈၃၆

၈၉၅.၈၃
လွန်းတမို
မာနပြိုင်/လွန်းတမို။ ရန်ကုန်။
ဖျူးစာပေ၊ ၂၀၁၅။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) မာနပြိုင်

# မာနပြိုင်

# လွန်း★တမို

စီစဉ်သူ
မိုးဦးကိုကို

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

အခန်း (၁)

"အို … စံပန်းခေတ်ဆိုတာ … မင်း … "

ခြိတ်ခါးဝမှာရပ်ပြီး နာမည်ကလေးကိုပြောလိုက်တာနှင့် အံ့ဩပိုင်းစက်သွားသည့် မျက်ဝန်းတွေနှင့်အတူ ပင့်တက်သွားသည့် မျက်တောင်တွေကပါ အောက်ကိုတော်တော်နှင့် ပြန်ကျမလာတော့ပါ။

သေချာတာ တစ်ခုက …

ခြံတံခါးသော့ကြီးကို လှည့်ဖွင့်နေသည့် အနီရောင် ရဲရဲ အကောင်းစားပါတိတ်ဝမ်းဆက်ကြီးကို အချိုးကျကျ ပြင်ဆင်ဝတ်စားထားသော အသက်လေးဆယ်ကျော်အရွယ် အန်တီကြီးရဲ့လက်တွေက တဆတ်ဆတ်တုန်နေသလို … ပြုံးပျက်သွားသည့် မျက်နှာထိုပါ ဘယ်လိုမှပြင်ဆင်ချိန်မရလိုက်တော့ဘဲ ခြံတံခါးကြီးကို ထိတ်ထိတ်ပျာပျာ ဖွင့်ပေးလိုက်ရတာဟာ ဒေါ်ဝတီနွယ်ရဲ့ ပထမဆုံး ရှုံးနိမ့်လိုက်ရမှုတစ်ခုဆိုတာ သေချာသွားခဲ့သည်။

"ဟွန်း … အန်တီက ခရီးဆောင်အိတ်တစ်လုံးဆွဲပြီး ဒီကြက်



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းလျှောက်လာနေတာတော့မြင်သား ... မင်းပုံစံလေးက ဝင်းဝင်းထင်းထင်းကလေးနဲ့ ... တအားချစ်ဖို့ကောင်းနေလို့ မန္တလေးက လာတဲ့ ဒရိုင်ဘာသမီး စံပန်းခေတ် မဟုတ်ဘူးထင်ပြီး ဒီအတိုင်း ရပ်ကြည့်နေမိတာ ... စံပန်းခေတ်ဆိုရင်တော့ ဝင်ပါနော် ... ဝင်ပါ ဟင်း ဟင်း ... ”

“ရှင် ... ”

ကြည့်ပါဦး ...

စံပန်းခေတ်ကို တွေ့လိုက်တာနဲ့ အထင်သေးသေးနဲ့ကို နှိမ်ချပစ်လိုက်တာ။

မန္တလေးကလာတဲ့ ဒရိုင်ဘာသမီး စံပန်းခေတ် မဟုတ်ဘူး ထင်လို့တဲ့။

ကဲ ... စံပန်းခေတ် ဘာယိုလိုပြောရမလဲ။

“ဟုတ် ... ဟုတ်ပါတယ် အန်တီ ... သမီးက စံပန်းခေတ်ပါ ... မန္တလေးကနေ ဖေဖေရေးပေးလိုက်တဲ့စာလေးသမီးမှာပါပါတယ် ... အန်တီမှတ်သုံးရန် ဒီမှာဖွင့်ကြည့်ပါ အန်တီ ...

စံပန်းခေတ်က ပခုံးမှာလွယ်လာသည့်စလင်းဘတ်အိတ်ကလေးကို မြန်ကတိုစီဘာ ဇစ်ဖွင့်ပြီး ဖွင့်လိုက်တော့ ...

“ဟာ ... မပြနဲ့ ... မပြနဲ့ ... ရတယ်သိလား ... ကဲ ... မင်းဝင်လိုက်”

“ဟုတ် ... အန်တီ ... ဘုတာမှာတော့ကြိုနိုင်းမှာ စံပန်းခေတ် အားနာလို့ ... အဲလိုကွန်းဘုတ်စ်ကားစီးပြီး ကားဂိတ်ကနေ ဒီလမ်းထိပ်ထိရောက်အောင် လမ်းလျှောက်ဝင်လာတဲ့အခါ ... မြန်ပါတ်များမှာစိုးလို့ သတိထားပြီးလျှောက်လာရတော့ ... ရောက်





ရမယ့်အချိန်ထက် ဆယ်မိနစ်လောက်တော့ နောက်ကျသွားပါတယ် အန်တီ ... ပန်းခေတ်ကို ခွင့်လွှတ်ပါ ... ”

“အမလေးကွယ် ... ဝင်လိုက်ပါဆိုမှ တောင်းပန်နေရသေးတယ် ... ဟွန်း ... ”

လူစိမ်းတစ်ယောက်ကို ပတ်သက်ရပြီဆိုတာနှင့် အဲဒီလူကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မတွေ့မတာနိသလို ခပ်နှိမ်နှိမ်လေး ဆက်ဆံတတ်တာကလည်း တစ်သက်လုံး အရိုးစွဲလာတဲ့ ဒေါ်ဝတီနွယ်ရဲ့ ဖျောက်မရတဲ့ အကျင့်စရိုက်ရယ်ပါပဲ။

ခုလည်း ... မန္တလေးက ရောက်လာတဲ့ စံပန်းခေတ်ဆိုတာ သိလိုက်ရတာနှင့်တစ်ပြိုင်နက် နုတ်ခမ်းလေးတွေမဲ့ကွေးကာ မျက်နှာလေးကမို ခက်ထန်ထန် ခပ်မော့မော့လေးဖြင့်လျှက်။

“ဟွန်း ... အန်တီထင်ထားတာက မန္တလေးမှာ ဖွင့်ထားတဲ့ ကုမ္ပဏီရုံးခွဲက ဒရိုင်ဘာသမီးလာမယ်ဆိုတော့ ခပ်စုတ်စုတ်လေးနဲ့ နွမ်းနွမ်းယဲ့ယဲ့လေးထင်လို့ကြည့်နေတာ ... ခုတော့ ... မင်းက အန်တီထင်ထားတာနဲ့ တခြားစီပဲ ... ဒီအတိုင်းဆိုရင် မင်းမဟော်ကို စာသင်ပေးဖို့ဆိုတာ မင်းနဲ့ ... ”

“ရှင် ... အန်တီ ... မင်း ... မင်းမဟော် ဟုတ်လား ... ”

ပန်းခေတ် ကိုက်လုပ်စာသင်ပေးရမယ့် ကောင်လေးတစ်ယောက်ရဲ့ နာမည်က မင်းမဟော်တဲ့။ စံပန်းခေတ် မျက်တောင်ကော့ကော့လေးတွေကို တဖျတ်ဖျတ်ပုတ်ကာ အန်တီ့မျက်နှာလေးကိုပဲ မေးကြည့်လိုက်ရပါသည်။

“ဟုတ်တယ်လေ စံပန်းခေတ် ... မင်း ကိုက်လုပ်စာသင်ပေးရမှာ အန်တီ့သား မင်းမဟော်ကို စာသင်ပေးရမှာ ... ကဲ ...



www.burmeseclassic.com

www.burmeseclassic.com



လာလာ မင်းကို အန်တီယောက္ခမ ဖွားမုန်းဆက်မရှယ်ကိုယ်တိုင် ခြံဝမှာ ထွက်မကြိုနိုင်လို့ သူ့ကိုယ်စား အန်တီထွက်ကြိုပေးတာ တက္ကစီနဲ့မလာဘဲ ဘတ်စ်ကားကိုများ ဒုက္ခခံစီးလာရတယ်လို့ ... အန်တီ ယောက္ခမက တော်တော်နဲ့ရောက်မလာလို့ တဖွဖွမေးနေတာ ... ဟွန်း ... ”

နှုတ်ခမ်းလေးမဲ့ကာပြောပြီး ချာခနဲလှည့်ထွက်သွားတော့ ခရီးဆောင်အိတ်ကြီးကို မနိုင့်တနိုင်လေး မ,ပြီး အန်တီကြီးနောက်ကို စံပန်းခေတ် လိုက်ခဲ့ရတာလေ။

ခြံကြီးက တော်တော်လေးတော့ ကျယ်ပါသည်။ ပန်းခေတ် သဘောကျမိတာက ခြံကြီးထဲမှာ ရောင်စုံပန်းပင်တွေက ဖွေးဖွေးလှုပ်အောင် ပွင့်နေကြတာပင်။ ဆောက်ထားသည့် နှစ်ထပ်တိုက်ကြီးကလည်း ခေတ်မှီလှပလွန်းလျှက်။ ထိုတိုက်မြင့်ကြီးကို မျက်လုံးလေးတစ်ချက်ဝေ့ကာ မော့ကြည့်လိုက်ရင်း စိတ်လှုပ်ရှားမသွားအောင်တော့ ပန်းခေတ် ထိန်းချုပ်လိုက်ရပါသည်။

“ဟွန်း ... မင်းကို အခုကတည်းက တစ်ခုတော့ကြိုပြောထားဦးမယ်နော် စံပန်းခေတ် ... ”

“ဩော် ... ဟုတ် ... ပြောပါအန်တီ ... ”

“မင်းကို ဆယ်တန်းစာမေးပွဲမှာ ငါးဘာသာဂုဏ်ထူးနဲ့ အောင်ထားတယ်ဆိုလို့ မင်းမဟော်ကို စာသင်ပေး ဝိုက်လုပ်ပေးဖို့ ခေါ်လိုက်တာ ... မင်းကိုယ်မင်း ဘဝင်မြင့်ဖို့တော့မစဉ်းစားနဲ့နော် စံပန်းခေတ် ... ဒီခြံထဲမှာ ရှိသမျှလူတိုင်းက အဆင့်အတန်းမြင့်မြင့်နဲ့ တခမ်းတနားနေကြတာ ... ”

“ရှင် ... ”





ထိုအန်တီ့ကိုပဲကြည့်ကာ ပန်းခေတ် မျက်တောင်ရှည်လေးတွေ တအံ့တဩလေးနဲ့ ကော့တက်သွားခဲ့ရပြန်ပြီ။ ဒါ ... ဘာသဘောနဲ့ ပန်းခေတ်ကိုပြောလိုက်တာလဲ အန်တီ ... အန်တို့ယောက္ခမ ဖွားမုန်းဆက်မရှယ်ပိုင်တဲ့ မန္တလေးကုမ္ပဏီရုံးခွဲက ဒရိုင်ဘာတစ်ယောက်ရဲ့ သမီးဆိုပြီးတော့ အန်တီ ပန်းခေတ့်ကို အထင်သေးသေးနဲ့ နှိမ်ချင်နေတာလား။ ပိုက်ဆံတွေထင်တိုင်းသုံးနိုင်ပြီးတော့ ကားတွေအမျိုးမျိုးစီး ... တိုက်ကြီးခြံကြီးနဲ့နေတာကို အန်တီတို့က ဂုဏ်ယူနေတာလား။

ဟင်း ... အဲလိုတော့ မပြောပါနဲ့အန်တီ။

ပန်းခေတ်ကလည်း မန္တလေးကနေ ခရီးဆောင်အိတ်တစ်လုံးနဲ့ အန်တီတို့ခြံထဲကို အခုမှ ရောက်လာတယ်ဆိုပေမယ့် အန်တီတို့နေတာထက် ဆယ်ဆခမ်းနားနေအောင် ပန်းခေတ်လည်း နေတတ်ပါတယ်။

“အန်တီပြောတာ မင်း နားလည်တယ်နော် စံပန်းခေတ်”

“ဩော် ... ဟုတ် ... အန်တီ ... စံပန်းခေတ် နားလည်ပါတယ်”

စကားနည်းရန်စဲဆိုသည့်အတိုင်း အလိုက်သင့်လေး ခေါင်းလေးညိတ်ကာ ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ ခပ်နှင့်နှင့်လေး ခံစားလိုက်ရပါသည်။

“အခုလည်း ဒီတိုက်ကြီးရဲ့အပေါ်ထပ်အခန်းကျယ်ကြီးထဲမှာ အန်တီယောက္ခမ ဖွားမုန်းဆက်မရှယ်က မင်းကိုတွေ့ချင်လို့ဆိုပြီး မောက်ကတည်းက စောင့်နေတာ ... ဒီတိုက်ကြီးထဲကိုဝင်ရင်လည်း ခေါင်းလေးငုံ့ပြီးဝင် ... ကြားလား ... ဟိုကြည့်ဒီကြည့်နဲ့ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထဘီကြိုး စစ်ရတာမျိုးတွေ မဝင်းမလုပ်မိစေနဲ့”

“ရှင် ...”

ဒီတစ်ခါလည်း ပန်းခေတ်ကို တိတိကျကျ ဖော်ကားလိုက်တာခံလိုက်ရပြန်ပြီ။ တစ်ခုခုကို ပြန်ပြောဖို့ ပန်းခေတ်အငေးယူလိုက်စေမယ့် ခဏလေးကာလတွက်မလော့ခင် ဖေဖေမှာလိုက်သည့် စကားလေးတစ်ခွန်းကို ပြန်သတိရလိုက်မိတာမို့ စိတ်ကိုဖြေ လျှော့ချလိုက်ပြီး ခရီးဆောင်အိတ်ကြီးကို ဆွဲကာပဲ တိုက်ထဲကို ပန်းခေတ် လှမ်းဝင်လိုက်ပါသည်။

ဖေဖေကလည်း တစ်ဦးတည်းသော ဒီသမီးလေးအတွက်ပဲ စိတ်ပူစိတ်မချနိုင်အောင် ဖြစ်နေရတာမို့ ဒီစကားတစ်ခွန်းကိုပဲ အထပ်ထပ်အခါခါ ရင်ထဲမှာစွဲသွားရတဲ့အထိ သတိပေးခဲ့တာမဟုတ်လား။

“သူတို့မိသားစုတွေက ကုမ္ပဏီ စီးပွားရေးလုပ်ငန်းတွေ မြန်မာပြည်အနှံ့အပြားမှာ အများကြီးပိုင်ထားတော့ ချမ်းသာတဲ့ အရှိန်အဝါတွေနဲ့ အထက်စီးကပြောတာ ... မော့ကြော့မာမာ ဆက်ဆံတာမျိုးတွေရှိနေမှာကို ဖေဖေကသိနေလို့ သမီးကိုကြိုသတိပေးနေတာ ... အဓိကအရေးကြီးတာ သမီးစိတ်ရှည်သည်းခံပေးပါ ကုမ္ပဏီပိုင်ရှင် ဖွားမုန်းဆက်မရှယ်ရဲ့ သား ဦးနေသူရိန်ကိုယ်တိုင်အ ဖေဖေ့ကို လေးစားသလို ဖေဖေ့သမီး စံပန်းခေတ် ငါးတာသိဝုဏ် ထူးနဲ့ ထူးထူးချွန်ချွန် အောင်သွားတာကိုလည်း ရန်ကုန်မှာ တိုက်ရိုက်သိလိုထားပေးချင်နေတာ ... ဒါကြောင့်မို့ ဆွေယမာန်ကျတဲ့ သူ့သားကိုလည်း စာယင်ဖိုက်လုပ်ပေး ... သမီးလည်း ချူခြိုထဲကအ တာရွှသိုလ်တက်ဆိုပြီး ရန်ကုန်ကို ဦးနေသူရိန်ကိုယ်တိုင် လှမ်းခေါ်





လိုက်တာပဲလေ”

“ဟင် ... ဝင်လေ စံပန်းခေတ် ...”

“ခြောက် ... ဟုတ်ကဲ့ပါ အန်တီ ...”

အန်တီဆီက အသံကြားလိုက်တော့မှ ပန်းခေတ်သတိဝင်ကာ တိုက်ထဲကို ခပ်သွက်သွက်လေးလှမ်းဝင်ဖို့ ခြေလှမ်းပြင်မိသည်။

“အို ... အို ... နေဦး ... နေဦး ... အပြင်ကစီးလာတဲ့ ဖိနပ်ကို ဒီနားမှာပဲ ချွတ်ထားခဲ့ ... ဟုတ်ပြီလား ... မင်းက လမ်းလျှောက်ပြီးလာတာဆိုတော့ ဖိနပ်မှာကပ်ပါလာတဲ့ မြေကြောင်းတဲ့ အမှုန်အမွှားတွေ တိုက်ထဲထိပါလာမှာစိုးလို့ ချွတ်ခိုင်းတာ ... ဟိုမှာ တွေ့လား ... ဂျပန်ကလာတဲ့ ဖော့ပြားဖိနပ်ပါးကလေးတွေ၊ အဲဒါကိုစီးပြီး လှေကားထိပ်ထိ ဝင်လာလို့ရတယ်”

“ခြောက် ... ဟုတ်ကဲ့ရှင့် ...”

ဒါကိုပဲ အထက်တန်းကျတယ်လို့ ဒီအန်တီပြောချင်နေတာလား။ သူပြောတဲ့အတိုင်း ဖိနပ်ပြောင်းစီးပြီး ဝင်ပြန်တော့လည်း။

“ဟင် စံပန်းခေတ် ... အထုတ်ချ လက်ပိုက်ပြီးတော့ ခေါင်းငုံ့ဝင်လေ ... နှုတ်ဆက်ပါဦး”

“ရှင် ... အန်တီ ...”

သည်တစ်ခါတော့ ပန်းခေတ်မျက်နှာထားလေးက နည်းနည်းလေးတော့ တင်းသွားသည်။ သည်းခံနိုင်သော စိတ်ဓာတ်များ သည်ပြင် ရင်ထဲမှာ ကျော့ပါးသွားခဲ့သည်။

“ဆောရီးနော် အန်တီ ... ပန်းခေတ် လက်ပိုက်တာ ပါသွား ပေါ်လို့ပါ ... ခေါင်းငုံ့ပြီးတော့မှ ဝင်ဆိုင်ရင်လည်း ဝင်ပါ့မယ် ... မန္တလေးကနေတောင် အဖော်တစ်ယောက်မှမပါဘဲ ပန်း



www.burmeseclassic.com

www.burmeseclassic.com



ခေတ်လာရဲသေးတဲ့ဥစ္စာ။ ပန်းခေတ်ရဲ့မာနကိုတော့ ရိုက်ချိုးဖို့ ကြိုးစားပါနဲ့အန်တီ ... ဒရိုင်ဘာတစ်ယောက်ရဲ့သမီးက မာနကြီးလို့ လက်မခံနိုင်ဘူးဆိုရင်လည်း မန္တလေးကိုပဲ ပန်းခေတ် ပြန်သွားပါ့မယ်။

"အို ... ကြည့်စမ်း ... မင်း ... မင်းက မာနလေးနဲ့ပါလား ဟင် စံပန်းခေတ် ... ဒီလောက်ဆိုရင် မင်းကာရိုက်တာကို အန်တီ သဘောပေါက်ပြီသိလား ... ရတယ် ရတယ် ... အန်တီ မင်းကို ဘာမှမပြောတော့ဘူး ... ဟင်း ဟင်း ..."

"ဟုတ် ... ကျေးဇူးတင်ပါတယ် အန်တီ ..."

အပေါ်ထပ်တက်ဖို့ လှေကားရင်းထောင့်တစ်ဖက်မှာ ဖော့ဖြားဖိနပ်ဖြူလေးကို စံပန်းခေတ် ချွတ်သည်။ တစ်လမ်းလုံး ဆွဲလာသည့် ခရီးဆောင်အိတ်ကြီးကိုလည်း လှေကားဘေးတစ်ဖက်မှာ လမ်းနှင့်လွတ်အောင် ကပ်ချထားလိုက်၏။

"လာ ... လာ ... အပေါ်ကိုတစ်ခါတည်းတက်မယ်"

"ဟုတ်ကဲ့ပါ အန်တီရှင့် ..."

ကြည့်ရတာတော့ ဒီအန်တီဟာ ဦးနေသူရိန်ရဲ့ဇနီး ဒေါ်ဝတီနွယ်ဆိုတာပဲဖြစ်ရတော့မှာပေါ့။ အသက်လေးဆယ်ကျော်အရွယ်ပေမယ့် ကိုယ်လုံးကိုယ်ပေါက်က ကျစ်လစ်သန်မာဆဲ။ အနီပေါ်မှာ အဝါပွင့်တွေခံထားသည့် စိုစိုရဲရဲပါတိတ်ဝမ်းဆက်ကို ဝတ်ကာ မိတ်ကပ်နှုတ်ခမ်းနီတွေကို ပြောင်ချောစိုအိနေအောင် တင်ထားလျှက်။ အရွယ်မကျသေးသည့်ဟန်က ဒေါ်ဝတီနွယ်မျက်နှာပေါ်မှာ အထင်အရှား။

ပန်းခေတ် စာသင်ပိုက်လုပ်ပေးရမယ့် မင်းမဟော်ဆိုတာ





ရော ဘယ်မှာလဲ။ ထိုကောင်လေးကို ပန်းခေတ် ခုထိလည်း မမြင်ရသေးပါလား။

ခုသွားတွေ့ရမှာ ဒေါ်ဝတီနွယ်ရဲ့ယောကျ်ားမ ဖွားမုန်းဆက်မရွယ်တဲ့။ ဖွားမုန်းဆက်မရွယ်ကရော ဘယ်လိုလဲ ... ။

ပန်းခေတ် စောင့်ကြည့်ရတော့မှာပဲပေါ့။

ခုချိန်ထိတော့ ဒေါ်ဝတီနွယ်က မျက်နှာထားခပ်မင့်မင့်နှင့်။ စံပန်းခေတ်ဆိုသည့် သူမလေးကို ရှေ့ကနေ ဦးဆောင်ခေါ်လာရပေမယ့် ရင်ထဲမှာ မကျေနပ်သလို ဘဝင်မကျသလိုဖြစ်ကာ နှုတ်ခမ်းစွန်းထောင့်တစ်ဖက်မှာ ကွေးချိတ်ထင်နေသည့် ခပ်မဲ့မဲ့အရိပ်ကလေးကိုလည်း လွယ်လွယ်နှင့်ပြန်ဖြေချမပစ်နိုင်။

အမိကအချက်ကတော့ ယောကျ်ားမဖြစ်သူ၏အမိန့်နှင့် ယောကျ်ားဖြစ်သူ၏ဆန္ဒကို ဒေါ်ဝတီနွယ် မလွန်ဆန်နိုင်ခဲ့တာပါ။ သား မဟော်ကလည်း ဆယ်တန်းကျသည်။ ကျူရှင်တွေ ပိုက်တွေ သင်တန်းဆရာတွေနှင့် ဘယ်လိုပဲထားထား ကျောင်းစာထဲမှာ သားစိတ်ကမရှိ။ သူငယ်ချင်းအပေါင်းအသင်းတွေနှင့် ဂိမ်းဆိုင်တွေ စားသောက်ဆိုင်တွေ ရှိုးပွဲတွေမှာ တရုန်းရုန်းလုပ်ကာ အိမ်ကိုလည်းပြန်လာချင်မှလာသည်။ အချိန်မတော် အချိန်တော်ကြီးလည်း မြိတ်ခါးတို့ နွကျော်တက်ကာ ခိုးထွက်ချင်ထွက်သွားတတ်သည်။

သားမဟော်ကို ဘယ်သူမှလည်းပြောလို့မရ။

သူငယ်ချင်းတွေနှင့်မသွားရလျှင် တစ်နေ့ကုန် ထမင်း မစားဘဲ ဆန္ဒပြသည်။ အဖွားလည်း မနိုင်၊ ဖအေလည်း မနိုင်၊ အခုဆိုတာလည်း သားနောက်ကိုလိုက်ရတာ ဖတ်ဖတ်မော။ ခုတော့ ဖအေကိုယ်တိုင်က မန္တလေးရုံးခွဲက ဒရိုင်ဘာသမီး ငါးဘာသာဝုဏ်



www.burmeseclassic.com

www.burmeseclassic.com



ထူးရှင် စံပန်းခေတ်ဆိုသည့် မျက်နှာထားတည်တည်လေးနဲ့ မာနခဲလေးကို ခေါ်လာခဲ့ချေပြီ။

"ဟွန်း ... မင်းကို တစ်ခုတော့ကြိုပြောထားမယ်နော် စံပန်းခေတ် ..."

"ဟုတ် ... ပြောပါ အန်ကီရှင် ..."

စံပန်းခေတ်ကတော့ လှေကားပေါ်အထက်မှာ ဖရိုဖရဲလေး ဖြစ်ချင်သွားသည့် ဆံပင်ရှည်တွေကို လက်ချောင်းလေးထိုးသွင်းကာ ဖယ်သိမ်းလျှက်။

"အန်ကီယောက်ျားမှ ဖွားမုန်းဆက်မရွှယ်ဆိုတာ ဒီမိသားစု တစ်ခုလုံး ဘယ်သူ့မှမျှော်မကြည့်ရဲအောင် အမိန့်သြဇာပြင်းထန် တယ် ... သူက မင်းကိုတွေ့ချင်တယ်ဆိုတာ ဒီခြံမှာ မင်းကို လက်ခံ ထားသင့်မသင့် ဆုံးဖြတ်ပေးမှာမို့လို့ ကြည့်ချင်တာ သူ့အမိန့်ပဲ ... သူ မင်းကို သဘောကျမှ သူ့မြေး မင်းမပျော်ကို မင်းလက်ထဲအပ်မှာ"

"အို ... ရပါတယ်ရှင် ..."

"သူ့ကိုတော့ ကာလနက်ဆန်ပြန်မပြောမိစေနဲ့ သူ့ရှေ့မှာထိုင်ရင်လည်း တရိုတသေလေးနဲ့ ခေါင်းလေးငုံ့ပြီး ဒူးထောက်ထိုင်ရမယ်၊ သူဘာပြောပြော ဟုတ်လို့ တစ်လုံးတည်းဖြေပြီး ခေါင်းညိတ်နေရမယ်"

"ဟုတ် ... အန်ကီ၊ ကိုယ့်အဖွားအရွယ်တစ်ယောက်ရှေ့မှာ မူဆစ်တုတ် ဒူးထောက်ထိုင်ရမယ်ဆိုတဲ့ ယဉ်ကျေးမှုကို စံပန်းခေတ် နားလည်ပါတယ်"

"နားလည်ရင် မင်းဆံပင်ရှည်တွေကို တစ်ခုခုနဲ့စည်းလိုက်





စမ်း"

"ရှင် ..."

ပန်းခေတ် ဘာပြောရပါတော့မလဲ။

ဆံပင်ရှည်တွေကိုပါ တစ်ခုခုနဲ့စည်းပြီးမှ အခန်းထဲကိုဝင်ရမယ်ဆိုသည့်အမိန့်ပဲ။ ပန်းခေတ် ပြုံးလိုက်မိ၏။

တစ်ခုခုမှားနေတာတော့ သေချာသွားခဲ့ပြီ။

ဘာပဲပြောပြော အပေါ်ထပ်အခန်းကျယ်ကြီးရဲ့ အဝင်ဝတံခါးအထိ ရောက်လာပြီဆိုတော့ လက်ထဲမှာအဆင်သင့်ရှိနေသည့် ဆက်တိုင်ပုဝါအဖြူလေးနှင့်ပဲ ဖြန့်ချထားသည့် ဆံပင်ရှည်ကြီးတွေကို စည်းလိုက်ရပဲရှိတော့တာပေါ့။

ဒါနဲ့ပဲ ပန်းခေတ်ဆံပင်တွေကို သပ်သပ်ရပ်ရပ်ကလေး ဖြစ်သွားအောင် စည်းသည်။ ဒေါ်ဝတီနွယ် ဦးဆောင်ခေါ်သွားရာ နောက်ကိုလှည်း ခြေဖွနင်းကာ ပန်းခေတ် လိုက်ခဲ့၏။

"ဟဲ့ ... အပြင်က ခြေသံကြားတယ် ဘယ်သူလဲ ..."

အပြင်ကအာရုံရှပ်ခြေသံကြောင့် စိတ်ဝုတီးကိုလက်ကကိုင်ရင်း ဒေါ်မုန်းဆက်မရွှယ်က ခေါင်းထောင်ကာ လှမ်းမေးသည်။

"ဝတီနွယ်ပါ မာမီ ... မနွယ်လေးက စံပန်းခေတ်ဆိုတဲ့ ကောင်မလေးရောက်လာလို့ မာမီဆီကို တန်းခေါ်လာတာ"

"ဟင် ... စံပန်းခေတ် ရောက်လာပြီ ဟုတ်လား ..."

စံပန်းခေတ်ဆိုသည့် နာမည်လေးကို ကြားလိုက်ရုံနှင့် ဒေါ်မုန်းဆက်မရွှယ်ရဲ့ မျက်ဝန်းတွေ တောက်ပြောင်စိုလက်သွားသည်။ ပန်းခေတ်လှမ်းကြည့်လိုက်တော့ ဖွားမုန်းဆက်မရွှယ်က အနီရောင် ကတ္တီပါခင်း ကျွန်းတာနုတ်ဆက်တီမြင့်ကြီးပေါ်မှာ ခြေ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချောင်းကို ဟန်ကျပန်ကျလေး လွဲချိတ်ကာထိုင်လျှက်။

အဝါရောင် ရှန်သားလက်ရှည်နနလေးကို မရမ်းနုရောင် ပါတိတ်အပွင့်အစက်ကလေးတွေနှင့် တွဲကာဝတ်ထားရင်း လက်ထဲမှာ အညိုရောင် ကြိုးပုတီးကြီးတစ်ကုံးကို ကိုင်ထားသည်။

မျက်နှာထားကအစ တည်တင်းခမ်းနားလွန်းသည့် ဖွားမုန်းဆက်မရှယ်ပါပဲ။

"အို စံပန်းခေတ်ဆိုတာ ဒီမိန်းကလေးလား ဝတီနွယ် ... ကြည့်ပါဦး ... ဝတ်စားထားတာ ရိုးရိုးယဉ်ယဉ်ကလေးနဲ့ အသားကလေးကလည်း ဝင်းဝင်းနှစ်နှစ်ကလေး ... ဒါ ... ဒါ ... မနှလေးကလာတဲ့ ငါးဘာသာဂုဏ်ထူးရှင် စံပန်းခေတ်လေးပေါ့ ... သဘောကျတယ် ... သဘောကျတယ် ... မြင်လိုက်တာနဲ့ ကျက်သရေရှိပြီး တည်တင်းနေတဲ့ ဒီလိုမျက်နှာထားလေးကို ငါအရမ်းသဘောကျတယ် ... လာ လာ ... စံပန်းခေတ်လေး ... ဖွားရှေ့ထိရောက်အောင် တိုးပြီးတော့ လာရပ်စမ်း ... "

ဒေါ်မုန်းဆက်မရှယ်က ပန်းခေတ်ရဲ့ ပုံစံလေးကိုကြည့်ကာ သဘောကျသွားသလို ရှေ့အထိတိုးလာဖို့လည်း လက်ယပ်ပြကာ ခေါ်နေ၏။ ဒေါ်ဝတီနွယ် နှုတ်ခမ်းမဲ့သွားတာကိုတော့ ပန်းခေတ် မမြင်ဟန်ဆောင်လိုက်ပါသည်။

ပန်းခေတ် ခေါင်းကလေးငုံ့ကာလျှောက်ရင်း ဖွားနားအထိ တိုးရပ်တော့ ဖွားက စံပန်းခေတ် လက်ကလေးတစ်ဖက်ကိုဆွဲယူကာ တရင်းတနှီးလေးဆုပ်ကိုင်သည်။ ပြီးတော့လည်း ပန်းခေတ် မျက်နှာကလေးကို အနီးကပ်လေး မော့ကာကြည့်၏။

"ဟင်း ဟင်း ... ငါးဘာသာဂုဏ်ထူးရှင် စံပန်းခေတ်လေးက





တကယ်ချစ်ဖို့ကောင်းလိုက်တာ ဝတီနွယ်ရယ် ... ငါ့မှာ ... ငါ့မှာ ဒီလိုချစ်စရာကောင်းတဲ့ မြေးမလေး တစ်ယောက် လိုချင်လို့ ဆုတောင်းခဲ့တာ မပြည့်ခဲ့ဘူး ... ကြည့်ပါဦး ... ဆံပင်ကြီးရှည်နေတာပဲ ... အရမ်းကျက်သရေရှိနေတာ၊ ဒီ ... ဒီမိန်းကလေးကို ငါ သဘောကျတယ် ဝတီနွယ် ... မပော်လေးကို စံပန်းခေတ်လေး လက်ထဲ ငါကိုယ်တိုင်အပ်မယ်၊ ဒီလိုမျက်နှာထားတည်တည်တင်းတင်းလေးနဲ့ သေသေသပ်သပ် စည်းကမ်းရှိရှိလေးနေတတ်ထိုင်တတ်တဲ့ စံပန်းခေတ်လေးလက်ထဲကို အပ်လိုက်မှ မြေးမပော် ဆယ်တန်းအောင်တော့မှာ ... ဟဲ့ ဝတီနွယ် မြေးမပော် ဘယ်မှာလဲ ... အခုခေါ်လိုက်စမ်း ... "

"ဟွန်း ... မာမီမြေးလား ဒီအချိန်အိမ်ကပ်မှာ၊ စောစောကပဲ သူ့သူငယ်ချင်းတွေလာခေါ်လို့ ဂစ်တာပါယူပြီး လိုက်သွားပြီ"

"ဟင် ... ကြည့်စမ်း ... "

"အရေးကြီးတာ ဒီကောင်မလေး ရန်ကုန်ကို အေးအေးချမ်းချမ်းရောက်လာဖို့ပဲ မဟုတ်ဘူးလားမာမီ ... မပော်ကိုအပ်တာ ဘယ်အချိန်အပ်အပ်, အပ်လို့ရပါတယ်"

အောင့်သက်သက်လေသံကလေးနှင့် ဒေါ်ဝတီနွယ် ဖြေသည်။

ယောက္ခမ ဖွားမုန်းဆက်မရှယ်ကိုယ်တိုင် သဘောကျသွားပြီဆိုတော့ ဒီကောင်မလေးကို ကြိုတင်ပြင်ဆင်ပေးထားတဲ့အခန်းထဲမှာ နေရာချထားပေးလိုက်ရုံပဲ ရှိတော့မှာပေါ့။

"ပန်းခေတ်လေး ... "

"ရှင် ဖွား ... "



www.burmeseclassic.com

www.burmeseclassic.com



"ပန်းခေတ်လေးက မန္တလေးမှာ ဖေဖေနဲ့နှစ်ယောက်တည်း နေတာဆို"

ပန်းခေတ်လေးလို့ အဖျားဆွတ်ခေါ်လိုက်တာကိုတော့ ပန်းခေတ် သဘောကျပါသည်။

"ဟုတ်"

"ပန်းခေတ်လေး မေမေကရော ..."

"ပန်း ... ပန်းခေတ် ခြောက်နှစ်သမီးအရွယ်ကတည်းက မေမေ ဆုံးသွားပါတယ်"

"အို ... ပန်းခေတ်လေးရယ် ... ဒါ ... ဒါဆို မိတဆိုးဘဝလေးနဲ့ ဒီအရွယ်ထိရောက်အောင် ပန်းခေတ်လေးနေခဲ့ရတာပေါ့။ ပန်းခေတ်လေး ကျောင်းတက်တော့ ဘယ်လိုတက်ခဲ့လဲဟင် ... ဖွားကို ပြောပြပါဦး ..."

ဒီမေးခွန်းကိုတော့ ပန်းခေတ် မဖြေချင်ပါ။

သို့သော် ... မဖြေလို့လည်းမရ။ မေးနေတာက ဖွားကိုယ်တိုင်က မေးနေတာမို့ ဖွားမျက်ဝန်းတွေကို စိုက်ကြည့်ရင်း ...

"ဖေဖေက အလုပ်ကို အစောကြီးထွက်သွားရဲ့အချိန်မှာ ပန်းခေတ်တစ်ယောက်တည်း ထမင်းတွေဟင်းတွေချက်ရပါတယ်၊ အဝတ်အစားတွေလျှော်တော့လည်း ပန်းခေတ်တစ်ယောက်တည်း လျှော်ရတယ်၊ မီးပူတိုက်တော့လည်း ပန်းခေတ်တစ်ယောက်တည်း တိုက်ရတယ် ... မနက်ရှစ်နာရီခွဲတာနဲ့ အိမ်ပြတင်းပေါက်တွေကို ပန်းခေတ် တစ်ယောက်တည်းလိုက်ပိတ်ပြီး ထမင်းချိုင့်ကလေးနဲ့ ပန်းခေတ်ကျောင်းကိုသွားရတယ် ... ကျောင်းကပြန်လာရင်လည်း မနက်က ပိတ်ထားတဲ့ခြံတံခါးသံကွင်းကလေးကို ပန်းခေတ်အရပ်





ကလေးနဲ့မမှီလို့ ခုန်ခုန်ပြီးတော့ ပန်းခေတ် တစ်ယောက်တည်းဖွင့်ရတယ် ... အဲလိုနဲ့ပဲ သုံးတန်းကနေ ဆယ်တန်းအောင်တဲ့အထိ ပန်းခေတ် ကျောင်းတက်လာခဲ့တာပါ ..."

"ဘုရားရေ ... ကြည့်စမ်း ..."

စံပန်းခေတ် ကျောင်းတက်လာတဲ့ဘဝလေးကို ကြားလိုက်တော့ ဒေါ်မုန်းဆက်မရွယ် အသက်ရှူမှားပြီး ဘုရားပါ တ,သည်။ ဒေါ်ဝတီနွယ်ကတော့ အထင်မကြီးသလို မျက်နှာထားနှင့် မျက်နှာလိုပါလွှဲရင်း၊ သူ မကြားလိုက်သလို မသိလိုက်သလိုလုပ်နေ၏။

"ဝတီနွယ် ... ပန်းခေတ်လေးပြောနေတာ ညည်းကြားလား သုံးတန်းအရွယ်ကလေးဘဝကတည်းက ကိုယ့်ထမင်းချိုင့်ကိုကိုယ်ဆွဲပြီး သတ္တိရှိရှိလေးနဲ့ ပန်းခေတ်လေးက ကျောင်းတက်လာတာ ... အာဂသတ္တိခဲလေး ... အိမ်က မြေးမဟော်နဲ့တော့ ကွာပါ့။ အဲ ... ကဲ ... ပန်းခေတ်လေးအကြောင်းကို ဒီလောက်သိထားရင် ... ကျေနပ်ပြီ ... ဝတီနွယ် ပန်းခေတ်လေးကို သူနေရမယ့်အခန်းကို ခေါ်လိုက် ... လိုတာမရှိစေနဲ့ မိန်းကလေးအသုံးအဆောင်မှန်သမျှ အကုန်ထည့်ပေးထား ... ပန်းခေတ်လေး စိတ်ညှိုးငြင်တာ စိတ်အနှောက်အယှက်ဖြစ်တာ ငါလုံးဝ မကြားချင်ဘူး"

"ဒါ ... ဒါဆို ပန်းခေတ်ကို ခွင့်ပြုပါနော် ဖွား ..."

"အေး ... အေး ... ပန်းခေတ်လေးလိုတာရှိရင် ဖွားကိုလာပြောနော် ... မကြောက်နဲ့ ... ဖွားအခန်းကို ရဲရဲတင်းတင်းတက်လာ

"ဟုတ် ... ကျေးဇူးတင်ပါတယ် ဖွား ..."

ဒေါ်ဝတီနွယ် နှုတ်ခမ်းလေးကိုမဲ့ရင်း လာရာလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ငြိနိုလှည့်သည်။

ပြောရရင် ... ဒီကောင်မလေးကို စ,တွေ့လိုက်ရကတည်းက စိတ်ထဲထင့်နေတာက သားမဟော်နဲ့ ဖြစ်မှဖြစ်ပါ့မလားဆိုသည့် အချက်။ ကောင်မလေးက ငါးဘာသာဂုဏ်ထူးရှင် ... ညိုညိုကပ်ကပ်ကလေးနှင့် သွေ့သွေ့ခြောက်ခြောက်ကလေးဆိုလည်းထား။ အခုဟာက ဝင်းနှစ်ပြီးတော့ကို မျက်နှာထားလေးက စွဲမက်ဖို့ကောင်းနေတာ။ ဒါကိုပဲ ဒေါ်ဝတီနွယ် မဟော်နဲ့စိတ်မချနိုင်ခဲ့တာ ဖြစ်သည်။

အထူးသဖြင့် သားကိုမနိုင်တာ အဓိကအချက်။

သူမကျေနပ်တာရှိပြီဆို ဟိုလူမနေရ ဒီလူမနေရနဲ့ လက်မြှောက်နားရွက်ဆွဲ ထိုင်ထလုပ်ခိုင်းပြီး၊ အကုန်လုံးကို ဒဏ်ပေးတော့တာ။ သူ့အဖွားဝင်ပြောလည်းမရ။ သူ့အဖေပါလည်း လက်မခံ။ တစ်ခါ တစ်ခါ ခြံနောက်ဖက်က ရေစင်အမြင့်ကြီးပေါ် တက်အိပ်လိုက်နဲ့။ တစ်ခြံလုံးကို ဗျာယာခတ် ပြောင်းဆန်နေအောင် ဒုက္ခပေးတတ်သူ။

အခု ... လူပျိုပေါက်ကလေးဖြစ်လာတော့ ပိုဆိုးသည်။

ဆံပင်ကိုလည်း အရောင်အမျိုးမျိုးဆိုးကာ ဒီနေ့ထောင်လိုက် နောက်နေ့ကောက်လိုက်နဲ့ ဒီဇိုင်းအမျိုးမျိုးထွင်ပြီး ပြင်နေတာ။ ပြင်ပြီးတိုင်းလည်း ဘယ်တော့မှ စိတ်တိုင်းမကျဘဲ သူ့ဆံပင်တွေကို သူကိုယ်တိုင်ဒေါပွပြီး စက်ကတ်ကြေးတစ်လက်နဲ့ ထိုးညှပ်ချင် ညှပ်ပစ်နေတတ်သူ။

တစ်ခုပဲ ကျေးဇူးတင်နေရတာက မဟော် ရည်းစားမထားတာပဲဖြစ်သည်။ မဟော်ကဖြင့် ဘယ်ကောင်မလေးကိုကြိုက်လို့





ဘယ်ကောင်မလေးကို သဘောကျလို့ စသည်ဖြင့် သူငယ်ချင်းတွေဆီက ဘာဘာညာညာ ရှုတ်ရှုတ်ယှက်ယှက်အသံတွေ ထွက်မလာသေးတာဘဲ ဒေါ်ဝတီနွယ် စိတ်ချမ်းသာနေရသည်။

ခုလည်း ... မနက်စောစောကတည်းက ဂစ်တာတစ်လက်ပါကောက်တင်ပြီး သူငယ်ချင်းယောကျ်ားလေးတွေ လာခေါ်သည့်ကားနှင့်ပါသွားတာ ထမင်းစားချိန်ထိ ပြန်ရောက်မလာသေးပါ။ သားက ရောက်မလာပေမယ့် ရောက်လာတာက စံပန်းခေတ်ဆိုသည့် မာနလေးတစ်ခွဲသားနှင့် ကောင်မလေး။

"ကဲ ... မင်းအိတ်ကိုပြန်ဆွဲခဲ့နော် ... မင်းနေရမှာ ခြံထဲက နှစ်ခန်းတွဲ လုံးချင်းတိုက်ပုလေးမှာ နေရမှာ ... "

"ဟုတ် ... အန်တီ ... ကျေးဇူးပါရှင် ... "

"ဒီမှာ နောက်ဆုံးအနေနဲ့ အရေးကြီးဆုံးစကားတစ်ခုကိုတော့ မင်းကို အန်တီပြောမယ် ... အခု သားမဟော်ကို စာသင်ဂိုက်လုပ်ပေးဖို့ ယောက္ခမ ဒေါ်မုန်းဆက်မရှယ်ကိုယ်တိုင်က သဘောကျပြီး ရွေးချယ်ခွင့်ပြုခဲ့တာမှန်ပေမယ့် အန်တီကတော့ စိတ်တထင့်ထင့်လေးနဲ့ပဲ မင်းကိုလက်ခံလိုက်ရတာ ... ဒီခြံထဲကနေ မင်းတက္ကသိုလ်တက်မှာကိုလည်း အန်တီ့ဘက်က ကန့်ကွက်စရာ ဘာအကြောင်းမှ မရှိဘူး"

ဒေါ်ဝတီနွယ်က ရင်ထဲမှာရှိတာကို ခပ်ပြတ်ပြတ်ပဲပြောသည်။

ဘာပဲပြောပြော စကားဆိုတာ ခုရှုပ်မှနောင်ရှင်း။ ပြောရရင်ကိုယ်ကသားရှင် ... သားရဲ့ဘဝကို မြင့်မြင့်မားမားရှိသွားစေချင်တာလည်း ဒေါ်ဝတီနွယ်ရဲ့ အကြီးမားဆုံးဆန္ဒ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဝက်မှာ ခလုတ်တိုက်ချော်လဲတာမျိုး ဘာမဟုတ်တဲ့အဆင့်တစ်ခုမှာ အနာဂတ်မျှော်လင့်ချက်တွေ အဆုံးသတ်သွားတာမျိုး — သားမဟော် ဒါမျိုးဖြစ်သွားမှာလည်းစိုးသည်။

"ဟိုလေ အန်တီ ... ပန်းခေတ်ကို တစ်ခုတော့မေးခွင့်ပြုပါ၊ ဟိုလေ ... စောစောက အန်တီပြောလိုက်တာ ပန်းခေတ်ကို စိတ်တထင့်ထင့်နဲ့ လက်ခံလိုက်ရတယ်ဆိုတာ ဘာကိုပြောတာလဲ အန်တီ ... ပန်းခေတ် သိပ်နားမရှင်းလိုက်လို့ ... "

ပန်းခေတ်ကလည်း ဒါကိုမေးသင့်တယ်ထင်လို့ မေးလိုက်တာပါ။

ဒီလိုမေးတော့ ဒေါ်ဝတီနွယ် မျက်နှာထားက သိသိသာသာလေးတော့ တင်းသွားသည်။ နှုတ်ခမ်းမဲ့ မော့ကြည့်ကာ ပန်းခေတ်ကို ပြန်ဖြေ၏။

"ဟွန်း ... မင်းနားလည်အောင် အန်တီအရှင်းဆုံးတစ်ခုပဲပြောမယ်သိလား ပန်းခေတ် ... မင်းနဲ့သားမဟော်က ရွယ်တူလေးတွေဆိုတော့ တစ်နေ့မဟုတ် တစ်နေ့မှာ ငြိငြိစွန်းစွန်း ပတ်ပတ်သက်သက်တွေ ဖြစ်ကုန်မှာစိုးရိမ်တာ ... "

"ရှင် ... "

"အဲလိုဖြစ်လာရင်တော့ မင်းအထုတ်ပြင်ထားတော့ပဲ အန်တီလိုချင်တာ အဲလိုတွေ မဖြစ်စေရပါဘူးဆိုတဲ့ကတိ မင်းဆီက လိုချင်တယ် ... ကဲ ဘယ်လိုလဲ ... အဲဒီကတိကို မင်းပေးမယ်မို့လား"

"ပန်းခေတ် ... ပန်းခေတ် ... "

မထင်မှတ်ဘဲ ကြားလိုက်ရသည့် စကားတစ်ခွန်းကြောင့်





ပန်းခေတ် ရင်ထဲမှာ နင့်သည်းသွားခဲ့သည်။ ဒါဟာ ပန်းခေတ် တစ်သက်လုံးက တန်ဖိုးထားခဲ့သည့် မာနနဲ့ ဂုဏ်သိက္ခာကို တိတိကျကျ အစော်ကားခံလိုက်ရတာပါ။

"အန်တီ ဒီလိုပြောလို့ မင်းမျက်နှာထားလေးက ပိုတည်မသွားနဲ့နော် စံပန်းခေတ် ... မင်းရဲ့အဓိကတာဝန်က သားမဟော်ကို ဒီနှစ် ဆယ်တန်းအောင်အောင် တာဝန်ယူပေးဖို့ပဲ ... တခြားမလိုလားအပ်တဲ့ အပိုကိစ္စတွေ ထပ်ဖြစ်မလာဖို့ မင်းဘက်က ရှင်းရှင်းလင်းလင်းဖြစ်နေဖို့လိုတယ် ... ကဲ ... ဘယ်လိုလဲ စံပန်းခေတ်၊ မင်းမှာ မာနရှိတယ်မို့လား ... အဲဒီမာနနဲ့ မင်းအန်တီကို ရဲရဲတင်းတင်း ခေါင်းညိတ်ကတိပေးလိုက်စမ်းပါ ... မင်းနဲ့အန်တို့သားကြားမှာ ရှုတ်ရှုတ်ယှက်ယှက်ကိစ္စတွေ ဘာမှမဖြစ်စေရဘူးဆိုတာ"

"ဟွန်း ... "

ပန်းခေတ် နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်တာ နာကျင်စွာနှင့်ပါ။

"ရပါတယ် အန်တီ ... ပန်းခေတ်ဆိုတဲ့ ကောင်မလေးတစ်ယောက်ရဲ့ဘဝမှာ အဲလိုမာနမျိုးတွေကိုပဲ လေ့ကားထစ်လို သဘောထားပြီး ဒီအရွယ်ထိရောက်အောင် တက်လာခဲ့တာပါ၊ မင်းမဟော်ဘက်က အခြမ်းကို အန်တီတာဝန်ယူတယ်ဆိုရင် ပန်းခေတ်ကလည်း ကိုယ့်ဘက်အခြမ်းကိုတာဝန်ယူပါတယ် ... စိတ်ချပါ အန်တီ၊ ပန်းခေတ် ကတိပေးတယ် ... "

ပန်းခေတ် စိတ်လျှော့လိုက်တာပါ။

ဒါဟာလည်း ဖေဖေ အထပ်ထပ်အခါခါ မှာခဲ့သည့်စကား



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့်ပါ။ ဘာပဲပြောပြော ဒီလိုပိုက်ဆံတွေချမ်းသာတဲ့ အသိုင်းအဝိုင်းတစ်ခုထဲကို ကျေးဇူးတရားတစ်ခုကြောင့် ပန်းခေတ် ရောက်လာခဲ့ရပေမယ့် မျက်နှာငယ်ငယ်လေးနဲ့တော့ ပန်းခေတ် ဘယ်တော့မှ အောက်ကျခံသွားမှာ မဟုတ်ပါဘူး။

နားလည်ပေးပါ အန်တီ ...

သမီးက စံပန်းခေတ်ပါ ...

နေတာလည်း မန္တလေးမှာနေတာပါ။

ဟွန်း ... ။

အခန်း ( ၂ )

"မြေးမဟော် ... တံခါးဖွင့်စမ်း ..."

"ကျွတ် ..."

ဖွားအသံကို ကြားလိုက်ရပြီဆိုကတည်းက ဘာဖြစ်တော့ မလဲဆိုတာ မဟော်က ကြိုသိပြီးသား။ ဘယ်သူနဲ့မှကို မတွေ့ချင် တော့လို့ တံခါးလော့ပါချထားပြီး အခန်းထဲမှာ တစ်ယောက်တည်း နှပ်နေခဲ့တာ။

"ဒေါက် ... ဒေါက် ..."

"မြေးမဟော် ... မင်းကို တံခါးဖွင့်လို့ ဖွားပြောနေတယ် လေ"

"ဟာ ... ဖွားဘာလုပ်မလို့လဲ ... ဒီမှာ မဟော်ခေါင်းမူးလို့ အိပ်နေတာ"

မဟော် မကျေနပ်တာလည်း အဲဒါ။

ကိုယ့်ဟာကိုယ် ဘယ်သူနဲ့မှ စကားမပြောချင်လို့ တံခါးပိတ် နှပ်နေတဲ့ဟာကို မဖွင့်ပါဘူး ... ဘာလို့ဖွင့်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အော် ... အော် ... ကြိုက်သလောက်အော် တံခါးလည်း မဖွင့်ဘူး ... ဘယ်သူနဲ့မှလည်း မဟော် စကားမပြောဘူး။

"ဟာ ... အိပ်လို့မရဘူးလေ ... မြေးမဟော် ဒီမှာ မင်းကို ဒီနှစ်ဆယ်တန်းအောင်၊အောင် ဂိုက်လုပ်စာသင်ပေးမယ့် ဆရာမလေးရောက်နေတာ ... အခု မင်းနဲ့မိတ်ဆက်ပေးမလို့ ဖွင့် ... ဖွင့် အခုချက်ချင်း တံခါးကို မြန်မြန်ဖွင့် ... "

အဲဒါ မမော်သိသားပဲ ...

သိလို့ကို မဟော် တမင်တံခါးပိတ်ထားတာ။

လာလုပ်မနေနဲ့ ... ဘာဂိုက်ဆရာမလဲ။ အခုမှ ငါးဘာသာ ဂုဏ်ထူးနဲ့အောင်လာတာကိုများ ကြီးကြီးကျယ်ကျယ် ...

မဟော် ဖွားအော်သံကြောင့် စိတ်တိုသွားကာ။ နှုတ်ခမ်းလေးကိုမဲ့ပြီး အိပ်ရာပေါ်ကထသည်။ မှုန်တည်တည်မျက်နှာထားလေးနဲ့လည်း တံခါးနားအထိသွားကာ မဟော် ရပ်လိုက်၏။

"ဖွားနော် ... မဟော့်ကိုဘယ်သူနဲ့မှ လာမိတ်ဆက်ပေးမနေနဲ့ ... မဟော် ဘယ်သူနဲ့မှမတွေ့ချင်ဘူး ... ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး"

ပြန်အော်ပြောရင်း မျက်နှာလေးရဲနေရတာ မဟော်ပါ။

ဒီတစ်အိမ်လုံးမှာ မဟော်အချစ်ရဆုံးက ဖွားဆိုတာမှန်ပေမယ့် ဒီလိုဂိုက်တွေနဲ့ အိမ်မှာစာသင်နေရမှာကို မဟော်အမုန်းဆုံး။ မဟော် လက်မခံနိုင်ပါဘူးဆိုတာ တတွတ်ဗျွတ်တဖွဖွ ငြင်းဆန်နေတဲ့ကြားက ဒီကိစ္စကို ဖေဖေနဲ့ဖွားနှစ်ယောက်ပေါင်းပြီး စီစဉ်လိုက်ကြတာ မဟော် ဒေါမပွဘဲ နေပါတော့မလား။

စိတ်တိုတိုနဲ့လည်း မနက်ကတည်းက မဟော်ထွက်သွား





သည်။ ပြန်လာတော့လည်း တံခါးလော့ပိတ်ကာ ဝင်အိပ်နေခဲ့၏။ ခုတော့ ... မဟော် တွေးထင်ထားသည့်အတိုင်း ဖွားကိုယ်တိုင် ဦးဆောင်ကာ မဟော်အခန်းတံခါးကို တဒေါက်ဒေါက်ခေါက်ကာ ဖွင့်ခိုင်းရင်း မဟော့်ကို ပြဿနာရှာနေခဲ့ပြီ။

"ဒေါက် ... ဒေါက် ... "

"မြေးမဟော် ... ဖွားစကားကို မင်းနားထောင်စမ်း"

မဟော် ပြန်မဖြေဘဲ နှုတ်ခမ်းလေးကိုပဲ မဲ့ထားသည်။

ဟွန်း ... မဟော်မကြိုက်တာ လုပ်လို့ကတော့ ဖွားကိုလည်း မဟော်မုန်းတယ် ဒါပဲ ... ။

"ပြီးခဲ့တဲ့တစ်နှစ်လုံး မင်းအလိုဆန္ဒတွေအတိုင်း လွတ်လပ်ခွင့်ပေးခဲ့လို့ မင်းစာမေးပွဲကျခဲ့တာကို မင်းသဘောပေါက်သင့်တယ် မြေးမဟော် ... ဒီနှစ် မင်းကိုလွတ်လပ်ခွင့်မပေးနိုင်တော့လို့ ဒီဂိုက်လုပ်ပေးမယ့် ဆရာမလေးကို မန္တလေးကနေ တကူးတကခေါ်ထားရတာ"

"ဟာ ... အဲဒါ မဟော်မှ မသင်ချင်တာဖွားရဲ့ ... ပြန်ခိုင်းလိုက်ပါ ... မဟော် မသင်ချင်ဘူး ... မန္တလေးကမကလို့ တာဝတိံသာကပဲဆင်းလာဆင်းလာ မဟော် မသင်ဘူး ... "

"သားမဟော် ... "

မနေသာတော့လို့ ဒေါ်ဝတီနွယ် ဝင်ပါလိုက်ရပြီ။

"မင်း ... မင်း မသင်ချင်လို့မရဘူးနော် ... တံခါးကိုလည်း မင်းအခုဖွင့် ... မင်းဆိုးချင်တိုင်းဆိုးနေတာ မေမေ လက်မခံနိုင်ဘူး"

"ဟာ ... သားမသင်ချင်ပါဘူးလို့ ဒီလောက်ပြောထားတဲ့ ဟာကို မေမေတို့ ဘာလို့ ဒီဂိုက်ဆရာမကို ဒုက္ခခံပြီးခေါ်လိုက်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှုချင်စရာလေး အလိုက်အထိုက်ကိုကြည့်ပြီး သူ့ကိုတခမ်းတနား ကြွ မြန်းစံတော်မူမယ့်နေရာလေးကို ပြင်ပေးရဆင်ပေးရနဲ့ မနက်က တည်းက ဖတ်ဖတ်မောနေတာ ... ခုထိတောင် နားရသေးလို့လား။

ခြိုရှိလူကုန်လည်း အကုန်ထွက်ရသည်။

ကျေးရူးရှင်မလေးနေ့မယ့် နှစ်ခန်းတွဲတစ်ထပ်တိုက်ပုလေး တိုလည်း ဆေးသုတ်တန်တာသုတ်၊ ဖုန်လှဲသင့်တာလှဲနဲ့ ... မယ်မင်း ကြီးမကဲ ကျောက်ပျဉ်လိုတယ်ဆိုလို့ ကျောက်ပျဉ် ... စာအုပ်စင်လို တယ်ဆိုလို့ စာအုပ်စင်။

"ဟဲ့ ဝတီနွယ် ... ပန်းခေတ်လေးလိုတာ ညည်းအကုန်လုပ် ပေးလေ ... မိန်းကလေးနေမယ့်အခန်းက လိုက်ကာမပါ ဘာမပါ နဲ့ တပ်စမ်း ... တပ်စမ်း ... အရောင်ပြေပြေ နုနုလိုက်ကာလေးတွေ ဖုန်းဆက်လှမ်းမှာပြီး အခုချက်ချင်းလာတပ်ခိုင်းစမ်း ... "

ယောက္ခမကိုယ်တိုင် ဆင်းကြည့်တာပဲ နှစ်ခေါက်။

ကြားထဲက အဟောက်ခံရတာက ချွေးမ ဝတီနွယ်။

"ဝတီနွယ်နော် ... ဒီကောင်မလေးရောက်လာတဲ့ကိစ္စကို ညည်း ပေါ့ပျက်ပျက်လုပ်မနေနဲ့ ... ကိုယ်က အိမ်ရှင်၊ သူနေတဲ့တိုက် ကလေးဘေးမှာ သာသာယာယာလေးဖြစ်အောင် အလှပန်းအိုး လေးတွေ ရွှေ့တန်တာရွှေ့ပေး ... ပြတင်းပေါက်ကလေးဖွင့်လိုက် တာနဲ့ မြင်နေရမယ့်နေရာမှာ စံပယ်အိုးပုတ်တွေ ရောင်စုံနှင်းဆီပင် တွေ ချလေ ... စိမ်းစိမ်းစိုစိုလေးနဲ့ ရောင်စုံရွက်လှတွေပါ ရှိနေရင် ပိုကောင်းတယ် ... "

ယောက္ခမကို စိတ်ထဲက အမြင်ကတ်မိတာလည်း အဲဒါ။

ဘာမဟုတ်တဲ့ ကိုယ့်ကုမ္ပဏီက ဒရိုင်ဘာတစ်ယောက်ရဲ့





သမီးကို ဒီလောက်ထိ သည်းသည်းလှုပ်ပြနေစရာလိုသလား။ ဟိုက ဘဝင်လေဟပ်ပြီး မိုးမမြင်လေမမြင်ဖြစ်သွားလျှင် ကိုယ်ဘယ်လို ထိန်းမလဲ။ အတက်လွယ်ရင် အကျနာတတ်တာ လောကသဘာဝ။

ဝတီနွယ်ကတော့ ခပ်မာမာပဲ။ ပန်းခေတ်ဆိုသည့်ကောင် မလေးနှင့်စကားပြောရင်လည်း ခပ်တင်းတင်းပဲ။ ခုလည်း သား မဟော်ရဲ့အခန်းဝမှာ တံခါးမဖွင့်ပေးလို့ ပြဿနာတက်နေတာ။ ဖွင့် ခိုင်းပါ ... ဖွင့်ခိုင်းပါ။ မဟော်ဆိုတာက သူ့အဖွား မုန်းဆက်မရွှယ် ကိုပါ အိတ်ထဲကောက်ထည့်ထားပြီးသား။

ဆိုးတာလည်း တအားဆိုးတဲ့သား။

မင်းမဟော်တဲ့ ... ဒီလောက်ကိုတော့ လွယ်လွယ်နဲ့ဘယ် အရှုံးပေးပါ့မလဲ။ အခန်းတံခါးဖွင့်မပေးဘဲ ဝရန်တာကနေ ခွကျော် ဆင်းပြေးသွားမှ ယောက္ခမပါ လက်လက်လှန်သွားရမယ့်အဖြစ်။

"မြေးမဟော်နော် ... တံခါးကိုအခုဖွင့်လို့ မင်းကို ဖွားကိုယ် တိုင်ပြောနေတယ်နော် ... ဖွားစကားကို မင်းနားထောင်စမ်း"

ဒေါ်မုန်းဆက်မရွှယ်အသံက နှစ်ဆမာလာသလို မျက်နှာ ထားကပါ တင်းသထက်တင်းလာရပြီ။ မဟော်ကလည်း လုံးဝတုတ် တုတ်မလှုပ်ဘဲ တံခါးရွက်ကို ကျောကပ်မှီကာ မျက်လုံးတွေကို စုံ မှိတ်ချထားသည်။

ဟွန်း ... ဘာပဲပြောပြော ...

ဖွားလောက်ကိုတော့ မဟော်တို့က အေးဆေးပါ။

တံခါးမဖွင့်ပေးတော့ ဘာလုပ်မလဲ။ အိမ်သားတွေကို မကျ နပ်တိုင်း ဒီလိုတံခါးပိတ်ဆန္ဒပြနေတတ်တာ မဟော်ရဲ့အကျင့်။ စာမေးပွဲကျတာလည်း မဟော်တစ်ယောက်တည်းကျတာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မပေါ်တို့သူငယ်ချင်း တစ်အုပ်စုလုံး ကျတာ။

ဒါကိုပဲပိုင်းပြီး မပေါ်ကို ပြဿနာရှာနေလို့ရမလား။

"ဟာ … မပေါ် မဖွင့်ဘူးလို့ဖွားကိုပြောနေတယ်လေ၊ ဖွား ဘာလို့မပေါ် မဖွင့်မချင်တာကို အတင်းလာဖွင့်ခိုင်းနေလဲ …"

အထဲက ပြန်အော်နေတဲ့ ဂျစ်တစ်တစ်အသံလေးကို နားထောင်ပြီး ပန်းခေတ် ဘယ်လိုမှငြိမ်မနေနိုင်တော့ပါ။ ပန်းခေတ် ရှေ့တစ်လှမ်းထပ်တိုးကာ ဖွားနှင့်ပခုံးချင်းယှဉ်ကာ ရပ်လိုက်၏။

"ဖွား …"

"ဟင် … ဘာလဲ ပန်းခေတ်လေး …"

"ဖွားက ခွင့်ပြုမယ်ဆိုရင် သူတံခါးဖွင့်လာအောင် ပန်းခေတ် ပြောပေးမယ် …"

"အို … ပြုတယ် ပြုတယ် … ပြော … ပြော ပန်းခေတ် လေးကိုယ်တိုင်ပြော …"

ဒေါ်ဝတီနွယ် မျက်ခုံးတန်းတွေ စုကြုံ့လျက်။

ကြည့်စမ်း … မပေါ့်ကို တံခါးဖွင့်လာအောင် သူကပဲပြော ပေးဦးမတဲ့။ ဒေါ်ဝတီနွယ် နှုတ်ခမ်းလေးကမဲ့သွားသလို အထင် မကြီးသလိုလေးကြည့်ကာ ဟက်ခနဲ ရယ်လိုက်တာကိုလည်း ပန်း ခေတ် မသိချင်ဟန်ဆောင်လိုက်ရပါသည်။

ပန်းခေတ် တံခါးရွက်ကြီးနှင့်အနီးဆုံးထိရောက်သွားအောင် တိုးကာရပ်လိုက်၏။ ပြီးတော့မှ … တံခါးရွက်ကြီးကို လက်ဆစ်က လေးဖြင့် တဒေါက်ဒေါက်ခေါက်လိုက်ကာ …

"ဒေါက် … ဒေါက် …"

"ဟာ … ခုထိ တစ်ယောက်မှ မသွားကြသေးဘူးလား"





တံခါးခေါက်သံကြားတော့ အထဲကနေပြန်အော်လိုက်တာ လည်း ချက်ချင်း။ ဖွားကလည်း အထဲက အသံကိုနားစွင့်သည်။

ဒေါ်ဝတီနွယ်ကလည်း မျက်တောင်တွေပင့်ကြည့်လျက်။

"အခုတံခါးခေါက်နေတာ ပန်းခေတ်ခေါက်နေတာ မပေါ်"

"ဂျွတ် … မင်း ဝင်မရှုတ်နဲ့နော် စံပန်းခေတ် … ရွယ်တူ ချင်း မင်းငှါကို ဆရာလုပ်ဖို့ မကြိုးစားနဲ့ … မင်းဒီခြံထဲကိုရောက် လာတော့မယ်ဆိုတာ သိကတည်းက မင်းနဲ့မတွေ့ချင်လို့ ငါရှောင် ထွက်သွားတာ … မင်းဟာမင်း ငါ့ဘာသာဂုဏ်ထူးရှင်မကလို့ ဘာကြီးပဲဖြစ်ဖြစ် မင်းကို ငါလုံးဝအထင်မကြီးဘူး …"

ပန်းခေတ် ထပ်ပြီးတော့ ပြုံးလိုက်တာ မင်းမပေါ်ဆိုသည့် ဂျစ်တစ်တစ်ကန်တန်ကောင်လေးတစ်ယောက်ကို လုံးဝဂရုစိုက်နေ စရာမလိုဘူးထင်လို့ ပြုံးလိုက်တာပါ။ မန္တလေးမှာကတည်းက ရှင် ဘယ်လောက်ဆိုးတယ် ချမ်းသာတဲ့မိဘတွေရဲ့လုပ်စာကို သူငယ် ချင်းအပေါင်းအသင်းတွေနဲ့ ရှင်ဘယ်လိုထိုင်ဖြုန်းနေတယ်ဆိုတာက အစ ရှင့်သမိုင်း ရှင့်ရာဇဝင်တွေကို ပန်းခေတ်တို့က သိခဲ့ပြီးသား။

သိခဲ့ပြီးမှ ဒီတာဝန်ကို ယူဖို့ခေါင်းညိတ်ခဲ့တယ်ဆိုတာ ရန်ကုန် သားရှင်ဆိုးတာကို မန္တလေးသူ စံပန်းခေတ်က လုံးဝဂရုစိုက်နေမှာ မဟုတ်လို့ ဒီတာဝန်ကို လက်ခံယူဖို့ ခေါင်းညိတ်ခဲ့တာ။

"မဟုတ်ဘူး မပေါ် … ရှင် ပန်းခေတ်ကို အထင်ကြီး အောင် ပန်းခေတ်ပြောနေတာ မဟုတ်ဘူး … ပန်းခေတ်တို့ တံခါး ခေါက်နေတယ်ဆိုတာ ရှင်နဲ့ခဏလေးလောက်ဖြစ်ဖြစ် တွေ့လို့ ချင်လို့ တံခါးခေါက်နေတာ …"

"ဒီမှာ … မင်း ငှါကို အပိုတွေဘာမှလာပြောမနေနဲ့ စံပန်း



www.burmeseclassic.com

www.burmeseclassic.com



ခေတ် ... ငါ မင်းနဲ့လည်း မတွေ့ချင်ဘူး ... မင်းနဲ့စာသင်ဖို့အစီအစဉ်လည်း ငါ့မှာမရှိဘူး ... အကောင်းဆုံးက မန္တလေးကိုပဲ မင်းပြန်ဒိုးတော့သိလား ..."

"ဟွန်း ... ဟင်း ..."

ဒေါ်ဝတီနွယ်ကတော့ တပြုံးပြုံးနဲ့ ...

ဖွားက နှုတ်ခမ်းလေးကိုကိုက်ပြီး လက်မောင်းစ အင်္ကျီလေးကို ဆွဲပင့်တင်နေသည်။ စံပန်းခေတ်ကတော့ ခုချိန်ထိ တည်တည်ငြိမ်ငြိမ်ကလေးနဲ့ မျက်နှာလေးကို မော့ထားဆဲ။

"ရှင် ... ဒီလိုပဲပြောမယ်ဆိုတာ ပန်းခေတ် သိတယ်လေ မဟော် ... ပန်းခေတ် အခုလာတာ ရှင့်အတွက် ရှင့်ရဲ့အနာဂတ်ဘဝလေးလှပစေဖို့အတွက် ကူညီပေးချင်လို့ ပန်းခေတ်လာခဲ့တာပါ ... အမိကအချက်က ရှင် စာမေးပွဲကျလို့ ပန်းခေတ်လာခဲ့တာ၊ ရှင်သာအောင်သွားရင် ရှင်နဲ့ပန်းခေတ် ပတ်သက်နေစရာ သမိုင်း မရှိဘူး"

"ဘာ ... ဘာပြောတယ် ..."

ဒီလိုပြောတော့မှ တံခါးချက်ကြီးမှာ မှီကပ်ထားတဲ့ကျောကို မဟော် ရုတ်ခနဲပြန်ခွာသည်။ ကိုယ်ကိုတစ်ပတ်လှည့်ကာ တံခါးရွက်ကြီးဆီကို မာမာထန်ထန်လေးပဲ မျက်နှာပြန်မူလိုက်၏။

ကြည့်စမ်း ... သူ့ကိုပြောလိုက်တာ။

သမိုင်း မရှိဘူးတဲ့။

"မင်း ... မင်း အခုချက်ချင်း ဒီတံခါးဝကနေ ပြန်လှည့်ထွက်သွားရင် ကောင်းလိမ့်မယ် စံပန်းခေတ် ... ငါက ရန်ကုန်သား၊ မင်းက မန္တလေးသူ ... ထပ်ပြောမယ် ... မင်းတို့မန္တလေးသူ မည်းမည်းကြုတ်ကြုတ်လေးတွေကို ငါလုံးဝ စိတ်မဝင်စားဘူး၊ မင်းညွန်ကြား





သမျှ မင်းစီစဉ်သမျှ မင်းဦးဆောင်သမျှနောက်မှာ မင်းရဲ့တပည့်လေးတစ်ယောက်လို ငါခေါင်းညိတ်နာခံနေမှာလည်း မဟုတ်ဘူး၊ ရှင်းတယ်နော် စံပန်းခေတ် ..."

"ဟွန်း"

ပြောပြီးတော့မှ နှုတ်ခမ်းလေးကို မဟော်က မဲ့သည်။

ဒီလိုပြောလိုက်တာကြောင့် တံခါးဟိုဘက်က အသံကတိတ်ကျမသွား။

"ရှင် ... ရှင် ပန်းခေတ်ကို မာနကြီးပြနေတာလား မဟော်၊ ရှင့်မာနနဲ့ ပန်းခေတ်ကို အညံ့မခံနိုင်ဘူးလို့ ရှင်ပြောနေတာလား၊ ဟွန်း ... ဒီမှာ မင်းမဟော် ... ပိုက်ဆံတွေချမ်းသာမှမဟုတ်ဘူး၊ လူတိုင်းမှာ မာနကြီးခွင့် လုံးဝရှိတယ် ... ရှင့်မှာ မာနရှိတာလည်း ပန်းခေတ် အကြွင်းမဲ့အသိအမှတ်ပြုတယ် ... ရှင့်ကို ပန်းခေတ်တစ်ခုပဲ အထင်သေးတာက ရှင်ဟာ ယောက်ျားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို မျက်နှာချင်းဆိုင်တွေ့ဖို့ ရှင့်မှာသတ္တိမရှိတာ ..."

"ဟာ ... ဟာ ... ဘာပြောတယ် ဘာပြောတယ်ကွ"

"ဝုန်း ..."

"ဒုန်း ..."

"အို ... တံခါးပွင့်သွားပြီ ..."

မဟော် စိတ်မထိန်းနိုင်တော့လို့ တံခါးကို ဝုန်းခနဲ ဒိုင်းခနဲအသံမြည်သွားအောင်ကိုပဲ ဖွင့်ချလိုက်မိပြီ။ ဖွင့်လိုက်မိမိချင်း တံခါးဝမှာ လုံးဝတုန်လှုပ်ခြင်းမရှိဘဲ တည်တင်းအေးစက်သော မျက်နက်ဝန်းလေးတစ်စုံနှင့် ဝင်းနှစ်အိစက်သော မျက်နှာထားပိုင်ရှင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရပ်နေလိမ့်မယ်ဆိုတာ မပျော် လုံးဝမျှော်လင့်မထားခဲ့တာပါ။

ခုတော့ ...

မပျော်ရင်ခုန်သံတွေ ရပ်တန့်သွားလုမတတ် မပျော်တစ်ကိုယ်လုံးမှာ စီးဆင်းနေသည့်သွေးတွေ အေးခဲသွားလုမတတ် မပျော်ကို ဆွဲဆောင်ညှို့ယူပစ်လိုက်သောအရာသည် အဖြူရောင်ဝမ်းဆက်လက်ရှည်လေးကို မြန်မာဆန်ဆန်လေး ချုပ်ဝတ်ထားကာ မပျော်မျက်ဝန်းတွေကို ယှဉ်ပြိုင်စိုက်ကြည့်နေခဲ့သည့် အေးစက်လှပသော သူမလေးရဲ့မျက်ဝန်းနုလေးတစ်စုံက မပျော့်ရှေ့မှာ တဖျတ်ဖျတ်လက်တောက်လျှက် ဆွဲဆောင်သွားခဲ့တာပဲဖြစ်သည်။

"ဟာ ..."

မပျော် နောက်ဆုံးသိလိုက်တာ။

မပျော့်နှုတ်ခမ်းလေး ဝိုင်းဟသွားခဲ့တာပါပဲ။

ဒါ ... စံပန်းခေတ်တဲ့လား။

စံပန်းခေတ်ဆိုတာ ဒီလောက်တောင် လှသတဲ့လား။

အခန်း ( ၃ )

ရင်ခုန်သံတွေ မြန်သွားတာလည်း မပျော်သိသည်။

အံ့သြခြင်းတစ်ခုဖြင့် ဖြစ်တည်သွားခဲ့ရသော လှိုက်ဖြာအေးစက်မှုတွေအောက်မှာ ခေါင်းညိတ်လိုက်ရမလား ခေါင်းခါလိုက်ရမလား။ ခွဲခြားမသိနိုင်တော့သည်အထိ မပျော် တုန်လှုပ်သွားခဲ့တာလည်း ဝန်ခံသည်။

သေချာသွားတာ တစ်ခုက ...

ရင်ခုန်အံ့သြစေခဲ့သော မျက်နက်ဝန်းတွေရဲ့ အနားစပ်တစ်ခုအောက်မှာ မပျော့်မာနတွေ အရည်ပျော်ကျသွားခဲ့တာ ဖြစ်၏။

"ရှင် ... ရှင် မငြင်းနဲ့လေ မပျော် ... ပန်းခေတ်ပြောနေတာ ရှင့်အတွက်ပြောနေတာ"

မြန်မာဆန်ဆန် အဖြူရောင်ဝမ်းဆက်လက်ရှည်ကလေးနှင့် သူ့ကိုယ်သူ ဆရာမကြီးစတိုင်လ် ဖမ်းထားသည့် စံပန်းခေတ်ဆိုသည့် သူမကိုတော့ မပျော် နည်းနည်းလေး အမြင်ကတ်မိသည်။

"ပန်းခေတ် စကားကို နားထောင်ပါ မပျော် ..."



www.burmeseclassic.com

www.burmeseclassic.com



"မြေးမဟော် စံပန်းခေတ်လေးပြောနေတာကို ကောင်းကောင်းနားထောင်လေ ... မျက်နှာကြီးကို စူပုတ်မထားစမ်းနဲ့"

ဖွားက မျက်လုံးကြီးပြူးပြကာ ဝင်အော်သည်။

ဒေါ်ဝတီနွယ်က နှုတ်ခမ်းလေးကို မဲ့ထားဆဲ။

"သားမဟော် ... "

"ဟာ ... ဘာလဲ မေမေရာ ... "

မဟော် စိတ်ရှုပ်လာတာ ထွက်ပြေးချင်စိတ်တောင်ပေါက်သည်။ မဟော်ကို ရှိသမျှလူကုန်ဝိုင်းထားပြီး အသားကုန်ဝိုင်းကြပ်နေကြတာ ဖွားကလည်း အံကြိတ်ကြည့်လိုက် မျက်လုံးပြူးကြည့်လိုက် ... မေမေကလည်း မဟော်ဆံပင်လေးတွေကို နဖူးလေးပေါ်သပ်တင်ပေးလိုက် နားကလေးကို ပွတ်ကာဖော်လိုက်နှင့် တစ်ချိန်လုံး မဟော့်ကို ချော့နေတာ။

"ကိုယ့်ဖွား စိတ်ဆင်းရဲအောင် မင်းမလုပ်နဲ့လေကွာ ... မော့စမ်း ... မင်းမျက်နှာလေးကိုမော့ပြီး မေမေ့ကိုကြည့်စမ်း ... မေမေပြောမယ် ... ဒီနှစ် သားဆယ်တန်းအောင်မှ ဖြစ်တော့မယ်ဆိုတာသိလား ... မင်းဖေဖေ အရမ်းရှက်နေတယ်၊ ကုမ္ပဏီက ကိုယ့်လက်အောက်ဝန်ထမ်းသားသမီးတွေ အောင်တာသိလေ မင်းဖေဖေက ရှက်လေပဲ ... ဒါကြောင့်မို့ စံပန်းခေတ်လက်ထဲ သားကိုအပ်နေတာ၊ သား သင်ရမယ် ... စံပန်းခေတ် ပြောတဲ့စကားကို သားနားထောင်ရမယ် ... "

"ဟာ ... အခုလည်း နားထောင်နေတယ်လေ"

"အေး ... နားထောင်တယ်ဆိုရင် ဒီနေ့ကစပြီး စံပန်းခေတ်လက်ထဲကို မေမေတို့အပ်တယ် ... စံပန်းခေတ် ပေးသမျှအမိန့်တိုင်း





ကို မင်းနာခံရမယ် ... ကလန်ကဆန်လုပ်ဖို့ မင်းမစဉ်းစားနဲ့၊ ခဏနေရင် မင်းဖေဖေ ပြန်လာတော့မှာ ... ကဲ ... စံပန်းခေတ် မင်းလက်ထဲကို အပ်လိုက်ပြီဆိုတော့ စာသင်စာကျက်ရမယ့်နေရာကို မင်းခေါ်သွားလိုက်တော့ ... မာမီလည်း စိတ်ချပါ ... "

ဒါနဲ့ပဲ ပန်းခေတ်နောက်ကို လိုက်ခဲ့ရတာ။

မဟော့်နှုတ်ခမ်းလေးက မဲ့လို့ပါ။

"ဟွန်း ... ဒီမှာ မင်းကိုယ်မင်း ဆရာမကြီးဆိုပြီးတော့ ငါ့ကိုကျစ်ဖို့ လုံးဝမစဉ်းစားနဲ့နော် ... မင်းက ငါ့ကို စိန်ခေါ်သွားတာမကျေနပ်လို့ ငါတံခါးဖွင့်ပြီး မင်းနဲ့ရင်ဆိုင်လိုက်တာ"

နောက်ကနေ မကြေမချမ်းပြောလာတာ ကြားပေမယ့် ပန်းခေတ် လှည့်မကြည့်ပါ။ ပန်းခေတ်က ခြေလှမ်းမှန်မှန်လေးနှင့်ပဲ လှမ်းကာ စာသင်ရမယ့်နေရာလေးကို ဦးဆောင်ကာ ခေါ်သွားသည်။ တခြားနေရာတွေမဟုတ် ... ပန်းခေတ်ကို နေခွင့်ပေးထားသည့် တစ်ထပ်တိုက်ပုလေးရဲ့ ရှေ့မျက်နှာစာ ဝရန်တာဆောင်လေးမှာဖြစ်သည်။

လေဝင်လေထွက်ရော အလင်းရောင်ပါကောင်းစွာရသလို တခြံလုံးမှာ ပွင့်နေသမျှ ပန်းပင်တွေကိုပါ လွှတ်လွှတ်လပ်လပ်တွေ့မြင်နေရသည့် နေရာလေးမို့ ထိုနေရာလေးကို သဘောကျကာ ပန်းခေတ်က ရွေးခဲ့တာဖြစ်သည်။ ပန်းခေတ်တို့နှစ်ယောက် စာသင်နေတာကို ဘယ်နေရာကနေ လှမ်းကြည့်မလဲ။ အကွယ်အကာမရှိ၊ အဆီးအတားမရှိ ကြည့်နေလို့ရသည့်နေရာမို့ ဒေါ်ဝတီနွယ်ကပါ သဘောတူလက်ခံခဲ့တာ ဖြစ်သည်။

ခုတော့ ... ထိုင်ခုံတွေစားပွဲတွေလည်း အသင့်ချထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

စားပွဲလေးပေါ်မှာလည်း နှင်းဆီပန်းအိုးလေးကို အလှဆုံးလေးထိုးပြီး ချထားလိုက်သေး၏။ ပန်းခေတ် သဘောကျတာက ပတ်ဝန်းကျင်ရှုခင်းတွေပဲဖြစ်သည်။ ထိုအကြောင်းတွေကို စောစောကတောင် ဖေဖေ့ဆီ ဖုန်းလှမ်းဆက်ပြီး ပန်းခေတ် အသိပေးခဲ့သေး၏။

"ရောက်ပြီ ဖေဖေ ... ပန်းခေတ် မနက်ကိုးနာရီလေးဆယ့်ငါးမိနစ်မှာ ဒီကိုချောချောမောမောပဲရောက်ပါတယ် ... ပန်းခေတ် နေရမယ့်နေရာထိုင်ခင်းလေးကလည်း အဆင်ပြေတယ် ... လိုအပ်တဲ့ပစ္စည်းမှန်သမျှလည်း ဖွားက အကုန်ထည့်ပေးထားတယ် ... အားလုံးအဆင်ပြေပါတယ်ဖေဖေ ... ပန်းခေတ် နေရမယ့်နေရာလေးပတ်ပတ်လည်မှာ ပန်းရောင်စုံတွေပွင့်နေတာ မြင်ရလို့ ပန်းခေတ် အရမ်းသဘောကျနေတာလေ ဖေဖေရဲ့ ..."

ဒီလို ဖုန်းဆက်လိုက်တော့မှ ဖေဖေ စိတ်အေးသွားပြီး ဖုန်းချသွားသည်။ တကယ်ဆို ဖေဖေ့အနားမှာ ဒီသမီးလေးတစ်ယောက်ပဲရှိနေခဲ့တာပါ။ ဘာပဲပြောပြော သမီးနှင့်ခွဲခဲ့ဖူးတာ မဟုတ်သည့်ဖေဖေက မလွဲသာ၍သာ သမီးကိုလွှတ်လိုက်ရပေမယ့် လွမ်းစိတ်ကလေးနှင့်ကျန်ရစ်နေခဲ့မှာတော့ သေချာနေခဲ့တာပင်။

"ဟာ ... ဒီနေရာမှာ သင်ရမှာလား"

တစ်ထပ်တိုက်ပုလေးရဲ့ရှေ့မျက်နှာစာ ဝရန်တာဆောင်ပေါ်အတက်မှာ မဟော်ဆီက ဂျစ်တစ်တစ်အသံလေး ထပ်ထွက်လာတာဖြစ်သည်။ ဒါကို မျက်တောင်လေးပင့်ကာ ပန်းခေတ် လှည့်ကြည့်မိ၏။





"ဟုတ်တယ် မဟော် ... ဒီနေရာလေးကပဲ အကောင်းဆုံးဖြစ်မယ်ထင်လို့ ရွေးချယ်ထားတာ ... ကဲ ... ဒီခုံလေးမှာ မဟော်ထိုင်လိုက်ပါ ..."

စတီးကိုင်းဖြင့် ပတ်ခွေထားသော ခေတ်မီဆိုဖာထိုင်ခုံလေးကို ဖြောင်းခနဲအသံမြည်သွားအောင် ဆွဲယူလိုက်ကာ မဟော်က နှုတ်ခမ်းမဲ့မဲ့လေးနှင့် ဝင်ထိုင်၏။

"ကဲ ... မင်းဘာပြောမှာလဲ ..."

ပန်းခေတ်ကလည်း ဖြန့်ချထားသည့် ဆံပင်ရှည်တွေကို ရှေ့ဘက်ရောက်အောင် ဆွဲယူလိုက်ပြီးတော့မှ ထိုင်ခုံလေးမှာ မျက်နှာချင်းဆိုင်လေး ဝင်ထိုင်သည်။

"ပြောစရာတွေကတော့ အများကြီးရှိတာပေါ့မဟော် ... ပထမဆုံး ရှင်နားလည်ထားအောင် ပန်းခေတ်ပြောချင်တာက ဆယ်တန်းစာမေးပွဲအောင်စာရင်း ထွက်ပြီးတဲ့နောက်တစ်နေ့မှာပဲ ရှင့်ဖေဖေ အန်ကယ်ဦးနေသူရိန်က ပန်းခေတ်တို့အိမ်ကို ရောက်လာပြီးဒီတာဝန်ကို ယူပေးဖို့ ပန်းခေတ်ကို မေတ္တာရပ်ခံသွားခဲ့တာ"

ပန်းခေတ် အေးအေးဆေးဆေးပဲ ပထမဆုံး ရှင်းပြသည်။

မဟော်ကတော့ နှုတ်ခမ်းမဲ့မဲ့လေးကို ခွာချမပစ်သေးဘဲ လက်ကလေးမိုက်ကာ ဂရုမစိုက်သလို မျက်နှာထားကလေးနဲ့။

"ဟွန်း ... အဲလို မေတ္တာရပ်ခံသွားတော့ သူများကို ဆရာကြီးလုပ်ခွင့်ရပြီဆိုပြီး ဝမ်းသာအားရနဲ့ မင်းဒီကို အူလျားဖားလျားရောက်လာတာပေါ့လေ ဒီလိုလား ..."

"နေဦး မဟော် ... ရှင် အဲလိုထင်တာ လုံးဝမှားတယ်၊ အန်ကယ်ဦးနေသူရိန် စပြောတဲ့အချိန်မှာပဲ ပန်းခေတ် တစ်ခါတည်းငြင်းခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းတွေကိုလည်း ခပ်စူးစူးလေး ပန်းခေတ် စိုက်ကြည့်သည်။

တကယ်လည်း အန်ကယ်ဦးနေသူရိန်ရဲ့ တောင်းဆိုမှုတွေကို ချက်ချင်းပဲ ပန်းခေတ် ငြင်းဆန်ခဲ့တာပါ။

"မင်း ဘာလို့ငြင်းခဲ့တာလဲ ..."

"ပန်းခေတ် ရှင့်ကို အရှင်းဆုံးဖြေရမလား"

"ပြောလေ ... ရတယ် ... ငါနားထောင်မယ်"

"ကိုယ့်ထက် အဲစစအရာရာသာပြီး ချမ်းသာတဲ့ အသိုင်းအဝိုင်းတွေကို ပန်းခေတ် မှပတ်သက်ချင်လို့ငြင်းခဲ့တာ ... ကိုယ့်မာနနဲ့ကိုယ် ဘယ်သူ့ကိုမှ အောက်ကျမခံချင်လို့ ... ရှင်းတယ်နော် မပော် ... ပန်းခေတ် ပြောလိုက်တာ ..."

"မင်း ... မင်း ... မင်းကွာ ..."

"ဟား ဟား ..."

မျက်လုံးလေးပြူး ပခုံးလေးတွန့်ပြီးမှ မပော် ရယ်ချလိုက်တာ ပန်းခေတ်ရဲ့မာနတွေကို ခပ်လှောင်လှောင်လေး ရှု့ချလိုက်တာပါ။

"ရှင် ... ရှင် ... မရယ်နဲ့လေ ... မပော် ..."

ပန်းခေတ် မျက်တောင်လေးကော့ကာ သူ့ကိုကြည့်မိ၏။

သူက ခါးကလေးကိုင်းကာ ရယ်ပြီးတော့မှ မတ်မတ်လေး ပြန်ဆန့်ကာ ပန်းခေတ်မျက်ဝန်းတွေကို ပြန်စိုက်ကြည့်သည်။

"ငါရယ်တာ မင်းပြောတာကို သဘောကျလို့ရယ်လိုက်တာလေ ... ငါ ထင်သားပဲ ... မင်းပုံစံလေးကိုကြည့်ပြီးတော့ မင်းမာနကြီးလိမ့်မယ်ဆိုတာ ... ကဲ ... ပြောပါဦး အဲလိုငြင်းလိုက်တော့ ဖေဖေက ဘာဆက်ပြောလည်းဆိုတာ ..."





"အိမ်မှာ ရှင်က အရမ်းဆိုးတဲ့အကြောင်း ..."

"ဘာ ... ဘယ်လို ..."

ဒါကျတော့ မပော် မျက်လုံးပြူးသွား၏။

"ဘယ်သူပြောတဲ့စကားမှလည်း နားမထောင်တဲ့အကြောင်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အပေါင်းအသင်းတွေ တရှန်းရှန်းနဲ့သွားလာနေတဲ့အကြောင်း၊ လမ်းပေါ်မှာလည်း ရိုက်ပွဲတွေ ခဏခဏဖြစ်တဲ့အကြောင်း၊ ပိုက်ဆံတွေ တအားဖြုန်းသုံးနေတဲ့အကြောင်း၊ အမေလည်းမနိုင်၊ အဖွားလည်းမနိုင် ဖြစ်နေတယ်ဆိုတဲ့အကြောင်း၊ ဆယ်တန်းအောင်စေချင်လို့ ငှားပေးထားတဲ့ဂိုက်တွေလည်း ရှင်ဆိုးတာ မခံနိုင်လို့ ... အလုပ်က ထွက်ထွက်သွားကြတယ်ဆိုတဲ့အကြောင်း အဲဒါတွေစုံအောင်ပြောတော့မှ ဒီအလုပ်ကို လက်ခံဖို့ ပန်းခေတ်ဆုံးဖြတ်လိုက်တာ ..."

"ဘာပြောတယ် ..."

"အဲဒါ ... ရှင်ဆိုးတာလောက်ကို ဂရုမစိုက်လို့ပါ"

"ဟာ ... ကြည့်စမ်း ... မင်း ..."

"ဝုန်း ..."

"ဒုန်း ... ဂျောင်း ..."

ထိုင်ခုံကနေ ဒေါသတကြီး သူ ထရပ်လိုက်တာ လူလည်းနောက်ကိုလန်သွားသလို ထိုင်ခုံကပါ ဒုန်းခနဲ ဂျောင်းခနဲအသံမြည်ကာ နောက်ပြန်လန်လဲကျသွားသည်။

"မင်း ... မင်း ... ငါ့ကို ဘလိုင်းကြီးလာပြီး ပြဿနာမရှာနဲ့နော် စံပန်းခေတ် ... ငါဆိုးတာကို သိသိကြီးနဲ့ ဂိုက်လုပ်စာသင်ပေးဖို့လာတယ်ဆိုတာ မင်း ငါ့ကိုတမင်သက်သက် စိမ်ခေါ်နေတာခဲ့တာ၊ ဟွန်း ... ရတယ်လေ၊ ငါကလည်း အဲဒီလိုခပ်မိုက်မိုက် ဂိုက်မျိုးနဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တာ ... ရပြီ ... ဒီနေ့ကစပြီး မင်းနဲ့ငါနဲ့ပြိုင်မယ်၊ ဒီခြံထဲကနေ ငါ့ကိုကြောက်ပါပြီအော်ပြီး မန္တလေးကို မင်းပြန်ဒိုးသွားစေရမယ် — ဟုတ်ပြီနော် ... "

"ရှင့်နာမည် မင်းမဟော်နော် ... "

ပန်းခေတ် ပြုံးပြုံးလေးပဲကြည့်ကာ မေးလိုက်ပါသည်။

"ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်လဲ ... "

"ကျွန်မက စံပန်းခေတ်ပါ ... "

ပန်းခေတ် လက်နှစ်ဖက်ကို စားပွဲမျက်နှာပေါ်ထောက်ပြီး ထရပ်သည်။

"ရှင် သတ္တိရှိတယ်ဆိုရင် ကျွန်မနဲ့တစ်နှစ်ပဲ စာသင်ကြည့်လိုက်"

ပန်းခေတ် ပြောလိုက်တာ တစ်ခွန်းတည်း ...

"ဟွန်း ... မင်းက ဒီလောက်တောင်စိန်ခေါ်နေပြီဆိုတော့လည်း တိမ်ပေါ်ထိလိုက်ရမှာ ... ငါတာဝန်ဖြစ်သွားပြီပေါ့ စံပန်းခေတ်ရာ ... ရတယ် ... ရတယ် သိလား ... ဒီနေ့ကစပြီး ငါမင်းနဲ့စာသင်မယ်၊ မင်းပဲ အရှုံးပေးသွားမလား ငါပဲဒူးထောက်သွားမလားဆိုတာ စောင့်ကြည့်လိုက်ကြရုံပဲ ရှိတော့တယ် ... "

"ကောင်းပြီလေ ... ဒီနေ့တော့ စရောက်တဲ့နေ့မို့ ရှင်နဲ့ပန်းခေတ် မိတ်ဆက်ရုံသက်သက်လေး စကားပြောကြည့်တာပါ။ အထွေအထူးတော့ ဘာမှမရှိသေးပါဘူး ... ဒီမှာ ပန်းခေတ် ယူထားတဲ့အမိက တာဝန်က ဒီနှစ်ဆယ်တန်းကို ရှင် အောင်သွားဖို့ပဲ ... "

ပန်းခေတ်ပြောရင်း မျက်ဝန်းထောင့်စွန်းမှာ အရိပ်တရိပ်ဖျတ်ခနဲလှုပ်သွားတာကို မြင်လိုက်သည်။ တခြားတော့ မဟုတ်ပါ။ နှစ်ထပ်တိုက်မြင့်ကြီးရဲ့ ပြတင်းပေါက်လိုက်ကာလေး ဖျတ်ခနဲလှုပ်





သွားကာ ချက်ချင်းပျောက်ကွယ်သွားခဲ့တာပဲဖြစ်သည်။ တစ်ချောက်ယောက်က ချောင်းကြည့်နေသည့် အရိပ်လက္ခဏာမျိုး။ သေချာတာက ဒေါ်ဝတီနွယ်ပေါ့။

ပန်းခေတ် နှုတ်ခမ်းလေးမဲ့ကာ ရယ်မိသည်။

"ကျွန်မ တစ်ခုတော့ ရှင့်ကို ထပ်ပြောချင်သေးတယ် မဟော်"

မဟော်ကလည်း မတ်တပ်ရပ်လျက် မျက်တောင်လေးပင့်ကာ ပန်းခေတ်ကို လှမ်းကြည့်သည်။ သည်တစ်ခါကြည့်လိုက်တာက မျက်ဝန်းတွေ အရောင်တဖျတ်ဖျတ် လက်သွားအောင်ကြည့်လိုက်တာမျိုး။

"ရှင့်ကို ဂိုက်လုပ်စာသင်ပေးဖို့ လက်ခံလိုက်တယ်ဆိုတာ ကျွန်မရဲ့အရည်အချင်းကို ကျွန်မ ယုံကြည်လို့လက်ခံလိုက်တာ ... ရှင် ဆိုးသမျှဒဏ်ကို မခံနိုင်တော့လို့ အရှုံးပေးထွက်သွားရတဲ့ ရာဇဝင်မျိုးလည်း ပန်းခေတ် ဘယ်တော့မှရေးထားခဲ့မှာ မဟုတ်ဘူး ... မင်းမဟော်ဆိုးတာကို သိသိကြီးနဲ့ လာခဲ့တယ်ဆိုကတည်းက ရှင့်ထက်ပိုပြီး သတ္တိရှိလို့ဆိုတာ ယုံထားလိုက်ပါ ... ကဲ ... ရှင်သွားလို့ရပါပြီ ... "

"မသွားသေးဘူး ... ငါ မင်းကို မေးစရာရှိသေးတယ်"

"ဟင် ... ရှင်ဘာမေးချင်လို့လဲ ... "

"ဒီအလုပ်ကို လက်ခံလိုက်တာ မင်းအတွက်ဘယ်လောက်ရလဲ ... "

"ဘာပြောတယ် ... "

ပန်းခေတ် မျက်ခုံးတန်းလေး တွန့်ကွေးသွားရပြန်ပြီ။

"ရှင် ... ရှင် ... လူကို မစော်ကားနဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



အသံတုန်တုန်လေးနဲ့ ပန်းခေတ် အော်ပစ်သည်။

"ပိုက်ဆံပေးမယ်ဆိုရင် လုံးဝမသင်ပေးဘူးဆိုတာ တရားစွင် ကြေငြာပြီးမှ ရန်ကုန်ကို ပန်းခေတ် ဆင်းလာတာ ..."

"ဟွန်း ..."

မဟော်ကလည်း နှုတ်ခမ်းလေးမဲ့ကွေးသွားအောင် ချိတ်လိုက်၏။

ဒီလိုဆိုတော့လည်း မင်းမဆိုးဘူးပေါ့ ပန်းခေတ်။ မျက်နှာထားတည်တည်လေးနဲ့ မင်း ငါ့ကို ဘယ်လိုဦးဆောင်သွားမလဲဆိုတာ ပိတ်ကားပေါ်မှာ ငါဆက်ပြီးကြည့်ရတော့မှာပေါ့။

တစ်ခုပဲ ငါမကျေနပ်တာက ... မင်းကိုစပြီးတွေ့လိုက်ရတဲ့အချိန်မှာ ငါ့တစ်ကိုယ်လုံး အေးစက်သွားခဲ့တာလေ။ အဲဒီအတွေ့အကြုံအသစ်ကလေးဟာ တခြားကောင်မလေးတွေနဲ့တုန်းက မဖြစ်ခဲ့ဘဲ မင်းကိုတွေ့လိုက်မှ ဖြစ်သွားရတာကိုတော့ ငါအံ့ဩတယ်။

အခုထိလည်း ငါရင်ခုန်တယ်။

ငါ့ပါးတွေကိုလည်း ဘယ်ပြန်ညာပြန် ဝိတ်ရိုက်ပစ်ချင်တယ်။ ငါမကျေနပ်ဆုံးက မင်းမျက်ဝန်းတွေကို အချိန်အကြာကြီး ငါစိုက်မကြည့်ရဲခဲ့တာ။

"ကဲ ... ရှင်သိချင်တာ ဒါပဲလား ..."

ခုထိလည်း လက်ပိုက်ထားတာလေးကို ပန်းခေတ် မဖြုတ်မိသေးပါ။ သူ့မျက်ဝန်းတွေကို စူးစိုက်လက်ဖြာနေအောင် ပန်းခေတ် စိုက်ကြည့်နေမိတာ။ သူ့ကို လုံးဝဂရုမစိုက်လို့ကြည့်တာပါသလို ကိုယ့်လိပ်ပြာကိုယ်လုံလို့ ကြည့်တာမျိုးဆိုတာလည်း ပန်းခေတ် သေချာပေါက်ပြောရဲသည်။

လင်းလက်အိမ် တာပေ



"ငါ ... ငါက ကျောင်းပြန်တက်မှာနော်"

"ဟာ ... အဲဒါ ... ပန်းခေတ် သိတယ်လေ ..."

"ငါစာသင်ရမယ့်အချိန်တွေက ..."

"ပန်းခေတ် ပြောမယ် ... ရှင်တက်ရမယ့်ကျူရှင်ကိုလည်း ပန်းခေတ်ကိုယ်တိုင်ရွေးပြီး လိုက်အပ်မယ် ... ရှင့်သူငယ်ချင်းတွေ တရုန်းရုန်းနဲ့ ပေးလားဝါးလားလုပ်နေမယ့် ကျူရှင်မျိုးကို ကျွန်မ ရွေးချယ်မှာမဟုတ်ဘူး ..."

"ဘာ ... ဘာပြောတယ် ..."

"ရှင့်ကို ဒီနေ့ကစပြီး အသိပေးချင်တာ ရှင့်ရဲ့လွတ်လပ်ခွင့်တွေမှန်သမျှ ပန်းခေတ် သိမ်းပစ်လိုက်ပြီဆိုတာ အသိပေးချင်တာ၊ ရှင် ... ဒီနှစ် တစ်နှစ်လုံး ပန်းခေတ် စီစဉ်ပေးတဲ့ခေါင်းစဉ်အောက်မှာနေရမယ် ..."

"ဟာ ... ဟာ ... မင်း ငါ့ကို အဲလိုမျိုးချုပ်ချယ်ဖို့တော့ လုံးဝမစဉ်းစားထားနဲ့နော် ပန်ခေတ် ... မင်း အဲလိုချုပ်ချယ်မယ်ဆိုရင် ဒီခြံထဲကို ငါဘယ်တော့မှ ပြန်လာမှာ မဟုတ်တော့ဘူး"

မဟော် ခါးခါးသည်းသည်းငြင်းပစ်နေတာ အေးစက်နေတဲ့ မျက်ဝန်းလေးတွေနဲ့ပါ။ ဒီလို အတင်းအကြပ်ချုပ်ချယ်လာလို့ကတော့ မဟော်တို့က လုံးဝဆောရီးပဲ။ ဂရုလည်းမစိုက်ပါဘူး။ မဟော်ကို အတင်းချုပ်ကိုင်ရင်း ကိုင်တဲ့သူဟာ မဟော်ရဲ့ရန်သူပဲ။

"ဟွန်း ... ရတယ်လေ၊ မဟော် ... ရှင့်ကပဲဆိုးနိုင်မလား။ ပန်းခေတ်ကပဲ ရှင့်ကိုထိန်းချုပ်နိုင်မလားဆိုတာ စောင့်ကြည့်ကြသေးတာပေါ့ ... ကဲ ... ဒီနေ့တော့ ရှင်နားနိုင်ပါပြီ ..."

သူ့ရှေ့ကနေ အရင်ဆုံး ချာခနဲလှည့်ထွက်လာခဲ့တာ ပန်းခေတ်ပဲ ဖြစ်သည်။

လင်းလက်အိမ် တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်း မသွားနဲ့ဦးလေ ပန်းခေတ် ... "

မပျော် အသည်းအသန်ပြေးလိုက်ဖို့ ခြေလှမ်းပြင်လိုက်တော့မှ ဆံပင်ရှည်တွေကို ဆွဲသိမ်းသပ်ချရင်း ပန်းခေတ်ကိုယ်ကို မလှည့်ဘဲ လည်တိုင်လေးပဲ လှည့်ကာ မပျော့်ကိုကြည့်မိသည်။

"ဟင်, ... ရှင်ဘာသိချင်သေးလို့လဲ"

"သိချင်တာမဟုတ်ဘူး ... ငါ့ရင်ထဲမှာရှိနေတဲ့စကားတစ်ခွန်းကို မင်းနားလည်အောင် အခုကတည်းက ကြိုပြီးပြောပြထားချင်တာ"

"ရတယ်လေ ... ရှင်ဘာပြောချင်တာလဲ ... "

"ငါ မင်းကို ဘယ်တော့မှ အရှုံးမပေးနိုင်ဘူးဆိုတာ"

ပန်းခေတ် ပြုံးလိုက်တာ နှုတ်ခမ်းလေး ပွင့်သွားရုံလောက်လေးပဲဖြစ်သည်။

"ဟွန်း ... ရပါတယ် မပျော် ... ကျွန်မ ဂရုမစိုက်ပါဘူး"

ပြောပြီးတော့မှ သူ့ရှေ့ကနေ ချာခနဲလှည့်ထွက်လာခဲ့တဲ့ ပန်းခေတ်။

မင်းမပျော်ရယ် ... ရှင့်လောက်ကိုတော့ ပန်းခေတ်ကလေ။

ဟွန်း ... ။

အခန်း ( ၄ )

"ဟွန်း ... မင်းမပျော်က အရမ်းဆိုးလို့ စံပန်းခေတ်လေးကို ကြီးညိုသတိပေးနေရတာပေါ့ စံပန်းခေတ်လေးရဲ့။ သူ့ဘယ်လောက်ပဲဆိုးဆိုး ကြီးညိုတို့တစ်အိမ်လုံးက မပျော်လေးကိုပဲ အရမ်းချစ်နေရတာ။ ပြီးတော့လည်း ... မပျော်လေးက ကြီးညိုရဲ့ လက်ပေါ်မှာပဲ ကြီးလာခဲ့တာလေ။ ငယ်ငယ်လေးတုန်းကဆိုရင် ကြီးညိုကပဲ နို့ဗူးလေးဖျော်တိုက် ပုခက်လေးထဲထည့်သိပ်လုပ်ခဲ့ရတာ"

"ကြီးညိုက ဒီခြံမှာနေတာ ကြာပြီလား ... "

"အို ... ကြာပြီလေ စံပန်းခေတ်လေးရဲ့ ... ကြီးညို ဆယ့်ရှစ်နှစ်သမီးအရွယ်ကတည်းက ဒီခြံမှာ အလုပ်လာလုပ်ရင်းနဲ့ ဒီမှာပဲမြဲသွားတာ ... အခု ကြီးညိုအသက်က ငါးဆယ့်ခါးနှစ်ဆိုတော့ နှစ်ပေါင်း လေးဆယ်နီးပါးတောင် ရှိခဲ့ပြီလေ ... "

ကြီးညိုက ခင်ခင်မင်မင်လေးပြုံးရင်း ဒီခြံကြီးနဲ့ပတ်သက်နေသမျှ အိမ်တွင်းရေးကိစ္စတွေကို ပြောနေတာမို့ ပန်းခေတ်နားထောင်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာဖြစ်ပါသည်။ ဘာပဲပြောပြော ဒီသီးသန့်အဆောင်တိုက်ခန်းလေးထဲမှာ ကြီးညိုနှင့်နှစ်ယောက်အတူ နေခွင့်ရခဲ့ခြင်းကိုတော့ ပန်းခေတ် သဘောကျပါသည်။

စကားပြောဖော်လေးလည်းရ၊ တိုင်ပင်ဖော်တိုင်ပင်ဖက်လေးလည်းရတာဆိုတော့ ဘာပဲပြောပြော ညရေးညတာလေးကအစ ပန်းခေတ်အတွက် နေရထိုင်ရတာလေးက အဆင်ပြေသွားခဲ့၏။

ကြီးညိုက သဘောလည်း ကောင်းပါသည်။

ပန်းခေတ်ကိုလည်း မြင်မြင်ချင်း ချစ်သွားမိတဲ့အကြောင်း တရင်းတနှီးလေး ပြောရှာသည်။ ခုလည်း ... ရေနွေးကြမ်း၊ ကော်ဖီ၊ ရေတ့်သီးစပ်စပ်လေးနှင့် လက်ဖက်သုပ်ပွဲလေးကအစ ပန်းခေတ်ကို လိုလေသေးမရှိ ဧည့်ခံရင်း ရှေးဖြစ်အောက်မေ့ဖွယ်ရာလေးတွေကို မမောမပန်း ထိုင်ပြောနေတာလေ။

ကြီးညို အဓိက ပြောခဲ့တာက ဖွားမုန်းဆက်မရှယ်ရဲ့ အကြောင်း ချွေးမ ဒေါ်ဝတီနွယ်ရဲ့အကြောင်းတွေနဲ့ မင်းမဟော်ရဲ့ အကြောင်းတွေကိုပဲ ဖြစ်သည်။

"ဒီခြံထဲမှာ အဆင့်အတန်းခွဲပြီး ဘဝင်မြင့်မြင့်နဲ့အထက်စီးက ဆက်ဆံတတ်တာဆိုလို့ ဒေါ်ဝတီနွယ်တစ်ယောက်ပဲရှိတယ် ... စားရင်လည်းခွဲခြားတယ်၊ နေတာထိုင်တာလည်း ခွဲခြားတယ် ... အပေါ်ထပ်အိပ်ခန်းတွေဆို ဘယ်အလုပ်သမားကိုမှ တက်ခွင့်မပေးဘူး ... ဟိုတုန်းကတည်းက ဒီအပေါ်ထပ်အခန်းတွေကို တက်ခွင့်ဆိုလို့ ကြီးညိုတစ်ယောက်ပဲရခဲ့တာ၊ ဧည့်ခန်းထဲက ဆက်တီခုံတွေပေါ်မှာလည်း ဘယ်အလုပ်သမားမှ ခဏလေးတောင် ညောင်းလို့





ဝင်ထိုင်ခွင့်မရှိဘူး"

"ဟင် ... ဒါဆို အန်တီဒေါ်ဝတီနွယ် တော်တော်ဆိုးတာပေါ့"

"ဆိုးတာပေါ့ စံပန်းခေတ်လေးရဲ့ ... "

"အဲလို အဆင့်ခွဲတာတော့ မကောင်းပါဘူးနော်"

"ကြီးညိုတို့ ဒီခြံမှာမြဲနေတာ အဖွားမုန်းကြောင့်မြဲနေတာ၊ အဖွားမုန်းက သဘောထားဖြောင့်မတ်တယ် ... အဆင့်အတန်းလည်း ဘယ်သူ့ကိုမှမခွဲဘူး၊ အခု ... စံပန်းခေတ်လေးကို ဒီသီးသန့်တိုက်ကလေးမှာ နေခွင့်ပေးတာ အဖွားမုန်းရဲ့ အမိန့်နဲ့ပဲလေ ... "

"ဟုတ်တယ်နော် ကြီးညို ... ပန်းခေတ်ကိုလည်း လက်ကလေးဆုပ်ကိုင်ပြီး တရင်းတနှီးလေးနဲ့ကို အားပေးနေတာ ... ဖွားမုန်းကြောင့် ဒီခြံကြီးထဲကနေ ပန်းခေတ် ပြန်လှည့်ထွက်မသွားခဲ့တာပါ ... ဟွန်း ... ပြောရရင် ပန်းခေတ်က သူတို့ထက်တောင် မာနပိုကြီးသေးတယ် ... "

နှုတ်ခမ်းလေးမဲ့ပြီး ပန်းခေတ်ပြောတော့ ကြီးညိုက မျက်တောင်လေးကော့ကြည့်ကာ ရယ်ပါသည်။

"ဟင်း ဟင်း ... သိတယ် သိတယ် ... ဝတီနွယ့်နောက်မှာ မျက်တောင်ကော့ကော့ရှည်ရှည်လေးတွေ တဖျတ်ဖျတ်ခတ်ပြီး မျက်နှာမော့မော့လေးနဲ့ ပန်းခေတ်လေးလိုက်သွားတာကို မြင်လိုက်ရကတည်းက ကြီးညိုက ပန်းခေတ်လေး မာနကြီးမယ်ဆိုတာ သိပြီးသား ... ကြီးညိုတို့က ပန်းခေတ်လေး လာတော့မယ့်သတင်းကို အစောကြီးကတည်းက သိထားတာလေ ... ခုတော့ ထင်ထားတာထက်တောင် ပန်းခေတ်လေးက ပိုပြီးတော့ တည်ငြိမ်ရင့်ကျက်နေသေးတယ် ... ဟင်း ဟင်း ... ဒီနှစ်မှ ဆယ်တန်းအောင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာမှန်ပေမယ့် တကယ့်တက္ကသိုလ်ကျောင်းသူကြီးတစ်ယောက်လိုပဲ ဘယ်နှစ်ခါ ပြန်ကြည့်လိုက် ကြည့်လိုက် ပန်းခေတ်လေးက ကျက်သရေရှိနေတာ ...”

ဒါကိုတော့ ကြီးညိုက အမှန်အတိုင်း ပြောလိုက်မိတာလေ။

တကယ်လည်း ပန်းခေတ်ပုံစံလေးကို ကြီးညိုသဘောကျပါသည်။ နေ့တာထိုင်တာ ပြောတာဆိုတာ တည်တည်တင်းတင်းကလေးနှင့်ပြုံးရင်လည်း နှုတ်ခမ်းလေးပွင့်သွားရုံလောက်လေးသာ သိုသိပ်လျှို့ဝှက်စွာ ပြုံးတတ်သည့်အပြုံးကလေးကိုတော့ ကြီးညိုသဘောကျလို့မဆုံး။

“ကြီးညို ...”

“ဟင် ... စံပန်းခေတ်လေး ... ကြီးညိုကို ဘာပြောမလို့လဲ ပြောလေ ...”

“ဟိုလေ ... ကြီးညို ... မဟော်လေ ... မဟော့်ကိုကြည့်ရတာ မိဘတွေကတော်တော်အလိုလိုက်ထားပုံရတယ်နော် ကြီးညို”

“အို ... လိုက်ထားတာပေါ့”

ကြီးညိုက မျက်တောင်လေးဖျတ်ခနဲ ပင့်ကြည့်လျက်။

“စကားပြောတာလေးကလည်း မာတယ် ...”

“ဟင် ... မဟော်က စကားပြောရင် ဒီလိုပဲခပ်ပြတ်ပြတ်ကလေး ပြောတတ်တာလေ ... တစ်ခြံလုံးမှာ ရှိသမျှလူတွေအားလုံးကို အနိုင်ကျင့်တတ်တာလည်း ဟိုငယ်ငယ်လေးကတည်းက အနိုင်ကျင့်လာတာ ... ဒီတစ်ခြံလုံးမှာ မဟော်လေးအချစ်ဆုံးက ဘယ်သူဖြစ်မယ်ထင်သလဲ ...”

“အဖွားမှန်းပဲ ဖြစ်မှာပေါ့ ...”





“မှားတယ် ...”

“ဟင် ... ဒါဆို ဘယ်သူလဲ”

“မဟော်လေးချစ်တာ ကြီးညိုကို ...”

“အို ... ဟုတ်တယ် ...”

“ကြီးညိုရေ ... ကြီးညို အိပ်ပြီလားဗျ”

“ဘုရားရေ ... ကြည့်စမ်း ... ပြောပြောဆိုဆို ...”

သီးသန့်အဆောင်တိုက်ခန်းလေးရှေ့ကနေ လာအော်နေတာ မဟော်လေ။ အော်လည်းအော် ဖိုးဖိုးဇတ်ဇတ်နဲ့လည်း တိုက်အိမ်လေးထဲကို ဝင်ချလာသည်။

“ဟွန်း ... အခန်းထဲမှာ ဘာလုပ်နေတာလဲကြီးညို ... ကျွန်တော် ထမင်းမစားရသေးလို့ ကြီးညိုကိုလိုက်ရှာနေတာ၊ အိမ်မှာ ချက်ထားတဲ့ဟင်းတွေ မကြိုက်လို့၊ ကြီးညို ကျွန်တော့်ကို ကြက်ဥဟပ်ဖရှိုက်နဲ့ ထမင်းကြော်လုပ်ပေး ...”

ပြောရင်း ... ပန်းခေတ်ကိုပါ မျက်လုံးလေးဝေ့ကြည့်သည်။

“မင်း ဘာကြည့်တာလဲ ...”

ကြည့်ရင်း ... လေသံမာမာကလေးဖြင့် လှမ်းဟောက်လိုက်သေး၏။

“ရှင့်ကို မကျေနပ်လို့ကြည့်တာ ...”

“ဘာပြောတယ် ...”

“အချိန်မဟုတ် အခါမဟုတ် အိမ်ပြန်လာပြီးတော့မှ ကလေးဆန်ဆန် တောင်းဆိုနေတာကို မကျေနပ်လို့ကြည့်တာ ...”

ပန်းခေတ်ကလည်း အလျှော့မပေးပါ။

ပန်းခေတ်တို့ နှစ်ယောက်စလုံးကိုကြည့်ပြီး ကြီးညိုက ရယ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"မပေါ်က ဒီလိုပဲလေ စံပန်းခေတ်လေးရဲ့ ကြီးညို့ဆို အမြဲနိုင်ရမှ တခြားလူတွေလုပ်ပေးရင်လည်း မပေါ်ကကြိုက်တာ မဟုတ်ဘူး ... ခဏလေး စောင့်နော် ကြီးညို့ ပြန်လာခဲ့မယ် ..."

ကြီးညို့က မပေါ်လက်ကလေးကိုဆွဲကာ တိုက်မြင့်ကြီးဘက်ကို ထွက်သွားပေမယ့် မပေါ်ကတော့ နောက်ကိုပဲလှည့်ကြည့် လှည့်ကြည့်နှင့်။

"ကြီးညို့ ဘယ်လိုဖြစ်တာလဲ ... အဲဒီကောင်မလေးက ခုကျတော့ ပါးကွက်ကြားလေးနှစ်ဖက်နဲ့ပါလား ... ကျွန်တော့်ကိုဝင်ပြောလိုက်တာလည်း ဆရာမကြီးစတိုင်လ်နဲ့ ..."

"စံပန်းခေတ်လေးက သဘောကောင်းပါတယ် မပေါ်ရဲ့"

"အခု ... ကျွန်တော်သူငယ်ချင်းတွေက ဘာတွေပြောကုန်ပြီထင်လဲ ..."

"ဟင် ... ဘာပြောကြလို့လဲ ..."

"ဒီကောင်မလေးကို တအားမိုက်လို့တဲ့ ..."

"ဘာ ... ဘာရယ် ..."

"ဒီကောင်မလေး ခရီးဆောင်အိတ်ကြီးဆွဲပြီးဝင်လာတော့ ဟိုဘက်ခြံထိပ်က အုတ်ခုံမှာ ဘော်ဒါတွေက ဂစ်တာတီးနေကြတာလေ ... အဲဒါ စံပန်းခေတ်ကို သူတို့အားလုံးတွေ့သွားလို့ သူတို့ပါ စာလာသင်မယ်လုပ်နေကြတယ် ..."

"အဲဒါ ... မင်းက ဘယ်လိုပြောလိုက်လဲ ..."

"ရမလားလို့ ပြောလိုက်တယ်လေ ကြီးညို့ ..."

"ဟား ဟား ..."





"အဲဒါ ... ဒီကောင်တွေခြံထဲကိုလာရင် ဒီကောင်မလေးကို အပြင်မထွက်စေနဲ့ ..."

"ဘာ ... ဘာရယ် ..."

ကြည့်စမ်း ...

မပေါ်လေး သဝန်တိုတတ်နေပြီ။

"အခုလည်း တစ်ချိန်လုံး ဒီအကြောင်းပဲပြောပြီး ဝိုင်းစနေလို့ ကျွန်တော် ဒေါပွပြီးပြန်လာတာ ..."

"ဖြစ်ရမယ်လေ ... ဖြစ်ရမယ် ... ဖြစ်ရမယ် ..."

ကြီးညို့ ဂက်စ်မီးဖိုကိုဖွင့်ပြီး ထမင်းကြော်တော့ ထမင်းစားပွဲမှာ ငေါင်စင်းစင်းလေး တစ်ယောက်တည်းထိုင်ရင်း မပေါ်ဘာတွေတွေးနေသည်မသိ။

မပေါ် ဒေါပွရတာကိုပဲကြည့်လေ။

ဒီကောင်တွေ ပြောပုံက ...

"နာမည်လေးကအစ တကယ်မိုက်တယ်နော် မပေါ် ... စံပန်းခေတ်တဲ့ ... မန္တလေးကလာတာမဟုတ်ဘဲ နတ်ပြည်ခြောက်ထပ်က ဆင်းလာတာများလား ..."

"ဟေ့ကောင်တွေ မင်းတို့ဘာမှမပြောနဲ့၊ အိတ်ကြီးဆွဲပြီး ဒီကောင်မလေး ဖြတ်သွားတုန်းက ငါအရင်တွေ့ပြီး မေးငေါ့ပြလိုက်လို့ မင်းတို့မြင်သွားတာ ..."

"ဟာ ... မင်းသန့် ... အဲဒါဆို မင်းမှားပြီ ... ငါက စက်ဘီးနဲ့ အဲဒီကောင်မလေးနောက်မှာ ပါလာတာလေ ... ခြံနံပါတ်တွေ လိုက်ကြည့်နေလို့တောင် ငါပြောလိုက်ရသေးတယ်၊ ဒါကြောင့်မို့ ငါအရင်တွေ့တာ ငါနဲ့ပဲဆိုင်တယ် ... မင်းတို့အားလုံးနောက်ဆုတ်"

www.burmeseclassic.com



ပိုင်လေးက အားကျမခံ လှမ်းပြောသည်။

အောင်ကိုက ငုတ်တုတ် ...

ဒါပေမဲ့ ... သူလည်း ပြုံးနေသည်။

ပြောရရင် ဒီသူငယ်ချင်းတွေဟာ မပော်နဲ့ဆို ဆယ်တန်းကျဖော်ကျဖက်တွေပါ။ သွားရင်လည်း အတူသွားကြသည်။ စားရင်လည်း အတူစားကြသည်။ မတွေ့ရင်လည်း ဖုန်းတွေဆက်ကြ အပြန်အလှန်ချိန်းကြနဲ့။

တစ်ခြိမဟုတ် တစ်ခြိမှာတော့ ...

နေ့စဉ်တွေ့ကြ ဂစ်တာတီးကြနဲ့ အရမ်းခင်မင်လာသော သူငယ်ချင်းတွေ ဖြစ်ကြသည်။ မိဘတွေအားလုံးက ပိုက်ဆံချမ်းသာသူတွေမို့ တစ်အုပ်စုလုံး သုံးနိုင်စွဲနိုင်ကြ၏။

သူတို့သူငယ်ချင်းလေးယောက်ထဲမှာ

ပိုင်လေးတစ်ယောက်ပဲ ညီမလေးရှိသည်။

ကျန်တာက တစ်ဦးတည်းသော သားတွေချည်းပင်။

အဲဒီညီမလေးက မပော့်ကို တစ်ဖက်သတ်ချစ်နေသည်။

ဘယ်လောက်ထိချစ်သလဲဆိုရင် မပော်ကိုထိရင် မီးပွင့်သွားမယ်ဆိုတာမျိုး။

ဒီနှစ်မှ ကိုးတန်းအောင်သွားတော့ အစ်ကိုတွေ ဆယ်တန်းကျတာနဲ့အားလုံး အတန်းအတူတူတွေဖြစ်သွားကြသည်။

ဒါလည်း မပော်ရဲ့လက်ရှိအခြေအနေပဲ ဖြစ်၏။

"ကြီးညို ..."

"ပြောလေ မပော်လေး ..."

"ကျွန်တော်ပြောတာ ကြီးညို မှတ်ထားတယ်နော်"





"မှတ်ထားပါတယ် သားရယ် ... သားသူငယ်ချင်းတွေလာရင် စံပန်းခေတ်လေးကို မတွေ့အောင် ကြီးညိုဖွက်ထားပေးမယ် မပူနဲ့ ..."

"ဟွန်း ..."

နှုတ်ခမ်းလေးမဲ့ရင်း ပြုံးလိုက်မိတာ မပော်ပါ။

ကြီးညို ကြော်ပေးသော ထမင်းကြော်ကိုစားရင်း စောစောက မြင်လိုက်ရသည့် ပါးကွက်ကြားလေးနှစ်ဖက်နှင့် ပန်းခေတ်ဆိုသော ကောင်မလေးတစ်ယောက်အကြောင်းကို မပော်တွေးနေမိ၏။

သူငယ်ချင်းတွေကိုလည်း မပော် မကျေနပ်ပါဘူး။

ဒီကောင်မလေးကို မင်းတို့တွေ စိတ်ဝင်စားစရာလား။

ဟွန်း ... သူ့ကိုယ်သူ ဆရာမကြီးအထာနဲ့။

လူကို ဟောက်စား ချောက်စားလုပ်ချင်နေရသေးတယ်။

"ကဲ ... ကြီးညိုသွားတော့မယ်နော် သားမပော် ..."

"စံပန်းခေတ်ကို ပြောလိုက် ..."

"ဟင် ... ကြီးညို ဘာပြောပေးရမလဲ ..."

"စာသင်ဖို့ လုံးဝဆုံးဖြတ်လိုက်ပြီလို့ ..."

"အို ..."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"မပော် အိပ်ရာကနိုးပြီလား အန်တီ ... "

"ဟဲ့ ... ခြံရှေ့က ဘယ်သူတွေလဲ ... "

"ကျွန်တော်တို့ပါ အန်တီရဲ့ ... "

"ပိုင်လေးလား"

"ဟုတ် ... အန်တီ ... "

"ကြည့်စမ်း ... စောစောစီးစီး မင်းတို့ဘာလာလုပ်ကြတာလဲ"

ပိုင်လေး တစ်ယောက်တည်းလည်း မဟုတ်။

ခြံဝမှာရပ်နေတာ မပော်သူငယ်ချင်းသုံးယောက်။

ဒေါ်ဝတီနွယ် ခြံထဲမှာလမ်းလျှောက်နေရာမှ ခြံတံခါးဆီ ပြေးသွားကာ လူဝင်ပေါက်တံခါးလေးကို ဖွင့်ပေးလိုက်တော့ အရင်ဆုံးဝင်လာတာ ဟိုဘက်နှစ်ခြံကျော်က ပိုင်လေး။

"ဟိုလေ အန်တီ ... ဒီနေ့ ကျူရှင်အပ်မယ်ဆိုပြီး မပော်နဲ့ ချိန်းထားလို့ ကျွန်တော်တို့လာတာ ... "





"ဟင် ... မင်းတို့ပါ ဆယ်တန်းပြန်ဖြေကြမှာလား"

"ဟုတ် ... အန်တီ ... "

"ကဲ ... ဝင်ကြ ... မင်းတို့သူငယ်ချင်း မပော်ကတော့ အပေါ်ထပ်မှာ ဘုရားရှိခိုးပုတီးစိပ်နေတယ်"

"ဗျာ ... "

အန်တီနွယ်ပြောတာကို ပိုင်လေးတို့တစ်ဖွဲ့လုံး မယုံနိုင်။

"မပော့် ... မပော်က ဘုရားရှိခိုး ပုတီးစိပ်နေတယ် ... ဟုတ်လား ... "

ပိုင်လေးကပဲ ထစ်ထစ်ငေါ့ငေါ့ မေးမိသည်။

"ဟင် ... အဲဒါ မင်းတို့မသိသေးဘူးလား"

ဒေါ်ဝတီနွယ် နှုတ်ခမ်းလေးမဲ့ကာ မျက်နှာလေးပင့်မော့လျှက်။

"မသိ ... မသိသေးဘူး အန်တီနွယ် ... "

"စံပန်းခေတ်ဆိုတဲ့ ကောင်မလေးလေ ... "

"ဗျာ ... "

"သူချမှတ်ထားတဲ့ စည်းကမ်းအောက်မှာနေရမယ်ဆိုပြီး မနက်မိုးလင်းတာနဲ့ ဘုရားရှိခိုး ပုတီးစိပ်ခိုင်းထားတာ ... ဟွန်း အိမ်က သားတော်မောင်ကလည်း ဒီစည်းကမ်းကို ဘယ်နှစ်ရက်လိုက်နာမလဲဆိုတာ စောင့်ကြည့်လိုက် ... "

သူငယ်ချင်းတွေကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးနေကြသည်။

"ဟွန်း ... ရပါတယ်အန်တီ ... မပော် ဒီလိုဘုရားတရားလုပ်တာ ကျွန်တော်တို့လည်းထောက်ခံတယ် ... ကျွန်တော်တို့အားလုံး

www.burmeseclassic.com



လည်း မပေါက်လုပ်သလို လုပ်နိုင်အောင်ကြိုးစားမယ် ...”

“လာလေ ... အိမ်ထဲဝင်ကြ ...”

“ဟာ ... မဝင်တော့ဘူးအန်တီ၊ ခြံထဲက ဟိုခုံတန်းရှည်လေးမှာထိုင်ပြီးတော့ပဲ မပေါက်ကိုစောင့်တော့မယ်”

“အေး ... အေး ... ဒါဆိုလည်း ပြီးရော ... ပြီးရော ...”

အန်တီနွယ် ဝင်သွားတော့မှ ...

“ဟေ့ကောင်ခဲ့တွေ မင်းတို့ကြားတယ်နော် ...”

“ကြားတယ်လေ ... စံပန်းခေတ်ရောက်လာမှ ဒီကောင်အချိုးပြောင်းသွားတာ”

“ဘုရားဖြစ်မယ့် အုတ်နီခဲ ...”

“ဟာ ... ဟေ့ကောင်တွေ ဟိုမှာ ကြည့်စမ်း ...”

မင်းသန့်က မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ တစ်နေရာကိုလှမ်းပြသည်။

မင်းသန့်ပြတော့မှ ခုံတန်းရှည်လေးမှာ ဝင်ထိုင်ဖို့ပြင်နေသည့် ပိုင်လေးနှင့်အောင်ကိုကပါ မင်းသန့်ပြရာကို အထိတ်တလန့် လှည့်ကြည့်လိုက်ကြ၏။

“ဟာ ...”

ကြည့်ပြီးတော့လည်း နှစ်ကောင်သားပါးစပ်အဟောင်းသားဖြစ်သွား၏။

ကောင်မလေးတစ်ယောက် ...

ကျစ်ဆံမြီးရှည်လေးနှစ်ဖက်ချကာ ပါးကွက်ကြားလေးနဲ့။

လက်ထဲမှာ ပလတ်စတစ်ရေပိုက်အပျော့စားလေးကို ကိုင်ထားသည်။ ထမီအနားကလေးတွေမှာလည်း ရေတွေစိုကပ်ကာ





ခြေသလုံးသားဝင်းဝင်းကလေးက ထင်းထင်းလေးပေါ်နေ၏။

စံပန်းခေတ်လေ ...

ဒါ ... ဗေဒင်မေးနေစရာလိုသလား။

သူတို့နေရာလေးကနေ လှမ်းကြည့်လျှင် အတိုင်းသားမြင်နေရသည့် ရွက်လှအိုးရောင်စုံကြီးတွေရှေ့မှာ ပန်းပင်တွေကို ရေဖြန်းနေတာ အဲဒီဘက်မှာက တစ်ထပ်သီးသန့်ဆောင်ကလေး ရှိနေတာလေ။

ဒီကောင်မလေးကို အဲဒီသီးသန့်ဆောင်ကလေးမှာ နေခွင့်ပေးထားလို့ပဲဖြစ်မှာပေါ့။ အဆောင်ရှေ့က ဝရန်တာလိုကွက်လပ်ကလေးမှာ စားပွဲလေးတစ်လုံးချထားတာလည်း လှမ်းမြင်နေရသည်။

“လှလိုက်တာကွာ”

“ကိုယ်လုံးလေးကပါ အိစက်နေတာ ...”

“ဟေ့ကောင်တွေ သူများသားသမီးကို ပြစ်မှားမနေနဲ့နော်၊ မပေါက်က ဟိုတုန်းက မိုးလားကဲလားပြောခဲ့သလောက် အခု ... ဒီကောင်မလေးရောက်လာမှ အချိုးကပြောင်းချင်နေတာ၊ ထို့ရင်လည်း မခံဘူး”

ပိုင်လေးက သတိပေးသည်။

“ဟေ့ကောင် ... မင်းဘာမှပြောမနေနဲ့၊ ဒီကောင်မလေးကို ကြည့်ရတာ ဘယ်သူ့ထိတာမှမခံတဲ့ ဇတ်ဇတ်ကြွလေးထဲကပဲဖြစ်လိမ့်မယ် ... အခုတောင် ကြည့်ပါလား ... ငါတို့အုပ်စုဘက်ကို တစ်ချက်လေး လှည့်ကြည့်လို့လား”

အောင်ကိုပြောတာလည်း ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘက်ကို တစ်ချက်လေးတောင် ငဲ့မကြည့်။ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့လည်းမထင်။ ပိုင်လေး နောက်တစ်ကြိမ် ထပ်လှမ်းကြည့်တော့ စံပန်းခေတ်က ဘေးတစ်စောင်းအနေအထားလေးနဲ့ ရေဖြန်းနေဆဲ။

မျက်လွှာလေးသိမ်းပြီး ခေါင်းလေးငုံ့ဖြန်းနေတာတောင် မျက်တောင်ကော့ကော့လေးတွေက ညွတ်ပျံနေသည်။ မျက်နှာလေးကို ရေစက်တွေ ထိစင်ထားတာမို့ တချို့ရေစက်လေးတွေက မျက်တောင်ကော့ကော့လေးတွေပေါ်မှာ ထိတင်စိုလက်နေတာလေးက အသည်းယားပြီး တစ်ကိုယ်လုံးကို ဖျစ်ညှစ်ပစ်ချင်စရာ။

မန္တလေးသူတွေ ဒီလောက်လှသလားဆိုတာ မရောက်ဘူးလို့မသိပေမယ့် စံပန်းခေတ် လှတာကိုတော့ သူတို့အားလုံး တညီတညွတ်တည်း ထောက်ခံပေးရတော့မလို ဖြစ်နေသည်။

ဘယ်နေရာက ကြည့်ကြည့် ...

လက်ဖျားမခါရတဲ့နေရာ ဘယ်နေရာမှမရှိ။

"ဟော့ကောင်တွေ ..."

"ဟာ ... မဟော် ဆင်းလာပြီ ..."

သူတို့ကို ခြံထဲမှာတွေ့လိုက်တော့ မဟော် မျက်လုံးပြူးသွား၏။ ဒီကောင်တွေ ခြံထဲကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ။ ကြည့်စမ်း ... ထိုင်နေတာလည်း ဟိုဘက် တစ်ထပ်ဆောင်လေးရှေ့ကို လှမ်းမြင်နေရတဲ့နေရာ။

ပိုဆိုးသွားတာက ...

စံပန်းခေတ်ရေဖြန်းနေတာကို မဟော် တွေ့သွားတာပင်။

"ဟွန်း ..."





နှုတ်ခမ်းလေးက ချက်ချင်းမဲ့သွားသည်။

"လာလေကွာ ... အိမ်ထဲသွားမယ် ..."

"ဟာ ... ဒီမှာစကားပြောတာ ကောင်းပါတယ်ကွ၊ အိမ်ထဲမှာ လူကြီးတွေနဲ့ မလွတ်လပ်ဘူး ..."

"ဟုတ်တယ်လေ ... ဒီမှာက လေကောင်းလေသန့်လည်း ရတယ်"

"အပိုတွေမပြောနဲ့ ဟော့ကောင် ... မင်းတို့ကြောင်နေတာ ငါသိတယ်"

"ဟား ဟား ... ဒါကတော့ သမိုင်းပေးတာဝန်လေကွာ၊ မင်း မနာလိုတော့မဖြစ်နဲ့ ... ဒီလိုဂိုက်မျိုးနဲ့သင်ရင် ဆယ်တန်းကို ဖိုက်ဒီတွေ ဆစ်ဒီတွေနဲ့အောင်သွားမှာသေချာတယ်"

"ပိုင် ... ပိုင်လေး ... မင်းပြဿနာမရှာနဲ့နော်"

မဟော်မျက်နှာ သိသိသာသာပျက်နေသည်။

ဟိုဖက်ကိုလည်း မဟော်လှည့်မကြည့်ရဲ၊ ပန်းခေတ်ရဲ့အရိပ်လေးကို မျက်ဝန်းထောင့်စွန်းလေးတစ်ဖက်မှာ ဖျတ်ခနဲတွေ့လိုက်ရတာတစ်ခုကလွဲရင် ခုချိန်မှာ ဟိုကောင်တွေကို ပိတ်ထားနိုင်ဖို့က အရေးကြီးနေသည်။

"မဟော်ရာ ... ဒီကောင်မလေးကို မင်းမတွေ့ဖူးကတည်းက ငါတို့ကအရင်တွေ့ခဲ့တာပါကွာ ... တကယ်ချစ်ဖို့ကောင်းလို့ ငါတို့ပြောနေမှာ ... ဘာလဲ ... အခု မင်းကို ဘုရားရှိခိုး ပုတီးစိပ်နိုင်းထားတယ်ဆို ..."

"ဟာ ... ဟော့ကောင် တိုးတိုးပြောပါကွ"

"ဟာ ကြည့်စမ်း ... စံပန်းခေတ်ကို ဒီကောင်ကြောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဟား … "

"ဟော့ကောင်တွေ … "

ရယ်သံတွေ ဝေါခနဲညံသွားသဖြင့် ပထမဆုံးအကြိမ် စံပန်းခေတ် လှည့်ကြည့်လိုက်တာကို အောင်ကိုကလည်း တွေ့ဖြစ်အောင် တွေ့သွားသည်။

ကြည့်တာကလည်း တစ်အုပ်စုလုံးကို ဂရုမစိုက်သလို ခပ်တည်တည်လေးလှည့်ကြည့်လိုက်တာပါ။ ကြည့်ပြီးတော့လည်း ချက်ချင်းပဲ မျက်နှာလေးပြန်လွှဲသွားသည်။

"မင်း … မင်း … ငါတို့ကို အခုမှလာပြီး ကျောက်ချဉ်ယောင် လာဆောင်မနေနဲ့မဟော် … ဖူးစာဆိုတာ ဦးရာလှုပဲတဲ့၊ ငါကတော့ မင်းကို ပေါ်ပေါ်ပဲကြေငြာမယ် … မန္တလေးသူလေး စံပန်းခေတ်ကို ငါအရမ်းချစ်တယ် … "

"ဟော့ကောင် ပိုင်လေး … မင်းနဲ့ငါတစ်ယောက်တစ်ဝက်"

"ရမလား ဟော့ကောင် … သုံးပိုင်းပိုင်းလိုက် … "

တွေ့လား …

ဘယ်လိုမှတားမရအောင် ဖြစ်နေကြတဲ့သူငယ်ချင်းတွေ။

"တော်ပြီကွာ … ဆက်မပြောကြနဲ့တော့ … "

မဟော် မျက်နှာတည်နေတာက ဒီတစ်ခါအရမ်းသိသာနေသည်။ ဒီကောင် မကြိုက်မှန်းသိလို့ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် အပီစနေတာလေ။ ကြည့်ပါဦး … မျက်နှာက ရှုသိုးသိုးနဲ့။

"ကဲ … အခု ငါ့ဆီကို စောစောစီးစီး ဘာလာလုပ်တာလဲ"

"ဟာ … မင်းမေ့နေပြီလား၊ ငါတို့တစ်ဝိုင်းစာ လူစုနေတာ





လေ … ဒီနေ့ကစပြီး စာသင်ရမယ်ဆိုတာ မနေ့ကတည်းက မင်းကို ပြောပြီးသား … အဲဒီအတွက်လာတာ"

"ဟင် … "

မဟော် ချက်ချင်းပဲ မျက်နှာပျက်သွားသည်။

"မင်းပြောထားတဲ့ကတိတော့ မဖျက်နဲ့နော် မဟော် … ငါတို့သူငယ်ချင်းတွေအားလုံး စုစုစည်းစည်းနဲ့ သင်ချင်လို့ပြောတာ"

"ငါ … ငါ … ပန်းခေတ်နဲ့တိုင်ပင်ရဦးမယ်"

"ဟာ … ဟော့ကောင် … မင်း … "

ပိုင်လေး ပါးစပ်အဟောင်းသားဖြစ်ရပြီ။

အောင်ကိုနဲ့မင်းသန့်ကလည်း နားမလည်နိုင်သလို မဟော့ကိုလှည့်ကြည့်သည်။ သူတို့ကြည့်တာက ဒီကောင် ဘယ်လိုလဲဆိုသည့် အဓိပ္ပာယ်မျိုး။

"မင်း … မင်း ဘယ်လိုပြောလိုက်တာလဲ မဟော် … "

"ပန်း … ပန်းခေတ်က စည်းကမ်းကြီးတယ်ကွ၊ ငါတက်ရမယ့်စာသင်ဝိုင်းကို သူကိုယ်တိုင် တက်သင့် မသင့် ရွေးချယ်ပေးမှာ"

"အဓိပ္ပာယ် မရှိတာကွာ … "

"မရဘူး ဟော့ကောင် … ပန်းခေတ်က ငါ့အဖွားကို အပိုင်စည်းရုံးပြီးတော့မှ ငါ့ကိုပါ လှုပ်လို့မရအောင် ဆွဲချည်ပစ်လိုက်တာ"

"ဒါဆို … သူကြိုက်တဲ့စာသင်ဝိုင်းကို သူပဲရွေးချယ်မယ်ဆိုတဲ့သဘောပေါ့"

"ဒါပဲပေါ့ကွာ"

သူငယ်ချင်းတွေအားလုံး စိတ်ဓာတ်ကျကုန်ကြသည်။

သူတို့က ဒီဘက်မှာစိတ်ဓာတ်ကျနေသလောက် ပန်းခေတ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ပန်းပင်တွေရေဖြန်းရင်း သူတို့အုပ်စုကို မသိမသာအကဲခတ်နေတာ ဘယ်သူမှမသိ။

အားလုံးက နားကွင်းတစ်ဖက်တပ်တွေ၊ ဆံပင်နီကြောင်ကြားတွေနှင့် မိတ်တွေဖိုက်ဆံချမ်းသာတာကို အခွင့်ကောင်းယူပြီး ဆိုးသွမ်းနေကြသလိုပင်။

ရုပ်ရည်လေးတွေက ဖြူဖြူသန့်သန့်လေးတွေပေမယ့် ဆယ်တန်းမအောင်ဘဲ ပေါးလားဝါးလားလုပ်နေကြတာက ဆိုးသည်။

ခုလည်း ... ခြံထဲမှာ ဝိုင်းဖွဲ့ပြီး ဘာတွေလုပ်ဖို့ကြံစည်နေကြသည်မသိ။

မပျော်ကလွဲရင် ကျန်တဲ့ကောင်တွေက စပ်ဖြဲဖြဲရုပ်ကလေးတွေနှင့် မျက်လုံးလေးတွေ ဝေ့ဝေ့ပြီးတော့ ကြည့်နေကြတာ ပန်းခေတ်မမြင်ဟန်ဆောင်နေရသည်။

ဒီအထဲမှာ ပိုဆိုးတာက ဒေါ်ဝတီနွယ်။

အပေါ်ထပ်ဝရန်တာကနေပြီးတော့ ပန်းခေတ် ဘာလုပ်နေသလဲဆိုတာ မသိမသာတစ်မျိုး သိသိသာသာတစ်မျိုးနဲ့ စောင့်ကြည့်နေတာလေ။

ပန်းခေတ်ကတော့ ခပ်တည်တည်ပါ။

မနက်မိုးလင်းကတည်းက ကြီးညိုလုပ်ရမယ့်အလုပ်တွေကို ဝိုင်းကူလုပ်ပေးနေတာ ဦးနေသူရိန်ကလည်း ပန်းခေတ် နေတာထိုင်တာ ကြိုးစားတာလေးကို သဘောကျသည်။ ယောက်ျားဩဇာနဲ့ ယောက္ခမဩဇာကို မလွန်ဆန်နိုင်လို့သာ။ ပန်းခေတ်ကို ဒီခြံမှာ လက်ခံလိုက်ရပေမယ့် ဒေါ်ဝတီနွယ်ကတော့ ပန်းခေတ်ကို အထင်သေး အမြင်သေးလေးနှင့် ခွဲခြားဆက်ဆံချင်နေတာလေ။





"ဒေါ်ကြီးညို ..."

"ရှင် ... မမ ..."

မမခေါ်တာကြိုက်လို့သာ မမလို့ခေါ်ရပေမယ့် ကိုယ့်ထက် အသက်ငယ်တဲ့ ဝတီနွယ့်ကို မမခေါ်နေတာတော့ ကြီးညို သဘောမကျ။ သို့သော် ... ကိုယ်က ဒီခြံမှာ သက်တော်ရှည် အိမ်ထိန်းတော်အလုပ်သမား။ သူက မမခေါ်တာ ကြိုက်တော့လည်း မမပေါ့။

"စံပန်းခေတ် အခြေအနေဘယ်လိုရှိလဲ ..."

"ကောင်းပါတယ် မမရဲ့ ..."

"ကြည့်ထားနော် ..."

"ဟွန်း ..."

ဘုရားပန်းတွေလဲတော့ ကြီးညိုကို ဖြောင်ပဲသတိပေးသည်။

"ကျွန်မသား မပျော်က အရိုင်းလေး ..."

ဝတီနွယ်ပြောတော့ ကြီးညို ပြုံးမိ၏။

"ဟိုကလည်း ဆတ်ဆတ်ထိမခံလေးပါ မမရဲ့ ..."

"ဘာ ... ဘာပြောတယ် ..."

"နေတာထိုင်တာပြောတာဆိုတာ အရမ်းတည်တယ်၊ ညကလည်း မပျော် ရောက်လာလို့ ဆယ်တန်းအောင်အောင် စည်းကမ်းတွေသတ်မှတ်နေတာ ... ဒီမနက် မပျော် ဘုရားရှိခိုး ပုတီးစိပ်နေတာ မမမြင်တယ်မို့လား ..."

"ဟွန်း ... သိတယ် ... သိတယ် ..."

"စံပန်းခေတ်က ဘာလုပ်လုပ်တိကျတယ် ..."

"အမလေး ဒေါ်ကြီးညိုရယ် ... ဒရိုင်ဘာသမီး တိကျတာကို ဂုဏ်ယူပြီးပြောမနေစမ်းပါနဲ့ အထင်မကြီးပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မခံနိုင်လို့ပြောပေမယ့် …

ဝတီနွယ်ကတော့ မဲ့ကာရွဲ့ကာ …

ဖွားမုန်းဆက်မရွှယ်ကတော့ စံပန်းခေတ်ကို မြင်လိုက်တာနှင့် အမြဲလိုလို ကြည်နူးပြုံးကလေးနှင့်။

"ဟဲ့ မညို … ပန်းခေတ်လေးက ညည်းအလုပ်တွေ ဝင်လုပ်ပေးနေတာလား … မတော်တာတွေ မခိုင်းနဲ့နော် ငါမကြိုက်ဘူး"

"ဟာ … ဖွားကလည်း ညိုက မလုပ်ပါနဲ့တားတာတောင် တားလို့မှမရတဲ့ဥစ္စာ … ညိုဈေးသွားတော့လည်း ခြင်းတောင်းလိုက်ဆွဲပေးတယ် … ချက်ရင် ပြုတ်ရင်လည်း ဝိုင်းကူတယ် … အခုလည်း ခြံထဲမှာ တံမြက်စည်းလှဲ၊ ပန်းပင်တွေရေဖြန်းနဲ့ အလုပ်မရှိရင် မနေတတ်လို့တဲ့ … "

"အို … မလုပ်စေနဲ့ … မလုပ်စေနဲ့ … ဖွားမြေးကို ဆယ်တန်းအောင်အောင် ကူညီပေးရင် ဖွားကျေနပ်ပြီ ဟင်း ဟင်း … "

ဝတီနွယ် နှုတ်ခမ်းမဲ့ပြီး လှည့်ထွက်သွားတာလည်း ကိုယ်က မသိချင်ဟန်ပဲဆောင်လိုက်ရသည်။ ခုထိလည်း စံပန်းခေတ်လေးက သီးသန့်ဆောင်လေးရှေ့မှာ ပန်းပင်တွေရေဖြန်းနေဆဲ။

"အဲဒီနားက ခဏဖယ်ပေးကြနော် … ဒီမှာ ပန်းပင်တွေရေဖြန်းမလို့"

စံပန်းခေတ်အသံကိုကြားတော့ အားလုံးပျာယာခတ်သွားသည်။

"ဟေ့ကောင်တွေ ဖယ်ပေးလိုက် … "

"ငါတို့ကိုပြောနေတာလား"

"ဟုတ်တယ် … ရေပိုက်ကြီးနဲ့ ဒီဘက်ကိုလာနေပြီ"





"ကြည့်စမ်း … အနီးကပ်ကြည့်လေ ပိုမိုက်လေ … "

"ဟဲဟဲ … "

မင်းသန့်နဲ့အောင်ကို တဟဲဟဲရယ်ပြီး ခုံတန်းလေးကနေ အရင်ဆုံး ထသည်။ ပိုင်လေးက မထချင် ထချင်နှင့် ထသလို နောက်ကိုလည်း လှည့်ကြည့် လှည့်ကြည့်နှင့်။

"ရှူး … တိုးတိုးပြောကွာ၊ ကြားသွားရင် မကောင်းဘူး"

မဟော် မျက်နှာလေးကပါ ရဲချင်နေသည်။

ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်ကိုရောက်တဲ့အထိ ခေါင်းလေးကို ငိုက်စိုက်ချထားဆဲ။

"ကဲ … ပြောပါဦး မဟော် … ဟိုက မင်းကို စည်းကမ်းတွေဘယ်လိုသတ်မှတ်လိုက်ပြီလဲဆိုတာ ငါတို့ပါ လိုက်နာသင့်ရင် လိုက်နာရတော့မှာပေါ့ … "

"ဒီလိုကွာ … ပိုင်လေး … ပန်းခေတ်က ငါ့ကိုပြောတယ်"

"ဟင် … ဘယ်လိုပြောလဲ … "

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

"စာမေးပွဲဖြေတယ်ဆိုတာ တိုက်ပွဲဝင်တာ ... "

"ဟွန်း ... အဲဒါ ငါသိပါတယ် ... "

"ရှင် လွယ်လွယ်မပြောနဲ့ ... "

မျက်တောင်ရှည်တွေ ဖျတ်ခနဲ ပင့်ကြည့်ကာ ...

မပောာ်ပင် အသက်ရှူမှားသွားရ၏။

ဘယ်လိုဖြစ်တာလဲဟင်။ မင်းနဲ့တွေ့တိုင်း ငါရင်ခုန်နေရတော့မှာလား။ မပော်ာ နှုတ်ခမ်းလေးမဲ့ပြီး ဖြေလိုက်မိသလို စိတ်မာတ်ကျစွာလေးနဲ့လည်း ခေါင်းကိုယမ်းမိသည်။

ကြည့်ပါဦး ...

မပော်ရှေ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ထိုင်နေသည့် ပါးကွက်ကြားလေးနှစ်ဖက်နဲ့ ကောင်မလေးဟာ မပော်ဘဝလေးထဲကို မိုးပေါ်က ကျလာသလို မထင်မှတ်ဘဲ ရောက်လာခဲ့တာလား။

မပော် ရဲရဲမကြည့်ရဲသလို မျက်ဝန်းအကြည့်ချင်းဆုံမသွားအောင် ရှောင်နေရတာက အလုပ်တစ်ခုလို ဖြစ်နေသည်။





"ရှင့်ကို တစ်ခုပဲ ပန်းခေတ်ပြောမယ် မပော် ... "

"ဘာလဲ ... "

"ရှင် ... စာမေးပွဲအောင်မှဖြစ်မယ် ... "

"ဟွန်း ... အဲဒါ ငါကြိုးစားမယ်လို့ မင်းကိုပြောပြီးပြီလေ၊ ဒီထက်ထပ်ပြီး ပြောစရာ ဘာကျန်သေးလို့လဲ ... "

"ဟာ ... ကျန်သေးတာပေါ့"

ပန်းခေတ် မျက်နှာလေးကို မော့သည်။

ကြီးညိုက မလှမ်းမကမ်းလေးကနေ ရပ်ကြည့်ရင်း ပြုံးပြုံးပြုံးပြုံး လုပ်နေ၏။ ဝင်လည်းမပြော ဝင်လည်းမထိုင်ဘဲ မသိမသာစောင့်ကြည့်နေတဲ့သဘော။

"ကဲ ... ဘာတွေကျန်သေးလဲ ပြော ... "

"ရှင့်အကျင့်တွေအားလုံး ပြင်ရမယ် ... "

"ဘာ ... "

"ဆယ်တန်းအောင်ချင်တဲ့ ကျောင်းသားတစ်ယောက်ဟာ ပေါ့ပေါ့နေ ပေါ့ပေါ့စားလို့မရဘူး ... လေးနက်တဲ့ရည်ရွယ်ချက်နဲ့ ခိုင်မာတဲ့အစီအစဉ်ရှိရမယ် ... ရှင့်မိဘတွေ ဘယ်လောက်ပဲပိုက်ဆံချမ်းသာချမ်းသာ နောက်ဆုံးပေါ်ကားတွေ ဘယ်လိုပဲစီးနိုင် စီးနိုင် ဆယ်တန်းမအောင်တဲ့လူတစ်ယောက်ကို ဘယ်သူက အထင်ကြီးမှာလဲ။ အဓိကအချက်က ရှင်ပညာတတ်တစ်ယောက်ဖြစ်သွားဖို့ပဲ"

"အဲဒါ ငါသိတယ် ... "

"ညကလည်း အချိန်မတော် အချိန်တော်မှ ရှင်ပြန်လာတယ်"

"ငါစိတ်ညစ်လို့ ဂစ်တာသွားတီးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရမလား ..."

စိတ်တိုသွားဟန်လေးနှင့် ပန်းခေတ် မျက်တောင်ရှည်တွေ ဖျတ်ခနဲ ပင့်ကြည့်တော့ နှုတ်ခမ်းလေးမဲ့ပြီး မဟော် မျက်လွှာလေး သိမ်းသွားသည်။ ဘာပဲပြောပြော မဟော်ရင်ခုန်နေရတာတော့ သေချာသည်။

"ဒီမှာ မဟော် ..."

"ဟာ ... ပြောလေ ..."

"ဒီနေ့ကစပြီး ရှင်ဆိုးချင်တိုင်းဆိုးနေတာကို ကျွန်မ ခွင့်မပြုနိုင်တော့ဘူး"

"ဟင် ... ငါကိုဆိုးတယ်လို့ ဘယ်သူပြောတာလဲ"

"ဟာ ... ဘယ်သူပြောရမှာလဲ ... ညက ဂစ်တာကြီးစလွယ်သိုင်းပြီး ခြစ်ညည်းရိုးခွကျော်တက်လာတာ ပန်းခေတ်မမြင်ဘူးထင်နေလို့လား ... ရှင်ပေါင်းနေတဲ့ ရှင့်သူငယ်ချင်းတွေကို ကြည့်လိုက်တာနဲ့ ရှင်တို့အဖွဲ့ ဘယ်လောက်ဆိုးတယ်ဆိုတာ ပန်းခေတ်အကုန်သိတယ် ... တစ်ယောက်က ဆံပင်ရောင်စုံ တစ်ယောက်က ဆံပင်ရှည်ဂုတ်ဝဲ ... တစ်ယောက်က နားကွင်းတစ်ဖက်နဲ့ ..."

"ဟွန်း ..."

မဟော် နားထောင်ရင်း နှုတ်ခမ်းလေးမဲ့မိသည်။

"ဒီလိုဒီဇိုင်းမျိုးတွေလား ဆယ်တန်းကိုနှစ်ချင်းပေါက်အောင်မှာ ..."

"ဟာ ... မင်း ... မင်း ... ငါ့သူငယ်ချင်းတွေကို ဘာလိုင်းကြီး မနှိမ်နဲ့နော် ... အားလုံးက အမှန်အကန်တွေ၊ ဟင်း ..."

သူငယ်ချင်းတွေကိုတော့ လုံးဝမထိနဲ့သိလား။





မဟော် ခပ်မာမာလေးပဲ ပြန်ပြောမိ၏။

"နှိမ်တာမဟုတ်ဘူး မဟော် ... မိဘတွေက ပိုက်ဆံချမ်းသာတယ်ဆိုပြီး လေလွင့်နေကြတဲ့ ရှင်တို့သူငယ်ချင်းတွေရဲ့ လုပ်ရပ်တွေကို မကြိုက်လို့ ကျွန်မပြောနေတာ ... လူဆိုတာ ရည်မှန်းချက်နဲ့ ရှင်သန်ရတယ် ... မျှော်လင့်ချက်နဲ့ကြိုးစားရတယ်၊ ငါ့မိဘတွေ ပိုက်ဆံချမ်းသာတာပဲ ဆိုတဲ့စိတ်နဲ့ လုပ်ချင်တာလျှောက်လုပ်နေရင် ရှင်တို့ပဲ တစ်နေ့ကျ ဒုက္ခရောက်သွားမှာ ..."

"အဲဒါ ... ငါတို့အားလုံးသိတယ် မင်းဆရာ မလုပ်နဲ့"

"ဆောရီးပဲ ... ပြောသင့်တယ်ထင်လို့ ရှင့်ကိုပန်းခေတ်ပြောနေတာ"

ရှင်းပါတယ်။

ပန်းခေတ်ကတော့ မာမာပဲ။

ပြောစရာရှိတာတော့ ပြောရမှာပဲ။

"ဒီမှာ မဟော် ..."

"ဘာလဲကွာ ..."

"ကျွန်မ ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနဲ့အောင်အောင် ဘယ်လိုကြိုးစားခဲ့ရတယ် ရှင်ထင်သလဲ ..."

"ဟင် ဘယ်လိုကြိုးစားခဲ့လို့လဲ ..."

"စာကျက်ဝိုင်းတွေမှာ မတက်နိုင်လို့ ကျွန်မကို သင်ပေးမယ့် ဆရာတွေ ဆရာမတွေဆီကို စက်ဘီးကလေးနဲ့ အပြေးအလွှားတက်ခဲ့ရတာ ..."

"ဟွန်း ..."

မဟော် နှုတ်ခမ်းကလေးမဲ့ပြီးတော့ နားထောင်သည်။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မပော် ယုံချင်လည်းယုံ မယုံချင်လည်းနေလေ ပန်းခေတ်ကတော့ ကိုယ်ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာ သိစေချင်လို့ မပော့်ကို ပြောလိုက်တာ။

တကယ်ပါ ...

ပန်းခေတ် အဲလိုကြိုးစားပြီးတော့ အပင်ပန်းခံခဲ့လို့ ငါး ဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တာဖြစ်သည်။

"အဲလို စက်ဘီးလေးနဲ့အပြေးအလွှားတက်ခဲ့ရတာဆိုတော့ မင်းနောက်ကို ကောင်လေးတွေကလည်း အပြေးအလွှားစက်ဘီးလေးတွေနဲ့လိုက်မှာ သေချာတယ် ... ကဲ ... ငါပြောတာ ဟုတ်တယ်မို့လား ... မင်းမလိမ်နဲ့ ... "

တွေ့လား ...

အဲလိုလည်း မကျေနပ်သလို ခပ်ရွဲ့ရွဲ့လေးပြောတတ်သေးတဲ့ မပော်။

"ဟုတ်တယ် ... ပန်းလေးတစ်ပွင့်ဆီကို လိပ်ပြာလေးတွေဝဲတာ ဆန်းသလား မပော် ... "

ပြောရင် အကြည့်လေးနှစ်ခု ဖျတ်ခနဲဆုံသွားတော့ မပော်ကပဲ ကပျာကယာ မျက်လွှာလေးပြန်ချပစ်လိုက်ရတာလေ။ ဘယ်လိုလုပ်မလဲ ... ဝင်းနှစ်တည်တင်းနေတဲ့ မျက်နှာထားလေးနဲ့။ မျက်တောင်ရှည်ကြီးတွေ ကော့ဖြာညွတ်ကျနေတာ မပော် ရင်မခုန်ဘဲနေပါတော့မလား။

ဒါကြောင့်မို့ ...

ကြီးညိုကတောင် မပော့်ကိုပြောခဲ့သေးတာ။

"သားမပော် ... "





"ဗျာ ... ကြီးညို ... "

"ပန်းခေတ်လေးက အရမ်းကျက်သရေရှိတယ်နော်"

"ဟွန်း ... မဆိုးပါဘူး"

"မျက်တောင်ကြီးတွေဆို ရှည်ကော့ပြီးတော့ ညွတ်ကျနေတာ"

"အဟင်း ... ဟင်း ... "

"မိတ်ကပ်မလိမ်းဘဲ သနပ်ခါးပါးကွက်ကြားလေးပဲလိမ်းတာဆိုတော့ အသားအရည်လေးက သဘာဝအတိုင်းလေး စိုပြေနေတာလေ ... ပြီးတော့လည်း နှစ်ခွကျစ်ဆံမြီးလေးနဲ့ ဘယ်လောက်များ မြန်မာဆန်လိုက်သလဲဆိုတာ ... "

ပန်းခေတ်ကို အဲလိုတဖွဖွ ချီးကျူးနေတဲ့ကြီးညို။

ဖွားကလည်း ပန်းခေတ်နာမည်လေးကို ပါးစပ်ဖျားကမချအပေါ်ထပ်ကနေ ဆင်းလာပြီး ဒီဘက်အဆောင်လေးကို လာလာကြည့်ရတာလည်း အမော။

မေမေနဲ့ကတော့ တခြားစီပဲ။

မေမေကဆို ပန်းခေတ်နာမည်လေးကို ကြားလိုက်ရုံနဲ့ ...

"ဟွန်း ... ဒရိုင်ဘာသမီးကိုများ အရေးအရာလုပ်လို့ ... သားနော် မင်းကို မေမေမှာထားမယ်၊ ဒီကောင်မလေးကို မလွဲသာလို့ မေမေလက်ခံထားလိုက်ရတာ၊ ပတ်ပတ်သက်သက် ရှုတ်ရှုတ်ယှက်ယှက်တွေဖြစ်လာလို့ကတော့ မင်းလည်း အိမ်ပေါ်ကဆင်းဒင်းကလေးကိုလည်း မန္တလေး ပြန်ပို့ပစ်မယ် ... "

ဆိုပြီး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ မေမေ ပြောနေတာလေ။

မပော်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘာပြောပြော ဂရုမစိုက်ပါဘူး။

ခုလည်း … မဟော် ပန်းခေတ်ရှေ့မှာ ထိုင်နေရတာ စိတ်က မလုံ။ သူမက ကျစ်ဆံမြီးရှည်လေးတွေကို ဘယ်ညာလေးမှာ နှစ်ဖက်ခွလေးချထားပြီး မဟော့်ကို တော်ကီတွေပဲ တစ်ချိန်လုံးကြွေးနေတော့တာလေ။

"ဘာပဲဖြစ်ဖြစ် လူဆိုတာ ရည်ရွယ်ချက်တွေ ရည်မှန်းချက်တွေနဲ့ မိနစ်တိုင်း စက္ကန့်တိုင်းမှာ ကြိုးစားနေရမှာ … လူတစ်ယောက်ရဲ့ သမိုင်းပေးတာဝန် ပြဋ္ဌာန်းချက်တွေပဲ … "

"အဲဒါ ငါသိတယ် … "

"ဟင် … သိရဲ့သားနဲ့ ရှင်ဘာလို့စာမေးပွဲကျလဲ … "

"စိတ်မပါလို့ကျတာလေ … စာကျက်ရမှာပျင်းလို့ကျတာ၊ ဟွန်း … အဲဒါ ရှင်းရှင်းလေးပဲဥစ္စာ … "

"ရှင် တော်တော်ဆိုးတယ်"

"ဘာ … "

မဟော် မျက်တောင်လေးကော့ကြည့်လိုက်မိရပြန်ပြီ။

"မကြည့်နဲ့လေ … မိဘတွေက လိုလေသေးမရှိ ထားထားတာတောင် စာကျက်ရတာ စိတ်မပါဘူးဆိုတော့ ရှင်မှမဆိုးရင် ဘယ်သူဆိုးတော့မလဲ … မရတော့ဘူး၊ အဲဒီအမူအကျင့်တွေအားလုံး သမိုင်းစာမျက်နှာဟောင်းထဲမှာ ထားခဲ့လိုက်တော့ … အခု ဒီတစ်နှစ်လုံး ရှင့်ကို ပန်းခေတ်ပိုင်တယ်"

အောင်မလေးကွာ …

လာလာချေသေးရဲ့။

ရှင့်ကို ပန်းခေတ်ပိုင်တယ်တဲ့။ ဟွန်း …





"ရှင် … ရှင်နော်၊ နှုတ်ခမ်းလေးမဲ့ပြီးပြုံးမနေနဲ့ ဒီတစ်နှစ်လုံး ရှင့်ဆန္ဒနဲ့ရှင် ဘာကိုမှလုပ်ပိုင်ခွင့် မရှိတော့ဘူးဆိုတာ ကျွန်မပြောချင်တာ … အရေးကြီးတာ ရှင့်စိတ်ဓာတ်ကို ပြောင်းဖို့ပဲ … "

"ငါ စာမေးပွဲအောင်ရင် ပြီးရော မဟုတ်ဘူးလား"

"ဟာ … အဲဒီလိုအောင်ဖို့အတွက် ရှင့်စိတ်ဓာတ်ကို ပြောင်းခိုင်းနေတာလေ"

"ငါ ဘယ်လိုပြောင်းရမလဲ … "

"နံပါတ်တစ် … အချိန်တန်စာကျက်ရမယ်၊ အပေါင်းအသင်းတွေနဲ့ ဟေးလားဝါးလား အချိန်ဖြုန်းနေတာကို လုံးဝရပ်ပစ်ရမယ်၊ အပျော်အပါးလုပ်တာတွေ အချိန်မတော် အချိန်တော် လမ်းဘေးမှာ ဂစ်တာထွက်တီးတာတွေ ရှင့်ကို ပန်းခေတ် လုံးဝခွင့်မပြုနိုင်တော့ဘူး … ပုတီးစိပ်တာ ဘုရားရှိခိုးတာကအစ ရှင့်အတွက် အချိန်ဇယားဆွဲထားတယ် … အဲဒါကို တိတိကျကျ ရှင်လိုက်နာရမယ် … "

"မလိုက်နာရင်ရော … "

"စမ်းကြည့်လိုက်လေ … ယောကျ်ားလေးတစ်ယောက်ကို ဦးညွှတ်လိုက်ရတဲ့ ရာဇဝင် စံပန်းခေတ်ဘဝမှာ ဘယ်တော့မှမရှိစေရဘူး"

ပြောလိုက်တာ …

မျက်နှာထားလေးကပါ တည်တင်းနေသလားမမေးနဲ့။

ဒါကိုပြန်ပြောနေတာ သူငယ်ချင်းတွေကလည်း စိတ်ဝင်တစား နားထောင်နေကြသည်။

"ဘာပြောတယ် မဟော် … ယောကျ်ားလေးတစ်ယောက်ကို ဦးညွှတ်လိုက်ရတဲ့ ရာဇဝင် စံပန်းခေတ်ဘဝမှာ ဘယ်တော့မှ မရှိစေရဘူး ဟုတ်လား … တော်ကီလေးတွေက ညက်သလားမမေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ... မင်းမလွယ်ဘူး၊ ဒီကောင်မလေးပုံစံလေးက မင်းကိုတကယ် နှာမယ့်ပုံစံလေး ... မျက်နှာထားတင်းတင်းလေးနဲ့ မာနတအားကြီး မှာ လုံးဝသေချာတယ် ... "

"ငါကတော့ အဲဒီပုံစံလေးကိုပဲ သဘောကျတယ်ကွာ"

"ဟေ့ကောင် နှာဗူး ... အရေးထဲမှာ နှာခေါင်းမီးတောက် မနေနဲ့ ... အဲဒီမာနရှင်မလေးကို မင်းတို့ထက်အရင် ငါဦးထားတာ"

"ရမလား ... ငါအရင်တွေ့တာ"

"လက်မခံဘူး ... ဒီလိုဝင်းနှစ်နေတဲ့ ပြည်တန်ပတ္တမြားခဲ လေးက မင်းလိုအသားမည်းကောင်နဲ့ လားလားမှမထိုက် ... ကြိုက် ချင်းကြိုက် ငါလိုကောင်နဲ့ပဲကြိုက် ... ဟား ဟား ... "

တွေ့လား ...

ဒီကောင်တွေ အပြိုင်အဆိုင်လုနေကြတာ။

"ဟေ့ကောင်တွေ ... ဟေ့ကောင်တွေ ... ဟိုမှာ ဘယ်သူ လိုက်လာသလဲဆိုတာ ကြည့်လိုက်စမ်း ... "

အောင်ကို အသည်းအသန် ထအော်တော့မှ သူတို့အားလုံး လမ်းမဖက်ကို ချာခနဲ လှည့်ကြည့်လိုက်တော့ ...

စံပန်းခေတ်ရယ်လေ ...

ထုံးစံအတိုင်း နှစ်ခွကျစ်ဆံမြီးရှည်ကြီးကို ဘေးတစ်ဖက်တစ် ချက်ဆီမှာ ခွဲချပြီး ပါးကွက်ကြားလေးနှစ်ဖက်နဲ့ စက်ဘီးကလေးစီး ပြီး လိုက်လာတာ။

မဟော် မျက်လုံးပြူးသွားသည်။

"မိုက်သလား မမေးနဲ့ကွာ"

"စံပန်းခေတ် တကယ်လှတယ်နော် အောင်ကို ... "

"ဟေ့ကောင် ... ရှူး တိုးတိုး ... "





ဒီကောင်တွေ တစ်စက်ကလေးမှ အလိုက်ကန်းဆိုးမသိ။ မဟော် ... အတင်းပြူးပြဲအော်တော့မှ သုံးကောင်လုံး ငြိမ်ကုတ် သွားသည်။

သူမကတော့ ...

ခပ်တည်တည်လေးရယ်ပါပဲ။

"ဟာင် ... "

"ဘာလဲဟ ... "

"ဟေ့ကောင် ... စံပန်းခေတ် ဘာလုပ်တာလဲ"

ကြည့်စမ်း ...

စံပန်းခေတ် လုပ်ချလိုက်တာ လက်ဖက်ရည်ဆိုင်ထဲကို မျက် နှာထားတင်းတင်းလေးနဲ့ဝင်လာပြီး သူတို့ဝိုင်းကိုမလာဘဲ တခြား လွှတ်နေတဲ့ တခြားဝိုင်းတစ်ဝိုင်းမှာ ခပ်တည်တည်ဝင်ထိုင်နေတာ လေ။

မဟော် ကြောင်သွားသလို ...

စိတ်ထဲမှာလည်း နည်းနည်းလေးတော့ ဒေါကန်သွားသည်။

သူမကတော့ ခပ်တည်တည်ပါပဲ။

လူတွေက စူးစမ်းသလို ဝိုင်းကြည့်နေတာကိုလည်း ဂရုစိုက် ပုံမရ။ အေးအေးဆေးဆေးလေးပဲ လက်ဖက်ရည်တစ်ခွက် လှမ်းမှာ လိုက်သေး၏။

"ဟေ့ကောင် မဟော် ... "

"ဘာလဲကွ ... "

"သေချာတာက မင်းကိုလာအရွဲ့တိုက်ပြီး ထိုင်နေတာပဲဖြစ် ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဟုတ်တယ် ... ငါတို့ဝိုင်းကို မြင်ရဲ့သားနဲ့ တမင်မမြင်ချင်ဟန်ဆောင်ပြီး ဟိုဘက်ဝိုင်းမှာ မှုန်တည်နေတဲ့မျက်နှာလေးနဲ့ တမင်ဝင်ထိုင်နေတာ"

"လွှတ်ထားလိုက်ကွာ ..."

ဒေါကန်နေတော့ မဟော် ညစ်ကန်ကန်လေးပြောမိသည်။

ဘာလဲကွာ အဓိပ္ပာယ်မရှိ။

မန္တလေးသူတွေ ဒီလိုပဲလား။

ဆိုင်ထဲကလူတွေကတော့ စူးစမ်းသလို စပ်စုသလိုနဲ့ ပြုံးစေ့စေ့လေးကြည့်တဲ့သူကကြည့်။ ပေါ်တင် ပြောင်ငမ်းတဲ့ကောင်က ငမ်းနဲ့။

နောက်ဆုံးကျတော့ မဟော် မနေသာပါ။

"ငါ ... ငါ ... ဘာလုပ်ရင်ကောင်းမလဲ အောင်ကို ..."

"ဟာ ... ဘာလုပ်ရမလဲ ... မင်းကို စာကျက်ဖို့အချိန်ဇယား အတိအကျပေးထားတာကို မင်းကဂရုမစိုက်ဘဲ ထွက်လာတော့ မင်းကို တမင်ပြဿနာလာရှာတာပေါ့"

"စိတ်ညစ်တယ်ကွာ တကယ်ပါပဲ ..."

"ဟော့ကောင် စိတ်ညစ်မနေနဲ့ သွားချော့လိုက် ..."

"ဟာ ... ငါမချော့တတ်ဘူး"

"ဟဲဟဲ ... ငါသွားချော့မယ် ... ငါသွားချော့မယ်"

မင်းသန့် တဟဲဟဲနဲ့ ...

မျက်နှာကလည်း ဘာပြောင်သလဲမမေးနဲ့။

"မင်းသန့်ရာ ... အရေးထဲမှာ ..."

မဟော် ပန်းခေတ်ဆီကိုထွက်လာတာ ... မထူးစိတ်ပိုက်ပြီး ထွက်လာတာလေ။





ဒီလိုကြီးဖြစ်နေတာ လူမြင်လို့ကောင်းမလား။

"ပန်းခေတ် ..."

ခေါ်လိုက်တော့မှ မျက်နှာလေးလှည့်လာသည်။

"ဟာ ... မဟော် ... ရတယ် ... ရတယ်၊ ထိုင်ပါ ... ထိုင်ပါ သူငယ်ချင်းတွေနဲ့ အေးအေးဆေးဆေးထိုင်ပါ သိလား ..."

"မင်း ... မင်း ငါ့ကိုပြဿနာလာရှာတာလား"

မဟော် ဒဲ့ပဲမေးလိုက်သည်။

မေးရင်းနဲ့ မျက်နှာချင်းဆိုင်ဖြစ်မယ့် ခုံလွတ်မှာတမင်ဝင်ထိုင်လိုက်၏။

"အို မရှာပါဘူး ... ဘာဆိုင်လို့ရှာရမှာလဲ၊ လက်ဖက်ရည်ဆိုင်ထိုင်တာ ဘယ်လိုအရသာရှိလဲဆိုတာ သိချင်လို့ တမင်ဝင်ထိုင်ကြည့်တာ"

"ဟာ ... မင်း အဲလို ဂရုမစိုက်သလို အထာကြီးနဲ့ဝင်ထိုင်တော့ မင်းကို မကောင်းတဲ့မိန်းမပဲ ထင်သွားတော့မှာပေါ့"

"ဘုရားရေ ..."

ပန်းခေတ် မျက်တောင်လေးတွေ ဖျတ်ခနဲကော့တက်သွားသည်။

"လက်ဖက်ရည်ဆိုင်ထိုင်တာ မကောင်းတဲ့မိန်းမ ဟုတ်လား ရှင် ... ရှင် ... ဒါလည်းသိနေတာပဲ ဟင်း ဟင်း ..."

ပန်းခေတ် ခနိုးခနဲ့အသံလေးနှင့် ရယ်နေတာကို မဟော် ဘယ်လိုမှမခံစားနိုင်။ ပတ်ဝန်းကျင်ကလူတွေ ဝိုင်းကြည့်နေတာကိုလည်း မဟော် မျက်နှာပူသည်။

"ဒီမှာ မဟော် ..."

ပန်းခေတ် မျက်နှာ ဖျတ်ခနဲတည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မပော်နဲ့လည်း အကြည့်ချင်းဆုံသွား၏။

"ရှင့်ကို တစ်ခုလောက်တော့ ကျွန်မ မေးပါရစေ ... မိန်းကလေးတွေ လက်ဖက်ရည်ဆိုင် ထိုင်တာ မကောင်းဘူးဆိုရင် ယောက်ျားလေးတွေ ထိုင်တာကျတော့ရော ကောင်းသလား"

"တွေ့လား ... "

ပန်းခေတ် အဲလိုမေးတော့မယ်ဆိုတာ မပော်ကလည်း သိထားပြီးသားပါ။

"မင်း ... မင်း ... ငါ့ကိုပြဿနာမရှာနဲ့နော် ပန်းခေတ် ... မင်းဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဒီလက်ဖက်ရည်ဆိုင်အထိ လိုက်လာသလဲဆိုတာ ငါသိတယ် ... လာ အခု ပြန်မယ် ... ခြံထဲရောက်မှ ရှင်းမယ် ... "

"မပြန်ဘူး ... ရှင်ကတိပေးမှပြန်မယ်"

"ဘာ"

ကတိတဲ့ ...

ရှင်ကတိပေးမှ ပြန်မယ်တဲ့။

ဘာလဲကွာ ... အဓိပ္ပာယ်မရှိ။

မပော် ဘာကတိပေးရမှာလဲ။

"ရှင် ... ဒီတစ်နှစ်လုံး လက်ဖက်ရည်ဆိုင်မှာ လပ်လျားလပ်လျားမထိုင်တော့ပါဘူးဆိုတဲ့ကတိ ... အဲဒီကတိပေးရင် ကျွန်မ ကျေနပ်ပြီ ... "

"ဟား ... "

မပော် စိတ်ပျက်စွာ ပင့်သက်ကြီးကိုပဲ ချမိသည်။

"ကဲ ... ပေးတယ်ကွာ ... ပေးတယ် ... "

"ရှင် ... ရှင် ကတိတည်ရမှာနော် ... "





အဲလိုကတိပေးတော့မှ လက်ဖက်ရည်ဆိုင်ထဲမှာ ကျသင့်ငွေရှင်းပေးပြီး မျက်နှာထားတည်တည်လေးနဲ့ ပြန်ထွက်လာခဲ့တဲ့ ပန်းခေတ်။

မပော့်ကိုလည်း စက်ဘီးနောက် ကယ်ရီယာထိုင်ခုံလေးပေါ်ကို တစ်ခါတည်းတက်ခိုင်းသည်။ မပော်ကတော့ ခေါင်းကလေးကုတ်လျှက်။

သူငယ်ချင်းတွေကိုလည်း နှုတ်မဆက်နိုင်။

"ဟင် ... "

စက်ဘီးကလေးနဲ့ ခြံထဲကိုပြန်ဝင်လာတဲ့ သားနဲ့စံပန်းခေတ်ကိုကြည့်ပြီး ဒေါ်ဝတီနွယ် မျက်လုံးပြူးရပြီ။

"ကြည့်စမ်း ... "

ဒေါ်သက အလိုလိုငယ်ထိပ်ကို တက်ဆောင့်သည်။

စက်ဘီးနဲ့နှစ်ယောက်အတူ ဒီလိုပြန်လာစရာလား။ ဒီအဖြစ်အပျက်ဟာ လက်သင့်ခံနိုင်စရာ အကြောင်းရော ရှိရဲ့လား။

ဒီလောက် အသေအချာမှာထားတာတောင် ...

"တောက် ... သိမယ်၊ စံပန်းခေတ် ... ဟင်း ... "

တစ်ကိုယ်လုံးမှာရှိသမျှသွေးတွေ ...

နားထင်ကိုပဲ ဆောင့်တိုးနေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဒေါ်ဝတီနွယ် တစ်ယောက် ...

အပေါ်ထပ်အခန်းကျယ်ကြီးထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်ရင်း ဂဏှာမငြိမ်ဖြစ်နေသည့်စိတ်တွေကို ထိန်းချုပ်ဖို့ကြိုးစားတာလည်း ကြိုးစားလို့မရ။

ကိုယ့်သားက စက်ဘီးနောက်ခုံမှာ။

ဟိုတစ်ယောက်က မန္တလေးသူပီပီ သားကိုစက်ဘီးနောက်မှာတင်နင်းလာတာ ဖတ်ရွက်ကလေးတစ်ရွက်တင်လာသလို ပေါ့ပေါ့ပါးပါးကလေးနဲ့။ တကယ်ဆို ... ကိုယ်ပေးထားတဲ့တာဝန်က စာသင်ဖို့ ဂိုက်လုပ်ဖို့။

ဒါကိုမလုပ်ဘဲ နှစ်ယောက်အတူစက်ဘီးစီးနေရအောင် မင်းတို့နှစ်ယောက်ရဲ့ပတ်သက်မှုတွေက ရက်ပိုင်းကလေးအတွင်းမှာ ဒီလိုအဆင့်မျိုးကိုတောင် ရောက်သွားရတယ်ဆိုတော့ ... ။

ခုလည်း ...

သီးသန့်လုံးချင်းတိုက်ပုလေးရှေ့က အဆောင်ကလေးမှာ





နှစ်ယောက်သား ငြင်းခုန်နေတာလား စာသင်နေတာလားဆိုတာ သိချင်လို့ ဒေါ်ဝတီနွယ် စိတ်တိုတိုနဲ့ချောင်းချောင်းကြည့်နေမိတာ ဘယ်နှစ်ခေါက်တောင်ရှိနေပြီလဲ။

သေချာတာက ကြီးညိုက မီးဖိုဆောင်မှာ။

သန့်ရှင်းရေးအလုပ်သမား အေးအေးတို့ ထွေးထွေးတို့ညီအစ်မတစ်တွေက ကြီးညိုကို နောက်ဖေးမှာဝိုင်းကူရင်း အလုပ်ရှုပ်နေကြတဲ့အချိန်။

"ဟဲ့ ဝတီနွယ် ..."

"အမလေး ..."

အသံကြားတာနဲ့တောင် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရသည်။

"အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လျှောက်ပြီး နင်ဘာဖြစ်နေတာလဲ"

ဘယ်သူဖြစ်ရမှာလဲ ...

ယောက္ခမ ဒေါ်မုန်းဆက်မရွယ်လေ။

ဘယ်အချိန်ကတည်းက အခန်းဝမှာလာရပ်နေမှန်းလည်း မသိ။ ကြည့်လိုက်တော့ ... လက်ထဲမှာလည်း စိပ်ပုတီးကြီးကိုင်လို့။

"ဟို ... ဟိုလေ မာမီ ... ကလေးတွေစာသင်တာချောင်း အဲ ... အဲ ... ဘာလုပ်နေလည်းဆိုတာ ကြည့်နေတာ ..."

"အမလေး ဝတီနွယ်ရယ် ... ကလေးတွေစာသင်တာ ညည်းဘာစိတ်မချဖြစ်နေစရာလိုသလဲ ... ဒီမှာ ငါ့အခန်းကိုလာပြီး ဆရာဝန်ကြီး ဦးကျော်သူသူမောင်ရဲ့ ဖုန်းနံပါတ်ကိုလာရှာပေးစမ်းပါ ငါ ဒီမှာ သွေးများတိုးနေသလားလို့ ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ဖြစ်ရပြန်ပြီ။

တိုယ်က ချေးမဆိုတော့ မလုပ်ပေးလည်းမရ။ လုပ်ပေးတော့လည်း ဟိုဟာတဖြစ်တောက်တောက် ဒီဟာတဖြစ်တောက်တောက်နဲ့။ ဘယ်တုန်းက အကောင်းပြောတာခံရလို့လဲ။ သည်းခံနေရတာက အမွေတွေတစ်ပုံကြီးရစရာရှိနေလို့။

"ဟုတ် ... ဟုတ်ကဲ့မာမီ ... လာပြီ ... လာပြီ ... ဟင်း ဟင်း ..."

ဟန်ဆောင်ပန်ဆောင် အလိုလိုက်အကြိုက်ဆောင်နေရတဲ့ ဘဝကို တစ်ခါတစ်ခါတော့လည်း ဒေါ်ဝတီနွယ် စိတ်ကုန်နေမိသည်။

ဒါနဲ့ပဲ ယောက္ခမအခန်းကို အပြေးအလွှားလိုက်သွား ဖုန်းနံပါတ်ကို ဟိုစာအုပ်ထဲရှာ ... ဒီစာအုပ်ထဲရှာနဲ့ ... နောက်ဆုံးမှာတော့ တွေ့သွား၏။

"ဟာ ... ဒီမှာ တွေ့ပြီ မာမီ ..."

"တွေ့ရင် ဖုန်းဆက်စမ်း ..."

ဘယ်လိုလုပ်မလဲ ...

ဒီအိမ်မှာနေနေရတာ ဒရိုင်ဘာသမီးကိုတောင် ကြောက်နေရတဲ့ဘဝ။ ပြောရရင် ချွေးမတစ်ယောက်ရဲ့အာဏာပါဝါဆိုတာ ဘယ်မှာလိုက်ရှာရမှန်းတောင်မသိ။

ယောက်ျားက လာဦးမလား။

"ဝတီ ... ငါမရှိတဲ့အချိန်မှာ မာမီ့ကို မင်းဂရုစိုက်နော်"

ဘယ်တော့မဆို ကုမ္ပဏီအလုပ်ကို သွားခါနီးတိုင်း အမြဲမှာနေကြစကား ... တစ်သက်လုံး စည်းကတည်းက သူ့မာမီမှသူ့





မာမီ။ ကိုယ့်ကိုပဲ သူ့မာမီကို အနီးကပ်ပြုစုစောင့်ရှောက်ဖို့ အလုပ်သမား ငှားထားတဲ့အတိုင်း။

ဒီလို ... တစ်သက်လုံးဖြစ်လာတာ။

ယောက္ခမ အမိန့်လည်းနာခံရ ယောက်ျားအမိန့်လည်း နာခံရနဲ့။ ယော ... သားတစ်ယောက်မွေးလာပြန်တော့လည်း ကိုယ့်မှာ နေ့စဉ် ထိုင်မကန်တော့ရယုံတစ်မယ်။

ခုလည်း ဖုန်းဆက်တာမရ။

မရတော့ ... နောက်ဆုံး ကိုယ့်ဘက်ပဲလှည့်လာ။

"ဝတီနွယ် ... ငါ့ကို ဇက်ကြောဆွဲပေးစမ်း"

နောက်ဆုံးတော့ ကံမကောင်းတာကိုယ် ...

"အမလေး သေပါပြီ ဝတီနွယ်ရယ် ... ညည်း ... ညည်း ဒီအရွယ်ထိ လက်သည်းရှည်ထားတုန်းပဲလားဟင် ... အား ... စူးတယ် ... စူးတယ် ... လျှော့စမ်း ... လျှော့စမ်း၊ ညည်းလက်အချိန်အဆံကို ထပ်လျှော့စမ်း ..."

ယောက္ခမအော်နေတာ တကယ့်ကိုအထိတ်တလန့်နဲ့မို့ လက်အရှိန်ကို လျှော့လိုက်ရပေမယ့် နှုတ်ခမ်းတွန့်တွန့်တွေကိုတော့ ယောက္ခမ မမြင်အောင် နောက်ကနေ မဲ့နေမိသည်။

"ညည်း ... ညည်း ... လက်သည်းရှည်တွေကို အခုချက်ချင်း ညှပ်ပစ်စမ်း ဝတီနွယ် ... ဒီအရွယ်ကြီးထိ ညည်းလှချင်နေလို့ရမလား ငါမပြောချင်လို့ ညည်းကိုကြည့်နေတာ ... စပန်းခေတ်လို ငယ်ငယ်ရွယ်ရွယ်လေးတောင် ညည်းနဲ့တစ်ခြားစီ ..."

ယော ... တွေ့လား။

ပြောရင်းနဲ့တောင် ဒီနာမည်ပါလာပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း ... ညည်း မြင်တယ်မှတ်လား၊ ညည်း အသက်ငါး ဆယ်နားကပ်လာတာတောင် မိတ်ကပ်နဲ့နှုတ်ခမ်းနီနဲ့ ... ဒီကြားထဲ မျက်ခုံးမွှေး မည်းမည်းကြီးတွေကို အားအားလျားလျားဆေးခြယ် နေရတာ ညည်းအတွက် အလုပ်တစ်လုပ် ... ဟိုပန်းခေတ်လေးဆို ဘယ်လောက်ရိုးရှင်းလဲ ... အသက်ကလေးငယ်နေတာတောင် အလှအပတွေဘယ်မှာပြင်လို့လဲ ... ကြည့်လိုက်တိုင်း ဆေးမကူ ဘာမကူ သနပ်ခါးပါးကွက်ကြားလေးနဲ့ ဟော ... ကျစ်ဆံမြီးလေး နှစ်ဖက်ချထားတာရော ဘယ်လောက်ကျက်သရေရှိလဲ ... "

"ဟွန်း ... "

ဝတီနွယ် မကျေနပ်တာလည်း အဲဒါ။

"အခုရော ... ညည်းသား မဟော် စာကောင်းကောင်းကျက် ရဲ့လား"

"ဟင် ... ကျက်လား မကျက်လားတော့မသိဘူးမာမီ ... မနက်က မာမီခေါ်ထားတဲ့ မန္တလေးသူ ဟိုဂိုက်မလေးနဲ့ စက်ဘီး အတူတူစီးပြီး ခြံထဲပြန်လာတာတော့ တွေ့တယ်"

"အောင်မယ် ... တယ်ဟုတ်နေပါလား"

ယောက္ခမပြုံးသွားတာ ပါးကနားရွက်မှာ တက်ချိတ်တော့ မည်။

"ဟုတ်တယ် မပြောနဲ့လေ မာမီ ... ဒီအရွယ်နဲ့ဒီအရွယ် စက် ဘီးတစ်စီးတည်းကို နှစ်ယောက်အတူစီးနေကြတာ ကောင်းမလား"

"ဟင် ... ဘယ် ... ဘယ်လို"

"နွယ်ပြောတာ ရှင်းရှင်းလေးပြောတာလေ မာမီ ... မလွဲ သာလို့သာ ဒီကောင်မလေးကို လက်ခံထားလိုက်ရပေမယ့် သားနဲ့





ငြိငြိစွန်းစွန်းတွေဖြစ်ကုန်မှာ နွယ်ကြောက်တယ် ... "

"အမလေး ဝတီနွယ်ရယ် ... ပန်းခေတ်လေးကိုများ ညည်း ဒီလိုစိုးရိမ်နေစရာလား ... ပန်း ... ပန်းခေတ်လေးရဲ့ မျက်နှာထား လေးကိုမြင်ရုံနဲ့ ဒီမိန်းကလေး မာနဘယ်လောက်ကြီးတယ်ဆိုတာ ငါသိတယ် ... ဘယ်သူ့ကိုမှ အောက်ကျမခံတတ်တဲ့မျက်နှာထား လေး ... သူ့ဂုဏ်သိက္ခာကို ဘယ်တော့မှ အထိပါးခံမှာမဟုတ်တဲ့ စိတ်ဓာတ်လေး သိတယ် ... သိတယ် ... နေတာထိုင်တာ ဝတ်တာ စားတာလေးကိုကြည့်လိုက်တာနဲ့ ဒီမိန်းကလေးဘယ်လောက်စည်း ကမ်းကြီးသလဲဆိုတာ ငါနားလည်တယ် ... ညည်းသား ငှါမြေးလေး က တမ်းတမ်းစွဲလေးကြိုက်သွားရင်တောင် ဟိုကအလွယ်တကူ လက်ခံသွားမယ် ညည်းထင်နေသလား ... "

တွေ့လား ...

စံပန်းခေတ်ဆိုတဲ့ ဟာမလေးကို မာမီက အဲလောက်ထိ အထင်ကြီးခေါင်းပေါ်ရွက်ထားတာ။ ဝတီနွယ် ဘယ်လိုပြောရတော့ မလဲ။

"ငါကတော့ ပန်းခေတ်လေးကိုယုံတယ် ... ညည်းသား စာ မကျက်ဘဲ သူငယ်ချင်းတွေနဲ့ တရုန်းရုန်းသွားလုပ်နေလို့ စက်ဘီး တစ်စီးနဲ့လိုက်သွားပြီး ညည်းသားကို ဂုတ်ကနေဆွဲတင်လာတာပဲ နေမှာ ... ညည်းသားဘယ်လောက်ဆိုးဆိုး ဟိုက မျက်နှာထား တင်းတင်းလေးနဲ့ ညည်းသားကို ခွင့်လွှတ်အလိုလိုက်နေမယ် ထင် မထားနဲ့ ... "

ယောက္ခမ ဒီလိုပြောတာကိုတော့ ဒေါ်ဝတီနွယ် မချင့်စိတ် လေး ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ဘာတတ်နိုင်မှာလဲ။ ကိုယ့်လက်ရှိအခြေအနေက ပြောသမျှ ကြိတ်ခံနေရမယ့် အခြေအနေ။

"တော်ပြီ ... တော်ပြီ ... ဆက်မနှိပ်နဲ့တော့၊ ညည်းလက်သည်းစူးတာလည်း ငါမခံနိုင်တော့ဘူး"

ဒီအသံပဲ ဒေါ်ဝတီနွယ် ကြားချင်တာပါ။

"ဟို ... ဟိုလေ မာမီ ... ဆရာဝန်ကြီးဦးကျော်သူသူမောင်ကို နှယ်ထပ်ပြီးတော့ ဖုန်းဆက်ပေးမယ်လေ ..."

"ရတယ် ... ငါသွေးကျဆေးပဲ သောက်လိုက်တော့မယ်"

စိတ်ဓာတ်ကလည်း အဲလိုမာကြောသေးတဲ့ ယောက္ခမ။

အသက်ကလည်း ရှည်ပုံ။

"ဒါဆို နှယ်သွားတော့မယ်နော်"

"အေး ... ကောင်းပြီ ..."

အခန်းထဲ ပြန်ရောက်လို့ ကြည့်လိုက်တော့ ...

"ဟင် ..."

စာကျက်ဆောင်လေးရှေ့မှာ နှစ်ယောက်စလုံးမရှိတော့ပါ။ ဒါဆို ဘယ်ရောက်သွားပြီလဲ။ ကြီးညိုကလည်း ဒီဘက်မှာဟင်းချက်နေတာ။ ဘုရား ... ဘုရား ... လူကြီးတွေအလစ်မှာ တစ်ထပ်တိုက်ပုလေးထဲက အခန်းထဲကို ဝင်ကုန်ကြပြီလား။

"ကြီးညိုရေ ... ကြီးညို ..."

မျက်လုံးထဲမှာ ဘာမှမမြင်တော့ဘဲ အောက်ထပ်ကို အရူးလျှားဖားလျား ပြေးဝင်လာတဲ့ မိမိအဖြစ်က ကမ္ဘာမီးလောင်လို့ပဲ ပြေးထွက်လာခဲ့သလိုလို။

"ဟင် ... မမ ကြီးညိုရှိတယ်လေ ..."





"ကလေး ... ကလေးတွေရော ..."

"မပော်လေးတော့ မသိဘူး ... ပန်းခေတ်လေးက နောက်ဖေးမီးဖိုခန်းထဲမှာ ..."

"အမလေး တော်ပါသေးရဲ့ ... ဟင်း ဟင်း ..."

ပန်းခေတ် ကြားသားပဲ။

ဒါပေမဲ့ ... ကြက်သွန်တွေ ဝိုင်းကူနွာရင်း မသိချင်ဟန်ပဲ ဆောင်နေလိုက်ပါသည်။ စောစောကလည်း အပေါ်ထပ်ကနေ လူတွေကို မယုံသလိုလိုနဲ့ ချောင်းကြည့်နေတာ။

ဒါကို ပန်းခေတ်ကလည်း ဂရုမစိုက်ပါဘူး။

မယုံလည်းနေပေါ့။

မပော် ဘယ်လောက်ပဲချမ်းသာချမ်းသာ ပန်းခေတ်က ရင်ခုန်နေစရာလား။ မပော် ချောတာလည်း ပန်းခေတ်သိပါသည်။ ထူနက်သောမျက်ခုံးတန်း၊ စိုရဲသော နှုတ်ခမ်းပိုင်ရှင်။ တောက်ပသော မျက်နက်ဝန်းတို့ရဲ့ အရှင်သခင်။ ကိုယ်လုံးတောင့်တောင့်တင်းတင်းကလေးနဲ့ အရပ်ကလေးကပါ ခပ်မြင့်မြင့်လေးဆိုတော့ ဒေါ်ဝတီနွယ် စိတ်မချလည်း မချချင်စရာပေါ့။

ခုလည်း ... စာသင်နေရာကနေ ပျောက်သွားလို့ ဒေါ်ဝတီနွယ် ... အသည်းအသန် လိုက်ရှာနေတာပဲနေမှာပါ။

"ဟိုကောင်မလေးရှိတယ်ဆိုလည်း ပြီးရော ... ပြီးရော ... ဟင်း ဟင်း ... ခက်ပါတယ် ... ဟိုကောင် သားမပော်ကိုထိန်းရတာတစ်မျိုး။ မျက်စိရှုပ်နားရှုပ်တွေ မဖြစ်အောင် ကြိတ်ကြိတ်ပြီးတော့ ဆုတောင်းနေရတာလည်း တစ်ဒုက္ခ ... အောင်မှဖြစ်မယ်၊ အောင်မှဖြစ်မယ် ... ဒင်းမြန်မြန်အောင်မှ ငါလည်း စိတ်ချလက်ချ



www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်နိုင်တော့မယ်”

တွေ့လား ... ပြောသွားတာ အနှောင့်မလွတ် အသွား မလွတ် ပြောသွားတာ။

“ဟွန်း ...”

ပန်းခေတ် နှုတ်ခမ်းကလေးကိုပဲ မဲ့မိ၏။

“ကြားတယ်နော် ပန်းခေတ် ...”

“ကြားတယ်လေ ကြီးညို ...”

“သားမဟော်နဲ့ ပန်းခေတ်လေးကို စိတ်မချဖြစ်နေတာ”

“ဟင်း ... ဟင်း ...”

ဒီခြံကြီးထဲကို စရောက်လာတဲ့နေ့ကတည်းက ဒေါ်ဝတီနွယ်ကိုတော့ ပန်းခေတ်က ဒိုးဆလံတိုက်ပြီးသားပါ။ ဟိုနေ့ကလည်း တစ်ခါ။ မဟော်ကို ညဘက်စာပြပေးနေတုန်း ဒေါ်ဝတီနွယ်လိုက်ကာကြားက ချောင်းကြည့်နေတာ ... မီးချောင်းအရိပ်ကြီးနဲ့ ဒီလောက်ထင်းနေအောင် မြင်နေရတဲ့ဥစ္စာ။

ပန်းခေတ် ဘယ်လောက်အသည်းယားခဲ့ရတယ်ထင်သလဲ။

ဒါကြောင့်မို့ ... ပန်းခေတ် အမြင်ကတ်ကတ်နဲ့ စာမရတဲ့ မဟော့်ပါးကို ကော်ပေတံပါးကလေးနဲ့ တစ်ချက်ပြီးတစ်ချက် ခပ်စပ်စပ်လေးဖြစ်အောင် ရိုက်ခဲ့တာလေ။

“အား ... နာတယ်နော် ပန်းခေတ်”

“မနာချင်ရင် စိတ်ပါလက်ပါပြန်ဆို ...”

“ဆိုစေချင်ရင် ငါ့ကိုစိုက်မကြည့်နဲ့ ... အဲဒါ လုံးဝအပြတ်ပြောတာ၊ မင်းစိုက်ကြည့်နေရင် ငါမနေတတ်ဘူး”

“ဒီမှာ ...”





ပန်းခေတ်ကလည်း အပြောမခံပါ။

“ရှင့်ကိုကြည့်တာ စိတ်တိုလို့ကြည့်တာ ...”

ခပ်ပြတ်ပြတ်ပဲ ပြောမိ၏။

“အေး ... မင်းက စိတ်တိုလို့ကြည့်ပေမယ့် ငါကမခံစားနိုင်ဘူးကွ ... နားလည်လား ... နောက်မှ မင်းငါ့ကို အပြစ်မပြောနဲ့”

“ဟင် ... ရှင်က ဘာကိုမခံစားနိုင်တာလဲ”

“မင်းစိုက်ကြည့်ရင် ငါရင်ခုန်တယ်”

“ဘုရားရေ ...”

မဟော်ကလည်း အပြတ်ပဲ။

မျက်နှာထားမာမာလေးနဲ့ ပန်းခေတ်ကိုပြောနေတာလေ။ ပြောပြီးတော့လည်း မျက်နှာလေးကို ခပ်ဆဆလေးလွှဲလျက် မကြည့်ရဲသလို ကြည့်ရဲသလို လုပ်နေသည်။

“ဒီမှာ ...”

“ပြောလေ ... မင်းဘာပြောမလဲ”

“ရှင်နဲ့ကျွန်မကြားမှာ ရင်ခုန်နေစရာ ဘာအကန့်မှမရှိဘူးဆိုတာ ရှင်သဘောပေါက်ထား ... စံပန်းခေတ်ဆိုတဲ့ မန္တလေးကလာတဲ့ကောင်မလေးတစ်ယောက်ဟာ ရှင့်ကိုရင်ခုန်အောင် သွေးဆောင်ဖြားယောင်းနေမယ့် ဆယ့်နှစ်ကြိုးကဝေလည်း မဟုတ်ဘူး”

ပန်းခေတ် မာမာပြတ်ပြတ်လေးပဲ ပြောပေးလိုက်သည်။

“ဟွန်း ... အဲဒါတွေ ငါ နားမလည်ဘူး”

“ဘာပြောတယ်”

ကော်ပေတံလေးကိုလက်ကကိုင်ထားရင်း ပန်းခေတ် ဒေါ်ခွနေတာ နှုတ်ခမ်းလေးကိုပင် ကိုက်ထားမိတဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရှင်းရှင်းလေးပဲ မင်းကိုပြောလိုက်တာလေ ... တကယ်ဆို ငါ့ထက်အသက်ခြောက်လတိတိငယ်တဲ့ မင်းရှေ့မှာ ခေါင်းလေးငုံ့ပြီး ငါစာသင်နေရတာ ... ငါဘယ်လိုခံစားနေရမလဲဆိုတာ မင်းစဉ်းစားကြည့် ... ပြီးတော့လည်း ငါအမြဲရင်ဆိုင်နေရတဲ့ မင်းပုံစံလေးက ..."

မဟော် ဆက်လည်းမပြောရဲ။ ဆက်ပြောရင် ပန်းခေတ်လက်ထဲက ကော်ပေတံလေးက သူ့ပါးပြင်လေးဆီ ဝဲလာတော့မည်။

"ဘာ ... ဘာဖြစ်လဲဟင် ကျွန်မပုံစံလေးက ..."

"အရမ်းဆွဲဆောင်မှုရှိတယ် ..."

"ဘုရားရေ ..."

ပန်းခေတ် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့ပြီ။

ပြဿနာပဲ ...

စာသင်ပေးတော့လည်း ကောင်းကောင်းမသင်။

ခေါင်းကုတ်လိုက် နားရွက်ကုတ်လိုက်နှင့် စိတ်တွေကရောက်ချင်တဲ့နေရာရောက်။ ဟော ... ခုလည်း ခပ်တည်တည်ပဲ ပြောသွားတာ ပန်းခေတ်ပုံစံလေးက အရမ်းဆွဲဆောင်မှုရှိတယ်တဲ့။ ဒါ ... ပြောစရာလား။

"ရှင် ... ရှင် မဆိုင်တဲ့ပေါက်ကရစကားတွေ ကျွန်မကိုလာမပြောနဲ့ ... ရှင့်ရှေ့မှာ ကျွန်မထိုင်နေတယ်ဆိုတာ ရှင်နဲ့အတူတူ စာတွေဝိုင်းကူကျက်ပေးရမယ်ဆိုတဲ့ တာဝန်တစ်ခုနဲ့ထိုင်နေတာ၊ စာကလွဲရင် တခြားဘာကိုမှ ရှင်စိတ်ဝင်စားစရာအကြောင်း မရှိဘူး"





ပန်းခေတ်ပြောရင်း ပတ်ဝန်းကျင်ကို မျက်လုံးလေးဝေ့ကြည့်လိုက်တော့ ပန်းခြံတွေကြားထဲက အမှောင်ရိပ်ထဲကနေ ဒေါ်ဝတီနွယ် ချောင်းကြည့်နေတာလေ။ ပန်းခေတ် အသည်းယားသွားပေမယ့် ဘာမှမတတ်နိုင်ပါ။

နှုတ်ခမ်းလေးမဲ့လိုက်ရင်း စာကိုပဲ ပန်းခေတ် ဆက်သင်နေလိုက်သည်။ ဟော ... ခုလည်း တစ်ခါ။

ဒင်းမြန်မြန်အောင်မှ ငါလည်း စိတ်ချလက်ချ ပုတီးစိပ်နိုင်တော့မယ်တဲ့။ မီးဖိုခန်းအဝကနေ မကြား ကြားအောင် ပြောသွားတာလေ။ ဒါကို ... ကြီးညိုကလည်း သဘောပေါက်နေသည်။

"ပန်းခေတ်လေး ..."

"ရှင် ... ကြီးညို ..."

"နွယ်ပြောတာကို စိတ်မဆိုးနဲ့နော်"

"ဟာ ... ပန်းခေတ် စိတ်မဆိုးပါဘူး ကြီးညိုရဲ့ ..."

"သိတယ် ... သိတယ် ... ပန်းခေတ်လေး ညည်းခံနိုင်တာ ကြီးညို သိတယ်"

"ဟင်း ... ဟင်း ..."

ကြက်သွန်ဥတွေကို အခွံခွာပေးရင်း ပန်းခေတ်ရယ်ပဲရယ်နေမိသည်။

"ဒါပေါ့ ပန်းခေတ်ရယ် ... ပန်းခေတ်နဲ့မဟော်လေးက အသက်အရွယ်လေးတွေ မတိမ်းမယိမ်းဆိုတော့ နွယ်က စိတ်မချဖြစ်နေတာပဲနေမှာပေါ့၊ ပြီးတော့ ... မဟော်လေးကလည်း ဆိုးတယ်လေ ..."

"ဟုတ်တယ်နော် ကြီးညို ... မနက်ကလည်း စာကျက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလို့ ပန်းခေတ် စက်ဘီးနဲ့လိုက်ရသေးတယ်”

“အို ... ဟုတ်လား ... ”

ဒီကိစ္စကို ကြီးညို အခုမှသိသွားသည်။

“ဟုတ်မယ် ... ဟုတ်မယ် ... ဒါကြောင့်မို့ တစ်မနက်လုံး နှယ်မျက်နှာပျက်နေတာ၊ ကြီးညို သတိထားမိတယ် ... ခြံထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ပြီး နှစ်ယောက်စလုံး ပြန်မလာသေးလို့ တမျှော်မျှော်ဖြစ်နေတာလေ ... ”

အဲဒါလည်း ပန်းခေတ် သိပါသည်။

ပန်းခေတ်ကို ဘယ်လိုပဲထင်ထင် စာကျက်ရမယ့်အချိန်မှာ မဟော် စာမကျက်ရင် လိုက်ခေါ်ရမယ့်တာဝန်က ပန်းခေတ်ရဲ့ တာဝန်။ အရေးကြီးတာ မဟော် စာကျက်ဖို့ပါ။

“ကြီးညို ... ”

“ဟင် ... ပန်းခေတ်လေး ပြောလေ ... ”

“ဖွားက ဇတ်တော်ချမ်းသာတာပဲနော်”

“အို ... ချမ်းသာတာပေါ့”

“ဒါပေမဲ့ ... အဆင့်အတန်းကျတော့ မခွဲဘူးနော်”

“မခွဲဘူး ... မခွဲဘူး ... ”

ပန်းခေတ် ထပ်ပြောလိုက်ချင်တာ ဒေါ်ဝတီနှယ်နဲ့တော့ တခြားစီလို့။ သို့သော် ... ဒီစကားကိုတော့ စိတ်ထဲမှာပဲ မျိုသိပ်ထားလိုက်သည်။

“ဖွားကိုတော့ ပန်းခေတ် ခင်တယ် ကြီးညို ... ”

“ဖွားကလည်း ပန်းခေတ်လေးကို ခင်ပါတယ် ပန်းခေတ်လေးရယ် ... တစ်နေ့ တစ်နေ့ ပန်းခေတ်လေး ဘာလိုသေးလဲ၊





နေကောင်းရဲ့လားနဲ့ ... ကြီးညိုကိုပဲ လာလာမေးနေတာ”

“ဟုတ်တယ်နော် ကြီးညို ... ”

“အဲဒါ ... အခုလာမယ့် လပြည့်နေ့ရောက်ရင်တောင် ပန်းခေတ်လေးကို ရွှေတိဂုံဘုရားလိုက်ပို့ပေးဦးမယ်တဲ့ ... ”

“ဟင် ... အဲဒါ ဖွားတကယ်ပြောတာ”

“တကယ်ပြောတာပေါ့ ပန်းခေတ်လေးရဲ့ ... အရင်တုန်းက ဆိုရင် ဖွားဘယ်ကိုပဲသွားသွား ကြီးညိုနဲ့အေးအေးက ဘော်ဒီဂတ်လိုက်ရတာလေ ... အခုတော့ ဖွားက ပန်းခေတ်လေးကိုပါ ခေါ်ခဲ့တဲ့ ... ကဲ အဲဒါပဲကြည့် ... ”

ဒေါ်ဝတီနှယ်နဲ့တော့ တခြားစီပါပဲ။

ဘာပဲပြောပြော ဒီခြံကြီးထဲကို ပန်းခေတ် စရောက်လာတဲ့ နေ့ကတည်းက မန္တလေးက ဒရိုင်ဘာသမီးဆိုပြီး အထင်သေးရှုံ့ချနေတဲ့မျက်ဝန်းတွေနဲ့ ဒေါ်ဝတီနှယ် တစ်ချိန်လုံး စောင့်ကြည့်နေတာတွေ ... ကြားအောင်တစ်မျိုး မကြားအောင်တစ်မျိုးနဲ့ မသိမသာ စောင်းချိတ်ချိတ်လေး ပြောနေတတ်တာတွေ။

ဘာတွေပဲဖြစ်ဖြစ် ...

ပန်းခေတ် စိတ်လျှော့ပေးထားတာ ...

ဖေဖေ မှာခဲ့သည့်စကားတစ်ခွန်းကြောင့်ပါပဲ။

ခုလည်း ...

ကြီးညိုကို မီးဖိုထဲမှာ ဝိုင်းကူလုပ်ပေးပြီး အပြန်မှာ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"စံပန်းခေတ် ... မင်း ခဏနေဦး ... "

"အို ... အန်တီ ... "

နောက်ကခေါ်လိုက်သံလေးကြောင့် ပန်းခေတ် ချာခနဲ လှည့်ကြည့်လိုက်တော့ ဒေါ်ဝတီနွယ်လေ ... ပန်းခေတ်နောက်ကို ခြေလှမ်းသွက်သွက်လေးနဲ့မပြေးရုံတမယ်လေး လိုက်လာပြီး မျက်နှာထားတင်းတင်းလေးနဲ့ နာမည်လေးကို လှမ်းခေါ်လိုက်တာပဲဖြစ်သည်။

"မနက်က မင်းနဲ့သားမဟော် စက်ဘီးလေးနဲ့ဘယ်ကပြန်လာတာလဲ ... "

"ရှင် ... အန်တီ ... "

တအံ့တဩလေးနဲ့ ပန်းခေတ် မျက်တောင်ရှည်လေးတွေပါ ကော့တက်သွားသည်။

နေရာက တစ်ထပ်တိုက်ပုလေးရှေ့မှာပါ။

ဒေါ်ဝတီနွယ်က ရေစိုပါတိတ် အပြောင်သားကလေးကို





ဝတ်ထားသလို မျက်နှာမှာပါ မိတ်ကပ်တွေအဖွေးသားနှင့်။

"မင်း ... မင်း ... မလိမ်နဲ့နော် စံပန်းခေတ် ... အန်တီမေးတာကို မင်းအမှန်အတိုင်းဖြေစမ်း ... "

ပန်းခေတ် ဘယ်လိုဖြေလိုက်ရင်ကောင်းမလဲ။

"ဟိုလေ ... အန်တီ ... ဘယ်လိုပြဿနာရှိလို့လဲ"

"လာပါ ... လာပါ ... ဒီနားမှာစကားပြောရတာ မကောင်းဘူး တိုက်ကလေးထဲမှာပဲ ... သွားပြောမယ်၊ မင်း အန်တီနောက်ကလိုက်ခဲ့ ... "

တကယ်မလွယ်တဲ့ အန်တီ။

ဘာပဲပြောပြော ပန်းခေတ်ကတော့ ခပ်တည်တည်ပါပဲ။

ဒီကိစ္စအတွက်နဲ့ ပန်းခေတ် ဘယ်သူ့ကို ဂရုစိုက်နေစရာလိုလို့လဲ။

စာသင်ဆောင်လေးပေါ်ကိုရောက်တော့မှ ဒေါ်ဝတီနွယ်က မျက်နှာကို ဒီဖက်လှည့်သည်။

"ဒီမှာ စံပန်းခေတ် ... "

"ရှင် ... အန်တီ ... "

"ငါ့သားကို စက်ဘီးပေါ်တင်ပြီး မင်းနင်းလာစရာလိုသလား"

"ဟို ... ဟိုလေ အန်တီ ... "

"မင်း ဆင်ခြေမပေးနဲ့"

ပြဿနာပဲ ...

"ငါသိတယ် ... တစ်နေ့မှာ ဒီလိုရှုတ်ရှုတ်ယှက်ယှက်တွေ ဖြစ်လာမှာစိုးလို့ အမြဲရင်တထိတ်ထိတ်နဲ့ အန်တီစောင့်ကြည့်ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကြည့်ပါဦး ... နှစ်ယောက်သားစီးလာတာ ပူးပူးကပ်ကပ်ကလေး ...”

“ဒါ ... ဒါကတော့အန်တီရယ် ... မဟော့်ကို ဒီလိုမှပြန်မခေါ်လာရင် မဖြစ်တော့လို့ မလွှဲသာမရှောင်သာ စက်ဘီးနဲ့တစ်ခါတည်း တင်ခေါ်လာခဲ့ရလို့ပါ ... မဟော်က သတ်မှတ်ပေးထားတဲ့အချိန်မှာ အိမ်စာတွေမလုပ်ဘဲ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေလို့ ပန်းခေတ် လိုက်ရတာလေ အန်တီ ... တာဝန်အရပါ ...”

“အို ... ဘယ်လိုပဲ တာဝန်အရပြောပြော အဲလိုသွားတာလာ တာ အန်တီမကြိုက်ဘူး ... မင်းတစ်ခုပဲ နားလည်ထားရမှာက သားမဟော်က အရိုင်းလေး ...”

“ရှင် ...”

“နောက်တစ်ခါ ဒါမျိုးမမြင်ချင်ဘူး”

“အဟင်း ... အန်တီမှားနေပြီသိလား ...”

“ဘာ ...”

“အန်တီ့ကို ပြောရမှာလည်း အားနာတယ်”

“အမလေး ... ဘာအားနာစရာလိုလဲ ပြောစရာရှိရင်ပြောလေ”

“ပန်းခေတ်က မဟော့်ကို ဂိုက်လုပ်ပေးနေတာပါ”

“ဟုတ်တယ်လေ ... အဲဒါ ဘာဖြစ်လဲ ...”

“ဒီတစ်နှစ်လုံး မဟော့်ကို ပန်းခေတ် ပိုင်တယ်”

“ဘာ ... ဘာပြောတယ်”

“အဟင်း ... ဟင်း ...”

ပြောပြီးတော့မှ ပန်းခေတ်ရယ်လိုက်တာ တကယ့်ကိုဘာမှ





မဖြစ်သလို ပေါ့ပေါ့ပါးပါး စတိုင်လ်လေးနဲ့ပါပဲ။

“ပန်းခေတ်ပြောတာ ရှင်းရှင်းလေးပါအန်တီ ... မဟော်စာမေးပွဲအောင်ရေးအတွက် အိပ်ချိန်ကလွဲရင် ကျန်တဲ့အချိန်တိုင်းကို ပန်းခေတ်က ပိုင်ထားတာပါ ... ပန်းခေတ်မှာ တာဝန်ရှိပါတယ်၊ ဒါကြောင့်မို့ ... မဟော်ရဲ့ လွတ်လပ်ခွင့်တွေကို အတိအကျ ထိန်းချုပ်ပြီး မဟော်နဲ့အနီးကပ်ဆုံးမှာ ပန်းခေတ်နေနေရတာပါ။ ဒါကို အန်တီ နားမလည်ရင် မန္တလေးကိုပဲ ပန်းခေတ်ပြန်တော့မယ်”

“အမလေး ကျေးဇူးရှင် ...”

ဒေါ်ဝတီနွယ် အထိတ်တလန့်လေးနဲ့ မျက်လုံးပြူးသွားသည်။

“မင်း ... မင်း ပြဿနာမရှာနဲ့နော် ...”

“ဟာ ... ပန်းခေတ် ဘယ်မှာပြဿနာရှာလို့လဲ ...”

“မင်းပြန်ရင် ငါ့ယောက္ခမက ငါ့ကိုမောင်းချမှာလေ”

“အဟင်း ... ဒါကတော့ အန်တီရယ် ...”

ပန်းခေတ် ဆက်လည်းမပြောချင်ပါ။ ပန်းခေတ် ဖြစ်စေချင်တာက မဟော့်ကို ယုံယုံကြည်ကြည်လေးနဲ့ လွှဲအပ်ထားစေချင်တာပါ။ ဒီလိုမှမဟုတ်ဘဲ လူကိုယုံသလို မယုံသလိုနဲ့ ဟိုနေရာက စောင့်ကြည့်လိုက် ဒီနေရာကချောင်းကြည့်လိုက် လုပ်နေမယ်ဆိုရင်တော့ လာရာလမ်းကို ပန်းခေတ် ပြန်ရုံပါပဲ။

“ပန်းခေတ် ဒီခြံကြီးထဲကိုရောက်လာတာလည်း အန်ကယ်ဦးနေသူရိန်ကိုယ်တိုင် အကူအညီတောင်းလို့ လိုက်လာတာပါ ... ပြီးတော့ ဖွားကလည်း ပန်းခေတ်ကိုမြင်ပြီး သဘောကျတယ်ဆိုလို့ ပန်းခေတ် ဒီခြံမှာနေဖို့ ဆုံးဖြတ်လိုက်တာပါ ... ဒါကို မဟော်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာစိုးလို့ အန်တီတောင် ဒီလောက်စိတ်မချဖြစ်နေရင် မန္တလေးမှာကျန်ခဲ့တဲ့ ဖေဖေကရော … သူ့ရဲ့တစ်ဦးတည်းသော သမီးလေးကို ဘယ်လောက်ပူပင်နေမလဲဆိုတာ အန်တီ မှုဝေခံစားကြည့်ပေးပါဦးအန်တီ … ”

“အမလေး မှားပါတယ် … မှားပါတယ် … ဟင်း ဟင်း”

ဒေါ်ဝတီနွယ် နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ မျက်နှာကို လွှဲသွားသည်။

“ပန်းခေတ်ကတော့ အန်တီကိုကြည့်ပြီး သိပ်ကိုရယ်ချင်နေတာလေ အန်တီရဲ့ … ဟင်းဟင်း … ”

“ဘာ … ဘာပြောတယ် … မင်းက ငါ့ကိုကြည့်ပြီး သိပ်ကိုရယ်ချင်နေတယ် ဟုတ်လား … ဒါ ဘာစကားလဲ၊ ဘာကိုရည်ရွယ်ပြီး မင်းပြောလိုက်တာလဲ”

“တစ်နေ့ တစ်နေ့ … ပုတီးကိုတောင် အန်တီဖြောင့်အောင် မစိပ်နိုင်ဘဲ ဟိုနေရာကချောင်း ဒီနေရာကချောင်းဖြစ်နေလို့ အန်တီ့ကိုကြည့်ပြီး ပန်းခေတ်ရယ်ချင်နေတာ … မပူပါနဲ့ အန်တီရယ်၊ ပန်းခေတ်က မန္တလေးသူပါ … အန်တီတို့လို ပိုက်ဆံမရှိပေမယ့် ဂုဏ်သိက္ခာတော့ရှိပါတယ်အန်တီ … စိတ်ချပါ … မဟော်နဲ့ပန်းခေတ်ကြားမှာ တားထားတဲ့စည်းကို ပန်းခေတ်ကလည်း မကျော်ဘူး၊ မဟော်ကျော်လာလည်း ပန်းခေတ် လက်မခံဘူး”

“ဟဲ့ ဝတီနွယ် … ပန်းခေတ်လေးကို နင်ဘာတွေသွားပြောနေတာလဲ … ဟိုမှာ ညည်းလင်ဖုန်းဆက်နေတာ မြန်မြန်သွားကိုင်လိုက်စမ်း … ”

“ဟင် … ”





ပန်းခေတ် မျက်တောင်လေးကော့ကာကြည့်လိုက်တော့ ဖွားက ခြံထဲထိတောင်ဆင်းလာပြီးခေါ်နေတာလေ။ ဒေါ်ဝတီနွယ် မျက်နှာလေးပျက်ပြီး တိုက်ထဲကိုပြန်ဝင်ပြေးသွားတာ တကယ့်ကို ရယ်ချင်စရာလေးပါပဲ။

“ပန်းခေတ်လေး … ”

“ရှင် … ဖွား … ”

ဖွားကိုတော့ ပန်းခေတ် ရိုသေပါသည်။

ဖွားကလည်း ပန်းခေတ် လက်ဖဝါးလေးကို နွေးနွေးထွေးထွေးလေး ဆုပ်ကိုင်သည်။

“ဝတီနွယ် ဘာတွေလာပြောနေတာလဲ”

“မဟော် စာလိုက်နိုင်ရဲ့လားဆိုတာ လာမေးနေတာပါဖွား”

“အမလေး … ဖွားမြေးလေးကဖြင့် အပေါ်ထပ်မှာစာတွေ အော်အော်ကျက်နေတာ ဖွားကိုယ်တိုင်ကြားနေရတဲ့ဥစ္စာကို ကြိုးစားတယ် … ကြိုးစားတယ် … ပန်းခေတ်လေး ချပေးထားတဲ့ စည်းကမ်းအတိုင်း ဖွားမြေးလေးကြိုးစားနေတာ ဖွားသိတယ်၊ ဟွန်း စာစသင်တာကဖြင့် တစ်ပတ်လောက်လေးပဲရှိတဲ့ဟာကို ဒီလောက် ပြောင်းလွဲလာတာ ပန်းခေတ်လေးကို ကျေးဇူးမတင်လို့ရပါတော့ မလား … ခုရော … မြေးလေး ဘယ်ရောက်သွားပြီလဲ … ”

“စာသင်ဝိုင်းကိုသွားပြီလေ ဖွား … ညနေမှ မဟော်က ပြန်ရောက်လာတော့မှာ”

“ဟင် … မဟော် စာသင်ဝိုင်းကိုသွားတာ ပန်းခေတ်လေး လိုက်မသွားဘူးလား … တော်ကြာ စာသင်ဝိုင်းမရောက်ဘဲ သူငယ်ချင်းတွေနောက်ပါသွားမှဖြင့် အရင်လိုပြန်ဖြစ်နေဦးမယ်လေ ပန်း



www.burmeseclassic.com

www.burmeseclassic.com



ခေတ်လေး”

ဖွားရယ် ...

စက်ဘီးလေးအတူစီးမိတာတောင် ဒေါ်ဝတီနွယ်က မခံမရပ်နိုင် သည်းသည်းလှုပ်နေတာ ကားတစ်စီးကို နှစ်ယောက်အတူစီးပြီး သွားမိလို့ကတော့ ပန်းခေတ် မန္တလေးကို အထုပ်ပိုက်ပြန်ရဖို့ပဲရှိတော့တယ်။

“ဟင်း ဟင်း ... ရပါတယ်ဖွားရဲ့ ... ဝိုင်းက ဆရာတွေရဲ့ ဖုန်းနံပါတ်တွေ ပန်းခေတ်ဆီမှာရှိပါတယ် ... တစ်နေ့ တစ်နေ့ သင်လာသမျှတွေကိုလည်း ညပိုင်းရောက်တာနဲ့ ပန်းခေတ်အမြဲပြန်စစ်နေတာလေ”

“အို ... ဟုတ်လား ... ပန်းခေတ်လေး တကယ်စေ့စပ်တာပဲ”

“ဒီလိုပါပဲဖွားရယ် ... မဟော် စာမေးပွဲအောင်ဖို့ အဓိကတာဝန်ရှိနေတာ ပန်းခေတ်ဖြစ်နေတော့ အားလုံးစိတ်ချမ်းသာအောင် ပန်းခေတ် အပင်ပန်းခံပေးနေတာပါ ... ပြီးတော့လည်း ပန်းခေတ် ရည်မှန်းထားတာက မဟော့်ကို ပန်းခေတ်လိုပဲ အနည်းဆုံး ငါးဘာသာဂုဏ်ထူးလောက်ရအောင် ...”

“ဘုရားရေ ... ဖွားမြေးလေးကို ငါးဘာသာဂုဏ်ထူးလောက်ရအောင် ပန်းခေတ်လေးက မှန်းထားတယ် ဟုတ်လား ... ဘုရား ဘုရား ...”

ဖွားရင်ဘတ်ဖိကာ ဘုရားတနေပြီ။

ဖွားက အသက်မရှူနိုင်တော့သလို ဘုရားတလိုက်ပေမယ့် မျက်နှာလေးက ပြုံးရွှင်ကျေနပ်နေတော့တာလေ။





“ဟုတ်တယ်လေ ဖွား ... မဟော်က စာမကျက်ချင်လို့ဆိုးနေတာမှန်ပေမယ့် မှတ်ဉာဏ်ကောင်းတာကိုတော့ ပန်းခေတ် ချီးကျူးတယ် ... ဝီရိယလေးစိုက်လိုက်ရင် ဂုဏ်ထူးတွေအများကြီးပါလာနိုင်တယ်”

“ပန်းခေတ်လေးရယ် ... ပန်းခေတ်လေးကို ဖွားအားကိုးတယ်နော် ... မြေးလေးက အဲလိုဂုဏ်ထူးတွေ အများကြီးနဲ့အောင်လာရင် ဖွားသေပျော်ပါပြီ ... ပန်းခေတ်လေးကိုလည်း ဆုတွေအများကြီး ဖွားချမယ် ...”

“ရပါတယ် ဖွားရယ် ... ကုမ္ပဏီမှာ ဖေဖေ့ကိုအလုပ်ပေးထားတဲ့ ကျေးဇူးတွေ ပန်းခေတ်တို့မှာ အများကြီးရှိပါတယ် ... ဒီကျေးဇူးတွေ ဆပ်ခွင့်ရတာကိုပဲ ပန်းခေတ် ကျေနပ်နေပါပြီ”

“ကြည့်စမ်း ... စကားပြောတာဆိုတာလေးကအစ ပန်းခေတ် လိမ္မာလိုက်တဲ့သမီးလေး ... ကြည့်ပါဦး ... မိတဆိုးလေးဖြစ်ခဲ့တာတောင် ဆယ်တန်းကို ဂုဏ်ထူးတွေအများကြီးနဲ့အောင်အောင် ကြိုးစားလာတာ ... ဖွား ... ဖွားမေးပါရစေဦး ... ပန်းခေတ်လေးဖေဖေရတဲ့ ကုမ္ပဏီလစာလေးနဲ့ ကိုးတန်း ဆယ်တန်းကျူရှင်တွေကို ပန်းခေတ်လေး တက်ခဲ့ရတာလားဟင် ... ဒီလခလေးနဲ့ရော ကျူရှင်ဖိုးတွေ ပေးနိုင်ခဲ့ရဲ့လား”

“မဟုတ်ပါဘူးဖွား ... ပန်းခေတ် ကျူရှင်တက်တာ ပန်းခေတ်လုပ်အားလေးနဲ့ ကျူရှင်ဖိုးတွေရအောင်ရှာပြီး တက်ခဲ့တာပါ”

“ဘုရားရေ ... ပန်းခေတ် လုပ်အားလေးနဲ့ ...”

ဖွားမျက်တောင်တွေ ပင့်တက်ရပြန်ပြီ။

“ဟုတ်တယ်လေ ဖွား ... ပန်းခေတ်ကျောင်းကပြန်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနဲ့ ကတ္တီပါပုံတော်ဖိနပ်လေးတွေချုပ်တဲ့အိမ်ကနေ ဖိနပ်တွေကို ကြွပ်ကြွပ်အိတ်ကြီးနှစ်လုံးနဲ့ သယ်လာပြီး စီးကွင်းလေးတွေထိုးတဲ့အလုပ်ကိုလုပ်ရပါတယ် … လုပ်ရင်းနဲ့ကျူရှင်တွေကို စက်ဘီးကလေးနဲ့အပြေးအလွှားတက်ရပါတယ် … ဖိနပ်ချုပ်စီးကွင်းထိုးရင်းစာလည်းကျက်ရပါတယ် … ပန်းခေတ်အိပ်ရင် အမြဲတမ်း ညတစ်နာရီ နှစ်နာရီမှ အိပ်ရတာလေ ဖွားရဲ့ … အဲဒီတုန်းကဆို မျက်ကွင်းလေးတွေချောင်ပြီး ပိန်ကပ်ကပ်လေးတောင် ပန်းခေတ်ဖြစ်သွားတာ”

“အို … ပန်းခေတ်လေးရယ် … တကယ်ပါပဲ … ပန်းခေတ်လေးအကြောင်းကို ကြားရတာ ဖွား စိတ်မကောင်းလိုက်တာ”

“ဖွားရယ် … ဖွားဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ ပန်းခေတ်ဘဝမှာ မေမေ မရှိဘဲ ဘယ်လောက်ပဲဆင်းရဲဒုက္ခတွေရောက်ခဲ့ရောက်ခဲ့ … မာနတွေ မခံချင်စိတ်တွေနဲ့ ဒီအခြေအနေထိ ရောက်လာအောင် ပန်းခေတ်ကြိုးစားခဲ့တာပါ”

“သိတယ် … သိတယ် … ပန်းခေတ်လေးနဲ့ပတ်သက်တဲ့တချို့အချက်အလက်အကြောင်းအရာတွေ သားနေသူရိန်ပြောလို့ဖွားသိထားတယ် … ပန်းခေတ်လေးက ပိုက်ဆံမရှိပေမယ့် မျက်နှာထားတင်းတင်းလေးနဲ့ မာနအရမ်းကြီးတာတဲ့”

ဖွားကပြောရင်း ပန်းခေတ်နဖူးပြင်လေးပေါ်က ဆံပင်လေးတွေကို ဖွဖွရွရွလေး ပြန်သပ်တင်ပေးနေတာလေ။

“ပန်းခေတ်လေးရယ် … ပန်းခေတ်လေးကို ဘွားအရမ်းချစ်တယ် … မိတ်ကပ်မလိမ်း ဆေးမချယ်ဘဲ သဘာဝအတိုင်းလေးလှနေတဲ့မျက်နှာလေးကို ဖွားအရမ်းသဘောကျတယ်၊ ပန်းခေတ်လေး





အားမငယ်နဲ့ … ”

“ကျေးဇူးတင်ပါတယ်ဖွားရယ် … ဟော … ဟိုမှာ ကြီးညို တောင် ပြန်လာနေပြီ”

“ဖွား ရောက်နေတာလား … ”

“ရောက်နေတာပေါ့ … မညိုရဲ့ … ဒီမှာ ပန်းခေတ်လေးကို ဖွားကိုယ်တိုင် လာအားပေးနေတာလေ … ”

ကြီးညိုက ပြုံးပြုံးလေးနဲ့ပဲ ဖွားလက်မောင်းလေးကို လှမ်းဆွဲသည်။

“ပန်းခေတ်လေး လိုတာတွေ ညည်းအားလုံးလုပ်ပေးရဲ့လား မညို … အဝတ်အစား အသစ်လေးတွေရော ညည်းဝယ်ပေးရဲ့လား … ငွေတွေဘာတွေလိုရင်လည်း ဝတီနွယ်ဆီမှာ တောင်းလေ”

“ဝယ်ပေးပါတယ်ဖွားရဲ့ … ပန်းခေတ်လေးက လိုမှပြောမယ်ဆိုလို့ မဝယ်ရသေးတာ”

“ဂရုစိုက်နော် မညို … လိုတာဘာမှမရှိစေနဲ့၊ အခုလည်း ဖွားလာတာ ပန်းခေတ်လေးကို အမှတ်တရလက်ဆောင်လေးပေးချင်လို့လာတာ”

“ဟင် … ဘာလက်ဆောင်လေးလဲ … ”

ဖွားက ပြောလည်းပြော လက်ဆောင်လေးကိုလည်း ပိုက်ဆံအိတ်လေးထဲက ဆွဲထုတ်ယူလိုက်သည်။

“ဒီလက်ဆောင်လေးလေ … ”

“ဟာ … ကြည့်စမ်း … မောင်းကွင်းလက်စွပ်လေး … ”

ကြီးညို … ဝမ်းသာအားရ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖိုးမတန်ပေမယ့် ဖွားအပျိုဘဝက ဝတ်ခဲ့တဲ့လက်စွပ်လေးမို့ ပန်းခေတ်လေးကို အမှတ်တရပေးချင်တာ ... ဒါ ... ဖွားတစ်သက်လုံးက သိမ်းလာခဲ့တဲ့ အမြတ်နိုးဆုံးပစ္စည်းလေးပဲ ... ကဲ ဖွားကိုလက်ကလေးပေး ... ဖွားကိုယ်တိုင် ဝတ်ပေးမယ်"

"ဖွားရယ် ... "

ဖွားရဲ့အမြတ်နိုးဆုံးပစ္စည်းလေးဆိုလို့ ပန်းခေတ် ပီတိလေးတော့ဖြစ်မိသည်။ ကြီးညိုကလည်း လက်စွပ်လေးကိုကြည့်ကာ ဝမ်းသာနေ၏။

တကယ်တော့ ... ဒီဇာတ်လမ်းမှာ ဝမ်းမသာနိုင်တာ ဒေါ်ဝတီနွယ်ပါ။

"ဘာ ... ဘာပြောတယ် ကြီးညို၊ မာမီအပျိုဘဝက ဝတ်ခဲ့တဲ့မောင်းကွင်းလက်စွပ်လေးကို စံပန်းခေတ် ရသွားတယ် ဟုတ်လား"

"ဟုတ်တယ်လေ မမရဲ့ ... ပေးတာမှ ဖွားကိုယ်တိုင် ပန်းခေတ်လက်ကလေးမှာ ဝတ်ပေးလိုက်တာလေ ... "

"ကြည့်စမ်း ... "

တကယ်ဆို ဒီလက်စွပ်လေးဟာ ဘယ်အရာနဲ့မှမလဲနိုင်အောင် ယောက္ခမတစ်သက်လုံး တန်ဖိုးထား မြတ်နိုးလာခဲ့တဲ့လက်စွပ်လေး။

ဝတီနွယ် တောင်းတာတောင် မရခဲ့တဲ့လက်စွပ်လေး။

ဒါကို ...

မန္တလေးသူ ဒရိုင်ဘာသမီးကို ပေးပစ်တယ်ဆိုတော့ ...

ဒီယောက္ခမ လွန်တာပေါ့။





"မတန်မရာတွေ ... ဟွန်း ... မကျေနပ်ပါဘူး"

ဘာပဲပြောပြော ...

ကြီးညိုကတော့ ဝမ်းသာနေသည်။

ပန်းခေတ်လေးအတွက် ကျေနပ်ဂုဏ်ယူလို့မဆုံး။

မပေါ်သိရင်ရော ... ဘာပြောဦးမလဲ။

အဓိက အရေးကြီးတာ ဒီခြံကြီးထဲမှာ ဖွားမုန်းဆက်မရှယ်ရဲ့အမိန့်သြဇာတွေကို ဘယ်သူမှ မလွန်ဆန်ရဲတာပါ။

ဒေါ်ဝတီနွယ်ကတော့ ...

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ ...

"ဟွန်း ... တစ်နေ့ကျရင် ညည်းနဲ့ငါတွေ့ကိုတွေ့ကြဦးမယ်၊ ညည်းပဲ အထုပ်ပြင်ရမလား ... ငါကပဲ ယောက္ခမကို သြဇာပြန်ပေးနိုင်မလားဆိုတာ ... "

ကြီးညို မကြားချင်ဟန်ဆောင်ပြီး ဒီဘက်ကိုလှည့်ကာ မျက်နှာလေးလွှဲလိုက်ပေမယ့် နှုတ်ခမ်းလေးတွေကတော့ ပြုံးနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

"ကိုကြီးမဟော် ရှိလားဟင်"

"ချွင် ... ချွင် ... "

"ကိုကြီးမဟော်ရှိလား"

"ချွင် ... ချွင် ... ချွင် ... "

"ဟင် ... "

ခြံတံခါးလေးမှာ ချိတ်ဆွဲထားသည့် ကြေးခေါင်းလောင်းလေးက တချွင်ချွင်အသံမြည်နေသလို အနက်ရောင်ဝမ်းဆက်လေးနှင့် ကောင်မလေးတစ်ယောက်ရဲ့အရိပ်လေးကိုလည်း ခြံတံခါးအပြင်ဘက်မှာ လှမ်းမြင်လိုက်ရတာမို့ ပန်းပင်တွေရေလောင်းရင်း ပန်းခေတ် မျက်တောင်လေးကော့ကာ ကြည့်လိုက်မိသည်။

"ဒီမှာ ... ဒီမှာ ... ကိုကြီးမဟော်ရှိလားလို့ ဒီလောက်အော်မေးနေတာတောင် မကြားဘူးလားဟင် ... ဒုက္ခပါပဲ ... "

ပြဿနာပဲ ...

သူမက ပန်းခေတ်ကို လှမ်းမြင်နေရလို့ မကျေမနပ်နဲ့ ဆူဆူ





ဆောင့်ဆောင့်လေး ထပ်မေးနေတာပဲ။

"ဩော် ... ဩော် ... လာပြီနော် ညီမလေး ... ခဏလေး ခဏလေး ... ဒီမှာ ရေပိုက်လေးကို ပြန်ပိတ်ရမှာမို့နော် ... "

သူမကို ပန်းခေတ် မသိပါ။

သို့သော် ... ရေပိုက်လိုင်းလေးကိုပိတ်ပြီး သူမလေးရှိရာ ခြံတံခါးကြီးရှေ့ကိုတော့ အပြေးအလွှားလေး ပန်းခေတ်ရောက်သွားသည်။

"ပြော ... ညီမလေး ... ပြော ... ပြော၊ ညီမလေးက ဘယ်သူနဲ့တွေ့ချင်တာလဲ ... "

"ဟာ ... ကိုကြီးမဟော်နဲ့ တွေ့ချင်ပါတယ်ဆိုတာ ဘယ်နှစ်ခါပြောရမလဲ ... ဒီမှာ ... ကိုကြီးမဟော်ကို အခုချက်ချင်းသွားခေါ်ပေး၊ ချယ် ခြံရှေ့မှာ ရောက်နေပြီလို့ ... "

အသံလေးက စွာစွာ စွာစွာလေးမို့ ပန်းခေတ် မျက်တောင်လေးကော့ကာ မျက်လုံးလေးပါ ပြူးသွားရသည်။

ချယ်တဲ့ ...

ပန်းခေတ်လည်း တစ်ခါမှ မမြင်ဘူးပါလား။

ပြီးတော့ ... မဟော်က စာကျက်နေတဲ့ဟာကို။

"အဟင်း ... ဝမ်းနည်းပါတယ် ညီမလေး ... မဟော်က စာကျက်နေလို့ပါ၊ ခေါ်ပေးဖို့လည်း မဖြစ်နိုင်ပါဘူး"

"ဟာ ... ကျိုင်ပဲကွာ ... တကယ်ပါပဲ ... ဒီမှာအရေးကြီးလို့ မွေးနေ့လာဖိတ်ပါတယ်ဆိုမှ ... နေ ... နေပါဦး ယူကဘယ်သူလဲ ဟင် ... ကိုကြီးမဟော်ရဲ့ဂိုက်ဆိုတာလား ... "

"ဩော် ... ဟုတ်ပါတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ယူ့ မညစ်နဲ့ကွာ၊ ချယ်က ကိုကြီးမဟော်နဲ့တွေ့ရမှဖြစ်မှာမို့လို့ပြောနေတာ ... ဖိတ်စာလေးကို ကိုကြီးမဟော်လက်ထဲကို သေသေချာချာအပ်လိုက်ချင်လို့ပါနော် ... "

"မရလို့ပါ ညီမလေး ... "

"ယူ့နော် ... "

ချယ် နှုတ်ခမ်းလေးက ဆူတင်းနေပြီ။

"ယူက ချယ်ကိုဘာထင်နေလို့လဲ ... ကိုကြီးမဟော်ဆိုတာ ချယ်နဲ့အရမ်းခင်တဲ့ကိုကြီး ... နားလည်လား၊ အခု ယူရောက်လာတော့မှ ချယ်တို့အိမ်ကို ကိုကြီးမဟော် လာတောင်မလည်တော့ဘူး၊ ဘာလဲ ... အဲဒါ ယူ့ကျုပ်ထားလို့လား ... "

"ဟင် ... "

ချယ်ပြောနေတဲ့ပုံလေးက [illegible]ကျူမနပ်ပြောနေတဲ့ပုံလေး။ နှုတ်ခမ်းလေးတွေကိုလည်း ချယ်က အတိအကျမဲ့သည်။

"ဟွန်း ... ရတယ်လေ၊ ချယ် ဂရုမစိုက်ပါဘူး၊ ယူ့ကိုလည်း လုံးဝမကျေနပ်ဘူး သိလား ... အဲဒါ အပြတ်ပြောတာ ... "

"ကြည့်စမ်း ... "

"ရော့ ... ဒီမှာ မွေးနေ့ဖိတ်စာ"

"ဟဲ့ ... ဟဲ့ ... ခြံရှေ့မှာရောက်နေတာ ဘယ်သူလဲ"

"ဟော ... "

နောက်မှာ တစ်ယောက်က ထပ်ရောက်လာပြန်ပြီ။

ဘယ်သူဖြစ်ရမှာလဲ ... ဒေါ်ဝတီနွယ်ပဲပေ့ါ။

"ဟာ အန်တီနွယ် ... လုပ်ပါဦး၊ ဒီမှာ ... အန်တီနွယ်တို့ ခန့်ထားတဲ့ ဂိုက်က ချယ့်ကို ပြဿနာရှာနေလို့ ... "





ဘုရားရေ ...

သူမက ပြဿနာရှာနေလို့တဲ့။

တော်တော်သွက်တဲ့ ကောင်မလေး။

ပန်းခေတ် မျက်နှာလေးတောင် ပူခနဲ ဖြစ်သွားရသည်။

"ကြည့်စမ်း ... ကြည့်စမ်း ... အန်တီနွယ်က ဘယ်သူပါလိမ့်ဆိုပြီးကြည့်နေတာ၊ လာလေ ... သံစဉ်ချယ် ... အထဲကိုမဝင်တော့ဘူးလား"

"ဟာ ... ဒီမှာ ကိုကြီးမဟော်ဂိုက်က အထဲကိုပေးမဝင်ဘဲ မာရေကြောရေ ပြောနေလို့ ပြဿနာတက်နေတာလေ အန်တီနွယ်ရဲ့ ... ချယ် ... ချယ်က ချယ့်မွေးနေ့ဖိတ်စာလေး ကိုကြီးမဟော်လက်ထဲကို ချယ်ကိုယ်တိုင် ထည့်ပေးချင်လို့ တွေ့ခွင့်တောင်းနေတဲ့ဟာကို ... "

"ဟုတ်လားဟင် စံပန်းခေတ် ... "

ဒေါ်ဝတီနွယ် ... ဒီဘက်ကိုလှည့်လာတာက ချက်ချင်း။

"ဟုတ်တယ်လေ အန်တီ ... "

"မင်း တော်တော်ဆိုးတယ် ... "

"ရှင် ... "

"ဒါ ... သားမဟော် ငယ်ငယ်လေးကတည်းက ပေါင်းလာတဲ့ မောင်ပိုင်လေးရဲ့ တစ်ဦးတည်းသောညီမလေး သံစဉ်ချယ် ... သူတို့မိဘတွေက အန်တီတို့လိုပဲ ကုမ္ပဏီထောင်ပြီး ကြီးပွားချမ်းသာနေတာ၊ ကားရှိုးရှမ်းတွေလည်း ဖွင့်ထားတယ်၊ ကဲပါ ... ဖယ် ... ဖယ် ... မင်းရှေ့ကနေဖယ်လိုက် ... ဝင်လေ ချယ် ... လာ ... လာ ... အန်တီတံခါးဖွင့်ပေးမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ပန်းခေတ်ပခုံးလေးကိုပင် တခြမ်းစောင်းလေးတိုက်ပြီး ဒေါ်ဝတီနွယ်က ခြံတံခါးကို သူကိုယ်တိုင်ဖွင့်ပေးသည်။

"ဝင်လိုက် ... ချယ် ..."

"ဟင်း ဟင်း ... ကျေးဇူးပါနော် အန်တီ ..."

ပန်းခေတ် ဘာပြောလို့ရတော့မှာလဲ။

မဟော် စာကျက်နေတာကို အနှောက်ယှက်မဖြစ်စေချင်လို့ တာဝန်အရတားခဲ့တာကို ဒေါ်ဝတီနွယ် နားမလည်တော့လည်း နေတော့ပေါ့။

ကိုယ့်ဟာကိုယ် ရေဆက်ဖြန်းနေတာပဲ ကောင်းပါတယ်။

ဟွန်း ... သံစဉ်ချယ်တဲ့။

ပန်းခေတ်နဲ့ဆို တစ်နှစ်လောက်ငယ်မယ့်ကောင်မလေး။ ပုံစံလေးက ခေတ်မီမီလေးနဲ့ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ တအားသုံးထားတဲ့ ကောင်မလေး။

ခဏနေတော့ ...

စာသင်ဆောင်လေးဆီကနေ ရယ်လိုက်သံတချို့ ကြားလိုက်ရသည်။ ပန်းခေတ်လက်မှာ ပတ်ထားသည့်နာရီလေးကိုကြည့်လိုက်တော့ မနက်ရှစ်နာရီခွဲနေပြီ။ ဆယ်နာရီထိုးတာနဲ့ စာသင်ဝိုင်းရှိရာ မြေနီကုန်းဘက်ကို သွားရတော့မှာလေ။

စာကျက်ချိန်လေးတော့ ပျက်ပြီပဲ။

"စံပန်းခေတ် ..."

"ဩော် ... အန်တီ ... ပြောပါရှင့် ..."

"နောက်တစ်ခါ သံစဉ်ချယ်လာရင် မင်းမတားနဲ့နော်"

တွေ့လား ...





ပန်းခေတ်ဆီကို တကူးတက ပြန်လှည့်လာပြီး ဒေါ်ဝတီနွယ်က မြောဖြစ်အောင်လာပြောနေတာ။ ဒါကို တစ်ခုတော့ ပန်းခေတ် ပြန်ပြောမိသည်။

"ဟို ... ဟိုလေ အန်တီ ..."

"ဟင် ... မင်းက ဘာအထွန့်တက်ပြီး ပြောချင်သေးလို့လဲ"

"ပန်းခေတ် တားတယ်ဆိုတာ မဟော်က စာကျက်နေလို့ပါ အန်တီ ... အချိန်ဇယား အတိအကျနဲ့ လေ့ကျင့်ခဲ့နေရတာဆိုတော့ အချိန်တွေ အဆုံးရှုံးမခံနိုင်လို့ပါ ... မဟော် စာမေးပွဲဖြေပြီးတာနဲ့ စိတ်ကြိုက် တစ်သက်လုံးတောင် ခင်သွားလို့ရပါတယ်၊ စိတ်ချပါ။ အဲဒီအချိန်ကျ အန်တီက တားပေးပါဆိုရင်တောင် ပန်းခေတ်တာဝန်မရှိတော့လို့ လှည့်ကြည့်နေမှာ မဟုတ်ပါဘူး ..."

"မင်း ... မင်း ငါ့ကိုပြန်မပြောနဲ့နော် စံပန်းခေတ် ..."

"ပြန်ပြောတာမဟုတ်ပါဘူး အန်တီ ... မဟော်ရဲ့စာကျက်ချိန်တွေအားလုံးကို ဘယ်သူနှောက်ယှက်တာမှ လက်မခံနိုင်လို့ ပန်းခေတ် ရှင်းပြမိတာပါ ..."

"မင်း ... မင်း ... အန်တီဒီလောက်ရှင်းပြခဲ့တာတောင် သဘောမပေါက်ဘူးလားဟင် စံပန်းခေတ် ... သံစဉ်ချယ်ဆိုတာ အရမ်းချမ်းသာတဲ့ သူဌေးသမီးတစ်ယောက်ဆိုတာ ... ဟွန်း ... မင်းတစ်ခုပဲ သိထားရမှာက သားမဟော်ရဲ့ပတ်ဝန်းကျင်မှာ အထက်တန်းကျတဲ့ စမတ်ကျကျ နေနိုင်စားနိုင်တဲ့ ဂုဏ်သိက္ခာရှိ အသိုင်းအဝိုင်းတွေချည်းပဲဆိုတာ မင်းနည်းနည်းလေးတော့ သဘောပေါက်ထားသင့်တယ်လေ စံပန်းခေတ်ရဲ့ ..."

"ဟဲ့ ဟိုနှစ်ယောက် ... တိုးတိုး ... တိုးတိုးနဲ့ဘာတွေပြော



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘာတွေဖြစ်နေကြပြန်ပြီလဲ”

“ဟင် ... ”

ဖွား ခြံထဲကိုဆင်းလာပြီ။

အိမ်ဖော်မလေး အေးအေးက ဖွားလက်မောင်းလေးကို ကိုင်ပေးထားသည်။

“ဟာ ... မာမီ ဘာမှမဟုတ်ပါဘူး၊ ပန်း ... ပန်းခေတ် ပန်းပင်တွေရေဖြန်းနေတာမြင်လို့ နှုတ်ဆက်စကားပြောနေတာလေ ... မာမီ ဘယ်သွားမလို့လဲ ... ”

“အမလေး ... ငါက ဘယ်သွားရမှာလဲ၊ စောစောက ခြံရှေ့တံခါးမှာ ဆူညံဆူညံအသံတွေ အပေါ်ထပ်ကကြားလို့ ငါဆင်းကြည့်တာ ... ခြံရှေ့မှာလာပြီး ပန်းခေတ်လေးကို ခပ်ဇွာဇွာလေးရန်တွေ့နေတာ ဘယ်သူလဲ ... ”

ဘုရားရေ ...

ဒီမှာ ပြဿနာတက်နေတာကို ဖွားသိသွားပြီ။

“ဟဲ့ ဝတီနွယ် ... ငါမေးနေတာဖြေလေ ... ”

“ဟို ... ဟိုလေ မာမီ ... ”

ဒေါ်ဝတီနွယ် မျက်နှာပျက်ပြီး စကားတွေပါ ထစ်ငေါ့ကုန်သည်။

“သားမဟော်ရဲ့ သူငယ်ချင်း ညီမလေးလာလို့ ... ”

“ဟင် ... ဘယ်ကညီမလေးလဲ ... ”

“သံ ... သံစဉ်ချယ်လေ မာမီရဲ့ ... ”

“အို ... ငါ့မြေးမဟော်လေး စာကျက်နေတာကို ခင်းကလေးက ဘာလာရှုပ်ရပြန်တာတုန်း ... ဒုက္ခပါပဲ ... ဒါကို ပန်းခေတ်





လေးက မပြောဘူးလားဟင် ... ပန်းခေတ်လေး ... ဖွားမေးတာကိုဖြေစမ်း ... ”

“ပြောပါတယ်ဖွား ... ဒါပေမဲ့ ... ”

ပန်းခေတ် ဒီလောက်လေးနဲ့ရပ်ထားလိုက်သည်။ ဒါဟာလည်း ယောက္ခမနဲ့ချွေးမကြားမှာ အတို့အထောင်မလုပ်ချင်လို့ပါ။

“မရဘူး ... မရဘူး ... နောက်တစ်ခါ ငါ့မြေးလေးစာကျက်စာသင်နေတဲ့အချိန်မှာ ဘယ်သူ့ကိုမှ ပေးမဝင်နဲ့ ... ဖွားပြောနေတာကြားတယ်နော် ပန်းခေတ်လေး ... ”

“ဟုတ် ... ကြားပါတယ်ဖွား”

ပန်းခေတ် မျက်နှာလေးမှာ့ကာ ဝမ်းသာအားရလေးပဲခေါင်းလေးညိတ်ပြလိုက်မိသည်။

“ဟင်း ဟင်း ... ”

“မင်း ... မင်း မပြုံးနဲ့နော် စံပန်းခေတ် ... ”

ဖွားက တိုက်ကြီးထဲပြန်ဝင်သွားပြီမို့ ပန်းပင်တွေကြားထဲမှာကျန်ခဲ့တာ ပန်းခေတ်နဲ့ ဒေါ်ဝတီနွယ် နှစ်ယောက်ထဲပါ။

“အန်တီရယ် ... ပန်းခေတ်ပြုံးတာ ဖွားပြောသွားတာလေးကို သဘောကျလို့ ပြုံးလိုက်မိတာပါ ... ဖွားက မဟော်ကိုတော်တော်ချစ်တယ်နော် အန်တီ ... ဟင်း ဟင်း ... ”

“အန်တီရေ ... ချယ်ပြန်လာပြီ ... ”

“အို ... ပြန်လာပြီလား သံစဉ်ချယ် ... ”

“ကိုကြီးမဟော်နဲ့လည်း စကားတွေအများကြီးပြောခဲ့တယ်လေ အန်တီ ... ”

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ”



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ချယ်ဆိုတဲ့ကောင်မလေးက မဟော်ဆီကပြန်လာတာ မြူးကြွသွက်လက်နေသည်။ ပန်းခေတ်ကတော့ မသိချင်ဟန်ဆောင်ပြီး ပန်းပင်တွေကိုပဲ ရေဖြန်းနေလိုက်ပါသည်။ မဆိုင်တဲ့စကားတွေကိုလည်း အရည်မရ အဖတ်မရ မပြောချင်လို့ပါ။

"ချယ်မွေးနေ့က အခုလာမယ့် ဆန်းဒေးနော် အန်တီ … ကိုကြီးမဟော်ကိုတော့ ချယ်ပြောခဲ့တယ်၊ အဲဒီနေ့တစ်နေ့လုံး စာမသင်ဘဲ ချယ်တို့ခြံမှာ တစ်နေကုန်လာနေရမယ်လို့ ဟင်းဟင်း … အန်တီပါလိုက်ခဲ့နော် … "

"အို … လိုက်ရမှာပေါ့ … "

"ဒါဆို ချယ်သွားပြီနော်အန်တီ … တာ့တာ … တာ့တာ"

အဲလိုသွက်တဲ့ ကောင်မလေး။

ပန်းပင်တွေကြားထဲမှာ ဒေါ်ဝတီနှယ် မချိပြုံးလေးပြုံးရင်း ကျန်ခဲ့သလို ပန်းခေတ်ကတော့ မဟော်စာကျက်နေတဲ့နေရာလေးကိုပဲ ခပ်တည်တည် လှည့်ထွက်လာခဲ့ပြီ။

စာသင်ဆောင်စားပွဲလေးကို ရောက်တော့ …

မဟော်က ဖျတ်ခနဲမော့ကြည့်ကာ …

"မင်းနဲ့ချယ် တွေ့လိုက်တယ်ဆို"

"အဲဒါ … ကျွန်မ စိတ်မဝင်စားဘူး"

"ဘာ … "

"ကျွန်မ ကျက်ခိုင်းထားတဲ့စာတွေ ရှင်ရ မရပဲသိချင်တယ်"

"ကျွတ် … "

မဟော် စုတ်သပ်ပြီး ခေါင်းလေးခါသည်။

ပြီးတော့မှ … နှုတ်ခမ်းလေးတွန့်ကာ ပြုံးလိုက်၏။





"ချယ့်ကို မင်းဂျေမဝင်နဲ့နော်"

"ဘာပြောတယ်"

"*သံစဉ်ချယ်ရောက်လာလို့ မင်းဘယ်လောက်စိတ်တိုနေတယ်ဆိုတာ* ချယ် ပြောသွားလို့ ငါသိပြီးသား … ဒါပေမဲ့ … အဲဒီကောင်မလေးကို ငါရင်မခုန်ပါဘူး … ခြောက်တန်းနှစ်လောက်ကတည်းက ငါနဲ့ခင်ခဲ့တာမှန်ပေမယ့် ရင်ထဲမှာ လှိုင်းတစ်ချက် မထခဲ့တာ ငါပဲသိတယ် … သေချာတာ မင်းကိုမမီပါဘူး"

"ရှင် … ရှင် … ဘာတွေပြောနေတာလဲ"

ပန်းခေတ် မျက်နှာထားလေးကိုတော့ ရသမျှအကုန်တည်တင်းထားလိုက်သည်။ ဒီလိုမှ လုပ်မထားရင် မဟော့်ကို တစ်နေ့မဟုတ်တစ်နေ့မှာ ပန်းခေတ် အရှုံးပေးလိုက်ရတော့မှာလေ။

စာသင်နေရတာလည်း အနီးကပ်လေ။

ထိုင်နေရတာလည်း မျက်နှာချင်းဆိုင်လေး။

ပြီးတော့ … မဟော်ဆိုတာက အရွယ်နဲ့မလိုက်အောင် ခန္ဓာကိုယ်က သန်မာထွားကြိုင်းနေတာ အရပ်ကလည်းမြင့်သလားမမေးနဲ့။ စောစောကလာတဲ့ သံစဉ်ချယ်ဆိုတဲ့ကောင်မလေးက မဟော်ကို ဘယ်လောက်စွဲလမ်းနေသလဲဆိုတာ အမူအရာလေးကိုကြည့်လိုက်တာနဲ့ သိနေတာလေ။

"ငါပြောတာ သံစဉ်ချယ်ကို မကျေမနပ်ဖြစ်မနေနဲ့လို့ငါပြောတာ … ဒီကောင်မလေးကလည်း ဒီနှစ်မှ ဆယ်တန်းစဖြေမှာ၊ ငါ့သူငယ်ချင်း ပိုင်လေးရဲ့ တစ်ဦးတည်းသောညီမလေး … ပိုက်ဆံချမ်းသာတယ်၊ တစ်အိမ်လုံးက အလိုလိုက်ထားလို့အရမ်းဆိုးတယ်၊ ငါ့ကိုတော့ အရမ်းခင်တယ် … မွေ့နေလာဖိတ်တာ … "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စိတ်မဝင်စားဘူး"

ပန်းခေတ် ထပ်ပြောပေးလိုက်သည်။

"ဒါဆို မင်းစိတ်ဝင်စားတာ ဘာလဲ ... "

"ရှင် ... စာမေးပွဲအောင်ဖို့ ... "

ပန်းခေတ်ကတော့ ခပ်ပြတ်ပြတ်ပဲ။

ပြောပြီးတာနဲ့ နှုတ်ခမ်းလေးကိုပါ ခပ်တင်းတင်းလေးစေ့ပစ်လိုက်ပါသည်။ အခုချိန်မှာ အပိုစကားတွေလည်း ပန်းခေတ်မပြောချင်ပါ။

"ဟွန်း ... အဲဒါလည်း ငါသိတယ်လေ၊ ငါအခုရှင်းပြနေတာ သံစဉ်ချယ်ဆိုတဲ့ကောင်မလေး တစ်ယောက်အကြောင်းကို မင်းသိထားသင့်တယ်ထင်လို့ ရှင်းပြနေတာ ... နေပါဦး မင်းက သံစဉ်ချယ်ကို ဘာလို့စိတ်မဝင်စားတာလဲ ... "

ပန်းခေတ်မျက်နှာလေးကို ဖျတ်ခနဲ မော့လိုက်ရပြန်ပြီ။

"ဒီမှာ ... "

စူးရှုးလက်လက်မျက်ဝန်းတွေနဲ့ပဲ သူ့ကို ပန်းခေတ် စိုက်ကြည့်သည်။

"ရှင်နဲ့ပတ်သက်နေသမျှအရာတွေအားလုံးကို စိတ်ဝင်စားနေဖို့ မန္တလေးကနေ ကျွန်မထွက်လာခဲ့တာမဟုတ်ဘူး၊ မိမနိုင်ဖမနိုင် သောင်းကျန်းဗိုလ်ကျပြီးတော့ စာမေးပွဲကျနေတဲ့ရှင့်ကို လမ်းမှန်ပေါ်ရောက်ပြီး စာမေးပွဲအောင်စေချင်တဲ့ဆန္ဒနဲ့ဆင်းလာတာ ... ဒီဆန္ဒကလွဲရင် တခြားဆန္ဒတွေ ကျွန်မရင်ထဲမှာ ဘာမှမရှိဘူး ... အခုရော ကျွန်မ ဒီမနက်အတွက် ကျက်ရမယ့်စာတွေ ပေးခဲ့





တာ ရှင် ရပြီလား ... "

"ရပြီ ... "

"ရရင် အလွတ်ဆိုပြ ... ကျန်တာတွေလာမပြောနဲ့"

ပန်းခေတ် ခပ်မာမာပဲ ပြောပေးလိုက်သည်။

နာရီလေးကို မြှောက်ကြည့်လိုက်တော့လည်း စာသင်ဝိုင်းကို ပြေးဖို့အချိန်နီးကပ်လာပြီလေ။ ဒီလိုမှ ခပ်ပြတ်ပြတ်မလုပ်ရင် မဟော်ကို ဘယ်လိုထိန်းမလဲ။

မဟော်က စာပိုဒ်တွေကို ဆိုပြနေချိန်မှာ ...

ပန်းခေတ် သတိရလိုက်တာ ဖေဖေ့ကိုပါပဲ။

ဖေဖေရယ် ...

ဒီခြံကြီးထဲမှာ ဘယ်လိုအခက်အခဲတွေပဲရှိရှိ ...

ပန်းခေတ် အရှုံးတွေနဲ့ ဖေဖေ့ဆီကို ဘယ်တော့မှပြန်မလာပါဘူးဖေဖေ။ ပန်းခေတ်ကို မန္တလေးကလာတဲ့ ဒရိုင်ဘာသမီးဆိုပြီး ဒေါ်ဝတီနွယ်က ဘယ်လိုပဲနှိမ်နှိမ် ... သူနဲ့မာနချင်းပြိုင်ပြီး အနိုင်တွေနဲ့ပဲ ဖေဖေ့ဆီကို ပန်းခေတ် ပြန်လာခဲ့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

"ပန်းခေတ်လေးရေ ... ပန်းခေတ်လေး ရှိလားဟင်"

"ဟင် ... ဖွား ... ပန်းခေတ် ဒီမှာရှိတယ်လေ ... "

"မြေးမဟော် ပြန်ရောက်မလာသေးလို့ ပန်းခေတ်လေး စိတ်ပူနေတယ်ဆို ... "

"ဟာ ... အဲဒါ ဖွားကို ဘယ်သူပြောတာလဲ ... "

ပန်းခေတ် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

တော်ကြာ ... ဒေါ်ဝတီနွယ်သိသွားရင် ပန်းခေတ် ထောင်လိုက်တယ်ဖြစ်သွားမှာစိုးလို့လေ။ ပန်းခေတ် အပြောလည်းမခံနိုင်ပါဘူး။

"ဟဲ့ ... ဘယ်သူပြောရမှာလဲ၊ မညိုပြောလို့ ငါချက်ချင်းဆင်းလာတာလေ ... အဲဒါ ... မြေးမဟော်ကို ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားတယ်ပြောလို့ ပန်းခေတ်လေးဆီကို ဖွားထွက်လာတာ"

"ဟုတ်တယ်လေဖွား ... ညနေ ငါးနာရီဆို ခြံထဲကိုမဟော်





ပြန်ရောက်လာရမှာ ... အဲဒါ ... အဲဒါ ဘယ်လိုလုပ်ကြမလဲ ... "

"ဟဲ့ ... လိုက်သင့်ရင် နောက်ကလိုက်ရမှာလေ၊ ခြံထဲကနေပဲ ဒီအတိုင်းထိုင်စောင့်နေလို့ရမလား ... အခု ဒရိုင်ဘာ မောင်သန်းလည်း ပြန်ရောက်နေပြီ ... ပန်းခေတ်လေးကိုယ်တိုင် မောင်သန်းနဲ့ လိုက်သွား ... တွေ့တာနဲ့ ချက်ချင်းပြန်ခေါ်ခဲ့ ... "

"ဟုတ် ... ဖွား ... "

ဒါနဲ့ပဲ ဖွားအမိန့်နဲ့ မဟော့်နောက်ကို လိုက်ခဲ့ရတဲ့ပန်းခေတ်

"အို ... စာသင်ဝိုင်းက ကျောင်းသားတွေကို ပြန်လွှတ်လိုက်တာ ညနေလေးနာရီခွဲကတည်းက ပြန်လွှတ်လိုက်တာလေ ... ဟာ နေဦး ... နေဦး ... မဟော်တို့ကကျောင်းလွှတ်ရင် ဒီခြံကြီးတွေရဲ့ ဟိုးဖက်အဆုံးထိပ်က အိုအေစစ်ဆိုတဲ့ အအေးဆိုင်လေးမှာသူတို့ သူငယ်ချင်းတွေ ထိုင်ချင်ထိုင်နေတတ်တာ ... အဲဒီမှာ လိုက်သွားကြည့်ပါလား ... "

စာသင်ဝိုင်းခြံက အန်တီသက်ညွှန်လို့ ...

အိုအေစစ် အအေးဆိုင်ကလေးကို လိုက်သွားကြည့်လိုက်တော့ ...

"ဟင် ... "

ကျေးဇူးရှင်က ဆိုင်ထဲမှာ ကောင်မလေးတစ်ယောက်နဲ့။

ဘယ်သူဖြစ်ရမှာလဲ ...

သံစဉ်ချယ်ဆိုတဲ့ ကောင်မလေးလေ။

"ဟာ ... စံပန်းခေတ် ... "

ပန်းခေတ်ကိုမြင်တော့ မျက်နှာပျက်သွားတာ မဟော်ပါ။

"ဟာ ... ထိုင်ပါ ... ထိုင်ပါ ... ဟင်း ဟင်း ... "



www.burmeseclassic.com

www.burmeseclassic.com



ထရတော့မလို ထိုင်ရတော့မလိုဖြစ်သွားတဲ့ မပော်ကို လက်ကလေးပြကာပဲ ပန်းခေတ် ထိုင်ခိုင်းလိုက်ရပါသည်။

ပန်းခေတ်ကလည်း ခပ်တည်တည်ပဲ မပော်တို့ဝိုင်းမှာ ဝင်ထိုင်ပစ်လိုက်၏။

"ယူနော် ... ချယ်တို့နှစ်ယောက်ကြားမှာ လာမရှုပ်နဲ့"

"ဟင် ... "

"ချယ် အကောင်းပြောနေတာ"

သံစဉ်ချယ်ပြောနေတာ မျက်နှာထားလေးက မာနေသည်။

"အဟင်း ... ဝမ်းနည်းပါတယ် ညီမလေး ... "

"ဘာ ... ဘာရယ် ... "

"မပော်မှာ ဒီလိုအချိန်ထိုင်ဖြုန်းခွင့်မရှိလို့ ပြန်လာခေါ်တာပါ ... ကဲ ... မပော် သောက်ပြီးစားပြီးရင် ပြန်မယ် ... "

"ကြည့်စမ်း ... "

သံစဉ်ချယ် မျက်နှာလေး ... ဖျတ်ခနဲ ရဲသွားသည်။

ဘာလဲကွာ ... အဓိပ္ပာယ်မရှိ။

သံစဉ်ချယ် နှုတ်ခမ်းလေးကိုကိုက်သည်။

"ဒီမှာ ... ဒီမှာ ... "

ခပ်ဆောင့်ဆောင့်အသံကလေးနှင့် သံစဉ်ချယ့်မျက်နှာလေး မော့လာ၏။ ပန်းခေတ်ကတော့ အေးဆေးပါ။ ဒီရန်ကုန်သူ ခပ်လန်လန်ကောင်မလေးကို မန္တလေးသူ စံပန်းခေတ်က ဂရုစိုက်နေစရာလား။

"ဟင် ... မင်း ဘာပြောချင်လို့လဲ ... "

ပန်းခေတ်နဲ့သံစဉ်ချယ် ... အကြည့်ချင်းဆုံသွားသည်။





မျက်တောင်ရှည်တွေ ဖျတ်ခနဲ ကော့သွားအောင် ဂရုမစိုက်သလို ခပ်တင်းတင်းကြည့်လိုက်မိတာလည်း စံပန်းခေတ်ပဲပေါ့။

"အို ဘာပြောချင်ရမှာလဲ ... ကိုကြီးမပော်နဲ့တို့က အရမ်းခင်တယ်ဆိုတာ ယူ့ကိုအပြတ်ပြောပြီးသားလေ ... စာသင်တာ ပြီးသွားလို့ ဒီဆိုင်လေးမှာ ခဏဝင်ထိုင်နေတာကို ယူဘာလို့ လာနှောက်ယှက်လဲ ... ဒါ ... ယူသက်သက်မဲ့ မနာလိုဝန်တိုစိတ်နဲ့"

"အို ... ကြည့်စမ်း ... "

ပန်းခေတ်မျက်နှာလေး ဖြန်းခနဲရဲတွတ်သွားအောင် သံစဉ်ချယ့်စကားလုံးတွေက ပြင်းထန်သွားသည်။

"ချယ် ... မင်း အဲလိုမပြောနဲ့လေ ... "

မပော်က ကြားထဲက မနေနိုင်ပါ။

နေရာတကာ မပော်ကို အထိမခံတတ်တဲ့ချယ့်ကို လန့်သလို တည်တင်းနေတဲ့ ပန်းခေတ်ကိုလည်း မပော်က ကြောက်ခဲ့ရတာမဟုတ်လား။

ဒါကြောင့်မို့လည်း ...

မပော်က ကပျာကယာ လက်ကာတားလိုက်ရတာပါ။

ဒီလိုတားတော့ ... ချယ့်မျက်စောင်းလေးက မပော့်ဆီကိုပဲ ဖျတ်ခနဲ ဝေ့လာ၏။

"ကိုကြီးနော် ... မန္တလေးကလာတဲ့ ဒရိုင်ဘာ့သမီးဘက်ကို ကိုကြီးမလိုက်နဲ့ ... ကိုကြီးနဲ့ချယ် ခင်ခဲ့တာ ချယ်ငယ်ငယ်လေးထဲကခင်ခဲ့တာ ... ဒါကို မဆီမဆိုင် ယူကကြားထဲကနေ လာခေါ်နေစရာလား ... အဲလိုလာခေါ်တာ ချယ်လုံးဝ မကျေနပ်ဘူး ... ကိုကြီးသူ့ကိုပြန်နိုင်းလိုက် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ် ... "

ပန်းခေတ် မျက်ခုံးတန်းလေး ကျုံ့တက်ခဲ့ရပြီ။

"ဟွန်း ... တို့ပြောတာ ရှင်းရှင်းလေးပြောတာလေ ... ယူ မကျေနပ်လည်း မတတ်နိုင်ဘူး ... "

မန္တလေးကလာတဲ့ ဒရိုင်ဘာသမီးတဲ့။

ဒီလိုမဆီမဆိုင် အပြောခံလိုက်ရတာကိုတော့ ပန်းခေတ် နှလုံးသားထဲမှာ လုံးဝနာကျင်သွားအောင် ခံစားလိုက်ရသည်။

"မင်း ... မင်းစကားပြောတာ ဂုဏ်သိက္ခာရှိရှိလေးနဲ့ အဆင့်အတန်းရှိရှိလေး ပြောစမ်းပါ သံစဉ်ချယ် ... မဆိုင်တဲ့စကားလုံးတွေ သုံးပြီး တို့ကိုစော်ကားဖို့ မင်းမကြိုးစားနဲ့ ... ဟွန်း ... မင်းဟာမင်း သိန်းပေါင်းများစွာချမ်းသာတဲ့ ကောင်မလေးမကလို့ ကောင်းကင်ပေါ်ကဆင်းလာတဲ့ မိုးကျနတ်သမီးလေးဖြစ်နေရင်တောင် မန္တလေးကလာတဲ့ ဒရိုင်ဘာသမီး စံပန်းခေတ်က မင်းတို့ဂရုစိုက်မယ်ထင်နေလား ... လုံးဝ ဆောရီးပဲ ... မဟော် ... ရှင် အခုပြန်လိုက်ခဲ့ ... "

ပြောပြီးတာနဲ့ နှုတ်ခမ်းလေးတွန့်ကာ ပန်းခေတ်တစ်ခါတည်း ထရပ်သည်။

"ဟာ ... ပြဿနာပဲကွာ ... "

စိတ်ဓာတ်ကျသွားရတာ မဟော်ပါ။

ပြန်မလိုက်ရင်လည်း ပန်းခေတ်က ပြဿနာရှာတော့မှာ။

"နေ ... နေပါဦး ပန်းခေတ် ... မင်း ... အခု ဒီကိုလိုက်လာတာ မင်းသဘောနဲ့မင်းလိုက်လာတာလား ... မေမေက ခိုင်းလိုက်တာလား ... "

"ဖွား လွှတ်လိုက်တာ ... "





"သေ ... သေစမ်းကွာ ... "

ကြည့်စမ်း ... ဖွားတဲ့ ... ဖွား လွှတ်လိုက်တာတဲ့။

"ကိုကြီးနော် ... ဖွားလွှတ်တာဆိုရင် ဖွားကို အခုချက်ချင်း ချယ်ဖုန်းဆက်ပြီး ခွင့်တောင်းမယ် ... နောက်ထပ်နာရီဝက်လေးပဲ ကိုကြီးနဲ့ထိုင်ပြီး မုန့်စားပါရစေလို့ ဖွားက ကိုကြီးကိုချစ်သလို ချယ့်ကိုလည်း မြေးတစ်ယောက်လို ဖွားကချစ်ခဲ့တာလေ ... ချယ်ပြောရင် ဖွားဘာလို့ခွင့်မပြုရမှာလဲ"

ချယ်က ခွတ်တရွတ်လေးပြောပြီး ဟန်းဖုန်းလေးကို အိတ်ထဲကနေ ခပ်သွက်သွက်လေး ဆွဲထုတ်သည်။

"ဟာ ... ချယ် ... ရမှာမဟုတ်ဘူး"

"ကိုကြီးနော် ... "

"ချယ်ရာ ... ချယ် ဖွားအကြောင်းကိုလည်း သိရဲ့သားနဲ့ အခု ... ဒီနှစ်စာမေးပွဲအောင်ကောင် ပန်းခေတ်ကိုပဲ ဖွားက အထူးအာဏာကုန်လွှဲထားတာ ... ပန်းခေတ် ခွင့်မပြုရင် ဖွားကလည်း ပန်းခေတ်ဖက်ကိုပဲလိုက်မှာ ... ကိုကြီးပြန်မယ်ကွာ"

သံစဉ်ချယ် ငိုမဲ့မဲ့လေး ဖြစ်နေပြီ။

နောက်တော့မှ နှုတ်ခမ်းလေးကို ခပ်တင်းတင်းလေး ချယ်ကကိုက်လိုက်သည်။ ချယ် မကျေမနပ်ကြည့်လိုက်တာ ပန်းခေတ်ကိုပါပဲ။

"ဟွန်း ... ယူ့ကို ချယ် လုံးဝမကျေနပ်ဘူး သိလား"

ကြားပေမယ့် ပန်းခေတ် မသိချင်ဟန်ပဲဆောင်နေလိုက်သည်။ သူမနှင့်ပန်းခေတ် စကားတွေအများကြီး ပြောနေစရာလိုလို့လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ညီမလေးတို့က ဒီဆိုင်ထဲမှာထိုင်နေတာကိုး"

"ဟင် ... ကိုကို ... "

မထင်မှတ်ဘဲရောက်လာတာ ဟိုဇရုတ်သုဂ္ဂ သုံးယောက် အတွဲ။ ဘယ်သူတွေဖြစ်ရမှာလဲ ... ချယ့်ကိုကိုပိုင်ရေလးရယ်၊ အောင်ကိုရယ်၊ စပ်ဖြဲဖြဲမျက်နှာနှင့် မင်းသန့်တို့သုံးယောက်ရယ်လေ။

ဒီကောင်တွေမှာလည်း လွယ်အိတ်ကိုယ်စီနဲ့။

သူတို့စာသင်နေတဲ့ဝိုင်းက ပြီးသွားလို့ ဒီဘက်မှာသုံးယောက် သား လာရှာတာပဲနေမှာပေါ့။

"ဟဲဟဲ ... ဆရာမလည်း ရောက်နေတာကိုး ... "

မင်းသန့်က တဟဲဟဲလုပ်ရင်း ပန်းခေတ်ကို စကားရောဖော ရောသွားလုပ်သည်။ ပန်းခေတ်က မျက်နှာထားတည်တည်ကလေး ဖြင့် ...

"ရောက်နေတာမဟုတ်ဘူး ... မပော် ပြန်မလာလို့လိုက် ခေါ်တာ"

"ဟာ ... ခေါ်ပါ ... ခေါ်ပါ ... ကျွန်တော်တို့ကလည်း မပော့်ကို ဆွဲမထားပါဘူး ... အရေးကြီးတာ ဟိုတစ်ယောက်က နှုတ်ခမ်းစူနေတာ"

မင်းသန့်ပြောရင်း မေးငေါ့ပြလိုက်တာ ပိုင်လေးညီမ သံစဉ် ချယ့်ဆီကိုလေ။

"ဟာ ... မဆူလို့ရမလား ကိုမင်းရဲ့ ... ဒီမှာ ကိုကြီးနဲ့အေး အေးဆေးဆေး ဆိုင်မှာထိုင်ပြီး စကားပြောနေတဲ့ဥစ္စာကို အတင်း လာခေါ်နေတာလေ ... အဲဒါ ... ကိုကြီးကပါ ပြန်လိုက်သွားတော့ မယ်ပြောလို့ ဒေါပွနေတာ ... ဟွန်း ... "





သံစဉ်ချယ်က နှုတ်ခမ်းလေးကိုပင် မဲ့ပြနေလိုက်သေးသည်။ ဒါကိုကြည့်ပြီး အားလုံးက ရယ်လိုက်ကြပေမယ့် ပိုင်လေးက သူ့ညီမ ကိုပဲ မျက်စောင်းထိုးကြည့်ကာ ...

"ဟာ ... အဲဒါ နင်ဒေါပွလို့ရမလား ... ဒီဆရာမက အချိန် ယေားတိတိကျကျနဲ့ မပော့်ကို တာဝန်ယူဂိုက်လုပ်ပေးနေတာ၊ ပြီးတော့လည်း ... ဒီဆရာမ စံပန်းခေတ်က ဖွားရဲ့အချစ်တော်"

"လုပ်မနေနဲ့ အထင်မကြီးဘူး ... ကျစ်ဆံမြီးရှည်ကြီး တွဲ လောင်းချပြီး အတည်ပေါက်နဲ့ ချယ့်ကိုလာဟောက်နေတာ ... ချယ် ကြောက်နေမယ်ထင်သလား ... အဆင့်အတန်းချင်း မိုးနဲ့မြေ လိုကွာတာ ... ချယ်က သိပြီးသား ... လာလုပ်မနေနဲ့ ... ချယ်နဲ့ ကိုကြီးကိုဝေးအောင်လုပ်ရင် လုပ်တဲ့သူ ချယ့်ရန်သူပဲ ... "

"ဟင် ... "

ကြည့်စမ်း ...

ဒါ ဘာစကားလဲ။

ပန်းခေတ် မျက်တောင်ရှည်တွေပင့်ကော့ကာ မျက်ဝန်း လေးတွေပါ ဝိုင်းစက်သွားသည်။ ဒါ ... ဒါ ... ပန်းခေတ်ကို တမင် ရည်ရွယ်ချက်ရှိရှိနဲ့ စိမ်ခေါ်လိုက်တာလေ။ ချယ်နဲ့ကိုကြီးကို ဝေး အောင်လုပ်ရင် လုပ်တဲ့သူ ချယ့်ရန်သူပဲတဲ့။

ပန်းခေတ် မျက်နှာလေးကို ချာခနဲပြန်လှည့်ကာ သံစဉ်ချယ် ဆိုတဲ့ ခပ်ဗွာဗွာကောင်မလေးကို မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

"ဒီမှာ သံစဉ်ချယ် ... မင်းစကားပြောတာ တစ်ဖက်လူကို ထိခိုက်အောင် ဂုဏ်သိက္ခာရှိရှိလေးပြောစမ်း ... မင်းနဲ့မပော့်ကို ဝေးအောင်လည်း ဘယ်သူကမှလုပ်နေတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဝေးအောင်မလုပ်ရင် ဘာလို့လာခေါ်နေလဲ"

တွေ့လား ...

ပြန်ပြောနေတာတောင် ကလေးဆန်လွန်းနေတဲ့ သံစဥ်ချယ်။

"ချယ် ... ညီမလေး ... နင် ဒီလိုပြန်မပြောနဲ့လေ"

ပိုင်လေး မနေနိုင်မထိုင်နိုင် ကြားထဲက ဝင်ဟောက်သည်။

"ဒါ ... မဟော်ကို ဆယ်တန်းအောင်အောင် ဂိုက်လုပ်ပေးနေတဲ့ဆရာမ ... သူ့မှာတာဝန်ရှိနေလို့လာခေါ်တာ ... နင်နဲ့ဘာမှမဆိုင်ဘူး ... နင် ဘာလို့စာသင်ပြီးတာတောင် အိမ်မပြန်ဘဲမဟော်ကို ခေါ်ထိုင်နေလဲ ... မဟော်ပြန်ရမှာ နင်နားမလည်ဘူးလား"

သူ့အစ်ကိုပိုင်လေးကိုလည်း ချယ်က ကြောက်ပုံမရ။

"နားမလည်ဘူး ... ကိုကြီးမဟော်ဆီက မွေးနေ့ လက်ဆောင်မရသေးလို့ တောင်းနေတာ ... ဒါကို သူဘာလို့လာရှုတ်လဲ"

ကြည့်စမ်း ...

ထပ်ပြောနေပြန်ပြီ။

တကယ်မလွယ်တဲ့ ညီမလေး သံစဥ်ချယ်။

နေရာတကာ သူပဲ အနိုင်ယူရမှ ကျေနပ်နေတတ်တဲ့ ညီမလေး။ မဟော်ကလည်း ခင်းဆိုးသမျှကို အလိုလိုက်လွန်းတယ် အင်းလေ ... မဟော်နဲ့ညီမလေးက ငယ်ငယ်လေးကတည်းက ဝင်ထွက်ပတ်သက်လာတာဆိုတော့ မဟော့်ကို ချယ်ကခင်တွယ်နေတော့မှာပေါ့။

"အို ... တို့ကွာ လာရှုတ်တာ မဟုတ်ဘူးလေ ... မင်းဘာလို့ ပြဿနာရှာချင်တဲ့စကားတွေပဲ ပြောနေရတာလဲ သံစဥ်ချယ်"





"ဒီမှာ ကိုယ်နဲ့အဆင့်ချင်းမတူတဲ့ လူတစ်ယောက်ကို ချယ်က ပြဿနာရှာနေစရာလား ..."

"ဟင် ..."

ဒီလိုပြောတာတော့ သံစဥ်ချယ် တော်တော်လွန်သွားပြီ။

ပန်းခေတ်မှာ ဒီထက်ပိုပြီးတော့လည်း သည်းခံနိုင်စွမ်းမရှိတော့ပါ။ ကိုယ်နဲ့အဆင့်ချင်းမတူတဲ့ လူတစ်ယောက်ကို ချယ်က ပြဿနာရှာနေစရာလားတဲ့ ... ကောင်းပြီလေ ... သံစဥ်ချယ် မင်းနဲ့တို့မှာ ဘယ်သူက အဆင့်အတန်းပိုရှိတယ်ဆိုတာ မင်းသိအောင် ပြရတော့မှာပေါ့။

"ဟွန်း ... ဒီမှာ ... ဒီမှာ ... အဆင့်ချင်းမတူဘူးဆိုတာ မင်းဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ ... မိဘချမ်းသာတာကို နဖူးမှာတံဆိပ်ကပ်ပြီး ဟစ်ကြွေးနေတာထက်စာရင် ဆယ်တန်းတောင် မအောင်သေးတဲ့ မင်းအဆင့်ကို တို့နဲ့လိုက်မီအောင် မင်းအရင်ကြိုးစားကြည့်လိုက်ဦး သံစဥ်ချယ် ..."

"ဘာ ... ဘာပြောတယ် ..."

"ဟွန်း ... တို့ပြောတာ ရှင်းရှင်းလေးပဲဟာ ... သံစဥ်ချယ်၊ မင်းက မိဘတွေချမ်းသာတဲ့အရှိန်အဝါနဲ့ ခေတ်ဟောင်းက ပေတံကြီးကိုထုတ်ပြီး တို့ကိုလာတိုင်းနေတာ တို့အဆင့်ကိုမှီချင်ရင် ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးပါအောင်ပဲ မင်းအရင်ကြိုးစားကြည့်လိုက်ဦး ... ကဲ ... တို့ပြောချင်တာက ဒါပါပဲ ... မဟော် သွားမယ်"

"ဟာ ..."

"ဟင် ..."

အားလုံးပါးစပ်အဟောင်းသားလေးတွေနဲ့ပဲ ဆိုင်ထဲမှာကျန်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည်။ ဒါပေမဲ့ ... ခြေသံ တဖျတ်ဖျတ်လေးနဲ့ ပန်းခေတ်နောက်ကို ပြေးလိုက်လာတာ မဟော်ပါ။ ပြီးတော့လည်း ဘာမပြောညာမပြော ကားနောက်ခန်းမှာ မျက်နှာထားတင်းတင်းလေးနဲ့ထိုင်နေတဲ့ ပန်းခေတ်ဘေးမှာ ဇွတ်ခနဲ ဝင်ထိုင်သည်။

"မင်း ... မင်း ... တကယ်မလွယ်ဘူး၊ စံပန်းခေတ် ... "

"ဟင် ... ဘာမလွယ်တာလဲ"

"ဟိုမှာ ... ချယ် ဒေါ်ပွပြီး ကျန်ခဲ့ပြီကွ"

"ဟွန်း ... "

သူ့ကိုလှည့်မကြည့်ဘဲ နှုတ်ခမ်းလေးကိုပဲ ပန်းခေတ်မဲ့မိသည်။ ဒီလို ထောင့်မကျိုးတဲ့ ကောင်မလေးဒေါ်ပွတာကို ပန်းခေတ်က ဂရုစိုက်နေစရာလိုသလား။ စံပန်းခေတ်ပါ ... တစ်သက်လုံးကိုယ့်မာနနဲ့ကိုယ် ဘယ်သူ့ကိုမှ အောက်ကျမခံဘဲ ခပ်မာမာလေး ရပ်တည်လာခဲ့တာ။

"အဲဒါ ... ကျွန်မက ဘာလုပ်ရမှာလဲ"

"မင်းကွာ ... "

"ဒီမှာ ... ရှင့်နောက်ကို ကျွန်မလိုက်လာတာ ဖွားရဲ့တာဝန်ပေးစေခိုင်းချက်အရ ကျွန်မလိုက်လာတာ၊ လူတကာရဲ့အစော်ကားခံဖို့ ကျွန်မလိုက်လာတာမဟုတ်ဘူး ... အရေးကြီးတာ ကျွန်မနောက်ကို ရှင်ပါလာဖို့ပဲ ... "

ပန်းခေတ်ကတော့ ခပ်ပြတ်ပြတ်ပဲ။

ဒီကိစ္စမှာ ဘယ်သူ့ကိုမှ ပန်းခေတ် အလျှော့မပေးနိုင်ပါဘူး။ ဒေါ်ဝတီနွယ် ပြောလည်း ပန်းခေတ်ရင်ဆိုင်မယ်။

"ဟင် ... ဒါက ဘယ်လိုဖြစ်လာတာလဲ ... "





ခြံထဲရောက်လို့ ကားပေါ်ကဆင်းတော့ ပက်ပင်းတိုးသွားတာ ဒေါ်ဝတီနွယ်။ ဒေါ်ဝတီနွယ် မျက်လုံးပြူးပြီး မေးမယ်ဆိုလည်း မေးချင်စရာပါ။ ပန်းခေတ်နဲ့မဟော်က ကားနောက်ခန်းမှာ အတူတွဲစီးလာတာကို ဒေါ်ဝတီနွယ် ထိတ်လန့်တုန်လှုပ်သွားခဲ့တာလေ။

ဒီလိုအတူတွဲပြီး ဘယ်တုန်းက ကားစီးဖူးလို့လဲ။

"ဟုတ် ... အန်တီ ... မဟော်၊ အိမ်ပြန်နောက်ကျနေလို့ ပန်းခေတ် သွားကြိုလာတာပါ"

"ခက်တယ် ... ခက်တယ် ... အရမ်းခက်တယ်၊ ဟင်းဟင်း"

မျက်မှောင်လည်း ကျုံ့ကြည့်သေး။

စိတ်ပျက်တဲ့လေသံနဲ့လည်း ညည်းသွားလိုက်သေးတာဆိုတော့ ပန်းခေတ် ချက်ချင်းပဲ အထာပေါက်လိုက်ပြီပေါ့။

"ရှင် ... အန်တီ ဘာဖြစ်လို့လဲ ... "

ပန်းခေတ်ကလည်း တစက်ကလေးမှ ဆတ်ဆတ်ထိမခံတာဆိုတော့ ပိုဆိုးသွားသည်။

"မဖြစ်ဘူး ... မဖြစ်ဘူး ... မင်းထပ်မမေးနဲ့"

"ရှင် ... "

ဒေါ်ဝတီနွယ်ကလည်း ခပ်မာမာပဲ။

"သား မဟော် ... မင်းခဏနေဦး ... "

တိုက်ထဲဝင်ဖို့ ခြေလှမ်းပြင်နေတဲ့ မဟော်တစ်ယောက် မေမေ့အော်သံကြောင့် ခြေလှမ်းတွေပါ သူ့အလိုလို တုန့်ခနဲရပ်သွားရသည်။

"ဗျာ ... မေမ ... "

"မင်း ... မင်း ဘာလုပ်တာလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"အား ... အား ... နာလိုက်တာ မေမေရာ ... "

ရုတ်တရက် မပြောမဆိုသားကိုပဲ ဒေါ်ဝတီနွယ် ဗိုက်ခေါက် လိမ်ဆွဲလိုက်မိတာလေ။ မဆွဲလို့ရမလား။ ကားနောက်ခန်းမှာ နှစ် ယောက်အတူတွဲပြီး ကားစီးပြန်လာကြတဲ့ဥစ္စာကို သူများတွေမြင် ရင် ဘယ်လိုထင်မလဲ။

"မင်း ... မင်း ... နားမလည်ဘူးလားဟင် ပြောစမ်း ... မဟော် ... ဒီကောင်မလေးနဲ့ကားနောက်ခန်းမှာ နှစ်ယောက်အတူ တွဲစီးဖို့ မင်းကိုဘယ်သူကမ်းလှမ်းခဲ့တာလဲ စံပန်းခေတ်လား ... "

"ဟာဗျာ ... မေမေကလဲ ... "

"ဘာဟာဗျာလဲ ... ဘာဟာဗျာလဲ ... မင်းနောက်ကို စံပန်း ခေတ်လိုက်သွားပြီဆိုတာ သိလိုက်ကတည်းက မေမေဘယ်လိုပုံစံ နဲ့ပြန်လာမလဲဆိုတာ စောင့်ကြည့်နေတာ၊ ခုတော့ ထင်တဲ့အတိုင်း ပဲ ... ဟွန်း ... ငါ့ရှေ့မှာ မျက်စိနောက်အောင်လုပ်ဖို့တော့ မစဉ်း စားနဲ့ ... မန္တလေးကို အထုပ်ပိုက်ပြီးပြန်ဖို့ပဲ ပြင်ထား ... "

ဒေါ်ဝတီနွယ် အသံခပ်ကျယ်ကျယ်လည်း မအော်ရဲပါ။ မအော်ရဲတာ ဟိုကလည်း မာနလေးနဲ့လေ။

ကြားသွားလို့ ပြန်လှည့်လာရင် ဘယ်လိုလုပ်မလဲ။

"ဟွန်း ... စံပန်းခေတ်ကလား ... သားနားကိုကပ်မှာ ဝေး သေးတယ် ... သားကိုလိုက်ခေါ်လို့ ဒေါသဖြစ်ဖြစ်နဲ့ နောက်ခန်း တံခါးဆွဲဖွင့်ပြီး သားက ဝင်ထိုင်ပစ်လိုက်တာ ... "

"အမလေးဟယ် ... ကြည့်စမ်း ... "

ဒေါ်ဝတီနွယ် မျက်လုံးပြူးရပြီ။

ပြောလိုက်တာများ သားကဝင်ထိုင်ပစ်လိုက်တာတဲ့။ မအေ





ကို ခပ်တည်တည်မျက်နှာပေးလေးနဲ့ ဝန်ခံနေတာလေ။

ကဲ ... ဘယ်လိုလုပ်ကြမလဲ။

ဒါကြောင့်မို့ ... ဟိုက မျက်နှာထားမာမာလေးနဲ့တောင် ကိုယ့်ကို ဆတ်ခနဲ လှည့်ကြည့်ပြီး ပြန်မေးသွားတာ။

"ရှင် ... အန်တီ ဘာဖြစ်လို့လဲတဲ့ ... "

တွေ့မယ် ... တွေ့မယ် ... မင်း ငါနဲ့တစ်နေ့ တွေ့မယ် သိလား စံပန်းခေတ်။ မင်းပဲ ငါ့ကို အောက်ကျခံ အရှုံးပေးသွား မလား။ ဝတီနွယ်ဆိုတဲ့ ငါကပဲ မင်းငယ်ထိပ်ပေါ်ကို တက်ထိုင်ခွင့် ရမလားဆိုတာ။

ဟင်း ... ဟင်း ...

မင်းလို မန္တလေးသူလောက်လေးကိုတော့ ... ။

www.burmeseclassic.com

## အခန်း ( ၁၁ )

"ခက်တယ် ဝတီရာ ... မင်းနဲ့ကတော့ တကယ်ခက်တယ် သိလား"

ဦးနေသူရိန်တစ်ယောက် ဖတ်လက်စ သတင်းစာကိုဒေါသတကြီး ပစ်ချရင်း ခေါင်းကို ဘယ်ညာရမ်းကာ ထရပ်သည်။ ဘယ်တော့မဆို ဒီမိန်းမနဲ့စကားပြောရတာ အဆင်မပြေ။

ကိုယ်က ကကြီးဆို သူက ခကွေး။

ကိုယ်က ဂငယ်ဆို သူက ဃကြီး။

ဘယ်လိုလုပ်မလဲ။

ဆန်းဒေးပိတ်ရက်မို့ အိမ်မှာ စာကောင်းကောင်းဖတ် အနားယူရမလား အောက်မေ့ပါတယ်။ တစ်နေ့လာလည်း ဒီအကြောင်း။ တစ်နေ့လာလည်း စံပန်းခေတ်ဆိုတဲ့ မိန်းကလေးနဲ့သားမဟော် အကြောင်း။ ဒါတွေချည်းနားအီအောင် ထပ်လာတော့ ဦးနေသူရိန် စိတ်ပျက်သည်။

ပြောလည်းမရ ဟန့်လည်းမရနဲ့။

"ဟာ ... ရှင် ... ရှင် ဒီမှာ ဝတီပြောနေတာတောင် စကား





မဆုံးသေးဘဲနဲ့ ရှင်ထမသွားနဲ့နော် ... ဝတီမှာပြောစရာတွေအများကြီးကျန်သေးတယ် ..."

"ငါသိတယ် ... ငါသိတယ် ... မင်း ဘာတွေဆက်ပြောတော့မလဲဆိုတာ ငါသိလို့ ထလိုက်တာ ..."

တကယ်စိတ်ပျက်နေတာ ဦးနေသူရိန်ပါ။

စံပန်းခေတ်ဆိုတဲ့ ကောင်မလေးနဲ့သားမဟော် စာသင်စာကျက်လုပ်နေကြတဲ့ကိစ္စမှာ ဒီမိန်းမ သံသယတွေနဲ့ ဘာဝင်ပါနေစရာလိုလို့လဲ။ ဘာတွေစိုးရိမ်ကြောင့်ကျစရာက ဖြစ်နေစရာလိုလို့လဲ။ သူ့အချိန်လေးနဲ့သူ နှစ်ယောက်မျက်နှာချင်းဆိုင်ပြီး စာသင်စာကျက်လုပ်နေတာ ဦးနေသူရိန်ကိုယ်တိုင် မြင်နေရတာပဲဥစ္စာ။

ဒါကို ...

ပုံကြီးချဲ့ပြီး အစိုးရိမ်လွန်နေတာ။

"ဒီမှာ ... ရှင်က သားကိုဆယ်တန်းအောင်စေချင်လို့ ဒီကောင်မလေးကို မန္တလေးကနေ တကူးတက ခေါ်ထားလိုက်တာ မှန်ပေမယ့် တစ်နေ့ဘာတွေပြဿနာဖြစ်လာမလဲဆိုတာရော ရှင်တွေးမိရဲ့လား ... ပြီးတော့လည်း ရှင့်သားက အရိုင်းလေး ... တစ်ခုခုဖြစ်လာရင် ဝတီ သည်းမခံနိုင်ဘူး ... ရွှေဟာရွှေ ကြေးဟာကြေးပဲဆိုတဲ့ သဘာဝကို ရှင်နားလည်ရင် ဝတီစိုးရိမ်နေတာကို ရှင်သဘောပေါက်သင့်တယ် ..."

"ဟုတ်ပြီလေ ဝတီ ... အခုရော ... ဘာတွေဖြစ်နေလို့လဲ"

ဦးနေသူရိန်က ဇနီးသည်ကို မျက်မှောင်ကျုံ့လှည့်ကြည့်ကာ မေးရင်းတာကို တိုက်ရိုက်ပဲမေးမိသည်။

ဒါကို ဒေါ်ဝတီနွယ် ပြန်ဖြေနေတာက ...



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေရော မျက်နှာတစ်ပြင်လုံးပါ မဲ့ရွဲ့လျက်။

"ဟာ ... ဘာဖြစ်ရမှာလဲ ... ညကလည်း ဆယ့်နှစ်နာရီကျော်တဲ့အထိ သားကိုစာပြနေတာလေ ... စာသင်ဆောင်လေးရှေ့မှာ ဒီအရွယ်နဲ့ဒီအရွယ် ... သန်းခေါင်သန်းလွဲအထိ လွှတ်ထားရတာ ညကဆို ... ဝတီဘယ်လောက်အိပ်ရေးပျက်ခဲ့တယ် ရှင်ထင်သလဲ၊ ထကြည့်ရတာလည်းအမော ... ချောင်းကြည့်ရတာလည်းအမော၊ ညတိုင်းသာ ဒီလိုဖြစ်နေရင် ဝတီ သေပြီပဲ ..."

"ဟာ ... အဲဒါ ... မင်းဘာလို့သွားကြည့်လဲ ... ဒုက္ခမရှိ ဒုက္ခရှာပြီးတော့ ကိုယ့်ဟာကိုယ် တရားမှတ် ပုတီးစိပ်လုပ်နေရမယ့်ဟာကို ..."

"ရှင် ... ရှင် ... မရွဲ့နဲ့နော် ..."

ဦးနေသူရိန် ဘယ်လိုပြောပြော ဒေါ်ဝတီနွယ်က လက်မခံ။ နှုတ်ခမ်းမဲ့ပြရင်း မျက်စောင်းနဲ့ပါ လှမ်းရွယ်သည်။ ဒါကိုမြင်တော့ ဦးနေသူရိန်ပိုလို့ပင် စိတ်ပျက်သွားရ၏။

တကယ်လည်း ညက ဒီအတိုင်းဖြစ်နေတာ။ ဝရံတာဘက်ထွက်လိုက် ပြတင်းပေါက်လိုက်ကာကြားမှာရပ်လိုက်နဲ့ ... မျက်နှာပျက်နေတာ အသိသာကြီး။

ခုလည်း ပြောနေတာ မပြီးနိုင် မစီးနိုင်။

"ကျွန်မကြည့်တာ ... မဖြစ်သင့်တာ ဖြစ်မှာစိုးလို့ကြည့်နေတာ၊ ရှင်နားမလည်ဘူးလားဟင် ကိုနေ ... ဒရိုင်ဘာသမီးတစ်ယောက်ကို ဒီခြံမှာလက်ခံထားလိုက်ရတယ်ဆိုကတည်းက ကျွန်မရင်ထဲမှာ ဘယ်လောက်ပူလောင်ခဲ့ရတယ်ဆိုတာ ရှင်စဉ်းစားကြည့်စမ်းပါ ... ဆယ်တန်းဆိုပေမယ့် အရွယ်တွေအရပ်တွေက မိုးထိုးနေ





တာ ... ဟိုကောင်မလေးဆိုလည်း ဒရိုင်ဘာသမီးသာပြောတယ် အသားအရည်လေးကအစ ဝင်းနှစ်နေတာလေ ..."

"ဟွန်း ..."

ဦးနေသူရိန် နားထောင်ရင်း နှုတ်ခမ်းလေးကိုပဲ နောက်တစ်ကြိမ်ထပ်မဲ့မိသည်။ ဒါတော့ ဝတီပြောလည်း ပြောချင်စရာပါ။ စံပန်းခေတ်ဆိုတာ မျက်နှာထားတည်တည်တင်းတင်းလေးနဲ့ တစ်ဖက်လူတွေ တန်ဖိုးထားစွဲမက်နေအောင် ဂုဏ်သိက္ခာရှိရှိ နေတတ်ပြောတတ်တဲ့မိန်းကလေးလေ။

ဦးနေသူရိန်ကိုယ်တိုင် တကူးတကလေးနဲ့ တောင်းတောင်းပန်ပန်လေး ချော့ခေါ်လာခဲ့ရတာပဲကြည့်။ ကုမ္ပဏီပိုင် နောက်ဆုံးပေါ်အပျံစားကားအကောင်းစားကြီးနဲ့ ခေါ်တာတောင်မလိုက်ဘဲ ညရထားစီးပြီး ရန်ကုန်ကို တစ်ယောက်တည်းသွားတယ်ဆိုကတည်းက ဒီကောင်မလေးရဲ့မာနကို ဦးနေသူရိန် သဘောကျခဲ့တာပါ။

ဒီမာန ဒီဂုဏ်သိက္ခာ ဒီလိုအဆင့်အတန်းရှိရှိနေတတ်တဲ့ မိန်းကလေးဟာ သားနဲ့နှစ်ယောက်တည်းလွှတ်ထားလည်း စိတ်ပူနေစရာလိုမယ့် မိန်းကလေးလား။

"အေး ... မင်းပြောတာလည်း ငါသဘောပေါက်တယ်၊ မင်းစိတ်မချဖြစ်တာလည်း ငါနားလည်တယ်၊ ဒါပေမဲ့ ... စံပန်းခေတ်ဆိုတဲ့ မိန်းကလေးရဲ့ ကိုယ်ကျင့်သိက္ခာကို ငါယုံတယ်"

"ဘာ ... ဘာပြောတယ်ရှင့် ..."

ထိုင်နေရာကနေ ဆတ်ခနဲ ထလိုက်ရတဲ့အထိ ဒေါ်ဝတီနွယ် ဒေါသတွေက ပေါက်ကွဲသွားသည်။ ထွက်သွားတော့မလို ပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



အညှို ဦးနေသူရိန် လက်မောင်းတွေကို အတင်းလိုက်ဆွဲမိတာ ဒေါ်ဝတီနွယ်ပါပဲ။

"ရှင် ... ရှင် ... ထွက်မသွားနဲ့နော် ... "

ဒေါ်ဝတီနွယ် ဆွဲထားတော့ ဦးနေသူရိန် ပြန်ပါလာသည်။ အပေါ်ထပ် အခန်းဝမှာဖြစ်နေတာမို့ လင်မယားနှစ်ယောက် အခြေအတင်ဖြစ်နေတာကို ဖွားမုန်းဆက်မရှယ်ကလည်း အသံသဲ့သဲ့ကြားနေရတော့ နားစွင့်ထားမိသည်။ ဟုတ်တာပေါ့ ... ဒီနေ့ ဆန်းဒေးရုံးပိတ်ရက်ဆိုတော့ သားက ကုမ္ပဏီကိုမသွားဘဲ အိမ်မှာနားနေတာပဲဖြစ်မှာပေါ့။

"ဟာ ... ဘာလို့လူကို အတင်းလိုက်ဆွဲနေတာလဲ"

"မဆွဲလို့ရမလား ... မဆွဲလို့ရမလား ... ရှင် ... ရှင်က ပြောချင်တာပြောပြီး ထွက်သွားတော့မှာလေ ... "

"ပြီးသွားနာပဲ မိန်းမရာ ... "

ဦးနေသူရိန် စိတ်ပျက်လက်ပျက် ညည်းမိသည်။

"ဟွန်း ... သားကလည်း စံပန်းခေတ်စကားကို နားထောင်လိုက်ရတာ ... ဟိုက မထွက်နဲ့ဆို ခြံထဲမှာငြိမ်ကုတ်လို့ နားရွက်တောင် မခတ်ရဲတဲ့ဘဝ၊ မအေကလည်း စံပန်းခေတ်ဆိုတဲ့ ထောင့်မကျိုးတဲ့ဟာမလေး ကိုယ်ကျင့်သိက္ခာကိုယုံသတဲ့ ... လိုက်လည်းလိုက်တဲ့သားအဖတွေ ... "

"မင်း ... မင်း စကားပြောတာ ဆင်ခြင်ပြောနော်"

"အို ... ဘာလို့ဆင်ခြင်ပြောရမှာလဲ၊ ရှင်တို့သားအဖတွေဖြစ်နေတာကို ကြည့်မရလို့ပြောနေတာ ... အထင်ကြီးစရာ တစ်စက်မှမရှိတဲ့ဟာကိုပဲ ကြီးဖန်အထင်ကြီးနေကြလို့ မျက်မုန်းကျိုးနေ





တာလေ"

"အေး ... မင်းမျက်မုန်းကျိုးလည်း မတတ်နိုင်ဘူး၊ ငါလည်း မင်းပြောသလိုဖြစ်နေမှာစိုးလို့ စံပန်းခေတ်ကို တစ်ချိန်လုံးစောင့်ကြည့်နေတာပဲ ... ငါတွေ့တာတော့ ဒီမိန်းကလေးတကယ်တော်တယ် ... တစ်အိမ်လုံး လက်မြှောက်အရှုံးပေးထားရတဲ့ မင်းသားကို ငြိမ်ကုတ်ပိပြားနေအောင် ကိုင်ထားတယ်ဆိုကတည်းက စံပန်းခေတ်ကို အပြစ်ပြောနေစရာ ဘာအကြောင်းမှမရှိတော့ဘူး"

"ဘုရားရေ ... "

ယောက်ျားလုပ်သူအပြောကြောင့် ဒေါ်ဝတီနွယ်ရင်ဘတ်ဖိရပြီ။ ဘယ် ... ဘယ်လိုဖြစ်နေကြတာလဲဟင်။ တစ်အိမ်လုံးလည်း စံပန်းခေတ်မှ စံပန်းခေတ်။ အညိုကလည်း စံပန်းခေတ်။ ဒရိုင်ဘာမောင်သန်းကလည်း စံပန်းခေတ်။ ယောက္ခမဆို ပြောနေစရာတောင်မလို။

"မျက်နှာထားလေးကလည်း တည်တယ်၊ ပြောတာဆိုတာကလည်း ဆင်းရဲပေမယ့် အဆင့်အတန်းမြင့်တယ် ... ဟိုတစ်နေ့ကလည်း မာမီစားဖို့ဆိုပြီး ကြက်သံပုရာလေးပေါင်းပေးသွားတာ ... တစ်အိမ်လုံး လက်ဖျားခါသွားတာပဲကြည့် ... ဒီလိုမိန်းကလေးမျိုးကိုမှ ငါတို့တန်ဖိုးမထားရင် ဘယ်လိုမိန်းကလေးမျိုးကို တန်ဖိုးထားမလဲ ... ကဲ ... မင်းပဲပြောစမ်း ဝတီ ... "

"ရှင် ဘက်လိုက်ပြီး မပြောနဲ့ ... "

"အိုး ... ဘာဘက်လိုက်စရာရှိလို့လဲ ... ငါပြောနေတာ အမှန်တွေ ... ဒီကောင်မလေးကို မာမီကလည်း သဘောကျတယ်၊ သဘောကျလွန်းလို့ နေစရိတ် စားစရိတ် ကျောင်းစရိတ်ကအစ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ပေးဖို့ ငါ့ကိုတောင်ပြောနေပြီလေ ... ”

“ဘယ် ... ဘယ်လို ... ”

“ဒီမှာ မင်းဘာမှအံ့ဩမနေနဲ့ ... လူဆိုတာ သူ့ကုသိုလ်ကံနဲ့ သူလာတာ၊ လူတစ်ယောက်ကိုမုန်းလို့ ချောက်ထဲကျအောင် ဘယ်လိုပဲကန်ချ ကန်ချ ခြံပေါ်တင်ပြီး ရတနာသိုက်ကိုတွေ့သွားတဲ့ ဇာတ်လမ်းတွေ မင်းလည်းကြားဖူးမှာပေါ့ ... ”

“ဟာ ... တွေ့စရာလား ... တွေ့စရာလား ... ဟင်း ဟင်း၊ ရှင် မတရားပြောနေတာ ကျွန်မသိတယ် ... ပြောစမ်းပါ၊ ရှင့်မှာ ဘယ်လိုရည်ရွယ်ချက်တွေရှိနေလို့ ဒီကောင်မလေးကို ခြံထဲရောက်အောင်ဆွဲသွင်းလာတာလဲ ... ရှင့်သားနဲ့တောင်ပေးစားတော့မလို့လား ... ရှင်ပြောစမ်းပါ၊ ရှင်ကျွန်မကို အမှန်အတိုင်းပြောလိုက်စမ်းပါ ... ကိုနေသူရိန်ရဲ့ ... ဟင်းဟင်း ... ”

“ဟား ဟား ... ဒါကတော့ ဖူးစာဆိုတာ နဖူးမှာစာကပ်ပြီးသားလေ ... မင်းသဘောမတူလည်း ကံကြမ္မာက သဘောတူသွားရင် မင်းဘာတတ်နိုင်မှာလဲ ... ”

“တော် ... တော်ပြီ၊ ရှင် ဆက်မပြောနဲ့တော့ ... ”

“ဟား ဟား ... ”

တဟားဟားရယ်ရင်း အောက်ထပ်ကိုဆင်းလာခဲ့တာ ဦးနေသူရိန်ပါပဲ။ ဒီမိန်းမက ဒီလိုမှမပြောရင် မရတော့လို့ တစ်ခါတည်းအပြတ်ပြောခဲ့တာလေ။ မကျေနပ်လည်း မတတ်နိုင်ဘူး။

“ဟဲ့ မိနွယ် ... ဆူညံ ဆူညံနဲ့ ဘာတွေဖြစ်နေတာလဲ”

မနေနိုင်တော့လို့ ထွက်လာတာ ဖွားမုန်းမဆက်မရှယ်ပါ။ အသံတွေတော့ နားစွန်နားဖျား ကြားလိုက်သား။





“အဲ ... အဲ ... ဟို ... မာမီ မာမီသားနဲ့စကားများနေတာ”

“ဟွန်း ... ငါကြားသားပဲ ... ”

“ရှင် ... မာမီကြားတယ် ဟုတ်လား ... ”

“ကြားတာပေါ့ ... စံပန်းခေတ်လေးအကြောင်းကို ညည်းတို့ပြောနေတာလေ၊ ညည်းမို့ စံပန်းခေတ်လေးကိုပဲ စွတ်စွတ်စွဲစွဲ ငါမကြိုက်ပါဘူး ... ဒီလောက် တည်တည်တင်းတင်းနေတတ်တဲ့ မိန်းကလေး ... ငါ့မြေးမဟော်ကို မြူဆွယ်သွားမယ် ညည်းထင်မနေနဲ့၊ ငါ့သား နေသူရိန်ပြောတာ အမှန်ပဲ ... ဖူးစာဆိုတာ နဖူးမှာစာကပ်ပြီးသား ... မတော်လို့ဖြစ်သွားရင်တောင် ငါတို့က ဝမ်းသာနေရမှာ”

“အမလေး မာမီရယ် ... ”

ဒေါ်ဝတီနွယ် ရင်ဘတ်ဖိနေရုံကလွဲလို့ ဘာတတ်နိုင်တော့မှာလဲ။ ယောက္ခမကိုယ်တိုင် ပြောသွားတာပဲကြည့်လေ။ မတော်လို့ဖြစ်သွားရင်တောင် ငါတို့က ဝမ်းသာနေရမှာတဲ့။

ဒါ ပြောစရာလား ... ဒါ ဝမ်းသာစရာလား ...

အထွန့်မတက်ရဲလို့သာ ငြိမ်လိုက်ရပေမယ့် ...

“နွယ်ကတော့ ချမ်းသာလည်း သဘောမတူဘူး၊ မဟော်ကို လူပျိုကြီးဖြစ်သွားပါစေ ဒီအတိုင်းပဲထားမှာ ... ဟင်း ဟင်း ... ”

စိတ်ထဲကပဲ ပြန်ပြောနေမိသည်။

“ညည်းနော် ... ဒီနေ့ကစပြီး ငါ့မြေးလေးစာကောင်းကောင်းသင်နေတာကို လုံးဝအနှောက်အယှက်မပေးပါနဲ့ ... ယောက်ျားကိုလည်း အတိုက်အခံမလုပ်နဲ့ ... ဘာညာရှုပ်ရှုပ်ယှက်ယှက်အသံတွေ ငါလုံးဝမကြားချင်ဘူး”

“မာမီရယ် ... နွယ် ဘယ်မှာနှောက်ယှက်နေလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ညည်း မပြောနဲ့ ... ငါက ညည်းယောက္ခမ ညည်းဝမ်းထဲမှာ အူဘယ်နှစ်ခွေရှိတယ်ဆိုတာကအစ ငါအကုန်သိပြီးသား ..."

ပြောရင်း ... ယောက္ခမက မျက်စောင်းဝင့်ဝင့်လေးတစ်ချက်ထိုးကာ လှည့်ထွက်သွားသည်။ နောက်ဆုံးမှာတော့ ဒေါ်ဝတီနွယ် ဒေါသတွေက စံပန်းခေတ်အပေါ်ကိုပဲ ကျသွားသည်။

"သိမယ် စံပန်းခေတ် ... တစ်နေ့နေ့မှာ ညည်းကပဲ ဆက်ပြီး ခေါင်းမော့နေနိုင်မလား ... ငါ့ခြေဖဝါးအောက်ကိုပဲ ညည်းရောက်လာမလားဆိုတာ ညည်းနဲ့ငါဆက်ပြီး တွေ့ကြသေးတာပေါ့ ..."

စိတ်ထဲက ကြိမ်းဝါးရင်း ဒေါ်ဝတီနွယ် အောက်ထပ်ကိုပဲ ဆင်းလာခဲ့တော့၏။

"ဒေါ်ကြီးညို ..."

"ရှင် ... မမ ..."

မီးဖိုခန်းထဲမှာ ဒေါ်ကြီးညိုတစ်ယောက်တည်း တလှုပ်လှုပ်နဲ့ မနက်စာအတွက် ချက်ပြုတ်ပြင်ဆင်နေတာလေ။

"ဘာတွေချက်နေတာလဲ ..."

ဟိုဟိုဒီဒီ စူးစမ်းသလိုလေးကြည့်ကာ ဒေါ်ဝတီနွယ်မေးမိသည်။ အရင်ဆို စံပန်းခေတ်ကပါ ဒေါ်ကြီးညိုကို ဝိုင်းကူချက်ပြုတ်ပေးနေကြလေ။ ဒီနေ့မှ ဒေါ်ကြီးညိုတစ်ယောက်တည်း ဖြစ်နေလို့ မေးလိုက်မိတာပါ။

"ပုဇွန် ငရုတ်ပွလေးချက်နေတာလေ မမ"

"ဟို ... ဒရိုင်ဘာသမီးလေးရော မမြင်ပါလား"

ဒေါ်ဝတီနွယ် ဒီလိုမေးတော့ ဒေါ်ကြီးညို ပြုံးမိသည်။

"ဟာ ... ပန်းခေတ်လေးက အင်္ဂလိပ်စကားပြောသင်တန်း





တက်ဖို့ မနက်စောစောကတည်းက ထွက်သွားတယ်လေ ..."

"အမလေးနော် ... ဒင်းကများ ကြီးကြီးကျယ်ကျယ် ... ဒင်းက အင်္ဂလိပ်စကားပြောတတ်တော့ရော ဘယ်အင်္ဂလိပ်တွေနဲ့ စကားသွားပြောမှာမို့လို့လဲ ..."

"ဒါကတော့ မမရယ် ... ဒီခေတ်လူငယ်လူရွယ်တိုင်း ရည်ရွယ်ချက်ကြီးကြီးမားမား ထားကြတယ်ဆိုရင် ဒီလိုသင်တန်းတွေ တစ်ခုမဟုတ်တစ်ခုတော့ တက်နေကြတာပဲဥစ္စာ ... ပန်းခေတ်လေးက မမသိတဲ့အတိုင်း လောကကြီးကို အရှုံးပေးချင်တာ မဟုတ်ဘူးလေ"

ပန်းခေတ်လေးဖက်ကပဲ ဒေါ်ကြီးညို ပြောမိသည်။

ဒါကိုလည်း ထုံးစံအတိုင်း ...

ဒေါ်ဝတီနွယ်က နှုတ်ခမ်းလေးမဲ့ကာ ...

"အမလေး ... ဟွန်း ... ပြောလိုက်ရင်လည်း မာနလေးတစ်ခွဲသားနဲ့ ... ယောက္ခမကရော ယောက်ျားကရော ခေါင်းပေါ်ရွက်ထားတော့ ပိုဆိုးတော့တာပေါ့။ ကဲ ... ပြောပါဦး ... သားမဟော်ကရော ဘယ်ထွက်သွားလဲ ... အောက်ထပ်မှာလည်း မမြင်ပါလား"

"ဟာ ... မဟော်လေးက အဆောင်မှာ စာကျက်နေတယ်လေ ..."

"ဟင် ... သားတစ်ယောက်တည်း ကျက်နေတာ ..."

တွေ့လား ... ပြောတော့ဖြင့် ဂိုက်ဆရာမ ... ဂိုက်ဆရာနဲ့ သားကိုတစ်ယောက်တည်းထားခဲ့ပြီး ဒင်းက လွတ်လွတ်ပေါ်လော်ပ ထွက်သွားတာ။ ဒီလိုတစ်ယောက်တည်း ထွက်သွားစရာလားဟင်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ ရှုတ်ရှုတ်ယှက်ယှက်နဲ့ တစ်ခုခုဖြစ်လာရင် ကိုယ့်တာဝန်က ခေါင်းပေါ်ကျလာဦးမယ်။ မဖြစ်သေးပါဘူး ... ဒီကိစ္စကို ယောက်ျားသိအောင် ပြောထားမှဖြစ်မယ်။ ရှာလိုက်တော့ ...

ယောက်ျားက ခြံထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ သူမ ထွက်လာတာကိုမြင်တော့ ပခုံးတွန့်မျက်လုံးပြူးပြီး ချက်ချင်း မျက်နှာကိုလှည့်သွား၏။

အဲလို ချစ်ဖို့ကောင်းတဲ့ယောက်ျား။

"ကိုနေ ... ခဏနေပါဦး ... ရှင့်ကိုပြောစရာရှိလို့ ..."

"ဟာ ... စောစောက ပြောပြီးပြီလေ၊ မင်းမှာ ပြောစရာတွေမကုန်သေးဘူးလား"

လှည့်မကြည့်ဘဲ ပြန်ပြောနေတာလေ။ သူက လှည့်မကြည့်ပေမယ့် ဒေါ်ဝတီနွယ်ကတော့ ယောက်ျားကို ကျော်တက်ကာ မျက်နှာချင်းရအောင်ဆိုင်သည်။

"ဒီမှာ ... ပြောစရာတွေမကုန်သေးလို့ ရှင့်ကိုလိုက်ရှာနေရတာပေါ့ ကိုနေရဲ့ ... ရှင် ... ရှင်သိပြီးပြီလားဟင်"

"ဟင် ... ငါက ဘာကိုသိရမှာလဲ"

"ရှင်ခေါ်လာတဲ့ဒရိုင်ဘာသမီး ... အပြင်ကိုတစ်ယောက်တည်း ထွက်ချင်တိုင်းထွက်နေတာလေ ... အပြင်မှာတစ်ခုခုဖြစ်လာရင် ရှင်ဘယ်လိုဖြေရှင်းမလဲ ..."

ဒါကိုတော့ ဦးနေသူရိန် မျက်မှောင်တစ်ချက် ကျုံ့သွားသည်။ နောက်မှ သတိရပြီး မျက်နှာလေးပြုံးလာကာ ...

"ဝတီရာ ... အရေးထဲမှာ မင်းက ဦးနှောက်လာစားနေပြန်ပြီ ... စံပန်းခေတ်က အင်္ဂလိပ်စာစီကင် တက်နေတာလေ၊ စနေ





တနင်္ဂနွေ ပိတ်ရက်တိုင်း မြို့ထဲကိုသွားနေတာ မင်းမသိဘူးလား"

"ဟင် ... အဲဒါ ရှင်သိတယ် ..."

"သိတာပေါ့ကွ ... ငါကိုယ်တိုင် အကောင်းဆုံး သင်တန်းဆရာနဲ့လိုက်အပ်ပေးထားတဲ့ဟာကို ..."

"ကြည့်စမ်း ..."

ဒေါ်ဝတီနွယ် ရင်ဘတ်မဖိရုံတစ်မယ်။

"ဒီမှာ ... မင်းငါ့ကို မျက်လုံးကြီးလာပြူးကြည့်မနေနဲ့၊ ဒီလို သင်တန်းတွေ တက္ကသိုလ်တွေ တက်ခွင့်ပေးမယ်ဆိုပြီး ကတိခံဝန်ချက်တွေနဲ့ မနည်းခေါ်လာတာ ... မင်းနားမလည်ဘူးလား ... မန္တလေးကနေတောင် အဖော်မပါဘဲ တစ်ယောက်တည်းထွက်လာခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဘာစိတ်မချဖြစ်နေစရာလိုသလဲ"

ဦးနေသူရိန် မိန်းမကို စိတ်ပျက်ရတာ အဲဒါတွေပဲ။

ပန်းခေတ်ကတော့ ဒါတွေကိုမသိပါ။

မနက်ခုနစ်နာရီကတည်းက နှစ်ခွကျစ်ဆံမြီးလေးနဲ့ ခြံထဲက ထွက်လာပြီး အဲလ်ကွန်းဘတ်စကားနဲ့ပဲ မြို့ထဲကိုထွက်လာတာလေ။ အန်ကယ်ဦးနေသူရိန်က ကားနဲ့ဒရိုင်ဘာနဲ့ အပို့အကြိုလုပ်ပေးမယ်ဆိုတာကိုတောင် ပန်းခေတ် လက်မခံဘဲ ကိုယ့်မာနလေးနဲ့ကိုယ် ... ကိုယ့်အစွမ်းအစလေးနဲ့ကိုယ် အဲလ်ကွန်းဘတ်စ်ကားနဲ့ပဲ ကျောင်းတက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

ဖြစ်ချင်တော့ ... ပန်းဆိုးတန်းလမ်းမကျယ်ကြီးကို ဖြတ်ကူးလိုက်ချိန်မှာပဲ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

"ဘုရားရေ ... "

မြင်လိုက်ရတဲ့ မြင်ကွင်းလေးကိုကြည့်ပြီး ပန်းခေတ်တစ်ကိုယ်လုံးသွေးတွေ အေးခဲသွားမတတ် ခံစားလိုက်ရသည်။

ပန်းခေတ် ရှေ့တည့်တည့်နေရာလေးကနေ ဘာကိုမှဂရုမစိုက်သလို မျက်နှာထားကလေးနှင့်လျှောက်လာနေတာ မပေါ်မှ မဟုတ်ရင် ဘယ်သူဖြစ်ရတော့မှာလဲ။

"ကြည့်စမ်း ... "

ကျေးဇူးရှင်က အနက်ရောင်ကျောပိုးအိတ်လေးတစ်လုံးကို လွယ်လို့။ ကျောင်းမတက်ဘဲ ဒီမြို့ထဲကို ဘာကိစ္စနဲ့ရောက်လာတာလဲ။

"ရှင် ... ရှင် ... "

သူက ပန်းခေတ်ကိုပင် ပြုံးပြနေလိုက်သေး၏။

ပြုံးပြပြီးတော့မှ မျက်နှာချင်းဆိုင်ရပ်ကာ ...

"မအံ့သြနဲ့လေ ပန်းခေတ် ... ငါစိတ်ပူနေလို့ မင်းနောက်ကို လိုက်လာတာ ... "





"အို ... လိုက်စရာလား ... "

မျက်နှာရဲရဲကလေးနဲ့ပဲ စိတ်တိုဒေါပွသွားရတာ ပန်းခေတ်ပါ ဒီကိုလိုက်လာတာကို ဒေါ်ဝတီနွယ်သိရင် ဘယ်လောက်တောင် မိုးမီးလောင်လိုက်လေမလဲ ... "

"ရှင် ... တကယ်ပြဿနာရှာတယ်သိလား ... မပေါ် ... ရှင်က ဘာအတွက်နဲ့ကျွန်မကို စိတ်မချဖြစ်နေရသလဲဆိုတာ - တဆိတ်လောက် ရှင်းစမ်းပါဦး"

"ဒါ ... ရန်ကုန်လေ ... "

"ဟင် ... ရန်ကုန်ဘာဖြစ်လို့လဲ ... "

"ဟိုမှာတွေ့လား ... လမ်းပေါ်မှာ ပြေးနေတဲ့လိုင်းကားတွေက အများကြီး ... မင်းမစီးတတ်ဘဲ ကားမှားတက်စီးသွားရင် ဘယ်လိုလုပ်မလဲ ... "

"ဩော် ... "

ဖြစ်မှဖြစ်ရလေလို့ ပန်းခေတ် မပြောရုံတစ်မယ်။

မပေါ်ကိုလည်း စိတ်တိုစွာကြည့်မိသည်။

"ဒီမှာ ... ရှင် ... ကျွန်မကို အထင်မသေးပါနဲ့၊ ထိုးရပ်လာတဲ့လိုင်းကားရှေ့မှန်တွေမှာ ရောက်မယ့်နေရာတွေကို စာတွေ ဒီလောက်ထင်းထင်းကြီးရေးထားတာ ကျွန်မက မဖတ်တတ်စရာလား"

"ဟာ ... ဒါကတော့ ငါက မင်းအတွက် ရိုးရိုးသားသားစိတ်ပူမိတာလေ ... မနက်ကတည်းက မင်းသွားတော့မယ်ဆိုတော ကြီးညိုပြောလို့ အဲလ်ကွန်းဘတ်စ်ကားဂိတ်နားက လက်ဖက်ရည်ဆိုင်ထဲကနေ ငါချောင်းကြည့်နေတာ ... အခု မင်းနောက်ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရတာပဲနဲ့ ငါကျောင်းတစ်ရက်ပျက်သွားပြီ”

“ဒါ ... ဒါဆို မနက်ကတည်းက ကျွန်မနောက်မှာ ရှင်ပါလာတာပေါ့”

“ဟာ ... အဲဒါ ဟုတ်တယ်လေ ...”

“ပြဿနာပဲ မဟော်ရယ် ... ရှင် ... ရှင် ...”

“ပြဿနာမလုပ်နဲ့လေ ပန်းခေတ် ... ညက တစ်ညလုံး မှာမီ ငါ့ကိုပွမ်နေတာ မင်းကိုပြောပြချင်လို့လိုက်လာတာ”

“ဘာ ... ဘာပြောတယ် ...”

မျက်တောင်ရှည်လေးတွေ ကော့တက်သွားအောင်ကိုပဲ ပန်းခေတ် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရသည်။

“အန်တီက ဟုတ်လား မဟော် ...”

“လာပါ ... ဒီနားမှာရပ်ပြီးပြောနေတာတောင် ဟိုနားက အအေးဆိုင်လေးမှာထိုင်ပြီး ပြောတာက ပိုကောင်းမယ်”

ဒီလိုနဲ့ပဲ ...

အအေးဆိုင်လေးထဲကို နှစ်ယောက်သားရောက်သွားသည်။ ထိုင်တော့လည်း မျက်နှာချင်းဆိုင်လေးပဲ ထိုင်လိုက်၏။

“ပြောလေ မဟော် ... အန်တီက ဘာပြောလဲ ...”

ပန်းခေတ်သိချင်နေတာ စိတ်ကိုတောင်ထိန်းထားလို့မရ။ ညကဆို ဆယ့်နှစ်နာရီကျော်မှ စာသင်ဆောင်လေးကနေ မဟော် ပြန်တက်သွားတာလေ။ ဒါကိုဘယ်အချိန်ထိ ဒေါ်ဝတီနွယ် မဟော့်ကိုပြောနေတာလဲ။

မဟော်က မပြောခင် နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်ကို အရင်ဆုံးမဲ့ပါသည်။





“ဟွန်း ... ဘာပြောရမလဲ ...”

ပန်းခေတ် နားထောင်ရင်း အသက်ကိုပင်မရှူနိုင်။

“မင်းနဲ့ငါ့ကိုစိတ်မချဖြစ်ပြီး တစ်ချိန်လုံးရင်တွေပူနေရတဲ့ အကြောင်းတွေ ပြောနေတာ”

“ဟာ ... ပူစရာလား”

ပန်းခေတ် မခံချင်စိတ်လေးတော့ ဖြစ်သွားမိသည်။

ဒါကိုပြောတော့မယ်ဆိုတာ ပန်းခေတ်ကလည်း ကြိုတွက်ပြီးသားပါ။ အဆောင်လေးရှေ့မှာ စာသင်နေတာတောင် ထွက်ထွက်ကြည့်နေတာ ဘယ်နှစ်ခါက်လောင်တောင် ရှိနေမလဲ။

ထွက်ကြည့်လည်း ပန်းခေတ်က ဂရုမစိုက်ပါဘူး။

“စက်ဘီးစီးပြီး ပြန်လာတော့လည်း အဆူခံရတာယ်၊ ကားနောက်ခန်းမှာ နှစ်ယောက်အတူစီးမိတုန်းကလည်း ဗိုက်ခေါက်ကို လိမ်ဆွဲတာခံရတာယ်”

“ဟွန်း ...”

ဒီတစ်ခါ နှုတ်ခမ်းလေးမဲ့လိုက်မိတာ ပန်းခေတ်လေ။ မဲ့လိုက်ပေမယ့် စိတ်ထဲကတော့ ရယ်ချင်သွားသည်။

“မင်းနဲ့ငါ့ကိုလည်း ဘယ်တော့မှအဖြစ်မခံနိုင်ဘူးတဲ့ ... မေမေပြောတာ စုံနေတာပဲ၊ သဘောမတူတာတွေလည်းပါတယ်”

“ရပြီ မဟော် ... ရှင်ဆက်မပြောနဲ့တော့၊ ဒီလောက်ဆို ကျွန်မ သဘောပေါက်ပြီ ... အကောင်းဆုံးက အန်ကယ်နဲ့ဖွားကို ခွင့်တောင်းပြီး ကျွန်မပြန်မယ် ... ကဲ ... ရှင် နေခဲ့တော့ ... ကျွန်မ သွားပြီ”

“ဟာ ... ဟာ ... ပန်းခေတ် ... နေဦးလေ ...”

www.burmeseclassic.com



ပန်းခေတ်နောက်ကို အသည်းအသန်ပြေးလိုက်လာတာ မဟော်။

"ပြီးသနာပဲ ပန်းခေတ်ရာ ... "

"ရတယ် မဟော် ... ရှင်နေခဲ့ပါ ... ဒီခြံကြီးထဲကို ကျွန်မ စရောက်လာတဲ့နေ့ကတည်းက တစ်နေ့မှာ ဒီစွတ်စွဲမှုတွေ ဒီမယုံ သင်္ကာဖြစ်မှုတွေ ဖြစ်လာတော့မယ်ဆိုတာ ကျွန်မ ကြိုတွက်ပြီးသား ပါ ... လောကကြီးမှာ ကျွန်မအမုန်းဆုံးက မိန်းကလေးတစ် ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့တန်ဖိုးကို အခြောက်တိုက် စော်ကားခံရ တာကို ကျွန်မ အမုန်းဆုံးပဲ ... ကဲ ... ကျွန်မနောက်ကို ရှင်ဆက် မလိုက်နဲ့တော့မဟော် ... ရှင်နဲ့ကျွန်မ ကားတစ်စီးတည်းကို အတူတူ စီးပြီးပြန်ဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး ... "

"မဟော် ... မင်းတကယ် မန္တလေးကိုပြန်မှာလား"

"အဲဒါ ကျွန်မကိစ္စပါ"

"ငါ သဘောမတူဘူး ... "

"ဘာပြောတယ် ... "

ပန်းခေတ် အထိတ်တလန့်လေးနဲ့ပဲ သူ့မျက်နှာကိုချာခနဲ လှည့်ကြည့်မိသည်။

"နေပါဦး ... ကျွန်မဟာကျွန်မ မကျေနပ်လို့ မန္တလေးပြန် တာ ... ရှင်က ဘာအကြောင်းပြချက်နဲ့ ကန့်ကွက်နေတာလဲဟင် မဟော် ... ရှင်နဲ့ကျွန်မ နှစ်ယောက်ကြားမှာ ... "

"ဟုတ်တယ် ... တို့နှစ်ယောက်ကြားမှာ မကျော်ဖြတ်နိုင် သေးတဲ့ ကြိုးပါးပါးလေးတစ်ချောင်းရှိနေတာ သိနေလို့ ငါကန့်ကွက် နေတာ ... ငါအရှင်းဆုံးပြောရမယ်ဆိုရင် မင်းကို စတွေ့လိုက်ရတဲ့





နေ့ကတည်းက ငါ့တစ်ကိုယ်လုံး အေးစက်ပြီးတော့ ရင်ခုန်သွား တယ်"

"ဟင် ... "

ကြည့်စမ်း ...

ဒါဘာစကားလဲ မဟော်။

မင်းကို စတွေ့လိုက်ရတဲ့နေ့ကတည်းက ငါ့တစ်ကိုယ်လုံး အေးစက်ပြီးတော့ ရင်ခုန်သွားတယ်တဲ့။

သူ့မျက်နှာကိုလည်း ပန်းခေတ် မကြည့်ရဲတော့ပါ။

ခေါင်းလေးကို အဆင်မပြတ်ခါနေရင်း ဒေါပွတာရော ရှက် တာရော နှစ်ခုပေါင်းကာ မျက်ရည်ပါ ပန်းခေတ် ကျချင်လာသည်။

"ရှင် ... ရှင်ကပါ ထပ်ပြီးတော့ ကျွန်မကို စော်ကားနေတာ လား မဟော် ... ပြောပါဦး ... "

"စော်ကားတယ်လို့ထင်ရင်လည်း မတတ်နိုင်ဘူးလေ ... ပန်းခေတ် ... ဒီစကားကို ရင်ထဲမှာ ခံစားရတဲ့အတိုင်း မှန်မှန်ကန် ကန်ပဲ ငါပြောလိုက်တာ၊ ငါအခု ... မင်းသင်ပေးသမျှ ကြိုးစားနေ တယ်ဆိုတာလည်း စည်းချက်မမှန်တော့တဲ့ ငါ့ရင်ခုန်သံတွေကို တစ် နေ့နေ့မှာ မင်းသိအောင် ဖွင့်ပြောချင်လို့ ... "

"ဩော် ... ဩော် ... "

အခုမှ ပန်းခေတ် နှုတ်ခမ်းစွန်းလေးမှာ ခနဲ့တဲ့တဲ့အပြုံးလေး ထ နက်နက်ရှိုင်းရှိုင်းလေးပေါ်လို့လာသည်။ တကယ့်ဟာသပဲ။ ရယ်ရတော့မလား ငိုရတော့မလားဆိုတာလည်း ပန်းခေတ် မခွဲ နိုင်တော့ပါ။

"ရှင် ... ရှင် ... ဒီလောက်ပြောပြီးမှတော့ မထူးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ယောက်ျားလေးဆိုရင် သတ္တိရှိရှိနဲ့ ပွင့်ပွင့်လင်းလင်းလေး ပြောလိုက်စမ်းပါမဟော် ... ရှင် ကျွန်မကိုချစ်နေတာလား ... ရှင် ကျွန်မကိုစွဲလမ်းနေတာလား"

"ဟုတ်တယ် ပန်းခေတ် ... "

"ဟား ... ဟား ... "

ပန်းခေတ်ဆီက ခြောက်ကပ်ကပ်ရယ်သံလေးတွေပဲ လေထဲကိုလွှင့်ပျံ့ဝဲသွားသည်။ အနားက ဖြတ်သွားသော ကောင်လေးနှစ်ယောက်ကပင် စူးစမ်းသလိုလေးနှင့် ပန်းခေတ်တို့နှစ်ယောက်ကို လှည့်ကြည့်သွားကြ၏။

ဒါပေမဲ့ ... ပတ်ဝန်းကျင်ကိုလည်း ပန်းခေတ်ဂရုမစိုက်နိုင်ပါ။

"မင်း ... မင်းမရယ်နဲ့လေ ပန်းခေတ် ... ဒီမြို့ကြီးထဲကို မင်း စရောက်လာတဲ့နေ့ကတည်းက ဖေဖေတို့ မေမေတို့ ဖွားဖွားတို့အပေါ်မှာ ဆိုးသွမ်းအနိုင်ယူချင်တဲ့စိတ်တွေ ပျောက်သွားရတာယ်ဆိုရင် မင်းယုံမလား ... မင်းကြောင့် အင်အားအသစ်တွေငါရခဲ့တယ်၊ မျှော်လင့်ချက် အသစ်တွေနဲ့ ရှင်သန်ချင်လာခဲ့တယ် ... အဲဒါ ရင်ခုန်သံတွေ စီးမျောလာအောင် မင်းက ဖန်ဆင်းပေးခဲ့လို့ ... "

"တော်ပြီ မဟော် ... ရှင်ဆက်မပြောနဲ့တော့ ... "

လှမ်းလက်စ ခြေလှမ်းတွေကိုပါ ပန်းခေတ် တုန့်ခနဲရပ်ပစ်လိုက်သည်။ ရပ်ပြီးတော့မှ မဟော့်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်၏။

"ရှင့်အဆင့်လောက်နဲ့ ကျွန်မကို မမျှော်လင့်နဲ့ ... "

"ဟာ ... ကြည့်စမ်း ... "





"ကဲ ... ကျွန်မ သွားမယ် ... "

ထိုးရပ်လာတဲ့ အဲလ်ကွန်း ဘတ်စ်ကားကြီးပေါ်ကိုပဲ ပန်းခေတ် ပြေးတက်လိုက်သည်။

မဟော်ကတော့ ထူထူပူပူမျက်နှာလေးနှင့် ဘတ်စ်ကားဂိတ်လေးရှေ့မှာ တစ်ယောက်တည်း ရပ်ကျန်နေခဲ့ပြီလေ။

ကားပေါ်ရောက်တော့ ထိုင်ခုံလွတ်လေးတစ်နေရာမှာ ခပ်သွက်သွက်လေးပဲ ပန်းခေတ် ဝင်ထိုင်လိုက်သည်။

ကားပေါ်အတက်မှာ ဖရိုဖရဲလေးဖြစ်ချင်သွားရသည့် နှစ်ခွကျစ်ဆံမြီးလေးကိုလည်း သပ်သပ်ရပ်ရပ်လေးဖြစ်သွားအောင် ရှေ့ကိုဆွဲချရပါသေးသည်။ ဒါဟာလည်း ထုံးစံအတိုင်း တည်တင်းနေတဲ့ မျက်နှာထားလေးနဲ့ပဲပေါ့။

နဘေးမှာတော့ ပန်းခေတ်ထက် အသက်ပိုကြီးပုံရတဲ့လူတစ်ယောက်။ လက်မောင်းမှာလည်း တက်တူးရုပ်တွေနဲ့။

ဖြစ်ချင်တော့ ကားခပေးဖို့ ထုတ်လိုက်တဲ့ပိုက်ဆံအိတ်လေးက ဒေါက်ခနဲ အောက်ကိုပြုတ်ကျသွားသည်။

ပန်းခေတ် ကောက်မလို့ လက်ရွယ်လိုက်တော့ ...

"ဟာ ... ရပါတယ်၊ နေ ... နေ ကိုယ်ကောက်ပေးမယ်"

သူက ခပ်သွက်သွက်လှုပ်ရှားပြီး ခုံတန်းအောက်ကိုရောက်သွားတဲ့ပိုက်ဆံအိတ်လေးကို လှမ်းကောက်သည်။

"အဟင်း ... ဒီမှာရော ... "

"ကျေး ... ကျေးဇူးနော်"

"မလိုပါဘူးဗျာ"

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို မြင်ဖူးနေတယ် ... "

တွေ့လား ...

ရန်ကုန်သားတွေအကျင့်က ဒီလိုပဲလားဟင်။ သိသိ မသိသိ ခပ်တည်တည်ဝင်ရောတတ်တာ ရန်ကုန်သားတွေရဲ့စရိုက်လား။

"မင်း ... မဟော်တို့ခြံမှာ ဂိုက်လုပ်စာသင်ပေးနေတဲ့ ကောင်မလေးဆိုတာ သေချာအောင်လို့ ကိုယ်ကြည့်နေတာ ... "

"အို ... ရှင် ... ရှင် ကျွန်မကိုသိနေတယ်"

ပြဿနာပဲ ...

ဒီလူ ဘယ်လိုလုပ်သိနေတာလဲ။

"သိတာပေါ့ကွ ... ကျစ်ဆံမြီးနှစ်ခွလေးနဲ့ ပုံစံလေးက ဆန်းနေလို့ မင်းကိုသတိထားမိနေတာလေ ... ကိုယ့်နာမည်လည်း မှတ်ထားလိုက်ဦးပေါ့ ... အောင်တံခွန်တဲ့ ... မင်းနာမည်ကရော ... "

ပန်းခေတ် ဖြေစရာလိုလို့လား။

ခပ်တည်တည်ပဲ မသိချင်ဟန်ဆောင်နေလိုက်သည်။

"ဘယ်ဆိုးလို့လဲ ... မင်းတော်တော် မာနကြီးတာပဲ"

"ဒီမှာ တဆိတ်လောက်ကျေးဇူးပြုပြီး ဣန္ဒြေရရလေး ရှင်ဆက်ထိုင်နေရင်ကောင်းမယ် ... သေချာတာက ရှင်နဲ့ကျွန်မ နာမည်တွေအပြန်အလှန်ပြောပြီး ခင်မင်နေစရာအကြောင်းမရှိလို့ပါ"

ထုံးစံအတိုင်း ပန်းခေတ်ကတော့ ခပ်ပြတ်ပြတ်ပဲ။

"ဟင်း ဟင်း ... ရတယ်လေ၊ ဒီလိုမာနကြီးတာလေးနဲ့ မင်းမျက်နှာထားလေး အရမ်းလိုက်ဖက်တာကိုတော့ ကိုယ်သဘောကျတယ်"

ပန်းခေတ် ဆတ်ခနဲ ထရပ်လိုက်တာ တခြားခုံလွတ်နေရာ





တစ်ခုကို ရွှေ့ထိုင်လိုက်ဖို့ပါပဲ။ ဒီမှာဖြင့် မဟော်နဲ့ပြဿနာတက်ပြီး စိတ်ညစ်ဒေါပွလို့ ငိုချင်နေရတဲ့ကြားထဲ။

ဖေဖေရယ် ...

ပန်းခေတ် ဖေဖေ့ကို သတိရလိုက်တာ။

"သမီးရယ် ... သမီး ဘယ်လောက်ဆတ်ဆတ်ထိမခံ မာနကြီးသလဲဆိုတာ ဖေဖေသိပါတယ်၊ ဒီမာနလေးနဲ့ ဆယ်တန်းကို ဂုဏ်ထူးတွေအများကြီးပါအောင် သမီးဘယ်လိုကြိုးစားခဲ့ရသလဲဆိုတာ ဖေဖေသဘောပေါက်တယ် ... ရန်ကုန်ကိုရောက်သွားလို့ ပိုက်ဆံချမ်းသာတဲ့လူတွေက အထက်စီးက ဆက်ဆံတာတို့ အခွင့်အတန်းခွဲခြားတာတို့ဖြစ်လာရင် ဦးနေသူရိန်ရဲ့ ကျေးဇူးတရားကို ထောက်ထားပြီး အတတ်နိုင်ဆုံး သမီးခွင့်လွှတ်ပေးရမယ်နော်"

ဖေဖေ မှာလိုက်တဲ့ စကားသံလေး နားထဲကိုပြန်ရောက်လာတော့မှ မျက်ရည်လေးက ဝဲချင်လာသည်။

ဖေဖေရယ် ... ဖေဖေ့ရည်ရွယ်ချက်နဲ့ဆန္ဒတွေကို သမီးနားလည်ပါတယ်။ သမီးကလည်း အရှုံးမပေးချင်ပါဘူး။ တွေဝေတတ်တဲ့ ခပ်ညံ့ညံ့စိတ်ဓာတ်တွေကိုပိုက်ပြီး ဖေဖေ့ဆီကို သမီးပြန်မလာချင်ပါဘူးဖေဖေ။ မန္တလေးကနေ ရန်ကုန်ကိုတစ်ယောက်တည်း စထွက်လာကတည်းက ဘဝချင်းမတူတဲ့ အလွှာနှစ်ခုကြားက မိုးခြိမ်းသံနဲ့ လျှပ်စီးလက်သံတွေကို အံတုရင်ဆိုင်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကလေးကိုပဲ သမီးရင်မှာ ပိုက်လာခဲ့တာပါ။

ခုတော့ ဖေဖေရယ် ...

ဒေါ်ဝတီနွယ်ဆိုတဲ့ အန်တီတစ်ယောက်က သမီးနဲ့မျက်နှာချင်းဆိုင်လိုက်တိုင်း အထင်သေးနေတဲ့မျက်ဝန်းတွေနဲ့ အကြည့်ခံနေ



www.burmeseclassic.com

www.burmeseclassic.com



ရတာကိုပဲ သမီးရင်ထဲမှာ တနုံ့နုံ့ခံစားနေရတာပါ ဖေဖေ။

ဖြစ်နိုင်ရင် ဖေဖေ့ဆီကိုပဲ သမီးပြန်လာချင်ပါတယ်။

"ဒီက ညီမလေး ကားခ ..."

"အို ... ဟင် ..."

အသံကြားလို့ မော့ကြည့်လိုက်တော့မှ စံပယ်ယာက ကားခ လာတောင်းနေတာလေ။ ပန်းခေတ်ရှက်ရှက်နဲ့တစ်ကိုယ်လုံး ထူပူသွားတာ မပြောပါနဲ့တော့။

"ဆော ... ဆောရီးနော် ... ကျွန်မ အတွေးလွန်သွားလို့ပါ"

ရယ်ကြဲကြဲလေးနှင့်ပဲ နှစ်ရာတန်လေးတစ်ရွက်ကိုယူကာ စပယ်ယာက ပြန်လှည့်ထွက်သွားသည်။ ဒီလိုနဲ့ပဲ ဆင်းရမယ့်ကားမှတ်တိုင်လေးကိုရောက်တော့ ...

"ဟင် ... ရှင် ..."

စောစောက တက်တူးရုပ်တွေ ထိုးထားတဲ့လူ။

သူကပါ ပန်းခေတ်နားကို အတင်းတိုးကပ်လာ၏။

"ကိုယ်လည်း မင်းနဲ့အတူတူဆင်းရမှာလေ ..."

မကြားတကြားလေး ကပ်ပြောနေတာမို့ မှတ်တိုင်မှာဆင်းရမှာတောင် ပန်းခေတ် ကြောက်သွားသည်။ ဒီလူပြောပုံအရဆိုရင် သူလည်း ပန်းခေတ်နဲ့ တစ်ရပ်ကွက်တည်း နေတဲ့သူဖြစ်နေမလားဘဲ။

ဘာပဲပြောပြော ...

စိတ်ကလေးကို တင်းပြီးတော့ပဲ ပန်းခေတ် ကားပေါ်ကဆင်းလိုက်ပါသည်။ နောက်ကိုလည်း ပန်းခေတ် လှည့်မကြည့်ရဲတော့ပါ။





အဲ ...

ခြံထဲကို ဝင်လိုက်တော့မှ ...

"ညည်း ... ညည်း ပြန်လာပြီလား စံပန်းခေတ် ..."

"အို ... အန်တီ ..."

တိုက်တံခါးဝမှာ နှုတ်ခမ်းမဲ့မဲ့လေးနှင့်သူမကို ရပ်ကြည့်နေတာ ဒေါ်ဝတီနွယ်လေ။

ပန်းခေတ် အထိတ်တလန့်လေးနဲ့ပဲ ဒေါ်ဝတီနွယ်ကို မော့ကြည့်ကာ ဖြေလိုက်ရသည်။

"ညည်း ... ညည်းမျက်နှာမပျက်နဲ့၊ အန်တီမေးတာကို မင်းအမှန်အတိုင်းဖြေစမ်း ... မြို့ထဲကို မင်း ဘယ်သူနဲ့သွားတာလဲ"

"ရှင် ..."

"မင်းနဲ့မဟော် မြို့ထဲမှာတွေ့နေကြတယ်ဆို ..."

"ဘုရားရေ ..."

ကြည့်စမ်း ... ဒီသတင်းက ဘယ်ကဘယ်လို ဒေါ်ဝတီနွယ်နားထဲကို ရောက်သွားတာလဲ။ ထူးဆန်းလိုက်တာ ... ပန်းခေတ်ပါးစပ်အဟောင်းသားလေးနဲ့ပဲ ဒေါ်ဝတီနွယ့်ကို ငေးကြည့်နေလိုက်မိသည်။

"ဟင်း ... ဟင်း ... ပြောစမ်းပါဦး စံပန်းခေတ် ... မဟော့်ကို မင်းခေါ်သွားတာ ဘယ်သူမှမသိဘူးများ မင်းထင်နေသလား၊ သံစဉ်ချယ်ကိုယ်တိုင် ငါ့ကို အခုပဲ ဖုန်းဆက်ပြောသွားတာလေ ... မင်းမလိမ်နဲ့ ..."

ပထမဆုံးကြားကာစက ပန်းခေတ်မျက်နှာလေးပျက်သွားတာ မှန်ပေမယ့် ... ခုတော့ ... တည့်တည်ငြိမ်ငြိမ်ကလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝတီနွယ့်ကို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဒါဟာလည်း ပန်းခေတ်မှာ အပြစ်မရှိဘူးဆိုတာ ပန်းခေတ်ကိုယ်တိုင်သိနေလို့ပါ။

"အဟင်း ... ပန်းခေတ်ပြောမယ်နော် အန်တီ ... "

"အောင်မလေး ... မျက်နှာထားတည်တည်ကလေးနဲ့ ပန်းခေတ်ပြောမယ်တွေ ဘာတွေ မင်းကလုပ်နေရသေးတယ် ... ပြောပါ ... ပြောပါ မင်းပြောမှာလေးကို အန်တီနားထောင်ကြည့်ရသေးတာပေါ့ ဟင်းဟင်း ... "

နှုတ်ခမ်းတွေကိုလည်း ဒေါ်ဝတီနွယ် မဲ့ပစ်သည်။

"ပန်းခေတ်နဲ့မဟော် မြို့ထဲမှာ တွေ့ကြမယ်ဆိုတာမှန်ပါတယ် ... အဲဒါ ပန်းခေတ်ခေါ်သွားတာတော့ မဟုတ်ဘူး၊ ပန်းခေတ်ကို စိတ်ပူတယ်ဆိုပြီး မဟော်က ပန်းခေတ်မသိအောင် တိတ်တိတ်လေး လိုက်လာလို့တွေ့သွားတာပါ ... မဟော် ပြန်လာရင် အန်တီမေးကြည့်ပါ ... ခုလည်း ပန်းခေတ် တစ်ယောက်တည်း မြို့ထဲက ပြန်လာတာပါ ... ပန်းခေတ်က မခေါ်လို့ မဟော်မြို့ထဲမှာကျန်ခဲ့ပါတယ်"

"ဟယ် ... ကြည့်စမ်း ... အန်တီ့သားလေးကို မင်းကမခေါ်ဘဲ မြို့ထဲမှာ ရက်ရက်စက်စက် တစ်ယောက်တည်းထားခဲ့တယ်ဟုတ်လား ... "

တွေ့လား ...

မခေါ်တော့လည်း ရက်ရက်စက်စက် ထားခဲ့လို့တဲ့။

"ဟာ ... အန်တီတို့ မိသားစုကွယ်ရာမှာ မဟော်နဲ့ပန်းခေတ်က ပတ်သက်ဆက်ဆံနေစရာလား အန်တီ ... ဒါကြောင့် ခပ်ပြတ်ပြတ်ပဲပြောပြီး ပန်းခေတ် ထားခဲ့တာ ... "





"ပန်းခေတ်ရယ် ... မင်း ... မင်း တော်တော်အကြောမာတာပဲ ... "

ကိုယ်က နှိပ်ကွပ်ရမလားအောက်မေ့ပါတယ်။ ဟိုက မာမာတင်းတင်းလေးပြန်ပြောနေလို့ ဒေါ်ဝတီနွယ် ခုန်ဆွခုန်ဆွဖြစ်နေရတာလေ။ ခုတော့ ကြည့်ပါဦး ... ကိုယ့်သားကပဲ သူ့နောက်ကို တိတ်တိတ်လေး လိုက်လာတာတဲ့။ လိုက်စရာလားဟင် ... စံပန်းခေတ် ... ငါ့သားက ညည်းလေးကို ဒီလောက်တောင် စိတ်မချဖြစ်နေပြီတဲ့လား။

"ဟွန်း ... ပန်းခေတ်ကို အကြောမာတယ်လို့တော့ မပြောပါနဲ့အန်တီ ... ပန်းခေတ်နဲ့မဟော်ကြားမှာ မဆိုင်တဲ့စကားတွေပြောဖို့ ဒီခြံထဲကို ပန်းခေတ်ရောက်နေတာ မဟုတ်ပါဘူး ... ပန်းခေတ်လာတာ၊ တာဝန်နဲ့ပါ ... အန်တီကိုလည်း အစကတည်းက ပန်းခေတ်ကတိပေးခဲ့တာပဲ ... ယုံပါ အန်တီ ... စံပန်းခေတ်ဆိုတာ မိဘဆင်းရဲပေမယ့် စိတ်ဓာတ်က အောက်တန်းမကျပါဘူး၊ တစ်ခုပဲ ပန်းခေတ် တောင်းဆိုချင်တာက နောက်တစ်ခါ ပန်းခေတ်နောက်ကို မဟော်လိုက်မလာဖို့ပါပဲ ... ဟုတ်ကဲ့ ... ပန်းခေတ်ကို သွားခွင့်ပြုပါဦး ... "

"ဟယ် ... ကြည့်စမ်း ... "

ဒေါ်ဝတီနွယ် ဒေါပွကျန်ခဲ့တာသိပေမယ့် ဆက်မပြောချင်တော့လို့ ပန်းခေတ် လှည့်ထွက်လာခဲ့တာပါ။ ဆက်ပြောမယ်ဆိုရင်လည်း ပြောစရာစကားတွေက ရင်ထဲမှာမဆန့်အောင်ဖြစ်နေတာလေ။

မဟော်ရယ် ...

www.burmeseclassic.com



ရှင်ကလည်း တကယ့်ဟာသပဲ။

ပန်းခေတ်ကို ဇတွေ့လိုက်တဲ့နေ့ကတည်းက တစ်ကိုယ်လုံး အေးစက်ပြီး ရင်တွေခုန်သွားခဲ့တာတဲ့။

ရှင် တော်တော်ရူးတာပဲ။

မဖြစ်နိုင်တာကို အတင်းဖန်တီးယူဖို့ ကြိုးစားမယ်ဆိုရင် နောင်တ တရားတွေနဲ့ ရှင်ကျန်နေခဲ့မှာ အသေချာဆုံးပဲ။

ပန်းခေတ်ကတော့ ...

အခန်း ( ၁၃ )

"ဟာ ... အဲဒါ ချယ်လုံးဝ လက်မခံနိုင်ဘူးနော် ... ကိုကြီးမဟော် ... ဒီလောက်စာမေးပွဲတွေ အရမ်းနီးကပ်လာပြီဆိုတော့မှ ဝိုင်းကိုဆက်မတက်နိုင်းတော့ဘူးဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး၊ ကိုကြီးမဟော် ... ဒီဝိုင်းကို ဆက်တက်ရမယ်၊ ဒရိုင်ဘာသမီး စံပန်းခေတ် အမိန့်ပေးတိုင်း ကိုကြီးမဟော် လိုက်လုပ်စရာမလိုဘူး၊ မုန်းတယ် ... အဲဒီမိန်းမကို ချယ် တအားမုန်းတယ် ... ဟင့်ဟင့်"

ချယ်က ဒေါလ်ည်းပွ ငိုလည်းငိုနဲ့ ... သူ့ပခုံးတွေကိုဝဲ ဘုန်းဘုန်း ထုရိုက်နေတော့တာလေ။

ဒါကို မဟော်ကိုယ်တိုင် စိတ်ရှည်လက်ရှည်ဖြေရှင်းနေရတာ ဝါ မင်းသန့်နဲ့အောင်ကိုကလည်း ချယ် မကြိုက်ပါဘူးဆိုမှ ဘေးကနေ ဝိုင်းချွန်ပေးနေတော့ ချယ်က ပိုဆိုးနေခဲ့တာဖြစ်သည်။

ဘာလိုလိုနဲ့ တစ်နှစ်ဆိုတဲ့အချိန်က ဘာကြာလိုက်လို့လဲ။

ခဏလေးနဲ့ စာမေးပွဲရက်တွေက နီးကပ်လာခဲ့ပြီ၊ ပြန်ဆွဲမရှင်တောင် အိပ်မက်ပမာ ဖြစ်နေခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ချယ် ... စံပန်းခေတ်ဆိုတဲ့ ဟိုဂိုက်ကောင်မလေးက အမိန့်ပေးတိုင်း ဒီကောင်လျှောက်လုပ်နေတာ ..."

"ဟာ ... မင်းသန့်နော် ..."

မဟော် မျက်လုံးပြူးပြလည်းမရ၊ နှုတ်ခမ်းကိုက်ပြတာလည်းမရပါ။ ဒီကြားထဲ အောင်ကိုကပါ တစ်မှောင့်။

"အေး ... ဟိုက အမိန့်ပေးတိုင်း ဒီကောင်လုပ်တာလည်း မပြောနဲ့လေ ... အခုဆို အပြင်တောင် ဒီကောင်ထွက်ရဲတော့လို့လား ... ထွက်တာနဲ့ ကျစ်ဆံမြီးရှည်ကြီးတစ်ခါခါနဲ့ ဟိုကလိုက်လိုက်ခေါ်နေတာ ... အန်တီနွယ်တောင် အရှုံးပေးထားရတာပဲကြည့်၊ ဒီကောင့်လောက်တော့ ဟိုကအေးဆေး၊ တစ်ချက်တည်း အမြီးပါကုတ်သွားအောင် အပြတ်ကိုင်ထားတာလေဟာ ... ဟားဟား"

သူငယ်ချင်းတွေ အချွန်နဲ့မလေ ချယ်က ဒေါ်ပွလေ။

"အဟင့် ... အဟင့် ... တွေ့လား ... တွေ့လား ကိုမင်းသန့်တို့ ကိုအောင်ကိုတို့ကပါ ပြောကုန်ပြီ ... ဒီလောက်ဆို ကိုကြီးဂိုက်ဘယ်လောက်ဆိုးတယ်ဆိုတာ ချယ်သိပြီ ... မရဘူး၊ ချယ်တို့ဝိုင်းကို ကိုကြီးဆက်မတက်တော့ဘူးဆိုရင် အန်တီနွယ့်ကို ချယ်ကိုယ်တိုင်လိုက်ပြောမယ်"

"ကောင်မလေးချယ်ရယ် ... နင်လိုက်ပြောတာနဲ့ အန်တီနွယ်ကရော တက်ခိုင်းမယ်ထင်နေသလား၊ အဲဒီဂိုက်မလေး စံပန်းခေတ်ကို အန်တီနွယ်ကိုယ်တိုင် ဘယ်လောက်လက်မြှောက်အရှုံးပေးထားရတယ်ဆိုတာ နင်ပဲလိုက်မေးကြည့်လိုက်ဦး ... မဟော်နဲ့ စံပန်းခေတ်ဆိုတဲ့ကောင်မလေး စာအတူကျက်နေပြီဆိုရင် အန်တီနွယ် နားရွက်တောင် မလှုပ်ရဲတော့ဘူး"

လင်းလက်အိမ် စာပေ



"ဟယ် ... ကြည့်စမ်း ..."

ချယ် မျက်ရည်သုတ်ရင်း မျက်လုံးတွေပါ ဝိုပြူးလာသည်။ တကယ်ဆို မဟော် ချယ်ကိုခင်ခဲ့တာ သူငယ်ချင်းပိုင်လေးမျက်နှာကြောင့်ပါပဲ။ ချယ်ကလည်း ဘယ်သွားသွား ဘာလုပ်လုပ် မဟော်မှမဟော်။

"ဟုတ်လား ကိုကြီး ... ကိုမင်းသန့် ပြောတာ ..."

"မဟုတ်ပါဘူး ချယ်ရာ ..."

"ဟော့ကောင် မဟော် ... ဘာမဟုတ်ပါဘူးလဲ၊ ဒီစံပန်းခေတ်ဆိုတဲ့ မန္တလေးသူလေးရောက်လာမှ မင်းအချိုးတွေ အကုန်ပြောင်းသွားတာ၊ ငါတို့ဆီလာတိုင်းလည်း တမှိုင်မှိုင်တထွေထွေနဲ့ စကားမပြော ဘာမပြော သက်ပြင်းတွေပဲချချနေတာ ... ကဲ ... ပြောစမ်းပါဦး ... မင်းဘာဖြစ်နေတာလဲ၊ ခြံထဲကို ငါတို့လိုက်လာတော့လည်း စာသင်နေရတာနဲ့ စာကျက်နေရတာနဲ့ ..."

"အောင်ကိုရာ ... ငါ့ကိုမရစ်စမ်းပါနဲ့ကွာ ဟား ..."

"ဟော ... တွေ့လား ... တွေ့လား ... ပြောရင်းနဲ့တောင် ဒီကောင် ပင့်သက်ကြီး ချလိုက်ပြန်ပြီ ... ကြည့် ... ကြည့် ..."

"ဟုတ် ... ဟုတ်တယ်နော် ... ကိုအောင်ကို ... ကိုကြီးဘာဖြစ်လို့ မှိုင်မှိုင်နေသလဲဆိုတာ ချယ်အခုမှ သဘောပေါက်သွားပြီ ... ကိုယ်ကြီး ချယ့်ကိုအမှန်အတိုင်းပြောစမ်းပါ ... အဲဒီစံပန်းခေတ်ဆိုတဲ့ ဂိုက်မမလေးကို ကိုကြီးချစ်နေပြီလား ... မရဘူး ... မရဘူး၊ ကိုကြီးခေါင်းမခါနဲ့ ကိုကြီးညာရင် ချယ်ငိုမှာ ..."

ပိုင်လေးကိုယ်တိုင်လည်း ချယ်ကိုမနိုင်ပါ။

"ညီမလေးနော် ... နင်ဘာဖြစ်နေတာလဲ"

လင်းလက်အိမ် စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ချယ် ဘာဖြစ်လို့လဲကိုကို ... ဒီမှာ ကိုကြီးက ချယ်တို့ဝိုင်းကို ဆက်မတက်တော့ဘူးဆိုလို့ ပြဿနာတက်နေတာ ကိုကို မကြားဘူးလား ..."

"အေး ... ဒီကောင် မတက်ဘူးဆိုတာက ဝိုင်းမှာသင်နေတဲ့ ကိုစ်တွေက တစ်ခန်းမှမကျန်အောင် သင်ပြီးသွားလို့ စာကျက်ချိန် ပိုရအောင် ရပ်လိုက်တာ ရှင်းပြီလား ... ဟိုက မသိသေးတာတွေ မရှင်းတာတွေ တစ်ခုပြီးတစ်ခု တဘာသာပြီးတဘာသာ စစ်မေးပြီး ဂုဏ်ထူးမှတ်ရအောင် ချီတက်တော့မှာ ... နင်တို့မသိဘဲနဲ့ လျှောက်ပြောမနေနဲ့ ..."

"ဟုတ် ... ဟုတ်လားဟင် ကိုကြီး ..."

ချယ်မေးနေတာ ငိုမဲ့မဲ့အသံလေးနဲ့။

"ဟုတ်တယ် ချယ် ... ဝိုင်လေးပြောတဲ့အတိုင်းပဲ"

"တွေ့လား ... ညီမလေး ကိုကိုပြောတာ ..."

"ဒါ ... ဒါဆို ... ကိုကြီးနဲ့ချယ် နေ့တိုင်းမတွေ့ရတော့ဘူးပေါ့"

ချယ့်မျက်ဝန်းလေးထဲမှာ မျက်ရည်တွေအပြွတ်လိုက်ဝဲလာပြီ။ ဝိုင်လေးကလည်း သူ့ညီမလေးရင်ထဲက ခံစားချက်ကိုသိနေတော့ ပြောရခက်နေသည်။ မဟော်ကိုလည်း မျက်နှာပူနေမိ၏။

တစ်ခုပဲ တော်သေးတာက ...

ငယ်ငယ်လေးကတည်းက ဖြူဖြူစင်စင်လေးချစ်ခဲ့လို့။

"မဟော် ..."

"ဟင် ... ဘာလဲ ဝိုင်လေး ..."

"မင်းရင်ထဲမှာ ဖြစ်နေတာတွေအားလုံး ချယ်ကိုငါပြောပြ





လိုက်တော့မယ်"

"ဟာ ... ဟော့ကောင် ..."

ဝိုင်လေး စိတ်မရှည်တော့ပါ။

ညီမလေး ခံစားနေရတာကိုလည်း မကြည့်ရက်တော့ဘူးလေ။

မဟော်က တားလိုက်ပေမယ့် ...

"ကဲ ... ညီမလေးချယ်၊ နင်သိအောင် ငါတစ်ခါတည်းပြောလိုက်တော့မယ် ... မဟော်က စံပန်းခေတ်ကို အရမ်းချစ်နေတာ၊ ဟိုက အဖြေမပေးသေးလို့ စိတ်ခါတ်ကျနေတာ ... ဒါပဲ ..."

"ဟယ် ..."

နားထောင်ရင်း ချယ်တစ်ယောက် မျက်ရည်တွေ တဖြုတ်ဖြုတ်ပြုတ်ကျလာခဲ့ပြီ။

"ကိုကြီးရယ် ... ရက်စက်လိုက်တာ၊ ကိုကြီးနဲ့ဆို မိုးနဲ့မြေလောက် အဆင့်အတန်းကွာနေတဲ့ ကောင်မလေးတစ်ယောက်ကို ဒီလောက်ထိ ကိုကြီးစွဲလမ်းနေတာ ချယ်ရင်နာတယ် ... တော်ပါပြီ ကိုကြီးကိုလည်း ချယ်မုန်းတယ် ... စံပန်းခေတ်ဆိုတဲ့ မန္တလေးသူ မမကိုလည်း ချယ်အရမ်းမုန်းတယ် ... အဟင့် ... ဟင့် ... ဟင့်"

"ဟာ ... ချယ် ... ချယ် ..."

ချယ် ... သူတို့စကားဝိုင်းကနေထကာ ဝိုင်လေးတို့ခြံကျယ်ကြီးထဲကို ချာခနဲလှည့်ပစ်ရင်း ပြေးဝင်သွားခဲ့ပြီ။

ဒါကိုကြည့်ရင်း ... ပင့်သက်ချလိုက်မိတာ မဟော်ပါ။

"ဝိုင်လေးရာ စာမေးပွဲနီးမှ မင်းဘာလို့ချယ်ကို သွားပြောလိုက်တာလဲကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



မဟော် တကယ်စိတ်မကောင်းပါ။

စိတ်မကောင်းလို့လည်း ပိုင်လေးကို အပြစ်တင်လိုက်မိတာ ဖြစ်သည်။

"ဟော့ကောင် ... ငါအဲလိုပြောမှ မခံချင်စိတ်တွေ မနာလို စိတ်တွေနဲ့ ... ငါ့ညီမလေးက စံပန်းခေတ်ထက်သာအောင် ကြိုးစား တော့မှာလေ ... အခု ... မင်းတာသိလို့လဲ ... တစ်နေ့ ... တစ်နေ့ စာမကျက်ဘဲ မင်းအကြောင်းတွေပဲပြောပြောနေတာ ... ငါလည်း အိမ်မှာမျက်နှာပူတယ် ... ဖြတ်သင့်တဲ့ကြိုးဆိုတာ တစ်ချက်တည်း ဖြတ်ချလိုက်တာအကောင်းဆုံးပဲ ... ကြာရင်အရစ်ရှည်တယ်၊ ကဲ ပြောပါဦး ... ညီမလေးမရှိလည်း မင်းနဲ့စံပန်းခေတ်ရဲ့ နောက်ဆုံး အခြေအနေတွေကို ... "

"ဟား ... မထူးပါဘူး ပိုင်လေးရာ ... "

"မဟော် ... ပိုင်လေးမေးတာကို မင်းသေသေချာချာဖြေ လေကွာ ... ဘာလို့မထူးရမှာလဲ ... ဟိုနေ့ကတောင် စံပန်းခေတ် တက်နေတဲ့ ရွာသာကြီး အိကိုကို မင်းလိုက်သွားသေးတဲ့ဥစ္စာ"

အောင်ကိုပြောမှ မဟော်ရင်ထဲမှာ ပိုပြီးတော့တောင် ကြေ ကွဲသွားသည်။

"ဟော့ကောင် ဘာငိုင်နေတာလဲ ... မေးတာ ဖြေလေ"

"ငါ ... ငါဘယ်လိုဖြေရမှန်းမသိလို့ စဉ်းစားနေတာပါကွာ"

သူငယ်ချင်းတွေမေးနေတာကို မဟော်ဘယ်လိုဖြေရမလဲ။ တကယ်ဆို အဲဒီနေ့က မဟော် ပန်းခေတ်ကို မယုံလို့ ရွာသာကြီး အိကိုဝင်းထဲအထိ လိုက်သွားခဲ့တာလေ။

"ဟင် ... မဟော် ... ရှင် ... ရှင်လိုက်လာပြန်ပြီ"





ကျောင်းထဲမှာ မဟော်ကို မြင်လိုက်တာနှင့် ပန်းခေတ်မျက် နှာလေးက နစ်ဆမာသွားခဲ့သည်။ မျက်နှာပျက်ပျက်လေးနှင့် ခေါင်း လေးကိုလည်း အဆက်မပြတ် ရမ်းခါနေ၏။

"ငါ ... ငါ ... စာတွေလည်း တစ်လုံးမှကျက်မရတော့လို့ လိုက်လာတာ၊ ပြီးတော့လည်း ... ကျောင်းထဲမှာ အဖော်မရှိဘူးဆို တာ ငါမယုံလို့ ... "

ဒါကိုတော့ ပန်းခေတ် မခံချင်။

"ဒီမှာ မဟော် ... "

အသံလေးက မျက်နှာထားလေးနဲ့အပြိုင် မာသွားသည်။

"ပြော ... ပြောလေ ပန်းခေတ် ... "

ပန်းခေတ်ရှေ့မှာ မျက်နှာလေးငယ်နေရတာ မဟော်ပါ။ တစ်နေ့တခြား ပိုပိုပြီးချစ်လာရတဲ့အချစ်တွေကိုလည်း မဟော် ဘယ်လိုမှ အောင့်အီးသိမ်းဆည်းထားလို့ မရတော့ဘူးလေ။

ဆေးတက္ကသိုလ်တက်ပြီး ... ဆရာဝန်မလေးဖြစ်နိုင်ပါလျက် နှင့် ဝါသနာမပါဘူးဆိုပြီး စီးပွားရေးတက္ကသိုလ်လောက်ကိုပဲ ရွေး ချယ်သွားတဲ့ ပန်းခေတ်ရဲ့ ဆုံးဖြတ်ချက်ခိုင်မာမှုတွေက သူမဘယ် လောက် အသည်းမာတယ်ဆိုတာ ညွှန်ပြနေတာပါ။

ခုလည်း ...

အသံလေးကလည်းမာ ...

မျက်နှာထားလေးကလည်း မာနဲ့ ...

မဟော် ဘယ်လောက်ခံစားခဲ့ရတယ်ထင်သလဲ။

"ကျွန်မကို ရှင်လျှော့တွက်နေသလားဟင် ... မဟော် ... စံပန်းခေတ်ဆိုတဲ့ ကောင်မလေးတစ်ယောက်က တက္ကသိုလ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတာနဲ့ နံဘေးက လိုက်လာမယ့်အဖော်တစ်ယောက်ကို ရွေးချယ်လိုက်မှာပဲလို့ ရှင်ထင်နေလို့လား ... ”

“ဟွန်း ...

ဒီစကားကိုတော့ နှုတ်ခမ်းလေးမဲ့ကာပြုံးရင်း နားထောင်လိုက်မိတာ မပျော်ပါပဲ။ ပန်းခေတ် ဒီလို ခပ်မာမာလေးတုန့်ပြန်လာမယ်ဆိုတာလည်း မပျော်က ကြိုတွက်ထားခဲ့တာလေ။

“ဝေးသေးတယ်သီလား ... မပျော် ... အခုရော ... ရှင်ထင်ထားသလို ကျွန်မဘေးမှာ အဖော်ပါနေလို့လား ... ”

“ပန်းခေတ်ရာ ... မင်း ငါ့ကိုမရစ်နဲ့ကွာ၊ ငါအဓိက ပြောချင်တာ ငါ့ရင်ထဲက ခံစားချက်ကိုပဲပြောချင်တာ ... ငါစာကျက်လို့မရဘူး၊ တခြားယောကျ်ားလေးတစ်ယောက်ယောက်နဲ့ မင်းပတ်သက်ခင်မင်သွားမှာလည်း ငါစိုးရိမ်တယ် ... ”

“ဆောရီးပဲ မပျော် ... ရှင် စာမေးပွဲပြီးတာနဲ့ အပြင်အဆောင်တစ်ခုခုကို ကျွန်မပြောင်းနေတော့မှာ ... ရှင် ကျွန်မကို မျှော်လင့်မနေနဲ့ ... ”

“အဲဒါ သေချာလား”

“အို ... သိပ်သေချာတာပေါ့”

“မင်း ... မင်း ... ငါ့ကို နည်းနည်းလေးတောင် သံယောဇဉ်မရှိဘူးလားဟင်”

“မပျော် ... ရှင်ပြန်နော်၊ ကျွန်မ နောက်တစ်တန်းတက်ရဦးမယ်”

အပြတ်ပြောပြီး ပန်းခေတ် ချာခနဲလှည့်ထွက်လာတော့ သံယောဇဉ်တွေ အမျှင်မတန်းချင်တော့လို့ပါ။





မပျော်ရယ် ...

ရှင် ဘာလို့ ကျွန်မကို ဒီလောက်ထိဒုက္ခပေးချင်နေရတာလဲဟင်။ ရှင့်ရဲ့ တဖွတ်ထိုးတဇောက်ကန်း လုပ်ရပ်တွေကြောင့် မိန်းကလေးတစ်ယောက်ရင်ထဲမှာ ဘယ်လောက်လှိုင်းထကျန်နေခဲ့မလဲဆိုတာ ရှင် နည်းနည်းလေးတောင် မတွေးမိတော့ဘူးလား မပျော်။

မျက်နှာချင်းဆိုင် စာသင်နေတဲ့တစ်ချိန်လုံး ကျွန်မ ဘယ်လိုမှ ရှင့်မျက်ဝန်းတွေကိုပြိုင်ပြီး စိုက်မကြည့်ရဲခဲ့တာလေ။

အဲဒါ ... ရှင် မသိဘူးလား။

အဲဒါ ... ရှင် သဘောမပေါက်ဘူးလား။

တကယ်ပါ ... ရှင့်ပုံစံလေးကို တံခါးဆွဲဖွင့်ရင်း စတွေ့လိုက်ရတဲ့နေ့ကတည်းက ကျွန်မရင်ထဲမှာ တစ်ခုခုဖြစ်သွားတာ ကျွန်မပဲ သိလိုက်တယ်။ ဒါပေမဲ့ ... ကျွန်မ ကြိုးစားပြီး ဟန်ဆောင်လိုက်ပါတယ်။

သေချာတာက ကျွန်မက မိန်းကလေးပါ မပျော်ရယ်။

မပျော်ကတော့ ဒါတွေကိုမသိပါ။

ပန်းခေတ်က ခပ်မာမာလေးပြောပြီး စာသင်ဆောင်တွေဘက်ကို ထွက်သွားပြီမို့ မပျော်တစ်ယောက်တည်း ရပ်ကျန်ခဲ့ရတာလေ။

“ဟာ ... မပျော်ရာ ... ဒီအတိုင်းဆိုရင် ပန်းခေတ်က တော်တော်ပြတ်သားတာပဲ ... မင်းလည်း အရှုံးခံစားလိုက်ရမှာသေချာတယ်”

“ဟုတ်တယ် မင်းသန့်ရာ ... ပန်းခေတ်က တကယ်ကိုနကြီးတာ ... ငါလက်တွေ့ပဲ၊ ဒါပေမဲ့ ... ငါစိတ်ဓာတ်မကျပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ပွန်း ... ”

မခံချင်စိတ်ကလေးနဲ့ နှုတ်ခမ်းကလေးကိုပါ မပော်မဲ့မိသည်။ အိမ်မှာဆိုလည်း ဒီအတိုင်း ဘာထူးလို့လဲ။ စာသင်ချိန်မှာ စာသင်၊ စာကျက်ချိန်မှာ စာကျက်။ တဘာသာပြီးတဘာသာ မေးခွန်းဟောင်းတွေဖြေရ မေးခွန်းသစ်တွေဖြေရနဲ့ တစ်ချက်လေးတောင် နားခဲ့ရလို့လား။

တစ်နှစ်လုံးမှာ ပြဿနာကလည်း မျိုးစုံပါ။

အခါကက မေမေနဲ့ပန်းခေတ် မာနတွေပြိုင်ခဲ့ကြတာ။

“ရမလား ... ရမလား ... ဝတီနွယ်ဆိုတဲ့မိန်းမကို ဒီလိုလာစမ်းလို့ရမလားဟင် မပော်ရဲ့ ... သားအမိနှစ်ယောက် အေးအေးဆေးဆေး စကားပြောချင်တာတောင် ပြောလို့မရဘဲ နာရီတကြည့်ကြည့်နဲ့ ခေါက်စာနဲ့ခေါက်ပြန် လမ်းလျှောက်ရင်း ငါ့ကိုဆနှပြနေတာ ... ငါမှာတော့ ဒင်းကိုပဲကြောက်ရမလား၊ သားနဲ့ပဲစကားဆက်ပြောရမလားဆိုတာ ဘာလုပ်ရမှန်းကိုမသိဘဲ အယောင်ယောင်အမှားမှားတွေဖြစ်ကုန်တော့တာ ... ဒီကြားထဲ ယောက္ခမကတစ်မျိုး ... ယောက်ျားကတစ်မျိုး ... ”

နောက်ဆုံးကျတော့ မေမေ အနိုင်ကျင့်နှိပ်စက်လို့ရတာ ခြံထဲကအလုပ်သမာတွေ။

“ဟဲ့ ... မောင်တိုး လာစမ်း ... ဒီပန်းအိုးကို ဟိုးဘက်ခြံထောင့်ရောက်အောင် ရွှေ့ပစ်စမ်း ... ”

“ဟင် ... မမ ... ဒီမှာထားတာ ဘာဖြစ်လို့လဲ”

“ဟဲ့ ဘာဖြစ်ရမှာလဲ ... ဒီကစ်မီကွစ်ဆိုတဲ့ပန်းကို ငါအမုန်းဆုံး ... မြင်ရင်လည်း ခေါင်းမှာပန်လို့မရ၊ ရှူးရင်လည်း လက်ကစူးဦး





မယ် ... အလကားပန်း၊ အသုံးမကျတဲ့ပန်း ... ကြည့်လို့ကိုတစ်စက်မှမရလို့ ငါရွှေ့ခိုင်းနေတာ ... ဟင်း ... ”

“ကြားတယ်နော် မပော် ... မပော်မေမေ၊ ဘာကိုရည်ရွယ်ပြီးပြောနေသလဲဆိုတာ ... ”

“ပန်းခေတ်ရာ ... မေမေပြောတာကို ခေါင်းစားခံပြီး ရင်ဘတ်ထဲထည့်မနေပါနဲ့ ... ”

“ဟာ ... မထည့်လို့ရမလား၊ ဒီဘက်အဆောင်ရှေ့အထိလာပြီး ကျွန်မကြားအောင် လာအော်နေတာလေ ... ”

“ဟဲ့ ... မောင်တိုး ... နောက်တစ်ခါ ဒီလိုအသုံးမကျတဲ့ပန်းမျိုးကို ငါ့ခြံထဲမှာ လုံးဝမထားနဲ့သိလား ... မျက်စိလည်းနောက်တယ်၊ အိမ်လည်းရှုပ်တယ် ... ဖြစ်နိုင်ရင် အမြစ်ကပါဆွဲနှုတ်ပြီး အမှိုက်ပုံထဲထည့်ပစ်လိုက်တာ အကောင်းဆုံးပဲ ... ”

“တွေ့လား မပော် ... ထပ်အော်နေပြန်ပြီ”

မပော် စိတ်ညစ်ခဲ့ရတာ အဲဒါတွေပါပဲ။

ပိုဆိုးတာက ဟိုတစ်နေ့ကဆို ...

“စံပန်းခေတ် ... မင်း ခဏလောက်နေပါဦး ... ”

“ရှင် ... အန်တီ ... ”

ပန်းခေတ် ကျောင်းသွားဖို့ ကျော့ကျော့မော့မော့လေး ပြင်ဆင်ထွက်လာချိန်မှာ ပန်းခေတ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မေမေက ခေါ်လိုက်တာပါ။ ပြောရရင် မပော်က မေမေနားမှာရပ်ပြီး မုန့်ဖိုးကပ်တောင်းနေတာလေ။

မေမေက မပြောမဆို ရုတ်တရက်ခေါ်လိုက်တော့ မပော် ဘာမှန်းမသိဘဲ ရင်ထဲမှာတောင် ထိတ်ခနဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေ ... ပန်းခေတ် ဘာဖြစ်လို့လဲ ... "

"မရှည်နဲ့မဟော် ... မင်းအသာနေစမ်း ... "

"မေမေရာ ... ပန်းခေတ်ကျောင်းသွားတာ နောက်ကျနေပါဦးမယ်"

မဟော်ကတော့ ပန်းခေတ်ကိုမြင်တိုင်း ရင်ခုန်နေမိသည်။

"စုံပန်းခေတ် ... "

"ဟုတ် ... ပြောပါ အန်တီ ... "

"မင်းက သားကို အမှတ်တရလက်ဆောင်လေးတွေ အမြဲပေးနေတယ်ဆို၊ ကဲ ... ရှင်းစမ်းပါဦး ... အဲဒါဘာသဘောလဲ"

"ရှင် ... အန်တီ ... "

မေမေမေးလိုက်တာကို နားထောင်ပြီး မျက်ခုံးတန်းလေးတွေ စုကျုံ့တက်သွားရတာ ပန်းခေတ်ရယ်ပါပဲ။

"ဘယ် ... ဘယ်လိုအမှတ်တရလက်ဆောင်လေးတွေလဲ"

ပန်းခေတ် ပြန်မေးနေတာ တကယ့်ကို ဘာမှနားမလည်နိုင်တဲ့ မျက်ဝန်းအကြည့်လေးတွေနဲ့မို့ မဟော် ပန်းခေတ်ကို အရမ်းပဲအားနာသွားမိသည်။

ဒီကိစ္စတွေကို မေမေသိအောင် မဟော်ကပြောလိုက်မိတာပါ။ မေမေ့ကို တမင်စချင်တာလည်း ပါတယ်လေ။ ဒါပေမဲ့ ... ပန်းခေတ်ကို ဒီလိုဒဲ့ဒိုးကြီး မေမေ မေးလိုက်တော့ မဟော် အိုးတိုးအန်းတန်းကြီးတောင် ဖြစ်သွားသည်။

"ဟာ ... မေမေ ဘာတွေလျှောက်မေးနေတာလဲ ... ဒုက္ခပါပဲမေမေရာ"

"မင်းကို ပါးစပ်ပိတ်ထားလို့ မေမေ ပြောနေတယ်လေ"





"ပန်းခေတ် ... ဆောရီးကွာ"

"ရှင် ... ရှင် ... အန်တီ၊ မကျေနပ်အောင် ဘာတွေအတို့အဆောင်လုပ်ထားလဲဟင် မဟော် ... ဘယ်တုန်းက အမှတ်တရလက်ဆောင်တွေ ပေးခဲ့လို့လဲ ... "

"မင်း ... မငြင်းနဲ့လေ ပန်းခေတ် ... "

"ရှင် ... "

"မဟော့်ကို တစ်လတစ်ခါ လက်ဆောင်တွေပေးခဲ့တာ"

"ဟာ ... အဲဒါ အန်တီမှားနေပြီ ... "

"ဟင် ... အန်တီ ဘာမှားလို့လဲ ... "

"အဲဒါ လစဉ်စာမေးပွဲတိုင်းမှာ အမှတ်ပြည့်ရအောင်ဖြေနိုင်လို့ ပန်းခေတ်ဆုချတာ ... ဘာအမှတ်တရလက်ဆောင်မှ ခိုးကြောင်ခိုးဝှက်ပေးနေစရာအကြောင်းမရှိဘူး အန်တီ ... မဟော် အရူးထပြီးလျှောက်ပြောတိုင်း အန်တီ မယုံနဲ့ ... "

"နေပါဦး ... နေပါဦး ... "

ဟိုက ပြတ်ပြတ်သားသားပြောနေတာလည်း မေမေက မကျေနပ်သေးပါ။

"ရှင် ... အန်တီ ... ပန်းခေတ်ပြောတာ မရှင်းတာ ဘာရှိသေးလို့လဲ ... "

"ဒီလို ဟိုလိုလိုဒီလိုလိုပြောပြီး ဆင်ခြေဆင်လက်တွေပေးဖို့ မင်းမစဉ်းစားနဲ့ ... ဒီလိုလက်ဆောင်တွေပေးတယ်ဆိုတာ အန်တီသားကို ဖြားယောင်းသွေးဆောင်နေတာ၊ ဒါကို အမှန်အတိုင်းမင်းဝန်ခံလိုက်စမ်းပါ ... ပန်းခေတ် ... "

"ဘုရားရေ ... "



www.burmeseclassic.com

www.burmeseclassic.com



ပန်းခေတ် ဘုရားတနေပြီ။

ပြောရရင် … မေမေစကားလုံး အသုံးအနှုန်းတွေက ပန်းခေတ်အပေါ်မှာ အရှိန်းကိုပဲ ပြင်းထန်သွားရတာမို့ ပန်းခေတ် အရှိန်းဒေါ်ပွသွားပြီဆိုတာ မယော် စိတ်ထဲက ကြိုသိနေလိုက်မိသည်။

"အန် … အန်တီသားကို ပန်းခေတ်က ဖြားယောင်းသွေးဆောင်တယ် ဟုတ်လား … "

"ဟုတ်တယ်လေ … "

"ကျေးဇူးပြုပြီးတော့ အဲဒီစကားလုံးကို အန်တီပြန်ရုတ်သိမ်းပေးပါအန်တီ … အန်တီ စွတ်စွဲချက်တွေကို ပန်းခေတ်လုံးဝလက်မခံနိုင်လို့ပါ … ပန်းခေတ် တာဝန်ယူစာသင်ပေးနေတဲ့ ကျောင်းသားတစ်ယောက်ရဲ့ ကြိုးစားအားထုတ်မှုတွေကို ဂုဏ်ပြုချီးမြှင့်အားပေးတဲ့ စေတနာသန့်သန့်လေးနဲ့ စာစီစာကုံးစာအုပ်လေး ဝယ်ပေးတာ … အင်္ဂလိပ် ဒစ်ရှင်နရီစာအုပ်လေး ချီးမြှင့်တာ၊ အဲဒါ … ယောကျာ်းတစ်ယောက်ကို ဖြားယောင်းသွေးဆောင်တာလား အန်တီ"

"ဟင် … "

"အန်တီ ပန်းခေတ်စေတနာကို တကယ်စော်ကားတယ်၊ ရပါတယ် … ဒီလောက်ဆို အန်တီသဘောထားကို ပန်းခေတ် နားလည်ပြီ … "

"ဝတီနွယ် … ညည်းတို့ဘာတွေဖြစ်နေကြတာလဲ"

"ဟာ … ဖွား ဆင်းလာပြီ … "

"အမလေး … "

ဖွားကိုမြင်လိုက်တော့မှ မေမေ မျက်နှာပျက်သွားသည်။





"ပြောစမ်း ဝတီနွယ် … ညည်း … ညည်း ပန်းခေတ်လေးကို ပြဿနာရှာနေတာလား … ပန်းခေတ်လေးကိုပဲ ညည်းရန်လုပ်နေတော့မှာလား … "

ဖွားက မြင်လိုက်တာနဲ့ သဘောပေါက်နေတာလေ။

ဒီကိစ္စတွေကို အိမ်အလုပ်သမားတွေဆီကနေတစ်ဆင့် ဖွားအမြဲကြားနေရတာပဲ။ ဖွားအဓိကသိနေတာ ပန်းခေတ်လေးကို ဝတီနွယ်က ဖွားနောက်ကွယ်မှာ နှိမ့်ချဆက်ဆံပြီးတော့ အမျိုးမျိုးအနှောက်အယှက်ပေးနေတာ။

ဒါကို ပန်းခေတ်လေးက ခံနိုင်ပါတော့မလား။

"ဟိုလေ … ဟို … မာမီ … "

"ညည်းမပြောနဲ့ ဝတီနွယ် … ငါအကုန်ကြားတယ်"

ကြည့်စမ်း … ဖွားက သူကြားတယ်တဲ့။

"ညည်းကြောင့် ပန်းခေတ်လေး အမြဲစိတ်ဆင်းရဲနေရတာ ငါမသိဘူးများထင်နေသလားဟင် ဝတီနွယ် … ငါ့မြေးမယော်လေးနဲ့လည်း ညည်းအမျိုးမျိုးပေးစားပြီးတော့ စွတ်စွဲနေတာ ညည်း သိပ်လွန်နေပြီ … "

ဖွားက ပြောလည်းပြော … ပန်းခေတ်ရဲ့ပခုံးလေးကိုလည်း လှမ်းဖက်ထားသည်။

"ဒါ … ဒါကတော့ မာမီရယ် … "

"ညည်း … ညည်း ဆင်ခြေဆင်လက်တွေပေးပြီး ညည်းမှန်တယ်ထင်မနေနဲ့ ဝတီနွယ် … အခုဆိုရင် ပန်းခေတ်လေးကြောင့် ငါ့မြေးလေး စာတွေဘယ်လောက်ကြိုးစားနေတယ်ထင်သလဲ၊ ဒါကို ကျေးဇူးမတင်ဘဲနဲ့ ညည်းက ပန်းခေတ်လေးကို အမျိုးမျိုးအပြစ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရန်လုပ်နေတာ ...”

“ဟာ ... နွယ် ရန်လုပ်နေတာ မဟုတ်ဘူးလေ မာမီ ... သားကို မြူဆွယ်ပြီးတော့ စံပန်းခေတ်က လက်ဆောင်တွေအမျိုးမျိုးပေးနေတာ မာမီသိလို့လား ...”

“ဘာပြောတယ် ...”

“မေမေရော ... မေမေ ဘာတွေလျှောက်ပြောနေတာလဲ၊ မေမေ ပြောတာနဲ့ဖွားက တစ်မျိုးထင်နေဦးမယ် ...”

“ဟာ ... အဲဒါ မင်းပဲပြောတာလေ ...”

“ငါသိတယ် ... ငါသိတယ် ... ပန်းခေတ်လေးပေးတာ မဟော်ကို စာမေးပွဲစစ်တိုင်း အမှတ်ပြည့်ရလို့ စုချတဲ့အနေနဲ့ပေးတာ အဲဒီဆုချတဲ့စာအုပ်တွေဝယ်ဖို့ တစ်လတစ်ခါ ပိုက်ဆံထုတ်ပေးနေတာငါပဲ ... ကဲ ... ညည်း ဘာပြောဦးမလဲ ...”

“ဟင် ...”

မေမေ မျက်နှာပျက်ပြီး တစ်ချက်တည်း ငြိမ်ကုတ်သွားသည်။

“ဒီမှာ ညည်းကိုငါပြောမယ် ...”

ဖွားကတော့ ခပ်မာမာပဲ။

“ဟဲ့ ... မိညို ... ငါ့အခန်းထဲက ဟိုအထုပ်လေးသွားယူစမ်း”

“ဟင် ... ဘယ်အထုတ်လေးလဲ ...”

ဖွားအော်တော့ ဒေါ်ကြီးညိုနောက်လှည့်ပြေးသည်။

ပြီးတော့ ... ချက်ချင်း ပြန်ရောက်လာ၏။

ကြည့်လိုက်တော့ ...

မဟော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။





ကြီးညို လက်ထဲမှာ အထုတ်လေးတစ်ထုတ်။

“ဒီမှာ ... ညည်းတွေ့လား ဝတီနွယ် ... ညည်းသားမဟော်က ပန်းခေတ်လေးကို ပေးထားတဲ့လက်ဆောင် ...”

“ဟာ ... သေပြီကွာ”

“ပန်းခေတ်လေးကို ညည်းသားက တစ်ဖက်သတ်ကြိုက်ပြီးပေးထားတဲ့လက်ဆောင်လေ ဝတီနွယ် ... ဗာလချောင်ဒေးလား၊ အချစ်ဒေးဆိုလား ... အခုခေတ်လူငယ်တွေ အရူးထနေကြတဲ့နေ့၊ အဲဒါ ... အဲဒါ ... ညည်းသားက အတင်းပေးသွားလို့ ပန်းခေတ်လေးက ငါ့ဆီပြန်ပို့ပေးတာ ... ကဲ ... ညည်းဘာပြောမလဲ၊ တကယ်လုပ်နေတာ ညည်းသားက မရှင်းမရှင်းလုပ်နေတာ ... ဟောဒီမှာ ကြည့်လိုက် ... ညည်းသားပေးထားတဲ့ နိုင်ငံခြားကလာတဲ့အကောင်းစားချောကလက်တွေနဲ့ နောက်ဆုံးပေါ်အကောင်းစား ဟန်းဆက်လေး”

ဖွားက အကုန်ထုတ်ပြသည်။

“ကဲ ... ဒီပြဿနာကို မေမေပဲဆက်ရှင်းတော့၊ ကျွန်တော်ကတော့ ဒိုးပြီမေမေရေ ...”

“မဟော် ... မြေးမဟော် ... မင်းအခုပြန်လာစမ်း”

မဟော် မျက်နှာပူလို့ ခြံပြင်ရောက်အောင်ထွက်ပြေးခဲ့ရတာလေ။ ခုတော့ ... ဒါတွေအားလုံးကို သူငယ်ချင်းတွေသိအောင် ပြောပြနေရတာ မဟော် ဘယ်လောက်ခံစားနေရတယ်ထင်သလဲ။

“အဲဒါပဲ မင်းသန့်ရ ... အဲဒီနေ့ကတည်းက တစ်အိမ်လုံးနဲ့ မျက်နှာချင်းမဆိုင်မိအောင် ငါရှောင်နေရတာ ... မေမေကလည်း သူ့အရှက်ကိုခွဲရမလားဆိုပြီး ရှက်ယမ်း ယမ်းနေတာ၊ ဖေဖေနဲ့ပါ

www.burmeseclassic.com



စကားတွေအကြီးအကျယ်များတယ် ... နောက်ဆုံးကျတော့ ဖွားက တစ်ချက်တည်း အမိန့်ထုတ်ရော ... "

"ဟင် ... ဖွားက ဘယ်လိုအမိန့်ထုတ်လဲ"

"ပန်းခေတ်နဲ့ငါ့ကို ဘွဲ့ရတာနဲ့ပေးစားမယ်တဲ့၊ ဘယ်လောက်ပဲ တင်တောင်းရ တင်တောင်းရ မန္တလေးအထိလိုက်ပြီး ဖွားကိုယ်တိုင် လိုက်တောင်းပေးမယ်တဲ့ ... အရေးကြီးတာ ပန်းခေတ်လေး လက်ခံဖို့ပဲတဲ့ ... "

"အဲဒါ ... ပန်းခေတ်က ဘာပြောလဲ ဖွားကိုကြောက်ပြီး ခေါင်းညိတ်လား ... "

"ဒီဘွားတော်လေးလား ခေါင်းညိတ်မှာ ... "

"ဟင် ... ခေါင်းမညိတ်တော့ ဘာလုပ်လဲ ... "

"လုံးဝ ဆောရီးပဲတဲ့ ... "

"ဟာ ... သေစမ်း ... "

အဲလို မာနချင်းပြိုင်နေတဲ့ ပန်းခေတ်။

ဒါကို မဟော်မှ စိတ်ဓာတ်မကျရင် ဘယ်သူကျရတော့မှာလဲ။

အခန်း ( ၁၄ )

"မြေးမဟော် ... "

"ဗျာ ... "

မဟော်တစ်ယောက် အောက်ထပ်ကိုဆင်းဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာပင် ဖွားအခန်းထဲက လှမ်းအော်ခေါ်လိုက်သံလေးကြောင့် ခြေလှမ်းကလေးတုန့်ကာ ဖွားရှိရာအခန်းကို လှမ်းကြည့်လိုက်ရသည်။

"ဖွား ... ဖွား ဘာခိုင်းမလို့လဲဟင်"

"ဟာ ... ခိုင်းမလို့ခေါ်တာ မဟုတ်ဘူးလေ ... မြေးမဟော်ကို ဖွားပြောစရာရှိလို့ ... "

ခုတလော ငြိမ်ချက်သားကောင်းနေတဲ့ မြေးမဟော်ကို ဖွားကလည်း သတိထားမိနေခဲ့တာဖြစ်သည်။ စကျက်သံလေးကို ကြားနေရပေမယ့် မခေါ်ဖြစ်တာက မြေးကို စိတ်အနှောက်အယှက် မဖြစ်စေချင်လို့ပါ။

"လာပါဦး မြေးရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



မဟော် အနားရောက်တာနှင့် မဟော်ကို လက်ကလေးဆွဲပြီး သူ့အနားထိရောက်အောင် တိုးကပ်နိုင်းသည်။ တကယ်ဆို ... ဖွားနှင့်မျက်နှာချင်းဆိုင်ရမှာ မဟော်က ရှက်နေတာလေ။

"ဖွား ... ဖွား ဘာပြောမလို့လဲ ..."

"ဖွား မြေးလေးကို မေးစရာရှိလို့ဖွားခေါ်တာ"

"မေးစရာ ... ဟုတ်လား ဖွား ..."

မဟော့်စိတ်ထဲမှာ နည်းနည်းလေးတော့ တွန့်သွားမိသည်။

"ဟုတ်တယ်လေ မြေးရဲ့ ... ဟင်းဟင်း ..."

ဖွားကပြုံးလေ မဟော်က နေရခက်လေ။

"မြေးမဟော် ..."

"ဗျာ ... ဖွား ..."

"စာမေးပွဲဖြေခါနီးတော့မှ မြေးလေးစိတ်တွေ ယောက်ယက်ခတ်နေပြီလားဟင် ... ဖွားကို အမှန်အတိုင်းဖြေစမ်း ..."

"မခတ်ပါဘူး ဖွားရဲ့ ..."

"မြေးလေး မလိမ်နဲ့ ... ဖွားသိတယ်နော် ..."

တွေ့လား ... ဖွား သိတယ်တဲ့။

"ဗျာ ... ဖွား ဘာသိတာလဲ ..."

"ပန်းခေတ်လေးကို ဖွားမြေးလေး ချစ်နေတာလေ"

"ဟာ ... ဟာဗျာ ... ဖွားကလဲ ..."

မဟော် ရှက်သွားကာ မျက်နှာလေးပင် ရဲသွားရသည်။

"အင်းလေ ... ဖွားမြေးလေး ချစ်မယ်ဆိုလည်း ပန်းခေတ်လေးက တကယ်ချစ်စရာလေးကို ဖွားမြေးလေးရဲ့ ... မျက်နှာထားလေးကလည်းတည်း သိက္ခာလေးကလည်းရှိ၊ ဟင်း ဟင်း ... ဖွား





သဘောကျတာက တည်တင်းတဲ့မာနလေးကို သဘောကျတာ၊ ဒါပေမဲ့လေ ... ခက်နေတာက ကြီးညိုကြီးက စတာတောင် ပန်းခေတ်လေးက အစမခံတာ ..."

"ဗျာ ... အဲဒါလည်း ဖွားသိတယ်"

မဟော် မျက်ဝန်းလေးတောင် ပြူးသွားရသည်။

"သိတယ် ... သိတယ် ... မြေးမဟော်နဲ့ပန်းခေတ်လေး ဘာတွေဖြစ်နေသလဲဆိုတာ ကြီးညိုကြီးက ဖွားကို အကုန်လာပြောတယ်လေ"

"ဖွားရာ ... မဟော် ရှက်လိုက်တာဗျာ ..."

"ပန်းခေတ်လေးက မချစ်နိုင်ဘူးပြောလို့ တမှိုင်မှိုင်တတွေတွေလေးနဲ့ ဖွားမြေးလေး စိတ်ဓာတ်ကျနေတာလားဟင် ... ဖွားကို အမှန်အတိုင်း ပြောစမ်း ... မြေးလေး ..."

"ဟွန်း ..."

နာနာကျင်ကျင်ကလေးပဲ နှုတ်ခမ်းလေးကို မဟော်မဲ့မိသည်။ ဘာပဲပြောပြော ... ပန်းခေတ် မာနကြီးတာကိုတော့ အနီးကပ် စာသင်နေရတဲ့ မဟော်က အသိဆုံးလေ။ မဟော် ဝယ်ပေးသမျှ အမှတ်တရလက်ဆောင်ပစ္စည်းတွေကိုလည်း ဘာတစ်ခုကိုမှ ထုတ်မကိုင်ဘဲ ဖွားလက်ထဲရောက်အောင် အကုန်အပ်ပစ်လိုက်တာပဲကြည့်။ မဟော်မှာတော့ ... ပန်းခေတ် ကျေနပ်အောင် စာတွေအရှုံးအမှုံးကျက်ပြလိုက်ရတာ အမှတ်ပြည့်ရအောင် ဖြေပြလိုက်ရတာ။

"အဟင်း ... ဟင်း ... ရှင် မဆိုးဘူးသိလား မဟော်၊ ဆယ်နှစ်စာ မေးခွန်းဟောင်းတွေကို အမှတ်ပြည့်ရအောင် ရှင်ဖြေနိုင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရှင့်ကို ချီးကျူးတယ် ... အင်္ဂလိပ်စာ၊ လက်တာရိုက်တင်းတွေရော အက်ဆေးတွေရော ရှင်ဖြေတာ အကုန်တိကျတယ် ... အဲဒါကြောင့်မို့ ... မြို့ထဲက သင်တန်းကိုသွားရင်း ရှင့်အတွက်လိုအပ်မယ့် စာအုပ်လေးတွေ ကျွန်မ ဝယ်လာတယ် ... ရှင့်ကို ဆုချတာပါ"

အဲလိုနေ့မျိုးတွေဆို မပေါ် ဘယ်လောက်ပျော်ခဲ့ရတယ်ထင်လဲ။ ကိုယ်ကပျော်ပေမယ့် ပန်းခေတ်က သူ့ဘာမှမဖြစ်သလို အေးဆေးမှ အေးဆေး။

ခုတော့ ကြည့်ပါဦး ...

ဒီလိုဆုချနိုင်အောင် လိုအပ်တဲ့ငွေတွေကို ဖွားကထုတ်ပေးခဲ့တာတဲ့။

"အို ... မြေးလေး ... ဖွားမေးတာဖြေဦးလေ၊ မင်း ဘာလို့မှိုင်တိုင်တိုင်လေးတွေနေရတာလဲ ... မြေးလေးကိုကြည့်ရတာ ဖွားအားမရလိုက်တာနော် ဟင်း ဟင်း ... "

"ဟုတ်တယ် ဖွား ... ဖွားပြောတာအမှန်ပဲ ... ပန်းခေတ်က မာနတအားကြီးတယ်၊ မေမေပြောခဲ့တဲ့စကားတွေကိုလည်း ပန်းခေတ်က မခံချင်ဖြစ်နေသလိုပဲ ... မပေါ်ကိုတော့ သူခင်ပါတယ်၊ ဒါပေမဲ့ ... တည်တည်ငြိမ်ငြိမ်လေးနဲ့ ရိုးရိုးသားသားလေးပဲ သူက ဆက်ဆံတယ် ... ခက်နေတာက မပေါ်လေ ... "

"ဟင် ... မြေးလေး ဘာဖြစ်နေလို့လဲ ... "

"ပန်းခေတ်ကို အရမ်းချစ်တယ် ဖွားရယ် ... "

"အမလေး မြေးလေးရယ် ... "

ဒါကို တံခါးအကွယ်ကနေ ချောင်းနားထောင်ရင်း ကြား





လိုက်ရတဲ့ ဒေါ်ဝတီနွယ်တစ်ယောက် ဒေါသတွေအထွတ်အထိပ်တက်ကာ မျက်နှာတွေပါ ရဲဗလောင်းခပ်သွားရသည်။

"မင်း ... မင်းကွာ ... "

ဒေါ်ဝတီနွယ် ... အောက်ထပ်ကိုဆင်းလာခဲ့တာ ဒေါ်ညိုကိုပဲ လိုက်ရှာနေမိသည်။

"ဒေါ်ညို ... ဒေါ်ညို ... ဘယ်မှာလဲ ... "

"ဟင် ... အန်တီ ... ဒေါ်ကြီးညို ဈေးသွားတယ်လေ"

အိမ်ဖော်မလေး အေးအေးက ကြမ်းပြင်တွေကို တိုက်နေရင်း ဒေါ်ဝတီနွယ် မေးတာကို ပြန်ဖြေနေ၏။

"အေးအေး ... ငါ့ဆီကို ညည်းလာစမ်း ... "

"ဟုတ် ... အန်တီ ... "

အေးအေး ခေါင်းလေးငုံ့ပြီး ရှေ့မှာလာရပ်သည်။

"ဒီမှာ ... ညည်းကို ငါပြောမယ် ... "

"ဟုတ် ... ပြောပါ အန်တီ ... "

"ဒီနေ့ကစပြီး ငါ့သားမပေါ်နဲ့ စံပန်းခေတ် ... ဘာတွေလုပ်နေလဲ ... ဘာတွေပြောနေလည်းဆိုတာ စာသင်နေတဲ့နေရာကိုသွားပြီး မယောင်မလည်နဲ့ ညည်း ... နားထောင်စမ်း ... "

"ဟုတ် ... အန်တီ ... "

"ညည်း မြင်တာ ကြားတာမှန်သမျှ ငါ့ကိုတိတ်တိတ်လေးလာပြော ... အေး ငါဒီလိုခိုင်းထားတာ ညည်း ဘယ်သူ့ကိုမှ ပြန်မပြောရဘူးနော် ... "

"ဟုတ် ... "

"အေး ... စံပန်းခေတ် ကျောင်းသွားကျောင်းပြန် ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲဆိုတာလည်း နင် မသိမသာ စောင့်ကြည့် ... ထူးခြားတာနဲ့ ငါ့ကိုလာပြော ... ”

“ဟုတ် ... ”

အေးအေးကတော့ ဒေါ်ဝတီနွယ့်ကို ကြောက်ရသူပီပီ တဟုတ်ဟုတ်နဲ့။ ဒေါ်ဝတီနွယ့်ကိုလည်း မော့မကြည့်ရဲရှာပါ။ တကယ်တော့ ဒါတွေကို စီစဉ်လိုက်တာ ဒေါ်ဝတီနွယ်က အကြံနဲ့ပါ။

အမိက အရေးကြီးတာ ...

ဘာမဟုတ်တဲ့ ဒီဒရိုင်ဘာသမီးကို သားနဲ့ဖြစ်မသွားစေချင်တာလေ။ သားကလည်း ဒီကောင်မလေးကို စွဲလမ်းနေပုံပဲ။ ယောက္ခမကလည်း ဒီဟာမလေးမှ ဒီဟာမလေးဖြစ်နေတော့ ဒေါ်ဝတီနွယ်အတွက် အခက်ကြီးခက်နေရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ...

ဒေါ်ဝတီနွယ်ကတော့ သဘောမတူနိုင်ပါဘူး။

တကယ်ဆို သံစဉ်ချယ်လေးနဲ့ဆို ဘယ်လောက်ကောင်းလိုက်မလဲ။ ဆွေမျိုးအင်အားကလည်း တောင့်တင်းသလားမမေးနဲ့။ အမျိုးတွေအားလုံး ဂရိတ်တွေ ... အမေရိကားမှာ အော်စီမှာ စကာပူမှာ။

ချမ်းသာလိုက်တာကလည်း ကျိုကျိုတက်။

ဒါမျိုးကျ ဒင်းကမချစ်ဘဲ ဒရိုင်ဘာ့သမီးမှ ဒရိုင်ဘာသမီးဖြစ်နေတာ ဒေါ်ဝတီနွယ် ရင်နာနေရသည်။

ပန်းခေတ်ကလည်း ဒီနေ့မှ သင်တန်းသွားဖို့ နောက်ကျနေတာမို့ ခြံထဲကနေ ခပ်သုတ်သုတ်လေး ထွက်လာခဲ့တာ။ ပတ်ဝန်းကျင်ကိုလည်း သတိမထားမိပါ။ ပြောရမယ်ဆိုရင် ပန်းခေတ်စီးရ





မယ့် အဲလ်ကွန်းဘတ်စ်ကားမှတ်တိုင်လေးကိုရောက်ဖို့ ခြံထဲကနေ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်လိုက်မှ ရောက်တာလေ။

လမ်းမှာဆို ...

စက်ဘီးတွေရှောင်ရ ကားတွေရှောင်ရနဲ့။

လမ်းမကျယ်ကြီးတစ်ခုကိုလည်း ဖြတ်ကူးရသေးသည်။

“ဟင် ... ”

ရုတ်တရက် သူမနှင့်ယှဉ်ပြီး လျှောက်လာတဲ့လူတစ်ယောက်ကြောင့် ပန်းခေတ် အံ့ဩကာ ခြေလှမ်းကလေးကပါ တုန့်ခနဲ ဖြစ်သွားရသည်။

“အဟင်း ... ကိုယ်ပါ စံပန်းခေတ်ရဲ့ ... မကြောက်ပါနဲ့”

“ရှင် ... ”

မြင်ဖူးပါတယ်ဆိုပြီး ပန်းခေတ်ကြည့်နေတာ လက်မောင်းမှာ တက်တူးရုပ်တွေထိုးထားတဲ့လူလေ။ ဟိုတုန်းက အဲလ်ကွန်းဘတ်စ်ကားပေါ်မှာတွေ့ခဲ့တဲ့လူပေါ့။ ဒီလူ ဘာလုပ်တာလဲဟင်။ ပန်းခေတ်ကို လိုက်နှောက်ယှက်တာလား။

ပြီးတော့လည်း ... ပန်းခေတ်ရဲ့နာမည် အပြည့်အစုံကိုပါ ဒီလူက သိနေတာလေ။ ပန်းခေတ် ဘာလုပ်ရမလဲဟင် ... ဒီလူကို။

“ဟိုးတစ်ခါတွေ့ပြီးကတည်းက မင်းကို သဘောကျနေခဲ့တာဆိုရင် မင်းယုံမလားဟင် စံပန်းခေတ် ... ကိုယ်ပျောက်သွားတာ ရိုက်မှုတစ်ခုနဲ့ အင်းစိန်တောရမှာ သုံးလဝါဆိုနေရလို့ပါ ... အခု ပြန်ထွက်လာလာချင်း မင်းကိုတွေ့လိုက်လို့ ... ”

“ဟာ ... မသိဘူးနော် ... ရှင် ကျွန်မရှေ့ကနေ အခုဖယ်”

ဒီလူက ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ရှေ့ကနေ ပိုင်စိုးပိုင်



www.burmeseclassic.com

www.burmeseclassic.com



နင်း ဝိတ်ရပ်လိုက်တာမို့ ပန်းခေတ်အော်ရင်း သူ့ကိုရှောင်ထွက်ဖို့ ကြိုးစားလိုက်သည်။

ပြဿနာပဲ ...

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ...

လမ်းပေါ်မှာ သူနဲ့ပန်းခေတ် နှစ်ယောက်တည်းပါ။

သူက လုံးဝထွက်မသွားဘဲ ပန်းခေတ်နောက်ကို ဆက်လိုက်လာတာလေ။ ပန်းခေတ် ဘယ်လိုလုပ်ရမလဲ။

"ကိုယ့်ကိုခွင့်လွှတ်ပါကွာနော် ... စံပန်းခေတ် ... ကိုယ်မင်းနဲ့ အနီးဆုံးလေးမှာနေချင်လို့ ... ကိုယ် ကြိုးစားမိတာပါ ... "

"ဟင် ... "

လုံးဝ အရှက်မရှိတဲ့လူ။

မျက်နှာကရဲ ဝက်ခြံတွေတင်းတိတ်တွေကလည်းစွဲနဲ့ ... ဆံပင်ကပါ ဖရိုဖရဲ ကြွက်သိုက်လို ပြန့်ကြဲရှုပ်ပွနေတဲ့ လူတစ်ယောက်။

"ရှင် ... ရှင် ... မလိုက်နဲ့နော် ... "

ပန်းခေတ် ဆက်မလျှောက်ဘဲ ခြေလှမ်းတွေကိုရပ်ပစ်တော့ သူကပါ ပခုံးချင်းယှဉ်ပြီး လိုက်ရပ်သည်။

"ဘယ်လိုဖြစ်တာလဲ စံပန်းခေတ်ရာ ... ကိုယ့်မှာ မင်းနဲ့တွေ့ချင်လို့ အသည်းအသန် မျှော်လင့်ပြီး စောင့်နေခဲ့တာလေ ... မင်းကြောင့် လှိုင်းထခဲ့ရတဲ့ ကိုယ့်ရင်ခုန်သံတွေကို နည်းနည်းလေးလောက်တော့ အသိအမှတ်ပြုပေးပါဦး ... "

"ဟင့်အင်း ... "

"ချစ်တယ် စံပန်းခေတ်ရာ ... ကိုယ် မင်းကိုအရမ်းချစ်တယ်





သိလား ... မြို့ထဲရောက်တဲ့အထိ ကိုယ်မင်းကို လိုက်ပို့ပေးပါရစေ ဖြစ်နိုင်ရင် ... မင်းရဲ့အရိပ်ကလေးဖြစ်ခွင့်ရရင် ကိုယ်ကျေနပ်ပြီ"

"ရှင် ... ရှင်သွားတော့နော် ... ကျွန်မ သည်းမခံနိုင်ရင် ရှင့်ကို တစ်ခုခုလုပ်မိတော့မယ်"

"ဟာ ... အဲလိုကြီးလည်း မင်းမစွာနဲ့လေ ... စံပန်းခေတ်"

ကြည့်စမ်း ...

လက်ရဲဖက်ရဲနဲ့ ပန်းခေတ်ပခုံးလေးတစ်ဖက်ကိုတောင် သူက လှမ်းပုတ်လိုက်သေးတာ။ ပြဿနာပဲ ...

"ဟာ ... ဟင် ... ရှင် ဘာလုပ်တာလဲ ... "

"ဘာလုပ်ရမှာလဲ ... ကိုယ့်ကိုစွာနေလို့ သတိပေးလိုက်တာလေ ... အောင်တံခွန်ဆိုတဲ့ကိုယ်က လိုချင်တာကိုရမှ ကျေနပ်တတ်နေတတ်တဲ့လူစားမျိုး ... မင်းဆီက အချစ်ကိုမရဘဲ အရှုံးပေးလှည့်ထွက်သွားရမယ့် အလုပ်မျိုးကိုလည်း အောင်တံခွန်ဆိုတဲ့ကိုယ်က ဘယ်တော့မှလုပ်မှာ မဟုတ်ဘူး ... "

"အဲဒါ ... ကျွန်မ စိတ်မဝင်စားဘူး။ ရှင်ပြောနေတဲ့ စကားတွေကို နားထောင်နေဖို့လည်း ကျွန်မမှာ အချိန်မရှိဘူး ... ကျွန်မ တောင်းပန်ပါတယ် ကျွန်မကို မနှောက်ယှက်ပါနဲ့ ... "

"ရတယ်လေ ... မင်းက မနှောက်ယှက်နဲ့ဆိုလည်း ကိုယ် မနှောက်ယှက်ပါဘူး။ ဒါပေမဲ့ ... ကိုယ်တစ်ခုတော့ မင်းကိုပြောမယ်၊ မင်းသွားတဲ့နောက်ကို ကိုယ်အေးဆေးပဲလိုက်မယ် ... မင်းဘာလုပ်မလဲ ... ကိုယ် စောင့်မယ်၊ မင်းပြန်ရင် ကိုယ်လည်းအတူတူလိုက်ပြန်မယ် ... ဟုတ်ပြီနော် ... "

ဟွန်း ... တော်ပါသေးရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြီး အနားကနေပြန်ခွာသွားလို့ ... သို့သော် သူပြောထားသလို အနောက်ကနေ ဆက်လိုက်လာပုံတော့ရသည်။ ဒါကို မတော်တဆ မပော်မြင်သွားရင်တောင် သူမကို ဘယ်လိုထင်မလဲ။

"ဟင် ... "

အဲလ်ကွန်းဘတ်စ်ကားကြီးပေါ် တက်တော့လည်း သူကပါလာသည်။ ပါလာတာ ရိုးရိုးပါလာတာတော့မဟုတ်။ ပန်းခေတ်ကိုပဲ အရိပ်တကြည့်ကြည့်နဲ့။ နေ့တိုင်းသာ အဲလိုလိုက်လုပ်နေရင် ခက်ရချည်ရဲ့။

သင်တန်းတက်ရတာလည်း ပန်းခေတ် စိတ်မပါတော့ပါ။

"ဘယ်လိုလဲမ ... ဒီနေ့ မျက်နှာမကောင်းပါလား"

သင်တန်းဆရာမလာသေးလို့ ပန်းခေတ်တစ်ယောက်တည်း ငိုင်နေဆဲမှာ နံဘေးမှာအတူထိုင်တဲ့ ကဗျာဆိုတဲ့ကောင်မလေးက ပန်းခေတ်ကို လှမ်းမေးလိုက်တာဖြစ်သည်။

ကဗျာက နေတာထိုင်တာ အေးသလို စကားပြောလည်း နည်းသူဖြစ်သည်။ ဒီနေ့မှ ... ကဗျာမေးနေတာ ထူးထူးဆန်းဆန်း။

မ, ဒီနေ့ မျက်နှာမကောင်းပါလားတဲ့။

ပန်းခေတ် ... နှုတ်ခမ်းလေးမဲ့ကာ ပြောလိုက်မိသည်။

"ဟွန်း ... မကောင်းဆို ထောင်ထွက်ဂျလေဘီတစ်ယောက်က မ,ကို လမ်းမှာ လိုက်နှောက်ယှက်နေလို့လေ ... "

"အို ... ဟုတ်လား၊ အဲဒါ ကဗျာမြင်တယ်လေ ... လက်မောင်းမှာ တက်တူးရုပ်တွေ ထိုးထားတာ ... "

"ခုလည်း ... သင်တန်းအပြင်ဘက်က လမ်းမမှာ ထိုင်စောင့်





နေတာ ပြန်ရင်တောင် ပြဿနာဖြစ်ရဦးမလားဘဲ ... "

"မ ... ကြောက်လို့လား ... "

"ဟာ ... ကြောက်စရာလား"

ကဗျာက ရယ်ပါသည်။

"သိပါတယ် မရယ် ... မက မန္တလေးကနေတောင် ရန်ကုန်ကို တစ်ယောက်တည်း လာခဲ့တဲ့ဥစ္စာကို ... "

ပန်းခေတ်က စကားစပ်မိရင်း ပြောထားမိလို့ ကဗျာက သိနေတာလေ။

"ဟင်း ဟင်း ... မ ... မကြောက်ဘူးဆိုတာ ကဗျာသိပါတယ် မရဲ့ ... မ,ကို အလကားစတာပါ ... ကဗျာဆို မကို စတွေ့လိုက်တဲ့နေ့ကတည်းက မနေတဲ့ထိုင်တဲ့ စတိုင်လ်လေးက တစ်မျိုးဆန်းနေလို့ ကြည့်ကောင်းကောင်းနဲ့ အမြဲခိုးခိုးကြည့်နေမိတာ ... နှစ်ခွကျစ်ဆံမြီးလေးကျစ်ထားတာလေးက ဆန်းသလို နဖူးလေးထိပ်က ဆံပင်တွေကို အပြောင်သိမ်းပြီး နောက်လှန်ချထားတော့ ဝင်းနှစ်နေတဲ့ မ,နဖူးလေးက ထင်းနေအောင် ပေါ်လာရော ... အဲဒီလို ပေါ်လာတော့ စိမ်းညို့နေတဲ့ မျက်ခုံးမွေးတန်းကြီးနှစ်ခုကပါ ထင်းခနဲ ရှင်းခနဲ ထွက်လာတာလေ ... ကြည့်ရတာ ဘယ်လောက်မိုက်လဲ ... "

"ကဗျာ ပြောချင်တာက ... "

"မကို တစ်ယောက်တည်းတောင် မဟုတ်ဘူး ... ကောင်လေးတွေ အများကြီးက ဝိုင်းလိုက်ချင်နေတာ ... အဲဒါကို မ,သိအောင် ပြောချင်တာ ... "

"တော်ပါပြီ ကဗျာရယ် ... ဟင်း ဟင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မ,ကို မေးရဦးမယ်"

"ဟင် ... ဘာမေးမှာလဲ ကဗျာ ... "

"မ,မှာ ရည်းစားမရှိဘူးလား ... "

"ဘုရားရေ ... အဲဒါ ကဗျာမစပ်စုနဲ့လေ ... "

ပန်းခေတ် ကပျာကယာ တားပစ်လိုက်တာ အချစ်ဆိုတဲ့ အရာကို မေ့ထားချင်လို့ပါ။ အချစ်နှင့်ဆက်စပ်ပတ်သက်နေသမျှ ထူးခြားဆန်းပြားတဲ့ ခံစားမှုတွေကိုလည်း ပန်းခေတ် မလိုချင်။

"အို ... ဆောရီးနော် မ ... ကဗျာ မစဉ်းစားဘဲ မကို လွှတ်ခနဲမေးလိုက်မိတာ ... မ,သိက္ခာကို ထိခိုက်သွားတယ်ဆိုရင် ကဗျာ တောင်းပန်ပါတယ်"

"ရပါတယ်ကဗျာရဲ့ ... အဲလောက်ထိလည်း တောင်းပန်ဖို့ မလိုတာ အမှန်ပဲလေ ... အချင်းချင်းတွေ ခင်လို့မေးတာကို မက နားလည်ပေးရမှာပေါ့ ... "

"ကျေးဇူးနော် မ ... "

သင်တန်းဆရာ ဝင်လာပြီမို့ စကားစပြတ်သွားကြပေမယ့် ရည်းစားဆိုသည့် စကားရပ်လေးကတော့ ပန်းခေတ်ရင်ထဲမှာ လှိုင်းထန်လို့ ကျန်ခဲ့ပါသည်။

ပန်းခေတ် သိချင်တာ ...

ရည်းစားဆိုသည့် စကားရပ်လေးတစ်ခုရဲ့ အဓိပ္ပာယ်။ သူချစ် ကိုယ်ချစ် ချစ်နေတာ ရည်းစားလား။ ဒါဆို ... အချစ်ဆိုတဲ့အဓိပ္ပာယ် ကရော ဘာလဲ။'

ရင်ခုန်တာ အချစ်လား ...

အမလေး ... ဒုက္ခပါပဲ။





ဒီနေ့မှ ပန်းခေတ် ဘာတွေစဉ်းစားနေမိပါလိမ့်။

တစ်ယောက်တည်းတွေးရင်း ခေါင်းလေးကိုပဲ မသိမသာ ယမ်းခါနေမိတဲ့ ပန်းခေတ်။ ဘယ်လိုပဲခါခါ မျက်ဝန်းထဲမှာ စွဲထင် ပေါ်လာရတဲ့အရိပ်ကလေးက မင်းမဟော်ဆိုတဲ့ လူတစ်ယောက်ရဲ့ အရိပ်လေးဖြစ်နေတာက ဘယ်လောက်တောင် ထူးဆန်းနေလိုက် ပါသလဲကွယ်။

ခက်များတောင် ခက်လိုက်ပါသေးရဲ့။

သင်တန်းပြီးတော့ ... ထုံးစံအတိုင်း ပန်းခေတ်တစ်ယောက် တည်း အဲလ်ကွန်းဘတ်စ်ကားဂိတ်တွေဘက်ကို လျှောက်လာခဲ့ သည်။

"စောင့်လိုက်ရတာ ကြာလိုက်တာကွာ ... "

"ဟင် ... "

နောက်ကလိုက်လာတာ ဘယ်သူဖြစ်ရမှာလဲ။

အောင်တံခွန်ဆိုတဲ့လူပဲပေါ့။

"ဟာ ... ရှင့်ကိုဘယ်သူက စောင့်ခိုင်းထားလို့လဲ"

"ဟင်း ... ကိုယ့်ကိုဘယ်သူစောင့်ခိုင်းထားတာလဲဆိုတော့ ညို့ယူနေတဲ့ မင်းရဲ့မျက်နက်ဝန်းတွေက ကိုယ့်ကိုအမိန့်ပေးထား တာလေ"

"ဟာ ... ဟာ ... ကြည့်စမ်း ... "

မထင်မှတ်ဘဲ နံဘေးက ဖြတ်မောင်းသွားသည့်ကားတစ်စီး ပေါ်ကနေ ဟမ်းဖုန်းကင်မရာလေးနဲ့ ဓာတ်ပုံတွေရိုက်သွားတာမို့ ပန်းခေတ် အထိတ်တလန့်လေးတော့ အော်လိုက်မိ၏။

ကိုယ့်ကိုရိုက်တာလား ... တခြားတစ်နေရာရာကိုရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လား မခွဲခြားနိုင်ပေမယ့် စိတ်ထဲမှာတော့ သံသယဖြစ်မိသည်။

"ဘာ ... ဘာလဲဟင် ... မင်း ဘာတွေ့လို့လဲ ... "

"အဲဒါ ... ရှင်နဲ့မဆိုင်ဘူးလေ ... အရေးကြီးတာ၊ ကျွန်မနောက်ကို ရှင်ဆက်မလိုက်ဖို့ပဲ ... ရှင့်မှာ ... အရှက်တရားသာရှိမယ်ဆိုရင် လဲသေပစ်လိုက်ဖို့တောင် ကောင်းနေပြီ ... သေချာတာက ကျွန်မရှင့်ကို စိတ်မဝင်စားဘူး ... ဒါကို ဆက်လိုက်ဦးမယ်ဆိုရင်တော့ ... "

ပန်းခေတ် ... လက်မောင်းက အကျီစကိုပဲ ဆွဲတင်ပြလိုက်သည်။

"ဟား ဟား ... မလွယ်ပါလား စံပန်းခေတ်ရာ ... ကိုယ်အလျော့ပေးလိုက်တာ မင်းကိုသိပ်ချစ်လို့ဆိုတာ ယုံထားလိုက်နော် စံပန်းခေတ် ... ကဲ ... မင်းတစ်ယောက်တည်းရှေ့ကို ဆက်လျှောက်သွားလိုက်တော့ ... ကိုယ် မင်းနောက်မှာ အမြဲရှိမယ်"

ဒီလိုနဲ့ပဲ ခြံထဲကိုအရောက်ပြန်ခဲ့ရသလို လူကပါ ခြေကုန်လက်ပမ်းကျကာ ရေချိုးပြီးချိန်မှာပဲ ရုတ်တရက် အဖျားတွေတရှိန်ရှိန်တက်လာခဲ့တော့၏။

"ကြီးညို ... ကြီးညို အခန်းထဲမှာလားဟင် ... "

"ဟင် ... ပန်းခေတ်လေး ... ကြီးညို ဒီမှာရှိတယ်လေ"

"ပန်း ... ပန်းခေတ် ဖျားနေပြီထင်တယ် ကြီးညိုရယ်"

"မြတ်စွာဘုရားရေ ... "

ကြီးညို ဘုရားတကာ နဖူးလေးကိုစမ်းတော့ ...

"အို ... ပူတတ်တယ် ... ပူတတ်တယ် ... ကြည့်စမ်း ... ပန်းခေတ်လေး တော်တော်ဖျားနေတာပဲ ... ကြီးညို ... ကြီးညို ...





ဒေါက်တာ ရှင်မင်းအိမ်ကို ခေါ်ပေးမယ်၊ အိပ်ရာထဲမှာ ငွေးငွေးငွေးငွေးအနားယူနေလိုက် ... ဒေါက်တာ ရှင်မင်းအိမ်က ဖျားခေါ်ရင် ချက်ချင်းလာတယ် ... အို ... ကြာပါတယ် ဖျားကို ခုပဲသွားပြောမယ်"

စိတ်ပူတတ်လွန်းတဲ့ ကြီးညို။

ချက်ချင်းပဲ ... နှစ်ထပ်တိုက်ကြီးဘက်ကို ကူးသွားသည်။

ပန်းခေတ်ကတော့ ...

အိပ်ရာလေးထက်ဆီမှာ မျက်လုံးလေးကို စုံမှိတ်ထားမိ၏။

ဖေဖေရယ် ...

ဖေဖေ့ကို ... ပန်းခေတ် သတိရလိုက်တာ။

ရန်ကုန်မှာ စိတ်ဓာတ်ကျစရာတွေနဲ့ ဘယ်လိုပဲကြုံရ ကြုံရ ခံနိုင်ရည်ရှိရှိလေးနဲ့ ပန်းခေတ်ရင်ဆိုင်သွားပါ့မယ်ဖေဖေ၊ ဒီနေ့လည်း လူတစ်ယောက်ရဲ့ နှောက်ယှက်တာကို ပန်းခေတ် ခံလိုက်ရတယ်။

ဒါဟာ ... တိုက်ဆိုင်တာလား။

တမင်မရိုးသားမှုတွေကို ဖန်တီးနေတာလားဆိုတာကတော့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"အား ... မူးလိုက်တာ"

"ဟာ ... ဟာ ... ပန်း ... ပန်းခေတ် ... "

စာသင်နေရင်း ပန်းခေတ်မျက်နှာလေး စားပွဲပေါ်မှောက်ကျသွားတာပဲ နောက်ဆုံးသိလိုက်သည်။ ဆေးထိုးဆေးသောက်လုပ်ထားတာတောင် အဖျားရှိန်က မကျသေးတော့ ... ခေါင်းတွေပါ တရိပ်ရိပ်မူးလာပြီး ... နောက်ဆုံးမှာ ပန်းခေတ် လဲကျသွားခဲ့တာ ဖြစ်သည်။

"ကြီးညို ... ကြီးညို ... လုပ်ပါဦး ... ဒီ ... ဒီမှာ ပန်းခေတ် မူးလဲသွားလို့ ... "

ဘာလုပ်ရမှန်းမသိအောင် ပျာယာခပ်သွားရတာ မဟော်ပါ။ မဟော် အော်သံကြောင့် ကြီးညို အခန်းထဲက ပြေးထွက်လာသည်။

"ဒုက္ခပါပဲ ပန်းခေတ်လေးရယ် ... ဒီလောက်ဖျားနေတာ အနားယူပါဆိုတာလည်း ပြောလို့မရဘူး ... "

"ကျွန်တော် ... ကျွန်တော် ... ပွေ့ချီပြီး ခုတင်ပေါ်တင်ထေး





ထားမယ်နော် ကြီးညို ... ဆရာဝန်မြန်မြန်ခေါ်ပေးပါ ... "

"အေး ... အေး ... ကြီးညို သွားခေါ်မယ် ... "

မျက်နှာပျက်ပျက်လေးနှင့် ကြီးညိုထွက်သွားတော့မှ ပန်းခေတ်ကိုယ်လုံးလေးကို မဟော်ကပဲ ပွေ့ချီကာ အခန်းထဲက ခုတင်လေးဆီ ပို့ပေးလိုက်ရသည်။

"အို ... "

မဟော် ဒီလိုပွေ့ချီလိုက်တာကို ပန်းခေတ်ကလည်း သိပါသည်။ ဒါပေမဲ့ ... ဘာတတ်နိုင်တော့မှာလဲ။ ညည်းညည်းငြူငြူလေးနဲ့ပဲ မဟော်ပွေ့ချီခေါ်သွားရာနောက်ကို လိုက်ခဲ့ရတဲ့အဖြစ်။

"ဟင်း ... ဟင်း ... "

"ပန်း ... ပန်းခေတ် သတိထားနော် ... မင်းမူးပြီးလဲသွားလို့ အခန်းထဲကို ငါခေါ်လာတာ ... ကြီးညို ဆရာဝန်သွားခေါ်နေတယ်"

ပန်းခေတ် လက်ကလေးကို မဟော်ဆုပ်ကိုင်ထားတာလည်း ပန်းခေတ် သိနေသည်။ တကယ်ပါ ... မနက်ဖြန်ဆိုလျှင်ပဲ မြန်မာစာ ဖြေရတော့မှာမို့ အဖျားတွေမကျသေးတဲ့ကြားက စာစီစာကုံးဖြေနည်းတွေ ကြိုးစားလေ့ကျင့်ပေးနေတာလေ။ မဟော့်ကို အမှတ်ပြည့်ရစေချင်တဲ့ စေတနာနဲ့။

ကြီးညို တားနေတာကိုလည်း ပန်းခေတ်က လက်မခံခဲ့ပါ။

"ရတယ် ကြီးညို ... ဒီည ပန်းခေတ်သင်မှဖြစ်မယ် ... လက်ရှေးစင် စာစီစာကုံးသုံးပုဒ်လောက်ကို အခေါက်ခေါက်အခါခါ ရသလောက်လေ့ကျင့်နေမှဖြစ်မှာ ... ပြီးတော့ စာမေးပွဲခန်းထဲဝင်ရင် အားရမယ့် စိတ်ဓာတ် ... တိုက်ပွဲဝင်စိတ်ဓာတ်လေ ကြီးညို ...



www.burmeseclassic.com

www.burmeseclassic.com



ဒါ အရမ်းအရေးကြီးတယ် … ပန်းခေတ် ဆေးသောက်ထားပါတယ်”

သေချာတာက ပန်းခေတ် အပြောမခံနိုင်ပါ။

ကိုယ်ယူထားတဲ့ တာဝန်တစ်ခုကို ပြီးဆုံးအောင်လုပ်ပြသွားဖို့ပဲ ပန်းခေတ် အနိုင်အမာဆုံးဖြတ်ထားသည်။ အဓိကအချက်က အန်တီ ဒေါ်ဝတီနွယ်ရဲ့ အထင်သေးနှိမ့်ချမှုတွေကို အနိုင်ယူသွားချင်တာ ပန်းခေတ်ရဲ့ အဓိကဆန္ဒပဲ။

“မင်း … မင်း … အရမ်းဖျားနေတယ်သိလား ပန်းခေတ်”

သူ ပန်းခေတ်အနားမှာ တီးတိုးလေးကပ်ပြောနေသည်။

ပန်းခေတ်အတွက် သူ တော်တော်လေး စိုးရိမ်နေပုံရ၏။

“ရ … ရတယ်မဟော် … ပန်းခေတ်ကိုတစ်ယောက်တည်းထားခဲ့ပါ … ဒီအခန်းထဲမှာ ရှင်နဲ့နှစ်ယောက်တည်းနေဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး … ”

“ဟာ … မင်းကို ငါတစ်ယောက်တည်း ဘယ်လိုလုပ်ထားခဲ့နိုင်မလဲ … မင်းအရမ်းဖျားနေတာကိုသိသိကြီးနဲ့ ငါထားခဲ့မယ်ဆိုရင် မင်းကို အရမ်းရက်စက်သလို ဖြစ်သွားတော့မှာပေါ့”

“ရတယ် … ကိစ္စမရှိဘူး မဟော် … ”

“မင်း … မင်း တော်တော်အသည်းမာတယ် သိလား ပန်းခေတ် … ငါ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ သိသိကြီးနဲ့ အနားမှာမနေစေချင်တာ ဘာသဘောလဲ … ငါ့မှာတော့ မင်းစကားတွေကိုနားထောင်ပြီး ကြိုးစားလိုက်ရတာ … အဓိကက ငါ့ရဲ့ချစ်မြတ်နိုးမှုလက်ဆောင်တွေအဖြစ်နဲ့ မင်းအတွက် ဂုဏ်ထူးတွေအများကြီးပါအောင် ဖြေပြချင်တာ … ”

“အောင်မလေးနော် … ကြည့်စမ်း … ကြည့်စမ်း … အခန်း





ထဲမှာ နှစ်ယောက်တည်းဖြစ်နေလိုက်တာ … မဟော် … ဒီကိစ္စ မင်းနဲ့မဆိုင်ဘူး နောက်ဆုတ်စမ်း … ”

အခန်းထဲကို ပျာယာခပ်နေအောင်အော်ပြီး ပထမဆုံးဝင်လာတာ ဒေါ်ဝတီနွယ်ပါ။ ပန်းခေတ်ကလည်း ဒီလိုအအော်ခံရမှာကို သိလို့ မဟော့်ကို ပြန်ထွက်ခိုင်းနေတာလေ။ မဟော်က အသံကြားတော့မှ ပန်းခေတ်လက်ကလေးကိုလွှတ်ချလိုက်တာမို့ ဒါကိုမြင်ပြီး ဒေါ်ဝတီနွယ် ဆတ်ဆတ်ခါသွားတာပဲ ဖြစ်ပါလိမ့်မည်။

မတတ်နိုင်ဘူး …

ပန်းခေတ် ရင်ဆိုင်ရတော့မှာပဲ။

အရေးထဲကျမှ မျက်လုံးတွေကလည်း ဖွင့်လို့မရ၊ ခေါင်းထဲမှာ မူးနောက်နေသလို အဖျားရှိန်ကြောင့် တစ်ကိုယ်လုံးပါ နုံးခွေချိနဲ့လို့နေသည်။

“ဟာ … မေမေကလည်းဗျာ … ဒီမှာ စာသင်နေရင်း ပန်းခေတ် မူးလဲသွားလို့ ကျွန်တော်စောင့်ပေးနေတာ ကြီးညိုဆရာဝန်သွားခေါ်နေလို့ … ”

“ငါသိတယ် ငါသိတယ် … မညိုလာပြောလို့ ငါလည်းရင်တွေပူပြီးပြေးလာတာ … နောက်ဆုတ်စမ်းပါ … ဘယ်လောက်ဖျားနေလဲဆိုတာ ငါကိုယ်တိုင်ကြည့်မယ် … ဟင်းဟင်း … ”

ရယ်ဖို့တောင် ကောင်းလိုက်တာ။

သူကပဲ ရင်ပူရသေးသတဲ့ …

ပန်းခေတ် မပြောတော့ပါဘူး။ မသိချင်ဟန်ပဲ ဆောင်နေလိုက်မိတော့၏။ အရင်ဆုံး ပန်းခေတ်နဖူးလေးကို ဒေါ်ဝတီနွယ်က စမ်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ... ဆေးထိုးထားပေမယ့် အဖျားကမှ မကျ သေးတာ ... ဒီလောက်ကျောင်းလည်းပြေးတက်၊ မြို့ထဲက သင်တန်းလည်း သွားရဆိုတော့ ကားတွေလျှောက်စီးနေရတာနဲ့ပဲ ပန်းဖျား ဖျားသွားတာနေမှာ"

တွေ့လား ...

ပြောရင်လည်း အနှောင့်မလွတ် အသွားမလွတ်။

ရိသလို ခနဲ့သလို ပြောတာမျိုး။

"ဘယ်မှာလဲဟင် ... ပန်းခေတ်လေး ..."

"ဟာ ... ဖွားကိုယ်တိုင် ဆင်းလာပြီ ..."

"ဟဲ့ ဝတီနွယ် ... နေ့လည်က ဒေါက်တာ ရှင်မင်းအိမ်လာ ကြည့်ထားတာ ... ခုထိ မသက်မသာသေးဘူးလားဟင် ပြောစမ်း၊ ခုလည်း ခေါင်းမူးပြီးလဲကျသွားတယ်ဆို ..."

"အမလေး မာမီရယ် ... ဒီရာသီမှာ အသွားအလာများရင် အပူရှပ်တတ်တာ လူတိုင်းဖြစ်နေကြတဲ့ဟာကို ခေါင်းမူးတာလည်း အားနည်းနေလို့မူးတာ ဖြစ်မှာပေါ့ ..."

"ညည်း ... ပေါ့ပေါ့မပြောနဲ့လေ ဝတီနွယ် ... ငါ့မြေးလေး ကို ညဉ့်နက်သန်းခေါင်အထိ စာသင်ပေးနေရတာ ညည်းမမြင်ဘူး လား ... ငါတို့မှာ တာဝန်ရှိတယ် ... ဒေါက်တာရှင်မင်းအိမ်နဲ့မရရင် အထူးကုသမားတော်ကြီး ဦးသန်းထွန်းကိုဖုန်းဆက် ... သွား ... သွား ... ညည်းကိုယ်တိုင် အခုဆက် ... ငါဆက်ခိုင်းတယ်လို့ပြော ကြားလား ..."

"ဟွန်း ..."

ဒေါ်ဝတီနွယ် နှုတ်ခမ်းလေးမဲ့သွားမှာက သေချာနေပါ





သည်။ ဖွားရောက်လာတာကိုတော့ ပန်းခေတ်အားတက်သွားမိ သည်။ ဖွားက ဘာပဲပြောပြော နားလည်မှုအပြည့်ရှိတယ်လေ။ ဒီခြံ မှာ ပန်းခေတ် အလေးစားရဆုံးက ဖွားပါပဲ။

နာမည်လေးပေးထားတာပဲ ကြည့်လေ။

ဒေါ်မုန်းဆက်မရှယ်တဲ့။

ဘယ်လောက်အဓိပ္ပာယ်ပြည့်ဝတဲ့ နာမည်လေးပါလဲ။

"ပန်းခေတ်လေး ..."

"ရှင် ... ဖွား ..."

"ပန်းခေတ်လေး ကိုယ်တွေတော်တော်ပူနေတာပဲ"

"ရ ... ရပါတယ်ဖွား ... ခဏနေရင် သက်သာသွားမှာပါ"

"အို ... မဟုတ်တာ ပန်းခေတ်လေးရယ် ... ပန်းခေတ်လေး နေကောင်းအောင် ဘယ်အတော်ဆုံးသမားတော်ကြီးတွေနဲ့ ဖွားပြ ပေးရမလဲ ... ဖွားပြပေးမှာပေါ့ ပန်းခေတ်လေးရဲ့ ... ပန်းခေတ် လေး ဘာမှအားမငယ်နဲ့ ... ပန်းခေတ်လေးဘေးမှာ မြေးမဟော် လည်းရှိတယ် ... ဖွားလည်းရှိတယ် ..."

"ကျေးဇူးတင်ပါတယ် ဖွားရယ် ..."

မဟော် စိုက်ကြည့်နေမိတာ ပန်းခေတ်ရဲ့မျက်နှာလေးကိုပါ ပဲ။ ပန်းခေတ်ရယ် ... တကယ်ကျေးဇူးတင်ရမှာက မင်းကို ငါက ကျေးဇူးတင်ရမှာပါ ... ဘာပဲပြောပြော မင်းရဲ့အလုပ်အပေါ် ဂရုစိုက် မှုတွေ မင်းဆီက ငါရခဲ့တဲ့ အားမာန်တွေ ယုံကြည်ချက်တွေကြောင့် ဒီနှစ်စာမေးပွဲကို ထိုက်ထိုက်တန်တန်အောင်တော့မယ်ဆိုတာ ငါသိ နေလို့ပါပဲ။

မင်းဖျားနေလို့ မသင်ပေးနိုင်ရင်တောင် ငါတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ကြိုးစားကျက်ပြီး ဖြေပါ့မယ်။ မင်း ဘာမှစိုးရိမ်မနေပါနဲ့။

"ဖွား ..."

"ဟင် ... ပန်းခေတ်လေး ပြောလေ ..."

"မဟော်အပေါ်မှာ ပန်းခေတ်တာဝန်ကျေပါတယ်နော် ဖွား"

"အို ... ပန်းခေတ်လေးရယ် ... ဘယ်လိုပြောလိုက်တာလဲ၊ ပန်းခေတ်လေးတာဝန်ကြေတာမှ ဟိုဘက်ဘူတာတောင် လွန်နေပြီလေ ပန်းခေတ်လေးရဲ့ ... အရင်နှစ်တွေတုန်းက ကျောင်းစာဆိုရင် လုံးဝမကျက်ဘဲ သူငယ်ချင်းတွေနဲ့အချိန်ဖြုန်းနေတဲ့ မြေးမဟော်ကို အစစအရာရာ ပြောင်းလဲသွားအောင် ပန်းခေတ်လေးတာပဲ လမ်းပြပေးခဲ့တာလေ ..."

"ကျေးဇူးတင်ပါတယ် ဖွားရယ် ..."

"အို ... ကျေးဇူးတင်ချင်းတင် ဖွားတို့မိသားစုတွေအားလုံးကပဲ ပန်းခေတ်လေးကို ကျေးဇူးတင်ရမှာလေ ... ပန်းခေတ်လေး ဖွားတို့ခြံမှာဆက်နေပြီး ဘွဲ့ရအောင်ပဲ ကြိုးစား ဟုတ်ပြီလား ... ပန်းခေတ်လေးရဲ့ ဘဝနောင်ရေးတွေအားလုံးအတွက် ဖွားတာဝန်ယူတယ်"

မဟော် ပြုံးမိ၏။

ဘာကြောင့်ဆို ဖွားက ရည်ရွယ်ချက်ရှိရှိလေးနဲ့ ပန်းခေတ်လေးကိုပြောနေတာလေ။ ဒါကို မဟော်သိနေတော့ မျက်နှာပူပူလေးနဲ့ပဲ ပြုံးလိုက်မိတာပေါ့။ ဒါပေမဲ့ ... ဖွားပြောတာကို ပန်းခေတ်က ...

"ကိစ္စမရှိပါဘူးဖွားရယ် ... ပန်းခေတ်ကို ဒီခြံထဲမှာနေခွင့်ပေး





ပြီး ကျောင်းတက်ခွင့်ပေးခဲ့တာကိုပဲ ပန်းခေတ် ကျေနပ်နေပါပြီ၊ နောက်တစ်ပတ်ဆိုရင် မဟော်လည်း စာမေးပွဲပြီးပြီဆိုတော့ ဒီခြံထဲကနေ ပန်းခေတ်ထွက်သွားတော့မှာပါ"

"အို ... ကြည့်စမ်း ..."

မဟော်လည်း ရင်ထိတ်သွားခဲ့သလို ဖွားလည်း မျက်နှာလေး ပျက်သွားခဲ့ရပြီ။ စာမေးပွဲပြီးတာနဲ့ ဒီခြံထဲကနေ ပန်းခေတ်ထွက်သွားတော့မယ်တဲ့။

ပန်းခေတ်ရာ ...

မင်း ငါ့ကို မာနတွေနဲ့ ရက်စက်ပြတော့မလို့လားကွာ။

မင်း ဒီလိုလွယ်လွယ်နဲ့ထွက်သွားတာကိုရော ငါက လက်ပိုက်ကြည့် ငေးမောကျန်ခဲ့မယ် မင်းထင်နေသလား။

"မြေး ... မြေးမဟော် ... ပန်းခေတ်လေးပြောတာ မင်းကြားတယ်နော် ... ဒါ ... ဒါ ... ပန်းခေတ်လေးမာန ဘယ်လောက်ကြီးတယ်ဆိုတာ ဖွားတို့အားလုံးကို သက်သေပြနေတာ၊ ဒီလောက်ပြောရင် ပန်းခေတ်လေးရင်ထဲမှာ ဘာတွေခံစားနေရသလဲဆိုတာ ဖွားသိပြီ ဝဋ်နွယ် ... ဝဋ်နွယ် မကောင်းလို့ဖြစ်တာ အမိကတရားခံက ဝဋ်နွယ်ပဲ ... ဟင်း ဟင်း ..."

ဖွားကိုယ်တိုင် မကျေမနပ်နဲ့ပြောနေတာလေ။

တကယ်လည်း အမိကတရားခံဟာ မေမေပဲ။ မဟော် သိတာပေါ့။ ပန်းခေတ်ကိုဆိုရင် မဲ့ကာရွဲ့ကာနဲ့ အမြဲနှိမ်ချဆက်ဆံနေတာ။

ဒီခြံကြီးထဲမှာ ပန်းခေတ်နေချင်ပါတော့မလား။

"ပန်းခေတ်လေးရယ် ... ဖွားတောင်းပန်ပါတယ်၊ ဒီခြံထဲက



www.burmeseclassic.com

www.burmeseclassic.com



နေ ဘယ်ကိုမှ ပန်းခေတ်လေးထွက်မသွားပါနဲ့ ... တနေ့ကျရင်လေ ဖွားမြေးမဟော်နဲ့ ပန်းခေတ်လေးကိုပေးစားဖို့ ဖွားဆုံးဖြတ်ထားတယ် ... ဒါကိုလည်း ဖွားမြေးမဟော် စာမေးပွဲပြီးတာနဲ့ အားလုံးကို ဖွားကြေငြာတော့မှာလေ ... ”

“ကြည့်စမ်း ... ”

ဒီစကားတွေကို အခန်းဝလေးမှာရပ်ရင်း ကြားလိုက်ရတဲ့ ဒေါ်ဝတီနွယ်တစ်ယောက် အသက်ရှူတွေပါမှားပြီး အခန်းထဲဝင်ဖို့ကိုပင် တွန့်သွားရ၏။ ဒါကြောင့်မို့ ... ဘာတွေဆက်ပြောမလဲဆိုတာ သိအောင် အခန်းထဲမဝင်တော့ဘဲ အခန်းတံခါးရွက်လေးနဲ့ကွယ်ကာ ခိုးနားထောင်နေမိသည်။

“မလုပ်ပါနဲ့ဖွားရယ် ... ဖွားက သဘောတူပေမယ့် ပန်းခေတ်အတွက် မဖြစ်နိုင်လို့ပါ ... ပန်းခေတ် ဒီခြံကြီးထဲကနေ တာဝန်ပြီးဆုံးတာနဲ့ ထွက်သွားပါရစေ ... ပန်းခေတ်ရဲ့ပညာရေးအတွက် မိန်းကလေးအဆောင်တစ်ခုမှာနေပြီးတော့ ကျောင်းဆက်တက်ဖို့ကိုပဲ ပန်းခေတ် ဆုံးဖြတ်ထားလို့ပါနော် ... ဖွား ပန်းခေတ်ကို ခွင့်လွှတ်ပါဖွားရယ် ... ”

“ဟင့်အင်း ... ဟင့်အင်း ... အဲဒါ ဖွားသဘောမတူဘူး ... ပန်းခေတ်လေးကို ဖွားရဲ့မြေးအရင်းအချာလေးတစ်ယောက်လိုပဲ ဖွားက သဘောထားခဲ့တာ ... ဖွားမြေးမဟော် လိမ္မာပြီး စာတွေကြိုးစားလာတာ ပန်းခေတ်လေးကြောင့်ပဲ ... ပန်းခေတ်လေး ကျေးဇူးတွေ ဖွားတို့အပေါ်မှာ အများကြီးရှိတယ် ... ဒါကြောင့်မို့ ပန်းခေတ်လေးကို ဖွားတို့ပဲ စောင့်ရှောက်မယ် ... ဒါပဲ ... ဒါပဲ၊ နောက်တစ်ခါ ဒီခြံထဲကနေ ထွက်သွားမယ်ဆိုတဲ့စကား ပန်းခေတ်





လေး ဘယ်တော့မှမပြောနဲ့တော့ ... ”

ဟင်း ... ဟင်း ... ဖြစ်နေလိုက်တာ ... ဖြစ်နေလိုက်တာ။

ယောက္ခမကိုယ်တိုင်က သည်းသည်းလှုပ်ဖြစ်နေတာလေ။ ဒါကြောင့်မို့ ဒီဟာမလေးက သွေးနားထင်ရောက်နေတာပဲနေမှာ။

“ဖွားရေ ... ဒီမှာ ဒေါက်တာဦးသန်းထွန်း ရောက်လာပြီ”

“အို ... သမားတော်ကြီး ရောက်ပြီတဲ့ ... ”

တံခါးဝက ချောင်းနားထောင်နေတဲ့ ဒေါ်ဝတီနွယ်တစ်ယောက် ဒေါ်ညိုအော်သံကြားတော့မှပဲ နောက်ကို ကပျာကယာ လှည့်ကြည့်ကာ ... သမားတော်ကြီးလက်ထဲက ဆေးအိတ်ကိုပြေးဆွဲရသည်။

“အဟင်း ... ဟင်း ... ဟင်း ... ကြွပါ ... ကြွပါသမားတော်ကြီး ... အခန်းထဲမှာ မာမီလည်း ရောက်နေပါပြီ”

“ဖွားမှန်းခေါ်တယ်ဆိုလို့ ပြေးလာရတာလေ ... လူနာက ဘယ်မှာလဲ ... ”

“အခန်းထဲမှာရှိပါတယ် သမားတော်ကြီး ... ”

ကိုယ်က နောက်ကနေ ယောင်တောင်ပေါင်တောင်လိုက်လာခဲ့တာမှန်ပေမယ့် စိတ်ထဲမှာတော့ လေးလံနေမိသည်။

သမားတော်ကြီးပြောတာကတော့ ပမ်းဖျား ဖျားတာတဲ့။ ဆေးလည်းထိုးပေးသလို သောက်ဆေးတွေလည်းပေးသွားသည်။

“ဟဲ့ ... ဝတီနွယ် ... ”

“ရှင် ... မာမီ ... ”

“ပန်းခေတ်လေးဖျားနေတာကို ညည်းနဲ့မညို နှစ်ယောက် ပေါင်းပြီး ဂရုစိုက်ပေးနော် ... ”



www.burmeseclassic.com

www.burmeseclassic.com



“စိတ်ချပါ မာမီရဲ့ ... ”

မပျော်ကတော့ အဆောင်ရှေ့က စာသင်ခုံကလေးမှာ တစ်ယောက်တည်းစာကျက်နေပါပြီ။ ခုလောလောဆယ်တော့ ပန်းခေတ်နဘေးမှာ ကြီးညိုတစ်ယောက်တည်းပါ။ ဒေါ်ဝတီနွယ် ခဏပြန်သွားချိန်မှာ ကြီးညိုက ပြုစုနေတာဖြစ်သည်။

“ဒီဆံပြုတ်ပူပူလေးတော့ သောက်လိုက်နော် ပန်းခေတ်လေး ... ပန်းခေတ်လေးသောက်လို့ကောင်းအောင် ငါးရဲ့အသားလေးကိုနွှင်ပြီး ကြီးညို သေသေချာချာ ပြုတ်ပေးထားတာ ... သိလား ... ”

ကြီးညိုက ချော့ချော့မော့မော့လေးပြောပြီး ဆံပြုတ်ကလေးကိုတိုက်ပါသည်။ သောက်လို့ကောင်းတာနှင့် ပန်းခေတ်သောက်လိုက်တာ ပန်းကန်တစ်လုံးစာကုန်သွားပြီ။ အခုမှ အားကလေးက ပြန်ပြည့်ချင်သလို ဖြစ်ချင်သွား၏။

အဆောင်ကလေးရှေ့ကနေ ...

မပျော် စာကျက်သံလေး ကြားနေရတာကိုလည်း ပန်းခေတ် စိတ်ချမ်းသာနေမိသည်။

“ပန်းခေတ်လေး ... ”

“ရှင် ... ကြီးညို ... ”

“ဒေါ်ဝတီနွယ် ... အရမ်းဒေါပွနေပြီနော်”

“ဟင် ... ဘာဖြစ်လို့လဲ ... ”

“ဖွားက မပျော်နဲ့ပန်းခေတ်လေးကို သဘောတူတယ်ပြောလို့လေ ... ကြီးညိုကိုလည်း ရန်လုပ်နေတယ်၊ မပျော်ကိုလည်း ပြဿနာရှာနေတယ်”





“အို ... ဟုတ်လား”

ပန်းခေတ် မခံစားနိုင်တာ အဲဒါပဲ။

“ကြီးညိုရယ် ... ခုလောလောဆယ် အရေးကြီးနေတာ မပျော် စာမေးပွဲကောင်းကောင်းဖြေနိုင်ဖို့ပဲ အရေးကြီးတာပါ ... ဖွားဆန္ဒကိုလည်း ပန်းခေတ်သဘောပေါက်ပါတယ် ... ဒါ ... ဒါပေမဲ့ ဒီခြံကြီးထဲမှာ ပန်းခေတ် ဆက်မနေချင်တော့ဘူး ကြီးညို”

“ဟင် ... အဲဒါ တကယ်ပြောနေတာ”

ကြီးညို စိတ်မကောင်းဖြစ်သွားသည်။

ပန်းခေတ်လက်ကလေးကိုလည်း ခပ်တင်းတင်းလေးဆုပ်ကိုင်ထားမိ၏။

ကြီးညိုရယ် ...

အဲဒါ ပန်းခေတ် တကယ်ပြောတာပါ။

အမှီအခိုကင်းကင်းလေးနဲ့ပဲ ပန်းခေတ် လိပ်ပြာသန့်သန့်ရှင်သန်ချင်ပါတယ်။ ပန်းခေတ်ကို ခွင့်လွှတ်ပါနော် ကြီးညို ... ”

မပျော်ကတော့ ပန်းခေတ်ရင်ထဲမှာ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

ဘာပဲပြောပြော ဒီနေ့ဟာ ...

မဟော် စာမေးပွဲဖြေရတဲ့နောက်ဆုံးနေ့ ...

သွားခါနီးအထိ မှာစရာရှိတာတွေကို အထပ်ထပ်အခါခါ မှာနေမိတာလည်း ပန်းခေတ်ကလွဲရင် တခြားဘယ်သူရှိရဦးမှာလဲ။

"မဟော်နော် ... ဒီနေ့ ဖြေရမယ့်ဘာသာကိုလည်း ဂုဏ်ထူးမှတ်ဝင်အောင် မဟော်ဖြေခဲ့ရမယ် ... ဖြေပြီးရင်လည်း အထပ်ထပ်အခါခါပြန်စစ်ရမယ် ... ဟုတ်ပြီနော် ... "

"အဲဒါတွေအားလုံး ငါသိတယ်လေ ပန်းခေတ် ... အဲ့ရေးကြီးတာ စာမေးပွဲပြီးတာနဲ့ နောက်ဆုံးနေ့မှာ မင်းအဖြေပေးမယ်လို့ ငါ့ကို ကတိပေးထားခဲ့တာ ... ဟွန်း ... စာမေးပွဲကို လုံးဝမကြောက်ဘူး ... မင်းပေးမယ့်အဖြေကို ရင်ခုန်သံတွေအများကြီးနဲ့ နားထောင်ရမှာကိုပဲ ငါစိတ်လှုပ်ရှားတယ် ... ဒါပဲ ငါသွားတော့မယ်"

"ဟာ ... နေဦးလေ မဟော် ... "

"ဟင် ... ပြောစရာ ဘာကျန်သေးလို့လဲ ... "





"ခဏလေး ... ခဏလေး ... "

ပန်းခေတ် သူ့အနားထိတိုးကပ်သွားကာ မသပ်မရပ်ဖြစ်နေသည်။ အင်္ကျီကော်လံကလေးကို ခေါက်ဝင်နေရာမှ ပြန်ဆန့်ပေးလိုက်သည်။

"ကဲ ... ရပြီ သွားတော့ ... "

ကျောင်းလိုက်ပို့မယ့်ကားက စက်နှိုးပြီးသား။

ဒါကို ...

တစ်နေရာက စောင့်ကြည့်နေတာ ဒေါ်ဝတီနှယ်။

နှုတ်ခမ်းလေးက ချိတ်နေအောင်မဲ့လို့။ ခေါက်နေတဲ့ကော်လံလေးကို ပြန်ဆန့်ပေးလိုက်တာ တွေ့သွားလို့နေမှာပေါ့။ မဟော်ပြုံးသွားတာလေးကိုလည်း မြင်လိုက်မှာသေချာသည်။ ပန်းခေတ်ကတော့ ဘယ်သူတွေဘာထင်ထင် ဂရုမစိုက်ပါဘူး။

ကားထွက်သွားတော့မှ ပြန်လှည့်လာရင် ကြီးညို့ဆီကိုပဲ တန်းသွားလိုက်သည်။

"မဟော် သွားပြီလားဟင် ... ပန်းခေတ်လေး ... "

"သွားပြီလေ ... ကြီးညို ... "

"ဒီနေ့ဟာ မဟော်စာမေးပွဲဖြေတာ နောက်ဆုံးနေ့ဆိုတော့ ပန်းခေတ်လေး တာဝန်ပြီးပြီပေါ့"

"ပြီးပြီပေါ့ ကြီးညို့ရဲ့ ... "

"လွတ်လည်း လွတ်လပ်သွားပြီပေါ့"

"ဟင်း ဟင်း ... လွတ်လပ်သွားပေမယ့် ပြဿနာက အခုမှစတော့မှာလေ ကြီးညို ... "

"အို ... ဘာဖြစ်လို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ပန်းခေတ်ကို အန်တီနွယ်ကမုန်းနေတာ ... ခုလည်း ခါးထောက်နှုတ်ခမ်းမဲ့ကြည့်ရင်း တိုက်တံခါးဝမှာ အန်တီနွယ် ကျန်ခဲ့တယ်"

"ပန်းခေတ်လေးရယ် ..."

သူမကိုကြည့်ကာ ကြီးညို စိတ်မကောင်းဖြစ်နေသည်။

"ကြီးညို ရင်မောလိုက်တာ ... ညကလည်း လင်မယားတွေ စကားများနေတာ ကြီးညို ကြားလိုက်သေးတယ် ... ဒီခြံထဲမှာ ပန်းခေတ်လေးကိုဆက်ထားသင့် မထားသင့်၊ ဆွေးနွေးရင်း ရန်ဖြစ်ကြတာလေ ... နောက်ဆုံးမှာ မောင်နေသူရိန်က ဆက်ထားမယ် ပြောလိုက်လို့ စကားများကြတာ ..."

"ဖွား ... ဖွားကရော ဘာပြောသေးလဲဟင် ကြီးညို"

"အို ... ဖွားကလည်း ပန်းခေတ်လေးဘက်ကလေ ပန်းခေတ်လေးရဲ့ ဂုဏ်သိက္ခာနဲ့ ရိုးသားဖြောင့်မတ်မှုကို ဖွားကလေးစားလွန်းလို့ ဘယ်သူထိတာမှ မခံနိုင်အောင်ဖြစ်နေတာ ... ပန်းခေတ်လေးဘာမှ အားမငယ်နဲ့ ... ဒီခြံမှာ ဖွားအမိန့်ပဲ ..."

ကြီးညိုက အဝတ်တွေခေါက်သိမ်းရင်း ပြန်ဖြေနေသည်။

ခဏနေတော့ မနက်စာတွေ ချက်ပြုတ်ပြင်ဆင်ဖို့ ကြီးညို ထွက်သွား၏။ ပန်းခေတ်တစ်ယောက်တည်း ရေမိုးချိုး အဝတ်အစားလဲကာ အလှပြင်နေလိုက်သည်။

ဒီနေ့ ... အဆောင်ကိစ္စကိုစုံစမ်းဖို့ ...

မြောက်ဒဂုံဘက်ကို ပန်းခေတ် သွားရဦးမှာလေ။

ကျောင်းမှာခင်တဲ့ သူငယ်ချင်း ခင်စောယုက သူမနေတဲ့ အဆောင်မှာ လာနေပါလားဆိုလို့ ယုနဲ့သွားတွေ့ချင်တာပါ။





ယုတို့က သူငယ်ချင်းငါးယောက်ပေါင်းပြီး သစ်သားလုံးချင်းအိမ်ကလေးကို စုငှားထားတာတဲ့။ ဒီလိုနေတာကိုလည်း ပန်းခေတ် သဘောကျမိသည်။

ခြံထဲကနေ ပန်းခေတ်ထွက်လာတော့ မနက်ကိုးနာရီခွဲတိတိ။ ထုံးစံအတိုင်း စလင်းဘတ်အိတ်အနက်ရောင်လေးကို လွယ်လို့ပေါ့။

"ခဏနေဦး စံပန်းခေတ် ..."

"ဟင် ... ရှင် ... ရှင် လိုက်လာပြန်ပြီ"

"ကိုယ် မင်းကိုတွေ့ချင်လွန်းလို့ လာစောင့်နေတာလေ"

ပြဿနာပဲ ...

ပန်းခေတ် မျက်မှောင်လေးပင် ကျုံ့တက်သွားရသည်။

အောင်တံခွန်ဆိုတဲ့ ပေတေတေအရုပ်နဲ့လူ။ ခြံနားအထိတောင် ရောက်လာပြီ။ ပန်းခေတ်ကို ဇွဲကြီးကြီးနဲ့ စောင့်နေခဲ့ပုံရ၏။

"အို ... ရှင်က စောင့်နေရအောင် ရှင်နဲ့ကျွန်မက ဘာတွေ ပတ်သက်နေလို့လဲ ... ရှင် အူတူတူလုပ်ဖို့မကြိုးစားနဲ့ ... ကျွန်မ သိပ်စိတ်တိုလာရင် ရှင့်ကိုရိုက်တော့မှာ ... သွား ... သွား ကျွန်မအနားကနေ ရှင်အခုချက်ချင်းထွက်သွား ..."

ပန်းခေတ် မျက်နှာထားတင်းတင်းလေးနဲ့ပဲ ခပ်ပြတ်ပြတ်လေး မောင်းထုတ်မိသည်။ ဒီလူလိုက်လာတိုင်း ... စိတ်ရှုပ်ရတာ ဘယ်နှစ်ခါရှိနေပြီလဲ။ ရန်ကုန်မှာ ဒီလိုပဲလား ... ပန်းခေတ် ခေါင်းကလေးကိုပဲ ခါနေမိသည်။

"စံပန်းခေတ်ရာ ... မင်းကိုချစ်ရတာ မလွယ်လိုက်တာ"

"ရှင် ... ရှင် သွားတော့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"မသွားဘူးကွာ ... မသွားဘူး၊ မင်းနဲ့ခုလို တွဲလျှောက်သွားရတာလည်း ကိုယ်တအားပျော်တယ် ... မင်းရဲ့ကိုယ်သင်းနံ့မွှေးမွှေးလေးအောက်မှာ ရှင်သန်ခွင့်ရတဲ့ အခိုက်အတန့် ခဏလေးကိုလည်း ကိုယ်မက်မောတယ် ... "

ပန်းခေတ် ဘာလုပ်ရမလဲ။

နောက်ကို မသိမသာလှည့်ကြည့်လိုက်တော့ နောက်မှာလည်း ဆံပင်နီကြောင်ကျားနဲ့ စပ်ဖြဖြမျက်နှာပိုင်ရှင် ကောင်လေးနှစ်ယောက် အောင်တံခွန်ဆိုတဲ့လူနဲ့ တစ်ဖွဲ့တည်းဟာပဲ ဖြစ်မှာပေါ့။

သေချာတာက

အများသူငါ သွားလာနေတဲ့လမ်းမကျယ်ကြီးဘေးမှာ ရုတ်ရုတ်သည်းသည်းတွေ မဖြစ်စေချင်တာ ပန်းခေတ်ဆန္ဒပါ။

အရေးကြီးတာ ပန်းခေတ်ဂုဏ်သိက္ခာ မကျဖို့ပဲ။

ဒါကြောင့်မို့ ဟိုပြေးဒီရှောင်မလုပ်တော့ဘဲ ခပ်တည်တည်နဲ့ပဲ ကားဂိတ်ထိရောက်အောင် လျှောက်လာခဲ့လိုက်သည်။

"ကိုယ်ချစ်တာကိုတော့ အသိအမှတ်ပြုပေးပါကွာနော် စံပန်းခေတ် ... ကိုယ့်ကို မကျေနပ်လို့ မင်းမျက်နှာထားလေး ဘယ်လောက်တင်းနေ တင်းနေ ကိုယ်ကတော့ ကိုယ့်အနားမှာလမင်းလေးသာနေတယ်လို့ပဲ သဘောထားလိုက်တော့မယ် ဟင်းဟင်း"

ပန်းခေတ် စီးရမယ့် အဲလ်ကွန်းဘတ်စ်ကားကြီး ထိုးရပ်လာတော့လည်း အပြေးအလွှားပဲ ကားပေါ်ကို ပြေးတက်ခဲ့လိုက်သည်။

"ဟင် ... "

ဒါလည်း အောင်တံခွန်ဆိုတဲ့လူ နောက်မှာပါလာခဲ့ပြန်ပြီ။

ဒုက္ခပါပဲ ...





ယုဆီကို ထွက်လာမိတာ မှားပြီတောင်ထင်ပါရဲ့။

ယုနဲ့ချိန်းထားတာလည်း ရှာရခက်နေမှာစိုးလို့ မြောက်ဒဂုံက မြို့ဦးစေတီဘုရားပေါ်မှာ ချိန်းထားတာပါ။

ဒီလူ ...

ကားပေါ်မှာတော့ အနားမကပ်ဘဲ ငြိမ်နေသည်။

ဟော ... မြို့ဦးစေတီ ရောက်တော့လည်း နောက်ကနေ အပြေးအလွှားလိုက်လာတာလေ။ ပန်းခေတ်ကလည်း နှစ်ခွကျစ်ဆံမြီးရှည်ကြီး တယမ်းယမ်းနဲ့။

"ဘယ်လိုလဲ စံပန်းခေတ်ရာ ... ဘုရားကိုသွားချင်တယ်ဆိုလည်း ကိုယ့်ကိုရှင်းရှင်းလေးပြောရင် ရနေရဲ့သားနဲ့ကွာ ... ဘာလဲဟင် စံပန်းခေတ် ... ဒီဘုရားပေါ်ရောက်မှ မင်း ကိုယ့်ကိုအဖြေပေးတော့မလို့လား"

"ဟာ ... ရှင် ... "

လူက ရှင်းတာမို့ ဘုရားပေါ်အတက်လမ်းမှာပဲ သူက ပန်းခေတ်ပခုံးကို ရုတ်တရက် လှမ်းဖက်လိုက်ပြီး ...

မမျှော်လင့်ဘဲဖြစ်သွားတာမို့ ပန်းခေတ် ကြက်သေ သေသလို ဖြစ်သွားသည်။ ရုန်းကြောက်ကြောက်လန့်လန့်လေးနှင့် ရုန်းလိုက်ဖို့လည်း မေ့လျော့သွားခဲ့၏။

ပန်းခေတ် သတိဝင်လာတော့မှ သူ့လက်တွေကို အတင်းပုတ်ချရိုက်မိကာ ...

"ကဲဟယ် ... အဲဒါ စော်ကားဦး ... "

"ဖြန်း ... "

ပါးကိုပါ ဖြန်းခနဲ ရိုက်ချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … စံပန်းခေတ် ဘာဖြစ်တာလဲ … "

ယုနဲ့အဖော် ကောင်မလေးနှစ်ယောက် ရုတ်ရုတ်သည်းသည်းဖြစ်နေတာကိုမြင်တော့ မျက်လုံးတွေပြူးကာ ပန်းခေတ်အနားကို ရောက်လာသည်။ သူတို့ရောက်လာတော့မှ အောင်တံခွန်ဆိုတဲ့လူက နောက်ဆုတ်သွား၏။

ပြီးတော့ … ပန်းခေတ်ကို ပြောလိုက်သေးသည်။

"မင်းရဲ့တုန့်ပြန်မှုကို ကိုယ်ကျေနပ်ပါတယ် ပန်းခေတ် … ဒါပေမဲ့ တစ်နေ့နေ့မှာတော့ မင်းဆီက အချစ်ကို ကိုယ်ရအောင်ယူပြမယ် … ကဲ … ကိုယ်သွားမယ်"

"စံပန်းခေတ်ရယ် … "

ယုက ပန်းခေတ်လက်ကလေးကို ကြင်နာစွာဆုပ်ကိုင်ထားပါသည်။

"ဘာ … ဘာလဲဟင်ယု … မမျှော်လင့်ဘဲ ဒီအဖြစ်အပျက်လေးကို မင်းမြင်လိုက်လို့ သိပ်ကို အံ့သြတုန်လှုပ်သွားခဲ့တာလား။ ဒါဟာ အပြစ်မဲ့တဲ့မိန်းကလေးတစ်ယောက်ရဲ့ အမှန်ကန်ဆုံးကာကွယ်မှုတစ်ခုလို့ပဲ ပန်းခေတ်က ထင်တယ်လေ … မင်းစိတ်မပူပါနဲ့ … "

ယုကို ရင်ထဲကစကားတွေ ပြောလိုက်မိသည်။

နောက်တော့ … ယုခေါ်သွားတဲ့အဆောင်ကို ရောက်သွားခဲ့ပါသည်။ ယုကလည်း လစာကိစ္စ စားသောက်ရေးကိစ္စ အကုန်ရှင်းပြသည်။

အဆောင်ကလေးကလည်း လုံးချင်းအိမ်ကလေးထဲမှာ အခန်းကလေးတွေ ဖွဲ့ထားတာမို့ သန့်ရှင်းသပ်ရပ်ပြီး နေချင်စရာ





လေးဖြစ်နေ၏။

ပန်းခေတ် ပြန်လာတော့ …

ညနေ သုံးနာရီခွဲ …

"ဩော် … အဟင်း ညည်း ပြန်လာပြီလား ပန်းခေတ်"

"ဟုတ် … အန်တီ … "

ဒေါ်ဝတီနွယ် မျက်နှာကို ခြံဝမှာမြင်လိုက်တာနဲ့တင် လူကခြေကုန်လက်ပမ်းကျချင်သလို ဖြစ်သွား၏။

"ငါ့သား မဟော်ကတော့ သူစာမေးပွဲဖြေနိုင်တဲ့အကြောင်းလေးပြောချင်လို့ မင်းကို တမျှော်မျှော်နဲ့ စောင့်လိုက်ရတာ … မင်းကတော့ သွားချင်ရာသွား လုပ်ချင်ရာလုပ် ပြီးတော့မှ … ခြံထဲကိုဘာအပြစ်မှလုပ်မထားသလို မျက်နှာထားကလေးနဲ့ ပြန်လာခဲ့တာပေါ့လေ … "

"ရှင် … အန်တီ … "

အန်တီ ဘာပြောလိုက်သလဲဆိုတာ ပန်းခေတ် နားမလည်တော့။ မျက်တောင်လေး ဖျတ်ခနဲပင့်ကာပဲ ဒေါ်ဝတီနွယ်ကိုအသက်ရှုမှားစွာ ကြည့်လိုက်မိသည်။

"အန် … အန်တီ … ဘာပြောလိုက်တာလဲဟင် … ပန်းခေတ် နားမရှင်းလို့ပါ … "

"ဟင် … ရှင်းချင်ရင် မင်းကို အန်တီထပ်ပြောမယ်၊ မင်းကိုတာဝန်ယူစောင့်ရှောက်ထားရတဲ့ အန်တီတို့ကွယ်ရာမှာ မင်းဘာတွေလုပ်နေသလဲ … ဘယ်သူနဲ့ပတ်သက်ပြီး ဇာတ်လမ်းတွေရှုပ်နေသလဲဆိုတာ အကုန်ပေါ်လာလို့ မင်းကိုပြောနေတာလေ … ပြောစမ်း စံပန်းခေတ် … ကောင်လေးတစ်ယောက်နဲ့ ပခုံးချင်းတွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြီး အဲလ်ကွန်းဘတ်စ်ကားပေါ် တက်သွားတာ၊ ဘယ်က ကောင်လေးလဲ ... လက်မောင်းမှာလည်း ဆေးမှင်ကြောင်အရုပ် တွေ ထိုးထားတယ်ဆို ... ”

“ဘုရားရေ ... ”

“အဲဒါ ... မင်းဝန်ခံလိုက်စမ်း စံပန်းခေတ် ... ”

“မ ... မဟုတ်ဘူး အန်တီ ... အဲဒီလူ ပန်းခေတ်ကို လိုက် နှောက်ယှက်နေတာ ... ”

“မင်း မလိမ်နဲ့ ... ”

“အို ... ပန်းခေတ် မလိမ်ပါဘူး အန်တီ ... ”

“ဒါဆို မင်းကို ငါသက်သေပြမယ် ... ဟဲ့ အေးအေး ... အေးအေး ... ဘယ်ရောက်သွားပြီလဲ ... ခြံထဲကို ခဏထွက်ခဲ့စမ်း”

အေးအေးတဲ့ ...

အေးအေးဆိုတာ ကြမ်းတိုက်သန့်ရှင်းရေးလုပ်တဲ့ ကောင် မလေး။ ဒေါ်ဝတီနွယ်ခေါ်သံကြားတာနှင့်ပဲ ခေါင်းကလေးငုံ့ကာ ပြေးထွက် လာ၏။

“ဟုတ် ... အန်တီ ... သမီး ရောက်ပါပြီ ... ”

“ဟင်း ... ဟင်း ... ဒီမှာ ... ဒီမှာ ... ညည်းမနက်က အဲလ်ကွန်းဘတ်စ်ကားဂိတ်နားမှာ ဒီဆရာမလေး စံပန်းခေတ်ကို ဘယ်လိုပုံစံမျိုးတွေ့လိုက်ရတယ်ဆိုတာ ညည်းတိတိကျကျ ဖြေ လိုက်စမ်း ... ”

အေးအေးဆိုတဲ့ကောင်မလေးက ပန်းခေတ်မျက်နှာကို လည်း မော့မကြည့်ရဲရှာပါ။ ဖြေလိုက်တာလည်း အသံလေးက တုန်နေ သည်။





“ဟုတ် ... ဟုတ်ကဲ့ပါအန်တီ ... လက် ... လက်မောင်းမှာ ဆေးမှင်ကြောင်တွေ ထိုးထားတဲ့အစ်ကိုကြီးတစ်ယောက်နဲ့ ဒီမမ တွဲလျှောက်လာတာကို တွေ့တာပါအန်တီ ... ကားပေါ်တက်တော့ လည်း ဒီမမက ရှေ့ကတက်ပါတယ် ... ဟိုအစ်ကိုကြီးက နောက် ကတက်ပါတယ် ... ”

“ရပြီ အေးအေး ... ညည်း သွားတော့ ... ”

သွားတော့ဆိုမှ အေးအေးက လှည့်ထွက်သွားသည်။

ထိုအချိန်မှာ ပန်းခေတ်ကို အန်တီဝတီနွယ် ဖျတ်ခနဲလှည့် ကြည့်လိုက်တဲ့ မျက်ဝန်းတွေက ညည်းဘာလိမ်ဦးမလဲဆိုတဲ့ အကြည့်မျိုး။

ပန်းခေတ် ရယ်မိပါသည်။

ရယ်တာမှ တဟင့်ဟင့်လေးနဲ့ အူလှိုက်အသည်းလှိုက် ရယ် လိုက်တာမျိုး။

“ဟင်း ဟင်း အန်တီရယ် ... အရွယ်ရောက်နေတဲ့ တက္က သိုလ်ကျောင်းသူ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားလို့ပဲဖြစ် ဖြစ်၊ တမင်တကာ နှောက်ယှက်ချင်လို့ပဲဖြစ်ဖြစ် ဆိတ်ကွယ်ရာအရပ် မဟုတ်ရင် အတူတူလမ်းတွဲလျှောက်ခွင့်ရှိတယ်လေ အန်တီ ... သူ ကလည်း သူ့အခွင့်အရေးအရ ရည်းစားစကားပြောပိုင်ခွင့်ရှိသလို ပန်း ခေတ်လို လွတ်လပ်တဲ့မိန်းကလေးတစ်ယောက်ကလည်း ဘယ်လို အနေအထားမျိုးနဲ့ပဲ လျှောက်လျှောက် လျှောက်ပိုင်ခွင့်ရှိတယ်လေ၊ ဓာတ်လမ်းက ဒါပါပဲ ... ဒါကိုအကြောင်းပြပြီး ပန်းခေတ်ရဲ့ ငွေ သိက္ခာကို အရောင်ဆိုးဖို့ အန်တီမကြိုးစားပါနဲ့ ... တောင်းပန်ပါ တယ် ... ဟုတ် ... ပန်းခေတ်ကို သွားခွင့်ပြုပါဦး ... ”



www.burmeseclassic.com

www.burmeseclassic.com



ပန်းခေတ်ကလည်း ဂရုမစိုက်ပါ။

ဒါကို အသည်းအသန်ပြန်ရှင်းပြဖို့လည်း ပန်းခေတ်စိတ်မဝင်စား။ စံပန်းခေတ်ဆိုတာ ကိုယ်မှန်တယ်ထင်ရင် ခေါင်းမော့ရင်ဆိုင်သွားမယ့် ကောင်မလေးတစ်ယောက်လေ။ ဒါကိုတော့ အန်တီဝတီနွယ် သိဖို့ကောင်းနေပြီထင်တယ်။

ဒါ သိပ်ရှင်းတဲ့ တုန့်ပြန်မှုတစ်ခုပဲ။

"ဟာ ... ဟေ့ ... ဟေ့ ... နေဦးလေ စံပန်းခေတ်"

နောက်ကနေ တားဆည်းလိုက်တဲ့အသံတစ်ခုနဲ့ တဖျတ်ဖျတ် ပြေးလိုက်လာတဲ့ ခြေသံတစ်ခုကြောင့်သာ ပန်းခေတ်ခြေလှမ်းတွေကို တုန့်ခနဲရပ်ပစ်လိုက်ရတာ ဖြစ်သည်။ သို့သော် ... အားတုန့်အားနာ စောင်းငဲ့ကြည့်ဖို့အထိတော့ ပန်းခေတ် စိတ်မဝင်စားပါ။

ဒေါ်ဝတီနွယ် ဘယ်လောက်ပဲချမ်းသာ ချမ်းသာ။

အောက်ကျခံနေစရာအကြောင်းလည်း မရှိပါ။

"ဟုတ် ... ပြောပါ အန်တီ ... အန်တီ ဘာပြောချင်သေးလို့လဲ"

"မင်း ... မင်း ... အန်တီကို ဒီလိုအနိုင်ပိုင်းသွားလို့မရဘူးလေ ... စံပန်းခေတ် ... အန်တီသားလေးက မင်းကို ဒီလောက်မျှော်နေတာတောင် မင်းက ဂရုမစိုက်သလိုလုပ်နေလို့ အန်တီမခံစားနိုင်အောင်ဖြစ်နေတာ ... မင်း ဒီလိုကွယ်ရာမှာ ထင်တိုင်းကြဲနေတာလည်း အန်တီ ခွင့်မလွှတ်နိုင်ဘူး ..."

"မဟော် အခု ဘယ်မှာလဲ ..."

"စာမေးပွဲနောက်ဆုံးနေ့ဆိုတော့ သူ့သူငယ်ချင်းတွေ ကားနဲ့လာခေါ်လို့ပါသွားပြီလေ ... သူတို့ တစ်နေရာသွားပြီး စားကြ





သောက်ကြမယ်ထင်တယ်"

"အဲဒါ ပန်းခေတ် စိတ်မဝင်စားဘူးအန်တီ ... မဟော်ကိုလည်း ဖြေနိုင်လားမေးနေစရာမလိုအောင် ပန်းခေတ်လှေကျင့်ပေးခဲ့တာ ... ပန်းခေတ် သိချင်တာက မဟော် ခြံထဲမှာရှိလား မရှိလားပဲသိချင်တာ"

"ဟာ ... ထွက်သွားပါပြီလို့ မင်းကို အခုပဲပြောနေတာလေ"

ဒေါ်ဝတီနွယ် အသားတွေ တဆတ်ဆတ်တုန်သွားသလို လူကပါ ဂဏှာမငြိမ်ဖြစ်လာ၏။ ပန်းခေတ် ရှေ့ကနေပိတ်ရပ်ပြီး မျက်နှာကို တင်းတင်းမော့ထားသည်။

"အဟင်း အန်တီရယ် ... ပန်းခေတ်လေ ဒီခြံထဲကို စရောက်တဲ့နေ့ကတည်းက စပြီး ... အန်တီ့ကိုကြည့်ပြီး ရယ်ချင်နေတာ၊ အန်တီက ပန်းခေတ်ကို ဒရိုင်ဘာသမီးဆိုပြီး အဆင့်ခွဲရတာနဲ့ နှိမ်ချဆက်ဆံရတာနဲ့ ဒီကြားထဲ မဟော်နဲ့ဖြစ်သွားမှာကြောက်ပြီး ... ဟိုနေရာကချောင်း ဒီနေရာကချောင်း ... ပန်းခေတ်လေ အဲဒီကတည်းက အန်တီ့ကိုကြည့်ပြီး စိတ်တွေမောနေခဲ့တာ ပန်းခေတ် စရောက်တဲ့နေ့မှာပဲ အန်တီ့ကို ကတိပေးထားခဲ့တယ်လေ ... မဟော်နဲ့ရှုတ်ရှုတ်ယှက်ယှက်ဇာတ်လမ်းတွေ မဖြစ်စေရဘူးဆိုတာ ... အဟင်း အန်တီရယ် ... ပန်းခေတ်ကို အထင်မသေးပါနဲ့၊ ပိုက်ဆံမချမ်းသာပေမယ့် တည်ကြည်တဲ့ စိတ်ဓာတ်အဆင့်အတန်းက ပန်းခေတ်တန်ဖိုးထားတဲ့အဆင့်အတန်းပဲ ... ဒီအဆင့်ကိုရောက်အောင် ပန်းခေတ် ဘယ်လိုဖြတ်ကျော်ခဲ့ရတယ် ထင်သလဲ ..."

"အမလေး ... အမလေး ... ပြောပါဦး ... ပြောဦး ... မင်း ဘယ်လိုကျော်ဖြတ်ခဲ့ရသလဲ ဟင်း ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝတီနွယ် နှုတ်ခမ်းတွေကိုလည်း မဲ့ပါသည်။

ဂရုမစိုက်သလို မျက်နှာထားလေးနဲ့လည်း ပန်းခေတ်ကို စိုက်ကြည့်၏။

"မပော့်ကို စာသင်ပေးဖို့ စားပွဲခုံလေးမှာထိုင်လိုက်တိုင်း ပန်းခေတ်ကို အရမ်းချစ်တယ်ဆိုတဲ့ စာရွက်လေးတွေက စာသင်ခုံလေးပေါ်မှာ အမြဲရှိနေခဲ့တာ"

"ဟယ် ... ကြည့်စမ်း ..."

"ညတိုင်းလည်း ချစ်တယ်အပြောခံရ ... ပန်းခေတ်က အဖြေမပေးလို့ မပော့်က ဒေါ်တွေပွ ... စာမကျက်ဘဲ ဆန္ဒပြနေလို့ ပန်းခေတ် ဘယ်လိုချော့ခဲ့ရတယ်ထင်သလဲ ..."

"ဟင် ... မင်း ဘယ်လိုချော့ခဲ့လဲ"

"စာမေးပွဲနောက်ဆုံးနေ့မှာ အဖြေပေးမယ်လို့ ချော့ခဲ့ရတယ်လေ ... အန်တီ ..."

"ဘုရားရေ ..."

ဒီတစ်ခါ ဘုရားတလိုက်တာ အန်တီဝတီနွယ် ဖြစ်သွားခဲ့ပြီ။

ပြီးတော့မှ ပန်းခေတ်ကို စိုက်ကြည့်ကာ တဟားဟားနှင့် ခွက်ထိုးခွက်လှန် အော်ရယ်သည်။

"ဟား ဟား ... အန်တီပြောတာလည်း အဲဒါပဲပြောခဲ့တာလေ စံပန်းခေတ်ရဲ့ ... ကိုယ်နဲ့အဆင့်ချင်းမတူတဲ့ ယောက်ျားတစ်ယောက်ကို အဖြေပေးပါမယ်လို့ မင်းကတိပေးခဲ့တာ၊ အန်တီ့သားကို အလှပဆုံးမြူဆွယ်ဖြားယောင်းနေတာ ... ဟား ဟား ... ဒါကြောင့် မင်းက ... မင်းက မျက်နှာထားတည်တည်လေးနဲ့ ... ဟား ဟား ..."





ပန်းခေတ် နှုတ်ခမ်းလေးကိုပဲ မဲ့မိသည်။

"ဟွန်း ... ဒီမှာ အန်တီ ..."

"ဘာလဲ ... ဘာလဲ ... ပြော ... ပြော ..."

"ပန်းခေတ်ဘဝမှာ မလွဲသာမရှောင်သာ အသုံးချခဲ့ရတဲ့ မာယာက မပော့်ကို ဂုဏ်ထူးတွေအများကြီးနဲ့ အောင်စေချင်ခဲ့တဲ့ မာယာပါအန်တီ ... ဒီမျှော်လင့်ချက်တွေပေးခဲ့ရတာ ပန်းခေတ် တာဝန်ကျေချင်လို့ ..."

"အမလေးကွယ် ... တာဝန်ကျေချင်တယ် ... တာဝန်ကျေချင်တယ်နဲ့၊ အခု ... မပော့်စာမေးပွဲပြီးပြီဆိုတော့ မပော့်ကို သေချာပေါက် မင်းအဖြေပေးရတော့မှာပေ့ါ ... ဒါလည်း မင်းဘယ်လို အဖြေပေးမလဲဆိုတာ သိတယ် သိတယ် ... အန်တီ သိတယ် ... ဟင်း ဟင်း ..."

"ရှင် ... အန်တီ ... အန်တီ ဘာသိတာလဲ"

"မြွားကို အားနာလို့ခေါင်းညိတ်တာပါ အန်တီ ... ဦးနေသူ ရိန်ရဲ့ ကျေးဇူးတွေကိုဆပ်ချင်လို့ ခေါင်းညိတ်တာပါဆိုပြီး တစ်မျိုးလုံးရမယ့် စည်းစိမ်ပုံကြီးပေါ်ကို မင်းက ဝုန်းခနဲ ခုန်တက်လာတော့မှာလေ ..."

"ရှင် ..."

ပန်းခေတ် မျက်တောင်လေးတွေပင် တအံ့တသြလေးနဲ့ ဖျတ်ခနဲ ကော့တက်သွားသည်။

"အန်တီရယ် ..."

ပန်းခေတ် စိတ်ပျက်ရတာ အဲဒါပဲ။

ပန်းခေတ် မေးလိုက်ချင်တာက ဘယ်ဘဝက အညိုးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အန်နီတီအထင်သေးနေသလဲဆိုတာကိုပါ။

"ဟား ဟား ... ရယ်ရတယ် ... ရယ်ရတယ် ... မင်းသိပ်ရယ်ရတယ်နော် စံပန်းခေတ် ... မင်း သိပ်လည်တာပဲ ... ပြီးရင် အန်နီတီ့သားကို မချစ်ပါဘူးလို့ အထက်စီးကနေ မင်းက ကြွေးကြော်ဦးမယ်၊ မင်းမှာပဲ အပြစ်မရှိသလိုလို မင်းကပဲ ကတိတည်သလိုလို ပိုဆိုးတာက ဒီတစ်ခြိလုံးက မင်းမှမင်းဖြစ်နေကြတာ ... ဝတီနွယ်ဆိုတဲ့ မိန်းမကတော့ ခေတ်စကားနဲ့ပြောရင် ဟပ်ကော့ကြီးဖြစ်ပြီး ငုတ်တုတ်မေ့နေတာလေ ... ဟား ဟား ..."

ဒေါ်ဝတီနွယ်ရဲ့ ခြောက်ကပ်ကပ်ရယ်သံကြီးက ပန်းခေတ်ရဲ့ မာနတွေကို တမင်နှိုးဆွပေးသလို ဖြစ်နေခဲ့၏။ ပန်းခေတ် မခံချင်ပါ။ ပန်းခေတ်ပေးမယ့်အဖြေက ဒီအဖြေပါလို့ ဒေါ်ဝတီနွယ်စွပ်စွဲခဲ့တာ ပန်းခေတ်ကို နှိမ့်ချစော်ကားနေခဲ့တာပါ။

"ဟား ဟား ... ပြောလေ ပန်းခေတ် ... အန်နီတီပြောတာ မင်းဟာ့တ်ထိသွားလို့ ငြိမ်နေတာလား ... သတ္တိရှိရှိနဲ့ မရှက်မကြောက် မင်းဖြေလိုက်စမ်းပါကွ ... ဘာရှက်စရာလိုသလဲ၊ မယော်ကို လက်ထပ်ခွင့်ရလိုက်တာနဲ့ အင်္ဂလန်ထီပေါက်သလို မင်းတစ်ချက်တည်း ကောင်းစားသွားမှာ မင်းမျှားပစ်တော်တယ်"

"အန် ... အန်နီတီ ဘာတွေပြောနေတာလဲဟင် ... "

"ဟာ ... အန်နီတီပြောတာ မဟုတ်လို့လား"

"မဟုတ်ဘူး အန်နီတီ ... ပန်းခေတ်ပေးမယ့်အဖြေက ရှင့်ကို မချစ်နိုင်ဘူးလို့ ခပ်ပြတ်ပြတ်အဖြေပေးပြီး ဒီခြံထဲကနေ ထွက်သွားတော့မှာ"

"ဘုရားရေ ... "





ဒေါ်ဝတီနွယ် ဘုရားတနေစဉ်မှာပင် ...
ပန်းခေတ်ကတော့ ချာခနဲ လှည့်ထွက်ခဲ့ပါပြီ။
အန်နီတီရယ် ... တလောကလုံးနဲ့ပြိုင်ချင်တာ
မာနခြင်းပဲ ပြိုင်ချင်တာပါ။
မယော်ကို စိတ်ထဲက ဘယ်လိုပဲချစ်ချစ် ...
ပန်းခေတ်ပေးမယ့်အဖြေက ...
လုံးဝ ဆောရီးပဲ အန်နီတီ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ပန်းခေတ်လေး ... "

"ရှင် ... ကြီးညို ... "

"ဒီစားပွဲလေးမှာ တစ်ယောက်တည်းထိုင်ပြီး ဘာတွေလုပ်နေတာလဲဟင် ... ကြည့်ပါဦး ... ရောင်စုံချည်လုံးတွေရော ကတ်ကြေးတွေရော အပ်တွေရော ... "

သူမကိုကြည့်ကာ ကြီးညို မျက်လုံးပြူးနေပါသည်။

"ဒါ ... မဟော်ကို လက်ဆောင်ပေးခဲ့ချင်လို့ သိုးမွေးလွယ်အိတ်လေးထိုးပေးနေတာလေ ကြီးညို ... "

"အို ... ပန်းခေတ်လေးက ဒါတွေထိုးတတ်တယ်"

"တတ်တာပေါ့ ကြီးညိုရယ် ... ပန်းခေတ်ခြောက်တန်းနှစ်မှာကတည်းက ဒီလိုအိတ်လေးတွေကို လက်ခစားလေးနဲ့ထိုးပြီး ကျောင်းတက်လာတာလေ ... အဲဒါ ကြီးညို မသိဘူးလား"

"မသိပေါင်တော် ... ကြီးညိုက မဟော်တစ်နေကုန် ပြန်မလာလို့ စိတ်ပူပြီး စောင့်နေတယ်မှတ်နေတာ ... "





စောင့်စရာလား ကြီးညိုရယ်ဟု ဖြေလိုက်ချင်ပေမယ့် ... တကယ်တမ်းကျတော့ သူမနှုတ်က ထွက်မလာခဲ့ပါ။ ကြီးညိုက စားပွဲပေါ်က ချည်လုံးတွေကို ကောက်ကိုင်ကြည့်ပြီး နှုတ်ခမ်းလေးကပါ ပြုံးလာကာ ...

"ပြောတော့ဖြင့် မဟော်ကို မချစ်ဘူး မချစ်ဘူးနဲ့ ... ဒီသိုးမွေးလွယ်အိတ်လေးပေးဖို့ စိတ်ကူးလေးကျတော့ ဘယ်ကဘယ်လိုပေါ်လာတာလဲ"

"ကြီးညိုရယ် ... မဟော့်ကိုမချစ်ဘူးဆိုတာက ဦးနှောက်ကလာတဲ့ဆုံးဖြတ်ချက်လေးတစ်ခုကြောင့် မချစ်ဘူးပြောနေရတာလေ ... နှလုံးသားနဲ့တော့ မဆိုင်ဘူးပေါ့"

"ဟင် ... အဲဒါ ကြီးညို နားမလည်ဘူး ... ဘာလဲ နှလုံးသားတွေရော ဦးနှောက်တွေရော ကြီးညို နားထဲမှာ ရှုတ်ယှက်ခတ်သွားတယ် ... ကြီးညိုကို သေချာရှင်းပြပါဦး"

ပန်းခေတ် ပြုံးမိသွား၏။

ဒါပေါ့လေ ... ကြီးညိုက ဒီအသက်အရွယ်ထိ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်းအပျိုကြီး လုပ်လာခဲ့သူဆိုတော့ ဒါတွေဘယ်နားလည်ပါ့မလဲ။

ဒီတော့ ...

နားလည်အောင်ရှင်းရမှာ သူမရဲ့တာဝန်ပါပဲ။

"ဒီလိုလေ ကြီးညို ... ပန်းခေတ် ရှင်းပြမယ် ... ဟိုတလောက သမ္မတရုံမှာ ရုံတင်သွားတဲ့ အာဒံရယ် ဧဝရယ် ဒဿရယ်ဆိုတဲ့ ရုပ်ရှင်ကားကြီးကို ဒီခေတ်လူငယ်တွေ အရမ်းကြိုက်ကြတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အို ... အို ... ကြိုက်တယ်လေ၊ ဒီခြံထဲက လူတွေတောင် သွားကြည့်ကြသေးတဲ့ ဥစ္စာကို ... "

"ဟုတ်ပြီ ကြီးညို ... ပန်းခေတ်ကလည်း ဟိုလူပြော ဒီလူပြောနဲ့ အရမ်းကြိုက်လို့ အဲဒီကားကို တအားကြည့်ချင်နေတာ၊ ဒါပေမဲ့ ... ပန်းခေတ်ကို နဘေးကအတူလိုက်ကြည့်ပေးမယ့် အဖော်မရှိဘူး ... အဲဒီတော့ နှလုံးသားက ကြည့်ချင်ပေမယ့် ဦးနှောက်က စဉ်းစားတယ် ... အဖော်မပါဘဲ ငါမိန်းကလေးတစ်ယောက်တည်း အဲဒီကားကို ကြည့်သင့်သလား မကြည့်သင့်ဘူးလားဆိုတာ ... အဲဒီတော့ ဦးနှောက်က ဆုံးဖြတ်တယ် မကြည့်သင့်တော့ဘူးလို့"

"ဟာ ... သိပြီ ... သိပြီ ... ကြီးညို သဘောပေါက်ပြီ"

ကြီးညို နားလည်သွားတော့မှ မျက်နှာကပါ ပြုံးသွားသည်။

"ပန်းခေတ်လေးရယ် ... သမီးလေးရဲ့ အဲဒီအတွေးအခေါ်လေးကို ကြီးညိုသဘောကျတယ်သိလား ... အခုတော့ မသိလို့ ပန်းခေတ်လေးကိုမေးမယ်နော် ... ဒီသိုးမွှေးလွှယ်အိတ်လေးကို ထိုးတာကျတော့ရော နှလုံးသားနဲ့ရော ဦးနှောက်နဲ့ပါဆုံးဖြတ်လိုက်တာလား ... "

"ရှင် ... ရှင် ကြီးညို ... "

မေးတတ်လိုက်တဲ့ ကြီးညို ...

အပ်ထိုးနေတဲ့ ပန်းခေတ့်လက်ကလေးပင် ဆတ်ခနဲတုန်သွားရ၏။ မျက်တောင်တွေပင့်ကော့ကာ မျက်လုံးဝိုင်းဝိုင်းကြီးနှင့်လည်း ကြီးညိုကို မော့ကြည့်မိသည်။

"ကြီး ... ကြီးညို မသိလို့မေးတာနော် ပန်းခေတ်လေး"

"အဟင်း ... ရပါတယ် ကြီးညို ... ကြီးညိုကမေးလာပြီဆို





တော့လည်း ပန်းခေတ်ဖြေရတော့မှာပေါ့ ... ဟုတ်တယ် ... ဒီသိုးမွှေးလွှယ်အိတ်လေးကိုထိုးဖို့ ဆုံးဖြတ်လိုက်တာက နှလုံးသားနဲ့ရော ဦးနှောက်နဲ့ပါ ဆုံးဖြတ်လိုက်တာပါ ကြီးညို ... "

"အို ... ပန်းခေတ်လေးရယ် ... ဒါ ... ဒါဆို ... "

"ဟုတ် ... ဟုတ်ပါတယ် ကြီးညို ... ပန်းခေတ် ကိုယ့်ကိုယ်ကိုယ်လည်း မလိမ်ညာချင်ဘူး၊ သူများကိုလည်း မလှည့်စားတတ်ဘူး၊ ပန်းခေတ်ငယ်ငယ်လေးကတည်းက ရိုးရိုးသားသားလေးနဲ့ အရှိကို အရှိအတိုင်းလေးပဲနေခဲ့တာ ... အခု တစ်နှစ်တာပတ်လုံး မဟော်နဲ့အနီးကပ်လေးနေခဲ့ရတော့ ပန်းခေတ် စိတ်တွေလှုပ်ရှားခဲ့ရတယ် ... အချစ်ဆိုတဲ့အရာကို ပန်းခေတ် မတွေ့ဘူးခဲ့တာမှန်ပေမယ့် ထူးခြားဆန်းသစ်တဲ့ ခံစားချက်လေးတွေက ပန်းခေတ်ရင်ထဲမှာ မမျှော်လင့်ဘဲ ရှင်သန်လာခဲ့တယ် ... နှလုံးသားက ခေါင်းညိတ်ပေမယ့် ဦးနှောက်က ခေါင်းခါနေတယ်၊ ဒါပါပဲ ကြီးညို ... ကျန်တာတော့ ပန်းခေတ် ဆက်မပြောပါရစေနဲ့တော့ ... "

ပြောလက်စ စကားကို ဒီနေရာမှာပဲ ပန်းခေတ် ဖျက်ချလိုက်သည်။ ဒါဟာ ... ရိုးသားတဲ့ကြီးညိုကို မလိမ်ညာချင်လို့ အမှန်အတိုင်းဝန်ခံလိုက်တာပါ။ ခုလည်း ညကိုးနာရီကျော်တဲ့အထိ မဟော် ပြန်မလာ။

မဟော် ပြန်မလာလို့ ...

ဒေါ်ဝတီနွယ် ... ဖုံးတဂွမ်ဂွမ်ဆက်နေတာလည်း ပန်းခေတ်ကြားနေရသည်။ ပန်းခေတ်တို့ရှိရာ အဆောင်ကလေးဘက်ကိုလည်း ခဏ ခဏ ထွက်ကြည့်နေတာအမော။

ဒါကိုသိပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



ပန်းခေတ်ကတော့ အေးဆေးပါပဲ။ ဒီလိုအေးဆေးတယ်ဆိုတာလည်း မပေါ်ကိုထိန်းသိမ်းရမယ့်တာဝန် ပန်းခေတ်မှာမှမရှိတော့တာ။ မပေါ်ကဖြင့် မိုးထိုးနေတဲ့အရပ်ကြီးနဲ့ မကြာခင် တက္ကသိုလ်ကျောင်းသား ဖြစ်လာတော့မှာလေ။

"ကြီးညိုရေ ... ကြီးညို အိပ်ပြီလား ... "

ဟော ...

ခုပဲ ဒေါ်ဝတီနွယ်အကြောင်းတွေးနေတုန်း အမှောင်ထုထဲကနေ ဒေါ်ဝတီနွယ့်အသံက ပေါ်လာပြီ။

ကြီးညို မျက်နှာလေးပျက်ကာ အမှောင်ထုအောက်ကိုပဲ ရမ်းသမ်းကာ ပြန်အော်နေသည်။

"ဟာ ... နွယ်၊ ကြီးညို ဒီမှာရှိတယ်လေ နွယ် ... ဘာခိုင်းချင်လို့လဲ"

"ခိုင်းချင်တာမဟုတ်ဘူး ကြီးညိုရေ ... မပေါ် ခုချိန်ထိ ပြန်မလာသေးလို့ စိတ်ပူနေတာလေ ... သူငယ်ချင်းတွေ ခေါ်လို့ ပါသွားတယ်ဆိုပေမယ့် ဟိုသံစဉ်ချယ်ဆိုတဲ့ ကောင်မလေးက ပြောလို့ရတာမဟုတ်ဘူး ... ဇွတ်တရွတ်လေးနဲ့ တကယ့်ကိုခေါင်းမာမာလေး ... စားသောက်ဆိုင်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး အကြည့်ချင်းဆုံရင်တွေခုန်နေကြလို့ ဒီလောက်ကြာနေတာပဲနေမှာ ... ခက်တယ် ... ခက်တယ် ... ဒီခေတ်လူငယ်တွေ အရမ်းခက်တယ် ... ဟင်း ဟင်း ... "

စကားတွေအားရအောင်ပြောပြီး အဆောင်လှေကားလေးပေါ် ဒေါ်ဝတီနွယ် တက်လာ၏။ ပန်းခေတ် ဘာလုပ်နေသလဲဆိုတာလည်း မျက်လုံးလေးက စပ်စပ်စုစုလေးနှင့် ဟိုကြည့်ဒီကြည့်





လုပ်သည်။

ပန်းခေတ်ကတော့ ...

မသိချင်ဟန်ပဲ ဆောင်နေလိုက်ပါသည်။

ဒေါ်ဝတီနွယ်စကားထဲမှာ သံစဉ်ချယ်ဆိုတဲ့ ကောင်မလေးနာမည်ပါလာကတည်းက ဘာကိုရည်ရွယ်ပြီး ပြောလိုက်တယ်ဆိုတာ သိပြီးသားလေ။

"နွယ်ရယ် ... စိတ်မပူပါနဲ့၊ ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့မို့ ကလေးတွေ စိတ်လွတ်ကိုယ်လွတ် ပျော်နေကြတာနေမှာပါ ... နွယ် စိတ်ပူရင် ဖုန်းဆက်လိုက်ပါလား ... "

"အမလေး ကြီးညိုရယ် ... နွယ် ဆက်တာမှလေ ဟိုဘက်ကမ်းတောင်လွန်နေပြီ ... မပေါ်ဖုန်းရော သံစဉ်ချယ်ဖုန်းရော ရှိသမျှ အကုန်ဆက်နေတာ ... ဖုံးပိတ်ထားတယ်တဲ့လေ ... ဘယ်လောက်ဆိုးတဲ့ သားသမီးတွေလည်းဆိုတာ အဲဒါပဲကြည့်တော့"

ပြောရင်း ဒေါ်ဝတီနွယ် မျက်ဝန်းတွေက ဟိုဘက်ဒီဘက်ဝေ့ဝဲ၍ပြေးကပ်သွားလိုက်သေးသည်။ တကယ်ပါပဲ ... ပန်းခေတ်ကို တည့်တည့်ပြောချင်တာဆိုလည်း တည့်တည့်ပဲပြောလေ။ ဘာလို့ ဝေ့ဝိုက်ပြီး ကြီးညိုကို တစ်ဆင့်ခံနေစရာလိုသလဲ။

"ခုက္ကပါပဲ နွယ်ရယ် ... တစ်နှစ်လုံး ငြိမ်လာပြီးမှ ... "

ကြီးညိုပါ သောကရောက်နေရ၏။

"မင်း ... မင်းဆီကိုရော သားမပေါ် ဖုန်းဆက်သေးလားဟင် စံပန်းခေတ်"

"ရှင် ... "

မေးတော့မှ ပန်းခေတ် ဖျတ်ခနဲမော့ကာ ဒေါ်ဝတီနွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်းဆုံပစ်လိုက်သည်။

"အဲဒါ ... ပန်းခေတ် မသိဘူး အန်တီ ... ပန်းခေတ် ဟန်းဖုန်းက တနင်္ဂနွေတစ်ရက်ပဲ ဖေဖေခေါ်လို့ရအောင် စက်ဖွင့်တာ၊ ကျန်တဲ့နေ့တွေအားလုံး စက်ပိတ်ပဲ ..."

ပန်းခေတ် အပြတ်ပဲ ပြောပေးလိုက်၏။

"မင်း ... မင်းတော်တော်နေနိုင်တယ်သိလား၊ မဟော် ဒီအချိန်ထိပြန်မလာတာတောင် နည်းနည်းလေးမှ စိတ်ပူဖော်မရဘဲ အေးအေးဆေးဆေး လုပ်နေတာလေ"

"ဆောရီးပဲ အန်တီ ..."

"ဟင် ..."

"အဲဒါ ... ပန်းခေတ်နဲ့ မဆိုင်ပါဘူး"

"ဟာ ... ဘာလို့မဆိုင်ရမှာလဲ၊ မဟော်ဆိုတာ မင်းပေးသမျှ အမိန့်တွေကိုနာခံနေတဲ့ကောင်လေ ... အခု မဟော် ပြန်မလာတာ မင်းကိုစိတ်ကောက်ပြီး ထွက်သွားလို့ ပြန်မလာတာဘဲနေမှာ"

"အဟင်း ... အဲဒါတော့ အန်တီမှားနေပြီသိလား အန်တီ၊ မဟော်ကို ပန်းခေတ် အမိန့်ပေးခဲ့တယ်ဆိုတာ စာမေးပွဲအောင်ဖို့ အတွက်ပဲ ... အမိန့်ပေးခဲ့တာ၊ အခု ... ပန်းခေတ် တာဝန်ယူထိန်းသိမ်းခွင့်ရခဲ့တဲ့ကာလက လွန်မြောက်သွားခဲ့ပြီ ... ကျန်တာက အန်တီတို့မိသားစုကိစ္စ ဖြစ်သွားပြီလေ ... အန်တီရဲ့ ... ပြီးတော့လဲ မင်းကိုစိတ်ကောက်ပြီး ပြန်မလာတာလို့ပြောရအောင် မဟော် စိတ်ကောက်ပြေဖို့ ပန်းခေတ်က ဘယ်အထိလိုက်ချော့ရမှာလဲ ... စားသောက်ဆိုင်မှာ မျက်နှာချင်းဆိုင်ထိုင်ပြီး အကြည့်ချင်းဆုံရင်တွေ ခုန်နေကြတဲ့ ... ဘယ်စုံတွဲကြားမှာ ပန်းခေတ်က မျက်နှာအငယ်ခံ





အောက်အကျခံပြီး လိုက်ချော့စရာအကြောင်းရှိလို့လဲ အန်တီ ... ညာညာတာတာလေး စဉ်းစားကြည့်ပါဦး ..."

ပန်းခေတ်ပြောတာ အပြတ်ပဲ။

အားနာနေစရာအကြောင်းလည်း မရှိပါဘူး။

ဒီလိုပြောလိုက်တော့မှ ဒေါ်ဝတီနွယ် မျက်မှောင်ကြီးကျုံ့တက်သွားတာ အသံကပါ နှစ်ဆ မာသွား၏။

"ဘာပြောတယ် ... ဘာပြောတယ် ... ညည်း ... ညည်းစကားပြောတာ ဆင်ခြင်ပြီးပြောနော် စံပန်းခေတ် ..."

ကြည့်ပါဦး ...

ပန်းခေတ်ကိုပြောလိုက်တာ ညည်းတဲ့ ... ။

ဒါပေါ့လေ ... ဒီခြံမှာ ပန်းခေတ်ကို မလိုအပ်တော့ဘူးဆိုတော့ ဟန်ဆောင်ဆက်ဆံလာခဲ့သမျှတွေအားလုံး ကွာကျသွားခဲ့ပြီပေါ့။

ပန်းခေတ်ကို စိုက်ကြည့်နေတာလည်း ...

မျက်လုံးတွေ ကျွတ်ကျသွားမတတ်ပင်။

ကြီးညိုကတော့ ပန်းခေတ်နဘေးမှာရပ်ကာ မျက်နှာတွေ သိသိသာသာ ပျက်နေသည်။ စကားဝင်မပြောပေမယ့် ရင်ထိတ်နေတာ အရမ်းသိသာနေ၏။

"အဟင်း အန်တီရယ် ... ပန်းခေတ် အခုပြောနေတာ ရိုးရိုးရှင်းရှင်းလေးပဲ ပန်းခေတ်ပြောနေတာပါ ... အန်တီ ထင်ထားသလို မဟော်အပေါ်မှာ ဘယ်လိုမြူဆွယ်ဖြားယောင်းတာမျိုးမှ မလုပ်ခဲ့တာကို အန်တီနားလည်စေချင်လို့ပါ ... ပြီးတော့လည်း အန်တီ့သားနဲ့ အခုတွဲနေတဲ့ သံစဉ်ချယ်ဆိုတဲ့ကောင်မလေးကလည်း ကိုကို



www.burmeseclassic.com

www.burmeseclassic.com



တက်ချမ်းသာနေတဲ့ သူဌေးသမီးလေ ... ဒါတောင် အန်တီက စိတ်ပူချင်သေးလို့လား ... ပြောမယ်ဆိုရင် အန်တီကသားရှင်ပါ ... အန်တီ အနေအထားက စင်ပေါ်မှာပဲရှိပါတယ် ... ဟင်းဟင်း ... အန်တီမှာ ဘာနစ်နာစရာမှမရှိဘူးဆိုတာ ပန်းခေတ် သိတယ်"

ရယ်ရယ်မောမောလေးပဲ ပန်းခေတ်ပြောပေးလိုက်သည်။

"ဒီမှာ သံစဉ်ချယ်ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အန်တီသားမပျော်က မင်းမှမင်းဖြစ်နေလို့ အန်တီပြောနေတာ ... ဟွန်း အန်တီကတော့ ရှင်းတယ် ... အပြင်မှာ မင်းရှုတ်ပွေနေသမျှဇာတ်လမ်းတွေကို မပျော်ပြန်လာတာနဲ့ အေးအေးကိုသက်သေထူပြီး အန်တီက ပြောတော့မှာ ... ဒါလား ဂုဏ်သိက္ခာရှိတဲ့ကောင်မလေး တစ်ယောက်လားဆိုတာ ပြရမယ် ... မပျော်ကိုယ်တိုင် မင်းကို ရွံမုန်းသွားတဲ့အထိ အန်တီ သက်သေပြရမယ် ... ဒါပဲ၊ ကဲ ... ကြီးညို နှယ် သွားမယ် ..."

"ဟာ ... အန်တီ ..."

ပန်းခေတ် ထရပ်ပြီးတော့ တားဖို့ပြင်လိုက်ပေမယ့် ဒေါ်ဝတီနှယ်ကတော့ အပြတ်သားဆုံး ကြိမ်းဝါးပြီး ထွက်သွားခဲ့လေပြီ။

ထိုအချိန်မှာ ...

အသားတွေ တဆတ်ဆတ်တုန်ပြီး ကျန်ခဲ့တာ ကြီးညိုပါ။

"ပန်း ... ပန်းခေတ်လေးရယ် ... နှယ်ပြောသွားတာတွေနားထောင်ပြီး ကြီးညို ရင်မောလိုက်တာ ... ဒီလောက် ရိုးရိုးသားသား အေးအေးချမ်းချမ်းနေတဲ့ ပန်းခေတ်လေးကို ဘယ်သူတွေနဲ့ လက်ညှိုးထိုး စွပ်စွဲနေတာလဲဟင် ပန်းခေတ်လေး ..."

"အဟွန်း ..."





နှုတ်ခမ်းလေးကိုပဲ ပန်းခေတ်က မဲ့မိသည်။

ဒါတွေ ပန်းခေတ် ရှင်းပြနေစရာမလိုဘူးလေ။ အမှန်တရားကို ဘုရားသိနေတာပဲ။

"ဖြေ ... ဖြေလေ ပန်းခေတ်လေး ..."

"အဲဒါ ... ကြီးညို မသိချင်ပါနဲ့၊ ရှင်းနေရင် ရှုတ်သွားမှာစိုးလို့ မရှင်းတာ ... အရေးကြီးတာ ပန်းခေတ် နောက်ဆုံးရွေးချယ်လိုက်ရမယ့်အရာပဲ၊ ကဲပါ ... စိတ်ညစ်စရာတွေ စဉ်းစားနေရင် ကြီးညို ကျန်းမာရေး ထိခိုက်နေပါဦးမယ် ... အိပ်တော့နော် ... ကြီးညို ပန်းခေတ် ထိုးလက်စလေးကို လက်စသတ်လိုက်ဦးမယ်"

"ဟင့်အင်း ... ဟင့်အင်း ... ပန်းခေတ်လေးအိပ်မှ ကြီးညိုလည်းအိပ်မယ် ... ဒီအတိုင်းဆို ကြီးညိုအိပ်လို့ပျော်မှာမဟုတ်ဘူး"

ပန်းခေတ်ကို သံယောဇဉ် တအားကြီးတဲ့ ကြီးညို။

နောက်ဆုံးတော့ ကြီးညိုစိတ်ချမ်းသာအောင်ပဲ အလုပ်တွေကို ပန်းခေတ်ရပ်ပစ်လိုက်သည်။ ထိုးလက်စ ချည်တွေ အပ်တွေ ပစ္စည်းပစ္စယတွေသိမ်းနဲ့ ပန်းခေတ် အိပ်ရာထဲဝင်တော့ ည ဆယ်နှစ်နာရီ ထိုးနေပြီ။

ကြိုးစားအိပ်ပေမယ့် ...

ဘယ်လိုမှ ပန်းခေတ် အိပ်လို့မပျော်။

မပျော်ရယ် ...

ရှင် ကျွန်မကို တကယ်ပဲ စိတ်ကောက်ထွက်သွားတာလားဟင်။ ရှင်စာမေးပွဲဖြေပြီး ပြန်လာမယ့်အချိန်ကို ကျွန်မ မစောင့်ခဲ့တာ ကျွန်မ မှားခဲ့တာလား။ ဒီရွေးချယ်မှုအတွက် ရှင့်ကို ကျွန်မ ဘာတွေပြန်ပြီး ပေးဆပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... "

"ဟင် ... "

အိပ်ရာလေးပေါ်မှာ အိပ်မပျော်လို့ လူးလိမ့်နေဆဲ။ ပန်းခေတ် ကြားလိုက်ရတာက တံခါးခေါက်သံတိုးတိုးလေး။

"ဒေါက် ... ဒေါက် ... "

"ဟာ ... "

ဒါ ... ဟိုဘက်မျက်နှာချင်းဆိုင်အခန်းမှာ အိပ်နေတဲ့ကြီးညို လာခေါက်တာ လုံးဝမဖြစ်နိုင်။ ကြီးညို နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပြီး ဟောက်နေတဲ့အသံကိုတောင် ဒီဘက်အခန်းက ကြားနေရတာပဲ။

ဒါဆို ဘယ်သူလဲ ...

"ပန်းခေတ် တံခါးဖွင့်ပါ ... "

ဘုရားရေ ... ကြည့်စမ်း ...

ဒါ ... မဟော့်အသံ။

ပန်းခေတ် ကပျာကယာ လူးလဲထကာ အခန်းတံခါးလေးကို ဖွင့်လိုက်သည်။

"ဟာ ... ဟာ ... မဟော် ... မဟော် ဘာလုပ်တာလဲ"

ဖွင့်လိုက်တာနှင့် ပန်းခေတ်ကို အတင်းတွန်းဖယ်ပြီး အခန်းထဲရောက်အောင် မဟော်က ဝင်လာတော့တာလေ။ ပန်းခေတ့် အသက်ရှူမှားပြီး မျက်နှာလေးပျက်သွား၏။ မဟော်ကိုလည်း ပြောမိသည်။

"ဟင့်အင်း ... မဟော် ... မဟော် ဒီလိုရွတ်တရွတ်လုပ်တာ ပန်းခေတ် လက်မခံဘူး မဟော် ... အခု ပြန်ထွက် ... ထွက်ဆို





အခု ထွက်နော် ... "

ပန်းခေတ်အသံလေးက နည်းနည်းကျယ်သွားတော့ မဟော် မျက်လုံးပြူး မျက်ဆံပြူးလေးနှင့် ပန်းခေတ်ပါးစပ်ကို အတင်းပိတ်ဖို့ ကြိုးစားသည်။

"ရှူး ... တိုးတိုးပြောကွာ ပန်းခေတ် ... "

"ဟာ ... ဘာလို့ပြောရမှာလဲ ... ရှင် ဒီလိုဝင်လာတာ လူကြီးတွေသိရင် ကျွန်မကို ဘာပြောမလဲ ... ကျွန်မလက်ခံလို့ဝင်တာဆိုပြီး အသေခေါင်းစဉ်တပ်တော့မှာ ကျွန်မ မခံစားနိုင်ဘူး"

"ငါ ချစ်လို့ဝင်တာလေ ... "

"ဒီမှာ ... ရှင်အခုမှလာပြီး အပြောကောင်းမနေနဲ့ ... ရှင် တစ်နေကုန် သံစဉ်ချယ်နဲ့လျှောက်သွားနေတာ ကျွန်မသိတယ်"

"မင်း ဘာလို့ ငါ့ကိုမစောင့်ဘဲ ထွက်သွားလဲ"

"ဟာ ... စောင့်စရာလား ... ရှင်က စာမေးပွဲသွားဖြေနေသလို ကျွန်မကလည်း လုပ်စရာရှိတဲ့အလုပ်ကို သွားလုပ်နေတာလေ"

"ကဲပါ ... အဲဒါတွေ ထားလိုက်တော့"

"မရဘူး မဟော် ... ရှင် စကားပြောချင်ရင် အပြင်ကိုထွက် ကျွန်မလည်းထွက်မယ် ... ဒါပဲ ... ဒီအခန်းထဲမှာ စကားပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ကဲ ... ရှင်မထွက်ရင် ကျွန်မ ထွက်မှာယ်"

"ဟာ ... ဟာ ... "

ကျစ်ဆံမြီးရှည်ကြီး ဖျတ်ခနဲ ယမ်းခါသွားအောင်ကိုပဲ ပန်းခေတ်လှည့်ထွက်ခဲ့တာလေ။ ထွက်လာပြီးတော့ အခန်းရှေ့က စားပွဲခုံလေးမှာပဲ သွားထိုင်နေလိုက်သည်။ ဒီနေရာလေးဟာ ည



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်သန်းလွဲအထိ အတူထိုင်စာသင်စာကျက်နေကြနေရာ လေးမို့ ပြဿနာမရှိနိုင်မှန်းလည်း ပန်းခေတ် သိနေသည်။

"မင်း ... မင်းကွာ ..."

ဒါကိုပဲ အရူးတစ်ယောက်လို မျက်နှာကြီးရဲလျှက် ထွက်လိုက်လာတာ မပော်ပါ။ ပန်းခေတ် နှုတ်ခမ်းလေးကို တင်းတင်းလေးစေ့ထားမိ၏။ ဟိုဘက်က နှစ်ထပ်တိုက်ကြီးကိုကြည့်လိုက်တော့ အပေါ်ထပ် တစ်ထပ်လုံး မီးတွေလင်းနေဆဲ။ ဒေါ်ဝတီနွယ် မပော်ကို မအိပ်ဘဲ စောင့်နေမှာ သေချာနေသည်။

"ရှင် ... ရှင် ဒီအချိန်ကြီးကျမှ ဘယ်ကပြန်လာတာလဲ"

"ဟာ ... အဲဒါ မင်းသိဖို့ လိုအပ်နေသေးလို့မေးတာလား ဟင် ပန်းခေတ် ... မင်း ငါ့အပေါ်မှာ ဒီလောက်ထိ စေတနာရှိသလား"

"ဘာ ... ဘာပြောတယ် မပော် ..."

မပော် ဒီလိုပြန်မေးလိုက်တာကိုတော့ ပန်းခေတ် အံ့သြသွားမိသည်။ မပော် မျက်ဝန်းတွေကို အစူးရဲဆုံး ပန်းခေတ်ကြည့်လိုက်တော့ မထင်မှတ်ဘဲ တွေ့လိုက်ရတာ မပော့်မျက်ဝန်းထဲက နာကျင်မှုတွေ။

"ရှင် ... ရှင် ..."

"ဟား ... ဟား ... ဖြောင်း ..."

"ဘုရားရေ ..."

မပော်က အရူးလေးတစ်ယောက်လို ရယ်လည်းရဲ၊ စားပွဲမျက်နှာပြင်ကိုလည်း ဖြောင်းခနဲအသံမြည်သွားအောင် ပုတ်ချလိုက်တော့ ပန်းခေတ် အသက်ရှုရပ်သွားမတတ် ခံစားလိုက်ရသည်။





ဒါ ... ဒါ ... ဘာသဘောလဲ မပော်။

စေတနာနဲ့မေးတဲ့ ပန်းခေတ်ရဲ့စကားကို ရှင်လှောင်ပြောင်ရှုံ့ချနေတာလား။ ဒီလိုလှောင်ပြောင်ရှုံ့ချဖို့အတွက် ရှင့်ရင်ထဲကို နာကြည်းချက်တွေ ဘယ်သူထည့်ပေးလိုက်သလဲ။

ဒေါ်ဝတီနွယ်လား ...

သံစဉ်ချယ်လား ...

"ဟား ... ဟား ... မင်းအရမ်းရယ်ဖို့ကောင်းတဲ့ မိန်းမတစ်ယောက်ပဲသိလား စံပန်းခေတ် ... ငါကတော့ မင်းကိုအရူးအမူးချစ်လိုက်ရတာကွာ ... ဒါကိုတောင် မငဲ့ညှာပဲ မင်းက ... မင်းက"

ကြည့်စမ်း ... မပော် ဘာတွေပြောနေတာလဲ။

ပန်းခေတ် နားမလည်ပါ။ အရေးကြီးတာ မပော်ဟာ အကြောင်းတစ်ခုခုနဲ့ ပန်းခေတ်ကို စွပ်စွဲနေတာ။

"ဒီမှာ မပော် ..."

ပန်းခေတ် အေးအေးဆေးဆေးပဲ မပော် နာမည်လေးကို ခေါ်လိုက်သည်။ ဒါပေမဲ့ ... မပော်က မျက်နှာလေးကိုလွှဲသွား၏။ ပန်းခေတ်ကိုလည်း လှည့်မကြည့်။ ဆံပင်တွေကို လက်ထိုးဖွကာ အသက်ကိုပဲ ခပ်ပြင်းပြင်းလေး ရှူရှိုက်နေသည်။

"ရှင် ... ဘာတွေ မကျေမနပ်ဖြစ်လာသလဲဆိုတာပဲ ... ယောက်ျားပီပီသသ ကျွန်မကို ခပ်ရှင်းရှင်းပြောလေ မပော် ... ကျွန်မနားထောင်မယ် ... တစ်ခုတော့ရှိတယ်၊ မဟုတ်ကဟုတ်က သတင်းတွေ အတင်းအဖျင်းတွေဆိုရင်တော့ ကျွန်မဘက်က ဆောရီးပဲ ... လုံးဝ ရှင်းမှာမဟုတ်ဘူး"

"ဒါဆို ဟောဒီမှာ မင်းကြည့်လိုက် ... ငါ့ဟန်းဖုန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ဘိုင်ဘာထဲကို ပို့လိုက်တဲ့ ဓာတ်ပုံတွေ ... ”

“ဘယ် ... ဘယ်လို”

“ငါ့နောက်ကွယ်မှာ ယောက်ျားတစ်ယောက်နဲ့ ရှုတ်ယှက်ခတ်နေအောင် ပတ်သက်နေတဲ့ မင်းရဲ့ဓာတ်ပုံတွေလေ ... ကဲ ... မင်းဘာငြင်းဦးမလဲ ... ”

ကြည့်စမ်း ...

ယုတ်မာလိုက်တဲ့ အောင်တံခွန်ဆိုတဲ့လူ။

သူမနောက်ကို အတင်းလိုက် အတင်းတွဲ အတင်းစကားပြောနေတဲ့ပုံတွေအပြင် ပိုဆိုးတာက မြောက်ဒဂုံက မြို့ဦးစေတီဘုရားအတက်လမ်းမှာ ပန်းခေတ်ပခုံးလေးကို လှမ်းဖက်လိုက်တဲ့ပုံက အဆိုးဆုံးနဲ့ အော့နှလုံးနာစရာ အကောင်းဆုံး ဖြစ်နေတာလေ။

မသိရင် ပန်းခေတ်ကပဲ လက်ခံခဲ့သလိုလို။

နှစ်ဦးဆဲသောတူ ချစ်သူတွေပဲ ဖြစ်ခဲ့ကြသလိုလိုနဲ့ ဘုရားမှာ အရိုက်ခံလိုက်ရတာက ရှင်းမရအောင် ရှုတ်သွားခဲ့တာပဲဖြစ်သည်။

သေချာတာက ...

မယော်က ပန်းခေတ်ကို အထင်သေး မုန်းတီးသွားအောင် တမင် ထောင်ချောက်ဆင်လိုက်တာပါ။

“ရှင်းတယ်နော် ... ပန်းခေတ် ဟောဒီမှာ မင်းသေသေချာချာကြည့် ... ငါကတော့ မင်းဘာလဲဆိုတာ သဘောပေါက်သွားပြီ”

“ဟာ ... မယော် ... ရှင် ... ရှင် ထွက်မသွားနဲ့နော်”

ပြောပြီးတာနှင့် မယော်က ခေါင်းလေးငိုက်စိုက်ချကာ လှည့်ထွက်သွားသည်။ သူမကတော့ မခံချင်စိတ်တွေနှင့် ရင်တွေတလှပ်





လှပ်တုန်ကာ ကျန်ခဲ့၏။

ညအချိန်မတော်ကြီးကျမှ သူ့နောက်ကို ပြေးလိုက်သွားပြီး ရှင်းဖို့ဆိုတာကလည်း လွယ်တာမှ မဟုတ်တာ။

“ပန်းခေတ်လေးရယ် ... အဆောင်ရှေ့က စကားသံကျယ်ကျယ်ကြားလို့ ကြီးညို လန့်ပြီးနိုးလာတာလေ၊ ဘာတွေဖြစ်ကြတာလဲ ... မယော်နဲ့စကားတွေများနေတာလား”

ရင်ဘတ်ကလေးကိုဖိထားရင်း ထွက်လာတာ ကြီးညိုပါ။

“ကြီးညိုရယ် ... ပန်းခေတ် အရမ်းဝမ်းနည်းတယ်သိလား အဟင့် ... ”

“အို ... ပန်းခေတ်လေး ... ”

ရုတ်တရက် စားပွဲမျက်နှာပြင်လေးပေါ် မျက်နှာလေးအပ်ချကာ ငိုလိုက်တဲ့ သူမရှိုက်သံလေးကြောင့် ကြီးညိုပင် မျက်လုံးတွေပြူးကျယ်သွားရ၏။

ဒါ ... တော်တော်ဝမ်းနည်းသွားလို့ ပန်းခေတ်လေးငိုတာလေ။ ဒီလိုငိုတာကို ကြုံရခြင်းဟာ ဒါ ... ပထမဆုံးပဲ။

“အဟင့် ... ဟင့် ... ”

တိတ်ဆိတ်သော ညဦးနက်သန်းခေါင်အချိန်မှာ ပေါ်ထွက်လာနေတဲ့ ရှိုက်သံလေးမို့ အတော်အသင့်လေးတော့ ကျယ်လောင်နေခဲ့၏။ ပြောရမယ်ဆိုလျှင် သူမ တကယ်ပဲ ဝမ်းနည်းသွားခဲ့တာပါ။

သို့သော် ... သေသေချာချာ ပြန်စဉ်းစားကြည့်တော့လည်း ဒီကျတဲ့မျက်ရည်ဟာ ဘယ်သူ့အတွက်ကျခဲ့တာလဲ။ ဘာကြောင့်ကျခဲ့တာလဲ။ သူမ တွေ့ကြုံလိုက်ရတဲ့ အဖြစ်အပျက်တွေ ရှေ့တွေက



www.burmeseclassic.com

www.burmeseclassic.com



ရော ဒီမျက်ရည်နဲ့ထိုက်တန်ရဲ့လားဆိုတာ မေးခွန်းထုတ်နေစရာ မလိုအောင် အဖြေက ရှင်းနေခဲ့၏။

"ပန်းခေတ်လေးရယ် ... ပန်းခေတ်လေး ငိုနေတာ ကြီးညို စိတ်မကောင်းလိုက်တာ၊ ဘာတွေပဲဖြစ်ဖြစ် ပန်းခေတ်လေး စိတ်ဓာတ်မကျနဲ့ ... "

ဟွန်း ... ကျစရာလားကြီးညို။

မျက်ရည်တွေကိုသုတ်ကာ မျက်နှာလေးကိုပဲ တင်းတင်းလေးမော့မိသည်။ ပန်းခေတ် အရှုံးမပေးပါဘူး။ ဒီလို ယုတ်မာတဲ့ ထောင်ချောက်ဆင်စွတ်စွဲမှုတွေကို ဘယ်သူတွေဖန်ဆင်းခဲ့တာလဲ ဆိုတာ ဒီနေ့ကစပြီး ပန်းခေတ် စုံစမ်းရတော့မှာပေါ့။

ကြီးညိုကတော့ အခန်းထဲထိ ပန်းခေတ်ကို လိုက်ပို့ပါသည်။

"အိပ်ပျော်အောင် အိပ်လိုက်နော် ပန်းခေတ်လေး ... စိတ်အနှောက်အယှက်ဖြစ်စရာအကြောင်းတွေ ဘာမှမတွေးနဲ့ ... "

ပြောရင်း အိပ်ရာခင်းတွေကိုလည်းဖြန့်ပြီး သပ်သပ်ရပ်ရပ်လေးဖြစ်သွားအောင် ပြန်ခင်းပေးသည်။ ဖတ်လက်စ စာအုပ်တွေနဲ့ ဖရိုဖရဲလေးဖြစ်နေသည့် စားပွဲပေါ်က စာအုပ်တွေ တိုလီမိုလီအသုံးအဆောင်ပစ္စည်းတွေကိုလည်း သူ့နေရာလေးနှင့်သူ စနစ်တကျလေးဖြစ်အောင် ပြန်စီပေးပြီးတော့မှ ဟိုဘက်အိပ်ခန်းထဲကို ပြန်ဝင်သွားခဲ့၏။

ကြီးညိုက အိပ်ပါဆိုပေမယ့် အိပ်မပျော်ခဲ့တာ ပန်းခေတ်ပါပဲ။ ဒီစွတ်စွဲမှုတွေ ဒီထောင်ချောက်ဆင်မှုတွေအတွက် တရားခံ ဘယ်သူလဲဆိုတာ စဉ်းစားကြည့်တော့လည်း အဖြေကမပေါ်။





"ငါကတော့ မင်းကို အရူးအမူးချစ်လိုက်ရတာကွာ ... ဒါကိုတောင် မငဲ့ညှာဘဲ ... မင်းက ... မင်းက ... "

ပန်းခေတ် ပြန်မြင်ပြန်ကြားနေရတာ။

သွေးပျက်နေတဲ့ မပော် မျက်ဝန်းတွေနဲ့ တုန်လှုပ်ကြေကွဲနေတဲ့ မပော်စကားသံတွေကိုပါပဲ။ ရှင်က အရူးအမူးချစ်သလို ကျွန်မကရော ရှင့်ကို မချစ်ဘူးထင်နေသလား မပော်။

ရှင့်မျက်ဝန်းအကြည့်တွေနဲ့ဆုံမိတိုင်း မျက်လွှာလေးသိမ်းပြီး အကြိမ်ကြိမ်အခါခါ ကျဆုံးခဲ့ရတဲ့ ကျွန်မရဲ့ရင်ခုန်သံတွေကို ဟန်ဆောင်ခြင်းတွေနဲ့ ကျွန်မ ခါချခဲ့ရတာကို ရှင်မသိခဲ့တာလည်း ကျွန်မရဲ့ ညံ့ဖျင်းမှုတစ်ခုပါပဲ။

ပော ... ခုတော့ ...

ဒီညံ့ဖျင်းမှုလေးကပဲ ကျွန်မရဲ့မျက်ရည်တွေကို ချွေချသွားခဲ့ပြန်ပြီ။ သေချာတာက ညအမှောင်ထုအောက်မှာ ပျံ့လွင့်သွားခဲ့တဲ့ ကျွန်မရဲ့ ရှိုက်သံတွေကိုကြားပြီး အောင်ပွဲခံနေမယ့်သူက ဒေါ်ဝတီနွယ်မဟုတ်ရင် ဘယ်သူဖြစ်နိုင်တော့မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"အဲဒါကြောင့် ... သားကို မေမေ တဖွဖွပြောခဲ့တာလေ၊ ဆယ်တန်းကို ဂုဏ်ထူးတွေအများကြီးနဲ့အောင်ခဲ့တာဆိုပေမယ့် ဘယ်မှာအဆင့်ရှိလို့လဲ ... ကိုယ့်ရုပ်ရည်ကလေးကိုတောင် ကိုယ်အားမနာ ... တွဲသွားတဲ့ကောင်လေးဆို ဆေးမှင်ကြောင်တွေနဲ့၊ ဟော ... တွဲသွားတဲ့နေရာလည်း ကြည့်ပါဦး လူပြတ်တဲ့မြောက်ဒဂုံက မြို့ဦးစေတီ ... ကဲ ... ကောင်းကြသေးရဲ့လားဆိုတာ သားပဲစဉ်းစားကြည့်စမ်း ..."

"တော်ပြီ မေမေရာ ... ဒီအကြောင်းတွေမပြောနဲ့တော့"

"အို ... မပြောလို့ရမလား ... မပြောလို့ရမလား ... ဒီလိုကောင်မမျိုးလေးကို သိက္ခာရှိတယ် မာနရှိတယ်ဆိုပြီး ဟိုက ဖူးဖူးမှုတ်လိုက် ဒီကဖူးဖူးမှုတ်လိုက်လုပ်ပြီး ခေါင်းပေါ်တင်နေကြတာလေ ... ခုတော့ ... မြင့်တယ်ဆိုပြီး ခုန်ချသွားတော့ ကျိုးထိုးထိုးခွေးစားစားဖြစ်သွားတော့တာပေါ့ ... သားပဲ စဉ်းစားကြည့်-သံစဉ်ချယ်လေးဆို ဒီလိုအတန်းအစားတွေနဲ့ပတ်သက်မှာလား ဝေးသေး





ဝေးသေး ... ဟင်း ... ဟင်း ..."

ဒေါ်ဝတီနွယ် ပြောလို့ကောင်းနေသည်။

မဟော်ကတော့ စိတ်မာတ်လေးကျကာ ညကလည်း တစ်ညလုံး အိပ်မပျော်နိုင်။ မနက်ရောက်တော့ မေမေပြောတာနှင့် ဖွားရော ဖေဖေပါရှိသွားသည်။ ဖေဖေကတော့ ဒီကိစ္စကိုလက်မခံ။

မေမေ ဘာပြောပြော ခေါင်းကိုပဲ ရွတ်ခါနေ၏။

"မဟုတ်သေးဘူး ဝတီရေ ... ဒီကိစ္စမှာ တစ်ခုခုမှားနေတာ ကိုယ့်စိတ်ထဲကသိနေသလိုပဲ ... ဒီလိုဖြစ်မှုမျိုးကို စံပန်းခေတ်လို မိန်းကလေးတစ်ယောက်က ကျူးလွန်ထားတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"ကိုနေနော် ... ရှင် ခုထိ ဒီကောင်မလေးဘက်က လိုက်ချင်နေတုန်းပဲလား ... ဒီလောက် ခိုးထုတ်ခိုးထည်ကြီးပိုက်ပြီး လက်ပူးလက်ကြပ်မိနေတာတောင် မဖြစ်နိုင်ဘူး ပြောချင်နေသေးတယ်၊ ဝတီကတော့ ... ဒီအထောက်အထားတွေအားလုံးကို ယုံတယ်၊ လုပ်ကြံဖန်တီးထားတဲ့ ဓာတ်ပုံတွေ မဟုတ်ဘူး"

"နေပါဦးကွာ"

ဖေဖေကလည်း ဒီပုံတွေကိုပဲ ထပ်တလဲလဲပြန်ကြည့်သည်။ ပြန်ကြည့်ပြီးတိုင်းလည်း ပင့်သက်ရှူရတာ ဖေဖေ့မှာအမော။

"ဟင်း ... ခက်တယ် ဝတီရယ် ... ပုံတွေက ပြတ်ပြတ်သားသားရှင်းလင်းနေတဲ့ ပုံတွေဆိုတော့ ကိုယ်လည်းဘယ်လိုပြောရမှန်းမသိတော့ဘူး ... ဪ ... ဒါနဲ့ စံပန်းခေတ်လေးကိုရော ဒီကိစ္စဟုတ်လားဆိုတာ မင်းတို့မေးပြီးပြီလား"

"အမလေး ... မေးဖို့နေနေသာသာ ရှင့်ဒုရိုင်ဘာသမီးက



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းကတည်းက သူ့တာဝန်မရှိတော့ဘူးဆိုပြီး ကော့နေအောင် ပြင်ဆင်ပြီးထွက်သွားပြီ”

“ဟင် ... ဟုတ်လား ...”

“မပေါ်က မေးတာပြောတာတောင် ဟိုက မဖြေရှင်းဘူးလေ ... ဘယ်လောက်အကြောတင်းတဲ့ ဟာလေးလည်းဆိုတာ ရှင်ပဲစဉ်းစားကြည့် ...”

“ဟား ... ကိုယ်ရော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူးဝတီရာ ... သူ့အဖေမေးရင်တောင် ဖြေရမယ့်အဖြေ ကိုယ့်မှာ မရှိတော့ဘူး”

ဖေဖေက စိတ်ဓာတ်ကျပြီး သဏ္ဍာန်းစာပဲထိုင်ဖတ်နေသည်။ ဖြစ်နိုင်ရင် မပေါ်ကိုယ်တိုင်လည်း ဒီခြံကြီးထဲမှာ မနေချင်တော့ပါ။ သူငယ်ချင်းတွေကို ဖွင့်ပြောတိုင်ပင်ဖို့ကိုလည်း မပေါ်က ရှက်နေခဲ့တာလေ။

“ဟင်း ... ဟင်း ... တွေ့တယ်နော် သား ... မင်းဖေဖေတောင် ဘယ်လောက်စိတ်ဓာတ်ကျသွားပြီထင်သလဲ ... ဖွားလည်း ပုတီးတစ်ကုံးနဲ့ငြိမ်ကုတ်ပြီး အခန်းထဲပြန်ဝင်သွားတယ် ... ဟား ဟား ... ရယ်ဖို့တောင်ကောင်းလိုက်တာ၊ ငါ့မှာလေ တခွိခွိနဲ့တောင် ရယ်ချင်လွန်းလို့ မာမီရှေ့မှာ မနည်းစိတ်ကိုထိန်းထားလိုက်ရတယ်”

ဒေါ်ဝတီနွယ် ပျော်နေတာက အရမ်းသိသာနေသည်။

သို့သော် ... မပျော်နိုင်တာက မပေါ်။

ခုထိလည်း အိပ်ရေးတွေပျက်ပြီး မျက်တွင်းဟောက်ပက်လေးနဲ့ အစားစားချင်စိတ်လည်းမရှိ၊ စာမေးပွဲရက်တွေအတွင်း ဆက်တိုက်အိပ်ရေးတွေပျက်ထားသဖြင့် ခေါင်းကလေးကပါ အုံ့ခဲခဲက





လေး ဖြစ်ချင်နေသည်။

ပိုဆိုးသွားတာက ပန်းခေတ်ရဲ့ဓာတ်ပုံတွေကြောင့်ပါ။

ပြန်တွေးမိတိုင်းလည်း တန့်နန့်လေးနဲ့ ဓာတ်ပုံထဲက ဆေးမှင်ကြောင်တကျက်တူးရုပ်နဲ့ကောင်ကိုပဲ ပြေးထိုးရမလား။ ဒီကောင်နဲ့ ပန်းခေတ်ကို မကွဲကွဲအောင်ပဲ အတင်းလိုက်ခွဲရမလားဆိုတာ တစ်ညလုံးတွေးရင်း အသည်းတွေနာနေခဲ့သည်။

ခုတော့ ... ခေါင်းထဲမှာ တစ်ချက်လှက်သွားပြီ။

နောက်ဆုံး သတိရလိုက်တာ ကြီးညို့ပဲ။ ဟုတ်တယ် ... ပန်းခေတ်နဲ့ကြီးညိုက တစ်ဆောင်တည်းမှာအတူနေတာဆိုတော့ အကြောင်းအရာတွေအားလုံးကို ကြီးညို သိနေမလားဘဲ။

ဟုတ်ပြီ ... ကြီးညို့ကို မေးရမယ်။

ခုပဲ ... ကြီးညို့ဆီကိုသွားမယ်။

“ဟဲ့ ... သားမပေါ် ဘယ်လဲ ...”

“ခြံထဲကို ...”

မေမေ့ကို ခပ်ပြတ်ပြတ်ပဲဖြေပြီး ခြံထဲက ကြီးညို့တို့အဆောင်ကလေးဘက်ကိုပဲ ကူးလာမိတော့၏။

“ကြီးညို ... ကြီးညို ...”

“ဟဲ့ ... ဟဲ့ ဘယ်သူလဲဟင် ... မပေါ်လေးလား ...”

အော်ရင်း ကြည့်လိုက်တော့ ကြီးညို့က ပန်းခေတ်အခန်းထဲကနေ တံမြက်စည်းတစ်ချောင်းကိုင်လို့ ထွက်လာသည်။

“ဟုတ်တယ်လေ ... ကြီးညို ... ကြီးညို အခုဘာတွေလုပ်နေတာလဲ ...”

“အို ... ဘာတွေလုပ်ရမှာလဲ မပေါ်လေးရယ် ... ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



လေး ပန်းခေတ်အခန်းကို ရှင်းပေးနေတာပေါ့ မပဟော်လေးရဲ့"

"ကြီးညို့ရာ ... ကျွန်တော် စိတ်ညစ်တယ်ဗျာ"

"အို ... "

ကြီးညို ပခုံးလေးပေါ် မျက်နှာလေးမှောက်ချရင်း ကြီးညို တစ်ကိုယ်လုံးကို သိမ်းကြုံးလို့ ပွေ့ဖက်ထားမိသည်။

"မပဟော်လေးရယ် ... မပဟော်လေး ... ဘာတွေစိတ်ညစ်သလဲဆိုတာ ကြီးညို့ကိုပြောစမ်း ... ဒီလိုစိတ်ညစ်အောင် ဘယ်သူလုပ်ခဲ့တာလဲ ... "

"ဟာ ... ဘယ်သူလုပ်ရမှာလဲ ပန်းခေတ်လေ ... "

မျက်နှာကို ပြန်ခွာရင်း ကြီးညို ပခုံးနှစ်ဖက်စလုံးကိုဆွဲလှုပ်ကာ ပြောပစ်လိုက်သည်။ ဒီလိုပြောတော့ ကြီးညို ပြုံးသွားတာ ပါးချိုင့်လေးနှစ်ဖက်တောင် ခွက်ဝင်သွားလိုက်သေး၏။

"ပန်းခေတ်လုပ်တာ ဟုတ်လား ... ဟင်း ... ဟင်း ... မပဟော်လေးရယ် ... မင်းကများ စံပန်းခေတ်ကို အထင်သေးချင်သေးတယ် ... ညကဆိုရင် မင်းကို အမှတ်တရလက်ဆောင်လေး ပေးမလို့ဆိုပြီး သိုးမွေးလွယ်အိတ်လေးကို သူကိုယ်တိုင် ထိုးနေတာလေ ... ဟောဒီမှာ မယုံရင် မပဟော်လေးကိုယ်တိုင်လာကြည့်လိုက်"

"ဗျာ ... "

ဒါကိုတော့ မပဟော်မျက်လုံးပြူးသွားသည်။

"ပန်းခေတ်လေး ပြောတာတော့ မင်းတက္ကသိုလ်တက်ရင် လွယ်လို့ရအောင်လို့တဲ့ ... "

"ဟုတ်ရဲ့လား ကြီးညို့ရယ် ... "

"ဟုတ်မှဟုတ် ... ဟုတ်မှဟုတ် ... ဟောဒီမှာ ကြည့်"





စားပွဲပေါ်မှာ ဒီအတိုင်းချထားသည့် ထိုးလက်စ သိုးမွေးလွယ်အိတ်အဖြူရောင်လေး။ ကြီးညို့က ဒါကိုပြပြီး ပြုံးနေတာလေ။ ဘယ်လိုလုပ်မလဲ။ ဒါဆို ... မင်းရင်ထဲမှာ မပဟော်ဆိုတဲ့ကောင်ရှိနေတာပေါ့။ ဒီလက်ဆောင်လေးကို အဖြေတစ်ခုအနေနဲ့ပေးပြီး ဒီခြံထဲကနေ မင်းထွက်သွားတော့မယ်ပေါ့။

ပန်းခေတ်ရယ် ... မင်း ငါ့ကို မလှည့်စားပါနဲ့ကွာ ...

မင်းရဲ့ညို့ချက်ပြင်းပြင်းတွေအောက်မှာ ငါမခံစားနိုင်တော့လို့ပါ။ ထိုးလက်စ သိုးမွေးလွယ်အိတ်ကလေးကိုကြည့်ပြီး မပဟော် စိတ်ဓာတ်လေးပင် ကျသွားရ၏။ မပဟော် မျက်ဝန်းလေးထဲမှာ ပြန်မြင်နေရတာက ဘိုင်ဘာထဲကိုပို့လိုက်တဲ့ ပန်းခေတ်ရဲ့ဓာတ်ပုံတွေကိုပါပဲ။

"ကဲ ... တွေ့ပြီလား မပဟော် ... "

"ကြီးညို့ရာ ... ကြီးညို ဒါတွေပြလည်း ကျွန်တော် မပျော်နိုင်ပါဘူး ... ကြီးညို့အရမ်းချစ်တဲ့ စံပန်းခေတ်က ကျွန်တော့်နောက်ကွယ်မှာ အခြားလူတစ်ယောက်နဲ့ ဓာတ်လမ်းတွေရှုတ်နေတာလေ ကြီးညို့ရဲ့ ... "

"အို ... မဟုတ်ဘဲနဲ့ ... "

"အဲဒါတွေ ပန်းခေတ်က မပြောဘူးလား ... "

"ကြီးကြီးဖန်ဖန် မပဟော်လေးရယ် ... "

အထိတ်တလန့်လေးနဲ့ ကြီးညို့က ခေါင်းလေးခါပြီး ငြင်းနေတာလေ။ လက်မခံနိုင်ပါဘူး။ ပန်းခေတ်လေး ရိုးသားတာ။ ပန်းခေတ်လေး အေးချမ်းတာ ကြီးညို့က အတွင်းကျကျသိနေတာပဲ။ ဒုက္ခပါပဲ ... ဘယ်သူတွေကများ ဒီမဟုတ်က ဟုတ်က လာကြွတ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်လမ်းတွေကို ထွင်လိုက်ပြန်ပြီလဲ။

"ကြီးညို့ရယ် ... ကျွန်တော်ပြောရင် ယုံလိုက်စမ်းပါဗျာ၊ မနေ့ကဆိုရင် စိတ်ညစ်ညစ်နဲ့ တစ်ညလုံးလျှောက်သွားနေခဲ့တာ ကျွန်တော် ပန်းခေတ်ဆီရောက်တော့ ညတစ်နာရီ ထိုးနေပြီလေ"

"အို ... အဲဒါ ဆူဆူညံညံအသံတွေကြားလို့ အိပ်မှုန်စုံမွှားနဲ့ တောင် ကြီးညို့အဆောင်ရှေ့ကို ထွက်ကြည့်သေးတယ်လေ ... မပျော်လေးက ပြန်သွားပေမယ့် ပန်းခေတ်လေးက တဟင့်ဟင့် လေးနဲ့ရှိုက်ငိုပြီးကျန်ခဲ့တာ၊ ကြီးညို့ကိုလည်း ဘာတွေဖြစ်တယ်ဆို တာ ခုထိ တစ်လုံးမှပြောမပြဘူး ... မနက်မိုးလင်း အိပ်ရာထတော့ လည်း ပုံမှန်ပဲ ... ဒါပေမဲ့ မျက်နှာထားလေးကတော့ အရင်ကထက် နှစ်ဆ ပိုတင်းသွားသလိုပဲ ... ဒါတော့ ကြီးညို့ သတိထားမိတယ်"

"ကြီးညို့ရာ ... ကျွန်တော် ပန်းခေတ်ကို ဘယ်လောက်ချစ် တယ်ဆိုတာ ကြီးညို့အသိဆုံးပါဗျာ ... ကျွန်တော့်မှာတော့ ကျွန် တော့်ကို ပြန်ချစ်မလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ တစ်နှစ်လုံး သူပြောသမျှ စကားတွေနားထောင်ပြီး ကြိုးစားလိုက်ရတာ"

"သား ... သားလေးရယ် ... သားလေး အရမ်းချစ်တာ ပန်းခေတ်ကလည်း သိပါတယ် သားလေးရဲ့ ... သားလေးကိုသူ ငြင်းနေတာ မဖြစ်နိုင်ဘူးထင်လို့ငြင်းနေတာ ... ပြီးတော့ ပန်းခေတ် က မာနကြီးတယ်လေ ... သူ မခံချင်ဆုံးက ဝတီနွယ်ရဲ့အထင်သေး နှိမ်ချမှုတွေကိုပဲ ... "

"ခုရော ... သူဘယ်သွားမယ်လို့ပြောသွားလဲဟင် ကြီးညို့"

"ကျောင်းဖျက်ပြီး မြို့ထဲကို ကိစ္စတစ်ခုနဲ့သွားတာလေ"

"ကျွန်တော် ... ကျွန်တော် စိတ်လျှော့လိုက်ပါပြီးကြီးညို့ရာ၊





ကျွန်တော် သွားတော့မယ်ဗျာ ... "

"အို ... သားလေး ... "

ကြီးညို့ အော်နေတာလေးကိုပင် လှည့်မကြည့်တော့ဘဲ ခေါင်းလေးငိုက်စိုက်ချ ထွက်လာတဲ့ မပျော် ဘယ်သွားရမှန်းလည်း မသိပါ။ ရင်ထဲမှာ တဆစ်ဆစ်လေးနဲ့ နာကျင်နေရတဲ့ခံစားမှုလေး ကို ဘာနဲ့အစားထိုးကုရမလဲဆိုတာလည်း မပျော်က မဝေခွဲနိုင်။

နောက်ဆုံးတော့ ...

မပျော် ထွက်လာတာ သူငယ်ချင်းတွေဆီကိုပါပဲ။

"ဟာ ... မပျော် မျက်နှာလည်း မကောင်းပါလား၊ မင်း ဘာဖြစ်နေတာလဲ ... "

မပျော့်ကို တွေ့တွေ့ချင်း မင်းသန့်က မေးသည်။

"ငါ စိတ်ဓာတ်ကျနေလို့ပါကွာ ... "

ဒီလောက်ပဲ မပျော်ဖြေမိသည်။

ဒါကို မင်းသန့်က လက်မခံဘဲ တဟားဟားရယ်ကာ ...

"ဟား ဟား ... ဟေ့ကောင် ငါတို့ကို မင်းလာမရှိုးနဲ့၊ စာမေး ပွဲဖြေနေတဲ့ တစ်လျှောက်လုံး မျောက်အုန်းသီးရတော့မယ့်အတိုင်း သီချင်းတအေးအေးနဲ့ အူမြူးလာပြီးတော့မှ အခုမှ စိတ်ဓာတ်ကျနေ စရာလား ... ဘာလဲ ... ပန်းခေတ်က မင်းကို ဒိုးဆိုပြီး တစ်ခွန်း တည်း အပြတ်ငြင်းလိုက်လို့လား ... "

"ထားလိုက်ပါတော့ကွာ ... "

"ဟေ့ကောင် ထားလို့ရမလား ... မင်းအမှန်အတိုင်းဖြေစမ်း" အောင်ကိုကပါ ကြားထဲက ဖြတ်ဝင်အော်သည်။

"ငါ ... ငါ ပန်းခေတ်ကို မေ့လိုက်ပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ..."

အောင်ကိုရော မင်းသန့်ပါ မျက်လုံးတွေပြူးထွက်သွားသည်။ မဟော်နှားကိုလည်း ချက်ချင်းဝိုင်းရံကာ မေးကပ်လာ၏။

"မင်း ... မင်း တကယ်ပြောနေတာလား မဟော်၊ တစ်နှစ်လုံး အဆင်ပြေလာပြီးမှ အခု ... ဘာတွေဖြစ်ကုန်ကြလို့လဲ"

"မင်းတို့ မသိချင်ပါနဲ့တော့ကွာ ... ပန်းခေတ်နဲ့ပတ်သက်ပြီး ငါ ဒီလောက်ပဲပြောပါရစေ ... ဒါနဲ့ နေပါဦး။ ပိုင်လေးရော မင်းတို့ဆီ မလာဘူးလား"

"မလာပေမယ့် မနက်အစောကြီးကပဲ ဖုန်းဆက်သွားတယ်လေ ... တို့တစ်ဖွဲ့လုံး ချောင်းသာသွားမလို့ ဒီကောင်စီစဉ်နေတာ၊ ကားနှစ်စီးနဲ့သွားမှာ တို့သူငယ်ချင်းအုပ်စုက တစ်စီး ... သူတို့မိသားစုက တစ်စီး ... ဟား ဟား ... ဘယ်လောက်ပျော်စရာကောင်းသလဲ ... ဟိုရောက်မှ အုန်းစိမ်းရေလေးသောက်ပြီး ကမ်းခြေမှာ နှပ်နေရုံပဲ ..."

"ငါ မလိုက်တော့ပါဘူးကွာ ..."

"ဟေ့ကောင် ..."

မဟော်က မလိုက်တော့ဘူးဆိုလို့ နှစ်ယောက်သား ဝိုင်းကြည့်လိုက်ကြတာ တအံ့တဩ။

"မင်း မလိုက်လို့ရမလား ... မင်းမလိုက်ရင် ငါတို့အားလုံးကို ချယ်က ပြဿနာရှာမှာ ... မင်းကိုလည်း စာမေးပွဲမဖြေခင်ကတည်းက ပြောထားပြီးသားဆို ..."

"မဟော်ရာ ... ပန်းခေတ်ဆီက အချစ်ကိုမရတာနဲ့ဘဲ ငါတို့အစီအစဉ်တွေပျက်အောင် မင်းမလုပ်လိုက်ပါနဲ့ ... ပိုင်လေးပြော





တာက မင်းတယ်အခန်းရတာနဲ့ ဒီကနေ တစ်ခါတည်း တန်းထွက်မှာ မင်း မလိုက်လို့မရဘူး ..."

အောင်ကိုကလည်း ဖွတ်အတင်းခေါ်နေသည်။

သူတို့သူငယ်ချင်းတွေ အဲလိုဖြစ်နေချိန်မှာ ...

မြို့ထဲကို ထွက်လာခဲ့တဲ့ ပန်းခေတ်ကတော့ ချိန်းထားတဲ့ နေရာလေးမှာပဲ ကဗျာဆိုတဲ့သင်တန်းက သူငယ်ချင်းမလေးကို စောင့်နေမိသည်။ ပြောရမယ်ဆိုရင် ပန်းခေတ်က ကဗျာကိုရင်ဖွင့်ချင်လို့ပါ။

"ဟော ..."

ပြောရင်းဆိုရင်း အအေးဆိုင်ကလေးထဲကို ဆံပင်တိုလေးတွေ တယမ်းယမ်းနဲ့ ... ဟိုကြည့်ဒီကြည့်လေးလုပ်ရင်း ကဗျာဝင်လာပြီ။

"ကဗျာရေ ... တို့က ဒီမှာ ..."

ပန်းခေတ် ဝမ်းသာအားရကလေး လှမ်းခေါ်မိ၏။

"ဟာ ... စောင့်နေတာကြာပြီလား မမ ..."

ပြုံးပြုံးလေးကြည့်ကာ လှမ်းမေးရင်း မျက်နှာချင်းဆိုင်ခုံလွတ်ကလေးမှာ ကဗျာက ဝင်ထိုင်သည်။

"ခုပဲ ... ရောက်တာလေ ကဗျာ ... ခြံထဲမှာနေရတာ အရမ်းစိတ်ညစ်နေတုန်း ကဗျာဖုန်းလေးဝင်လာလို့ ဒီကိုထွက်လာတာ၊ ကဲ ... ပြောပါဦးကဗျာ ... ဘာတွေဖြစ်ပြီး မမကို ဒီလောက်အရေးတကြီးတွေ့ချင်နေရတာလဲ"

"ဟာ ... ဘာရယ်တော့ မဟုတ်ဘူးပေါ့ မမရာ၊ မမကို အပြင်းမြေ တွေ့ချင်တာလည်းပါသလို မထင်မှတ်ပဲရှိထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဓာတ်ပုံလေးတစ်ပုံကိုလည်း မမစိတ်ဝင်စားမလားဆိုပြီး ပြချင်တာလည်းပါတယ်လေ ... ဒါပေမဲ့ ... မမစိတ်ဝင်စားမယ် မထင်ပါဘူး ... ကဗျာကတော့ စိတ်ထဲမှာထင့်သွားလို့ ဒီပုံလေးကို ဘယ်သူမှမသိအောင် ခိုးပြီးရိုက်လာခဲ့တာ"

"ဟင် ... ဘာပုံလေးလဲ ... "

"မနေ့က ညနေကလေ ... စားသောက်ဆိုင်တစ်ခုကို ကဗျာ့ကိုကိုနဲ့သွားရင်း ရိုက်လာတဲ့ပုံ ... ပြလိုက်ရင် မမမျက်နှာလေး ရှုံ့မဲ့သွားမှာ သေချာတယ် ဟင်းဟင်း ... "

ကဗျာက ပြောလည်းပြော ရယ်လည်းရယ်ပါသည်။

ပြီးတော့မှ ဟန်းဖုန်းလေးကိုဖွင့်ကာ ...

"ဒီမှာလေ မမ ... မမကိုသမ်းမှာ လိုက်နှောက်ယှက်နေတဲ့ တက်တူးရုပ်တွေထိုးထားတဲ့လူ ... "

"အို ... ဘုရားရေ ကြည့်စမ်း ... ဒါ ... ဒါ ... "

"ဟင် ... မမ ... မမ ဘာဖြစ်သွားတာလဲ ... "

ကဗျာက သူမ ဘာဖြစ်သွားမှန်းမသိပါ။

ကဗျာထင်ထားတာက ဒီလူကိုမြင်လိုက်တာနဲ့ နှုတ်ခမ်းလေးမဲ့သွားမယ်ဘဲ ထင်ထားတာလေ။ ခုတော့ ... မမက မျက်လုံးတွေပြူးပြီး ဘုရားတကာ အသက်ရှူပါ မှားသွားခဲ့သလိုပင်။

ဓာတ်ပုံလေးကိုလည်း အသေအချာ မမစိုက်ကြည့်၏။

"ကဗျာရယ် ... သူတို့ တော်တော်ရက်စက်ကြတာပဲ"

"ဟင် ... မမ ဘာတွေပြောနေတာလဲ"

"မမ သိပြီ ... "

ကဗျာ နားမလည်နိုင်။ မမကိုပဲ ငေးကြည့်နေမိ၏။





"ဟင် ... မမ သူတို့ဆိုတာ တက်တူးရုပ်ထိုးထားတဲ့လူရဲ့ဘေးမှာထိုင်နေတဲ့ ကောင်မလေးတစ်ယောက်နဲ့ အန်တီကြီးတစ်ယောက်ကို ပြောတာလား ... "

"ဟုတ်တယ်လေ ကဗျာ ... သူတို့နှစ်ယောက်စလုံးက မမကို အရမ်းမုန်းနေတဲ့နှစ်ယောက် ... အန်တီကြီးက ဒေါ်ဝတီနွယ်၊ ကောင်မလေးက သံစဉ်ချယ်တဲ့ ... "

"ရှင် ... "

သေချာသွားပြီပေါ့။ ဒါဆို ... ကိုကိုပြောတာနဲ့ ကွက်တိပဲ။

ကိုကိုက သံစဉ်ချယ်ဆိုတဲ့ကောင်မလေး ဖေဖေပိုင်တဲ့ကုမ္ပဏီမှာ လက်ထောက်မန်နေဂျာလုပ်နေတာလေ။

သူတို့အကြောင်းတွေဆို ကိုကိုက အတွင်းသိအစင်းသိ။

ဒါကြောင့်မို့လည်း ထူးခြားတယ်ဆိုပြီး ကဗျာကိုယ်တိုင် ဒီပုံလေးကို ခိုးရိုက်လိုက်မိတာပါ။

ခုတော့ ... မမကပါ နှစ်ယောက်စလုံးကိုသိသတဲ့။

"ကဗျာရယ် ... မင်းတို့ မမကျေးဇူးတင်လိုက်တာ ... ဟင်းဟင်း ... တင်တာမှလေ ဘယ်လိုပြောပြရမှန်းမသိအောင်ကို ကျေးဇူးတင်တာ ... သိလား ... "

"ရှင် ... မမ ... "

"ထပ်ပြီးတော့ ကျေးဇူးတင်လို့ရသွားအောင် မမဖုန်းထဲကို အဲဒီပုံလေးကူးထည့်ပေး ... ဟုတ်ပြီနော် ကဗျာ ... "

စောစောက ငေးငိုင်နေသလောက် အခုမှ ရွှင်လန်းတက်ကြွသွားတဲ့မမ ... ကဗျာကတော့ မမဖြစ်နေတာတွေကို နားမလည်ပါဘူး။ ပုံလေး ကူးပေးရင်းတော့ မနေ့ကတွေ့လာတဲ့အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပြောမိ၏။

"ကဗျာကလေ ... အဲဒီတက်တူးရုပ်နဲ့လူကို တွေ့လိုက်တာနဲ့မှတ်မိသွားတာ၊ ထူးဆန်းနေတာက အဲဒီအန်တီကြီးနဲ့ သံစဉ်ချယ်ဆိုတဲ့ကောင်မလေးက ငါးထောင်တန်အသစ်ကျပ်ချွတ် လေးငါးအုပ်လောက်ကို အတင်းဝိုင်းပေးနေတာ ... ပြီးတော့ ... ကိုကိုကလည်းပြောတယ်၊ အဲဒီတက်တူးရုပ်နဲ့ကောင်က အောင်တံခွန်တဲ့၊ သူတို့ကုမ္ပဏီက ဒရိုင်ဘာရဲ့သားတဲ့ ... အရမ်းဆိုးလို့ ထောင်ထဲကို ဝင်လိုက် ထွက်လိုက်လုပ်နေတာတဲ့လေ ... ဒါကို ကုမ္ပဏီပိုင်ရှင်သမီးနဲ့ ဟိုအန်တီကြီးက ပိုက်ဆံတွေအုပ်လိုက်ပေးနေတာဆိုတော့ ထူးခြားတယ်ဆိုပြီး မမကို ပြချင်တာနဲ့ ရိုက်ထားလိုက်တာ ..."

"ဟင်း ဟင်း ... ပုံကိုမြင်တာနဲ့တင် မမ သဘောပေါက်ပါတယ် ကဗျာရယ် ... ကဲ ... ဒီနေ့ ကဗျာ ဘာစားမလဲ ဘာသောက်မလဲ ... မမ ဒကာခံမယ်၊ ပျော်ရွှင်မှု အထိမ်းအမှတ်လေးအဖြစ်နဲ့ ဘုရားကိုသွားမယ် ... ကဲ မကောင်းဘူးလား ..."

"ဟား ... ကောင်းတာပေါ့ မမရာ ... ဟား ဟား ..."

"ဟွန်း ..."

ကဗျာက ပျော်သွားသလို ပန်းခေတ်ကလည်း နှုတ်ခမ်းလေးမဲ့ကာ ရယ်လိုက်ပါသည်။ အန်တီရယ် ... တရားကို နတ်စောင့်တယ်ဆိုတဲ့စကားကို တော့ အန်တီ ကြားဖူးမှာပါ။ ခုတော့ အန်တီ ဘယ်ပြေးမလဲ ... သံစဉ်ချယ်ဆိုတဲ့ ကောင်မလေးကိုဖက်ပြီး နှပ်တွေကျအောင်ပဲ အန်တီငိုရမလား။ စောင့်ကြည့်ကြသေးတာပေါ့ အန်တီ။

## အခန်း ( ၁၉ )

"ဖြောင်း ... ဟား ဟား ဟား ... ရယ်လိုက်ရတာ ဖွားရယ်၊ ချယ်ကတော့ ရယ်ချင်လိုက်တာ အူတက်မတတ်ဘဲ ... ဒါကို ကိုကြီးမပေါ်က ချယ့်ကိုတစ်လုံးမှ မပြောဘဲ ဒိုင်လျှိုထားတာလေ ... ခုတော့ ကြည့်ပါဦး ... အန်တီနွယ်ပြောမှပဲ ချယ်လည်းသိရတော့တာ ... ဟား ဟား ... အဲဒါ ... အဲဒါ ... ဒီ ပန်းခေတ်ဆိုတဲ့ကောင်မလေးကို မျက်နှာထားတည်တည်လေးနဲ့ အရမ်းကျက်သရေရှိတာပဲဆိုပြီး ဖွားတို့အထင်ကြီးကြဦးလေ ... ခုတော့ အရှုတ်ထုတ်တွေက ပေါ်ပြီ ... ဟား ဟား ..."

"ဟွန်း ... ဟင်း ..."

မလွဲသာလို့သာ ဖွားက ပြုံးလိုက်ပေမယ့် ဖွားအပြုံးလေးကနုံးခွေချိနဲ့နေသလိုပင်။ မနက်ကတည်းက ထမင်းပင် ဆင်းမစားတော့ဘဲ ပုတီးကို တစ်နေကုန်စိပ်နေပေမယ့် စိတ်ထဲမှာလေးနေတာတော့ သေချာနေသည်။

ဘာပဲပြောပြော ...

ဒီဓာတ်လမ်းမှာ တစ်ခုခုမှားနေတယ်ဆိုတာတော့ ကြီးညို



www.burmeseclassic.com

www.burmeseclassic.com



သိပါသည်။ နေ့လည်ကလည်း ဖွားကိုဇက်ကြောလေးဆွဲပေးရင်း ဖွားနဲ့ကြီးညို နှစ်ယောက်တည်း တိုးတိုးတိတ်တိတ်ပြောမိကြသေး၏။

"ဖွား ... "

"ဟင် ... ပြောလေ မညို ... "

"ညိုကတော့ ပန်းခေတ်လေးမှာ အပြစ်မရှိဘူးဆိုတာ စိတ်ထဲကသိနေသလိုပဲ ... "

"အေးပါအေ ... အေးပါ ... ငါလည်း ညည်းအတိုင်းပဲ"

"ညကလည်း ပန်းခေတ်လေး ငိုတယ်လေ ... "

"အို ... ပန်းခေတ်လေး ငိုတယ် ... "

"ငိုတာပေါ့ဖွားရယ် ... မဟုတ်တမ်းတရားတွေ စွတ်စွဲခံရတော့ ဝမ်းနည်းတာပေါ့ ... မဖော်နဲ့လည်း စကားတွေများကြသေးတယ်"

"ငါ့မြေးလေးက တော်တော့်ကိုချစ်တာ သိလား ... "

"အို ... ချစ်တယ် ... ချစ်တယ် ... မနက်ကတောင် ညို့အဆောင်လေးဘက်ကို မဖော်လေး ကူးလာသေးတယ်၊ မျက်နှာလည်းမကောင်းဘူး ... ပြန်ထွက်သွားတော့ ခေါင်းကလေးကို ငိုက်စိုက်ကျလို့ ... "

"ဟွန်း ... ဒီလိုဖြစ်သွားတာကို ဝတီနှယ်က ဝမ်းသာနေတာလေ ... ဖွားကတော့ ခုထိ ပန်းခေတ်လေးကိုယုံနေတုန်းပဲ ... လာတာနဲ့ ဖွားဆီကို လွှတ်လိုက်သိလား။ ဖွားကိုယ်တိုင် ပန်းခေတ်လေးကိုမေးမယ်"

"မေး ... မေး ဖွား ... အဲဒါကောင်းတယ်၊ ဒါမှ အမှန်တရား





ပေါ်မှာ ပန်းခေတ်လေးကတော့ ခတ်ပုံထဲကအတိုင်း ဟုတ်ရင်ဟုတ်တယ် မဟုတ်ရင် မဟုတ်ဘူးပြင်းမှာပဲ ... "

ကြီးညို အဲလိုတော့ ပြောခဲ့မိ၏။

ခုတော့ ... မဖော်နဲ့အတူ သံစဉ်ချယ်ဆိုတဲ့ကောင်မလေးကလည်း လိုက်လာ ... မောင်နေသူရိန်ကလည်း ကုမ္ပဏီကိုမသွားဘဲ ခြံထဲမှာ တစ်ရက်နားနေတာဆိုတော့ ခြံထဲမှာလူတွေအားလုံးစုံသွားတော့တာပေါ့။

ဒီအထဲမှာ အကဲဆုံးက သံစဉ်ချယ်။

ဖွားရှေ့မှာ တဟင်းဟင်း တဟားဟားလေးနဲ့ရယ်ပြီး ပန်းခေတ်လေးကိုပဲ ရှုံ့ချတိုက်ခိုက်နေကြ၏။

နှယ်ကလည်း မီးလောင်ရာလေပင့်လုပ်တဲ့နေရာမှာ အတိုင်အဖောက်ညီသလားမမေးနဲ့။ သံစဉ်ချယ်နဲ့ကတော့ ဟုတ်နေ၏။

"ပေါ်တဲ့အရှုတ်ထုတ်ကလည်း မတန်မရာပါ ချယ်ရယ် ... ကောင်လေးက တက်တူးရုပ်တွေနဲ့ ဒါကိုများ တွဲသွားတာ မြောက်ဒဂုံမြို့ဦးစေတီအထိ ရောက်သွားသတဲ့လေ ... မန္တလေးက သူ့အဖေသာသိရင် ဘယ်လောက်ရင်ကျိုးလိုက်မလဲ ... မာမီကလည်း ဒါတွေမသိလို့သာပေါ့ဘူးမိတာ ... ဟုတ်တယ်နော် မာမီ ... "

"ဟုတ်ပါတယ်အေ ... ဟုတ်ပါတယ် ... ဟင်းဟင်း"

ဖြေပေမယ့် ဖွားမျက်စောင်းက နှယ့်ဆီကိုရောက်ဖြစ်အောင်ရောက်သွားလိုက်သေး၏။

"ဟွန်း ... ကြားတယ်နော် ချယ်လေ ... မာမီပြောနေတာ"

"ကြားပါတယ် ... အန်တီရဲ့ ... ဖွားက ဆင်းရဲတဲ့ကောင်မလေးတစ်ယောက် အဝေးကြီးကနေ စာလာသင်ပေးနေတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ညှာညှာလေး ဆက်ဆံခဲ့တာလေ ... ဒါကို ဘဝင်လေဟပ်ပြီး သွေးနားထင်ရောက်လုပ်ချင်တာ လှျောက်လုပ်တော့ ဒီလိုအောက်တန်းစား အစုတ်အပြတ်နဲ့ပဲ တွေ့သွားတော့တာပေါ့"

"ဒါပေါ့လေ ... ဒါပေါ့ ... ဒါပေါ့ ... "

နွယ်ကလည်း သံစဉ်ချယ်ဆိုတဲ့ နားကွင်းတွဲလောင်းနှစ်ဖက်နဲ့ ကောင်မလေးဖက်ကပဲ တစ်ချိန်လုံး ထောက်ခံနေသည်။

"ဟင်း ... ဟင်း ... ချယ်တို့ကတော့ ရှင်းတယ်သိလား အန်တီ ... ကိုယ့်ကို အဆင့်ခွဲတယ်ပြောပြော ဘဝင်မြင့်တယ်ထင်ထင် ကိုယ်နဲ့အဆင့်တူတဲ့သူကိုပဲ ပေါင်းချင်တာ ... လူရှေ့သူရှေ့မှာ ဂုဏ်သိက္ခာပဲရှိသလိုလို စည်းစနစ်ပဲကျသလိုလို မာနကပဲကြီးသလိုလို ပဲတွေစွတ်ပေးပြီး ... ဟော ... နောက်ကွယ်လည်းကျရော လိုက်ချင်တဲ့သူနောက်လိုက် ပါချင်တဲ့လူနောက်ပါ၊ နောက်ဆုံးတစ်နေ့လည်းကျရော မဖုံးနိုင် မဖိနိုင်ဖြစ်လာပြီး မဟော်ကို လက်ညှိုးထိုးပုံချလိုက်မှဖြင့် ... "

"အမလေး ချယ်ရယ် ... ချယ်ပြောမှ အန်တီတောင် ကြောက်လာပြီ ... မဖြစ်ဘူး မဖြစ်ဘူး ... ဒီကိစ္စကို အမြန်ဆုံးရှင်းမှဖြစ်မယ် ... ဘယ်လိုလဲ ကိုနေ ... ရှင်လည်း ကြားတယ်နော် ... ကျွန်မသားကိုတော့ ထောင်ချောက်အဆင်မခံနိုင်ဘူး ... မာမီ ဒီကောင်မလေးကို သူ့အဖေလက်ထဲ အမြန်ဆုံးပြန်အပ်လိုက်တာ အကောင်းဆုံးပဲ ... ကြာရင် မာမီပဲ အကြီးအကျယ်စိတ်ဆင်းရဲရမှာ၊ နွယ်ကတော့ ရှင်းတယ် ... မာမီ မပို့လည်း နွယ်ကိုယ်တိုင်ပြန်ပို့မယ်"

"ဟာ ... အန်တီကိုယ်တိုင် မပို့နဲ့လေ၊ ရထားပေါ်တင်ပေး





လိုက်လည်း ကိစ္စကပြတ်နေတာပဲဥစ္စာ ... ဟွန်း ... အန်တီကလဲ"

ညီနေတာ ... ညီနေတာ ...

နွယ်နဲ့သံစဉ်ချယ် ... ဇာတ်တိုက်လေ့ကျင့်ထားသလားတောင် အောက်မေ့ရတယ်။ တကယ်ပါပဲ ... ကြီးညီညီချင်တာက ဖွားမေးရင် ပန်းခေတ်လေး ဘယ်လိုဖြေမလဲဆိုတာပဲ။

"ဖွား ... "

"ပြောပါ ... ပြောပါ ... ညည်းလေး ဘာပြောမလို့လဲ"

နားဆွဲတွေ ဂေါ်ကွင်းတွေ လည်ဟိုက်အပြတ်တွေနှင့် တစ်ကိုယ်လုံး ရှုတ်ပွနေသည့် သံစဉ်ချယ်ကိုတော့ မိဘအရှိန်အဝါကြောင့် ဆက်ဆံနေရပေမယ့် ဖွားက မျက်စိနောက်နေပုံတော့ ရပါသည်။

သံစဉ်ချယ်ခေါ်တာကို ခပ်ပြတ်ပြတ်ပဲ ပြန်ထူး၏။

"ချယ်လေ ... ကိုကြီးမဟော်ကို ချောင်းသာခေါ်သွားမလို့"

"ဟင် ... ဘယ်တော့လဲ ... "

"ခုလာမယ့် သောကြာနေ့ ... "

"ဟာ ... ချယ်နော် ... ကိုကြီး မလိုက်ဘူး"

တစ်ချိန်လုံး ဘယ်သူနဲ့မှစကားမပြောဘဲ အခန်းထောင့်မှာ ခေါင်းငိုက်စိုက်ကျနေတဲ့ မဟော်က အပြတ်ပဲ ခေါင်းခါငြင်း၏။ တကယ်ဆို မဟော်သွားချင်တာက အားလုံးနဲ့ဝေးရာ ကမ္ဘာ့အပြင်ဘက်။

"ဟာ ... ကိုကြီးနော် ... ဘာမလိုက်ဘူးလဲ"

ချယ် မျက်စောင်းလေးက မဟော့်ဆီကို ဝဲသွား၏။

မဟော်က သုန်သုန်မှုန်မှုန်မျက်နှာလေးကို အားလုံးနဲ့ဆန့်ကျင်ဘက်အရပ်ဆီ တမင်လှည့်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... ချယ်သိပါတယ်၊ ဒီမကောင်းဆိုးဝါးမ အရှုတ်ထုတ်မ ... စံပန်းခေတ်ကိုပဲ ကိုကြီးမပြတ်နိုင်ဖြစ်နေတာမို့လား ... ကိုကြီး တော်တော်ညံ့တယ် ... ကိုကြီးကိုလည်း ဟိုက မချစ်ဘဲနဲ့ ကိုကြီး ဘာလို့ ဒီလောက်တောင် အောက်ကျခံပြီး ချစ်နေရတာလဲ"

"ချယ်ရာ ... မင်းမပြောနဲ့ကွာ"

ခြံထဲမှာ အဲလိုတွေဖြစ်နေတဲ့အချိန်မှာ ...

ဘုရားကနေ မောင်းတင်ပြီး ပြန်လာတဲ့ ပန်းခေတ်ကတော့ မျက်နှာထားလေးက တင်းသထက်တင်း နှုတ်ခမ်းလေးက မဲ့သထက်မဲ့နဲ့ ... နောက်ဆုံးမှာတော့ ခြံရှေ့ကိုတောင် ရောက်တော့မှာလေ။

"ဟာ ... ကြည့်စမ်း ... "

ခြံရှေ့မရောက်ခင် ခပ်လှမ်းလှမ်းမှာကတည်းက မြင်လိုက်ရတဲ့လူတစ်ယောက်ကြောင့် ပန်းခေတ် မျက်လုံးကလေးတွေ ဝိုင်းစက်သွားသလို ဒေါသတွေကပါ အလိပ်လိုက်ထွက်သွားသည်။

အောင်တံခွန်ဆိုတဲ့လူ ...

ကြည့်ပါဦး ... လက်ထဲမှာလည်း လက်ဆောင်အထုတ်ကြီး တစ်ထုတ်ပိုက်လို့။ ခြံတံခါးဘဲလ်ကို အတင်းစွတ်တီးပြီးခေါ်နေတော့ ပြေးထွက်လာတာ အေးအေးဆိုတဲ့ ကောင်မလေး။

"ဟိုလေ ... ဘာကိစ္စရှိလို့လဲ ... "

"ဟွန်း ... ဒါ မန္တလေးကလာတဲ့ စံပန်းခေတ်နေတဲ့ခြံမဟုတ်လားဟင် ... ကိုယ်လေ ဒီလက်ဆောင်လေး သူ့ကိုပေးချင်လို့ပါ"

"ဟော် ... ဟော် ... "

နောက်ကနေရပ်ပြီး ပန်းခေတ် နှုတ်ခမ်းလေးမဲ့မိသည်။





ကျေးဇူးရှင်က သူ့နောက်ကွယ်က ဘောစိတွေ အစီအစဉ်နဲ့ ခြံရှေ့အထိလာပြီး နာမည်ဖျက်ဖို့ ကြိုးစားနေတာမို့ သူမ တော်တော်လေးတော့ ဒေါပွသွားသည်။

"ဒီမှာ ... ဒီမှာ ... "

မျက်နှာရဲရဲလေးနဲ့ပဲ အောင်တံခွန်ဆိုတဲ့လူရဲ့ ပခုံးလေးကို လက်နဲ့တို့ကာ ခပ်ပြတ်ပြတ်လေးပဲ ခေါ်မိ၏။

"ဟာ ... စံပန်းခေတ် ... "

"ရှင် ... ရှင် ... ကျွန်မ ခြံရှေ့ထိ ဘာလာလုပ်တာလဲဟင်၊ ကျွန်မကို သိပ်ချစ်တဲ့အကြောင်း ဒီလက်ဆောင်ဖူးကြီးပေးပြီး သက်သေတွေထပ်ပြဦးမလို့လား ... ရတယ် ... မပြနဲ့ ကျွန်မ သိတယ်၊ ပေး ... ပေး ... ရှင်ပေးချင်တဲ့လက်ဆောင်ဖူးကို ကျွန်မကိုပေး၊ ကျွန်မကိုယ်တိုင် ဝမ်းသာအားရယူလိုက်မယ်ဆိုရင် ရှင်ကျေနပ်တယ်မို့လား ... "

"ဟာ ... အဲဒါဆိုရင်တော့ ဘဲရီးဂွတ်ပေါ့ကွာ ဟဲဟဲ ... "

အောင်တံခွန်ဆိုတဲ့လူ ပြုံးသွားတာ ပါးကနားရွက်မှာတက်ချိတ်တော့မည်။

"ဒီမှာ ... ရှင့်ကို တစ်ခုပဲ ကျွန်မမေးချင်လို့ ... "

ပန်းခေတ် အထုတ်ကိုလည်းမ စလင်းဘတ်အိတ်ကလေးကိုလည်း လွယ်နဲ့ ... မျက်နှာထားလေးကလည်း တည်တင်းလွန်းလို့ပေါ့။

"မေးလေ ... စံပန်းခေတ် ကိုယ်ဘာဖြေရမလဲ ... "

"ရှင် ... ကျွန်မကို တကယ်ချစ်တာလား"

"ဟိုမှာ ဘာလဲတွေ့လား ... "



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ကိုယ်တော်က မိုးပေါ်ကိုလက်ညှိုးထိုးပြလိုက်သေး၏။ ပန်းခေတ်က ယောင်တောင်ပေါင်တောင်နဲ့ မော့ကြည့်လိုက်တော့မှ ...

"မိုးလောက်ကြီးချစ်တယ်လေ ... ဟဲဟဲ ... အဲဒါပြောချင်လို့ပြတာ ... ကမ္ဘာကုန်ကျယ်သလောက်လည်း ချစ်တယ်၊ မင်းကိုရမယ်ဆို ဘာမဆိုလဲပစ်ဖို့ ကိုယ့်ဘက်က အဆင်သင့်ပဲ ..."

"လဲစရာမလိုဘဲနဲ့ ရမယ်ဆိုရင်ရော ရှင် ကျွန်မကိုလက်ထပ်မလား"

"ဟာ ... ထပ်မှာပေါ့ ..."

"ဒါဆို ... လိုက်ခဲ့၊ အေးအေး မမကို တံခါးဖွင့်ပေး"

"ဟာ ... ဘယ်ကိုလိုက်ရမှာလဲ"

"ဒီခြံထဲက လူကြီးစုံရာရှေ့မှာ ရှင် ကျွန်မကိုတစ်ခါတည်းလိုက်တောင်းရမှာလေ ... အပေါ်မှာ ဖွားရှိတယ်၊ ဖွားသဘောတူရင် ရှင်ခေါ်တဲ့နောက်ကို အခုတစ်ခါတည်းပြန်လိုက်မယ်၊ ကျွန်မက ရှင့်လိုမဟုတ်ဘူး ... ပြောရင်လည်း ပြတ်တယ်၊ လုပ်ရင်လည်း ရှင်းတယ် ... သူများတွေလို မေတ္တာကိုစာစီကုံးရရင် ချစ်တာတွေ ဘာလီပုံးလောက်ရမယ်ဆိုတာတွေလည်း နားရှုတ်ဇယားရှုတ်လို့ မပြောချင်ဘူး ... ဟုတ်ပြီနော် ... အေးအေး ... ဖွင့် ... ဖွင့် တံခါးမြန်မြန်ဖွင့် ..."

အရေးထဲမှာ ...

အေးအေးက ပြုံးကြောင်ကြောင်လေးနဲ့ ငိုင်နေသေး၏။ နောက်မှ တံခါးကို သွက်သွက်လေးဖွင့်သည်။

"ဟင် ..."





ခြံရှေ့မှာဖြစ်နေတာတွေကို အပေါ်ကလူတွေမြင်သွားတော့ အောက်ကို ဒရောသောပါး ပြေးဆင်းလာကြသည်။ ဒီအထဲမှာ ဒေါ်ဝတီနွယ်က ထိပ်ဆုံးကလေ။ မျက်လုံးတွေလည်းပြူးလို့ ဟောဟဲဆိုက်အောင်လည်း မောလို့။

မိုးဆိုးတာက ဒေါ်ဝတီနွယ် ဖိနပ်မပါ။

"ညည်းလေး ... ညည်းလေး ... ဒါဘာလုပ်တာလဲဟင် စံပန်းခေတ် ... ညည်းနဲ့မပတ်သက်ပါဘူးဆိုတာ ဒီကောင်လေးလက်ကိုဆွဲခေါ်ပြီး ငါတို့ကိုလာရှင်းတာလား ... ညည်းအေ ... ဒုက္ခပါပဲ ..."

"ရှင်းဖို့ခေါ်လာတာ မဟုတ်ဘူး အန်တီ ... ကိုအောင်တံခွန်ခေါ်တဲ့နောက်ကို တစ်ခါတည်းလိုက်သွားတော့မလို့ ဖွားဆီမှာ ခွင့်လာတောင်းတာ ..."

"ဘာ ... ဘာပြောတယ် စံပန်းခေတ် ... ညည်း ... ညည်းက ဒီကောင်လေးနဲ့ ..."

"ဟုတ်ကဲ့ပါ အန်တီ ... ဒီကောင်လေးနဲ့ဖြစ်နေလား မဖြစ်နေလားဆိုတာ ... ကွယ်ရာမှာ အန်တီတို့ အတင်းတုတ်နေမှာစိုးလို့ ရှင်းအောင် တစ်ခါတည်းပြောလိုက်တာ၊ ဟုတ်ကဲ့ ... ပန်းခေတ်နဲ့ဖြစ်နေပါတယ် ..."

"ကြည့်စမ်း ... ညည်း ... ညည်း ... မရှဲ့နဲ့နော်"

"ပန်းခေတ်လေးရယ် ..."

ရင်ဘတ်ကိုထုပြီး ဒေါ်ဝတီနွယ် နောက်ကနေ မျက်ရည်ကျသွားတာ ကြီးညိုပါ။ ချက်ချင်းပဲ တဟင့်ဟင့်လေးနဲ့တောင် ကြီးညို



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်ငိုပါသည်။

"အဟင်း အန်တီရယ် ... အန်တီကို ပန်းခေတ်က ရွဲ့စရာလား ... ကိုအောင်တံခွန်ကလည်း ပန်းခေတ်ကိုချစ်တယ်၊ ပန်းခေတ်ကလည်း သူ့အချစ်ကိုလက်ခံတယ် ... အဖြေက ရှင်းရှင်းလေးပဲလေ အန်တီ ... သူ့နောက်ကို ပန်းခေတ်လိုက်သွားပြီဆိုရင် နောက်ကွယ်မှာ ပန်းခေတ်အကြောင်းကို ဘယ်သူမှပြောနေစရာမလိုတော့ဘူး ... အရေးကြီးတာ ဖွားနဲ့ပဲ ပန်းခေတ်တွေ့ပါရစေ ..."

"ပေးတွေ့လိုက် အန်တီ ... ပေးတွေ့လိုက် ..."

"ဟင် ..."

နောက်ကနေ အသံစွာစွာလေးနဲ့အော်နေလို့ ဘယ်သူလဲ အောက်မေ့လို့ကြည့်လိုက်မိပါတယ်။ ဘယ်သူဖြစ်ရမှာလဲ ... မဟော်ကို တစ်ဖက်သတ်ကြိုက်နေတဲ့ သံစဉ်ချယ်ဆိုတဲ့ကောင်မလေးပဲပေါ့။

"အန်တီရယ် ... သူကတောင် လိုက်သွားပါ့မယ်တကဲကဲဖြစ်နေတဲ့ဥစ္စာ ... ချယ်တို့ အန်တီတို့က အနေသာကြီး တားစရာလည်း မလိုဘူး ... ကန့်ကွက်စရာအကြောင်းလည်း မရှိဘူး"

"ဟုတ်တယ်နော် ဟုတ်တယ် ... ဟင်း ဟင်း ..."

ဒေါ်ဝတီနွယ် စိတ်တွေယောက်ယက်ခတ်ပြီး ဟိုဘက်လှည့်သွားလိုက် ဒီဘက်ပြန်လှည့်လာလိုက်နှင့် မျက်နှာလည်းပျက် သွက်သွက်လည်းခါ။

"မင်းသဘောပဲ ... မင်းသဘောပဲ ... ဟုတ်ပြီလား စံပန်းခေတ် ... အန်တီတို့ကတော့ မင်းကိုမနိုင်ပါဘူး၊ ကြွပါ ... အပေါ်ထပ်မှာ ဖွားရှိပါတယ် ..."





"ငါလာပြီဟေ့ ... ငါလာပြီ ..."

အို ... ဖွားပါ ဆင်းလာပြီ။

ဖွားနောက်မှာ အန်ကယ်ဦးနေသူရိန်နဲ့ မဟော်လေး။ မဟော်ကတော့ ပန်းခေတ်တို့ဘက်ကို မကြည့်ဘဲ မျက်နှာလေးလွှဲထားလျှက်။

"ပန်းခေတ်လေး ..."

"ရှင် ... ဖွား ..."

"ဒီသူငယ်လေးက ဘယ်သူလဲ ..."

အောင်တံခွန်ဆိုတဲ့လူကိုကြည့်ပြီး ခြေဆုံးခေါင်းဆုံးဖွားက မေးလိုက်တာပါ။ ပန်းခေတ် ပြန်ဖြေရမှာက ရှင်းရှင်းလေးပဲလေ။

"ပန်းခေတ်ရဲ့ချစ်သူပါ ဖွား ..."

"ဘုရားရေ ... အဲဒါ ... ပန်းခေတ်လေး တကယ်ပြောနေတာ"

ဖွားမျက်နှာ သိသိသာသာပျက်နေပြီ။ အန်ကယ် ဦးနေသူရိန်ကလည်း စိတ်ပျက်လက်ပျက် ခေါင်းကလေးကုတ်လျှက်။

"ဟုတ်ပါတယ် ဖွား ..."

"ပန်း ... ပန်းခေတ်လေးရယ် ဖွားမြေးလေး မိုက်လိုက်တာ နေ ... နေပါဦး ... မင်းကရော ဖွားမြေးလေးကို တကယ်ချစ်ခဲ့တာလားဟင် ... မင်း ဘယ်သူလဲ ... မင်းဘယ်မှာနေမလဲဆိုတာ ဖွားကိုပြောစမ်း ... ပြီးတော့လည်း မင်းတကယ်မချစ်ဘဲနဲ့ ဖွားမြေးလေးကို ဒုက္ခမပေးနဲ့ ..."

"ဟာ ... ဖွား ... ကျွန်တော်က သူ့ကိုအတင်းလာခေါ်နေတာ မဟုတ်ပါဘူး ... သူက ကျွန်တော့်နောက်ကို အတင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်လုပ်နေလို့ ကျွန်တော် ခေါ်သွားရတော့မှာ ... ဟုတ်တယ်နော် ... စံပန်းခေတ် ... အဲဒါ ... မင်းပဲပြောလိုက် ... "

ဒါကို ဒေါ်ဝတီနွယ်က ...

"ဟုတ်တယ် မာမီ ... ဟုတ်တယ် ... ဟုတ်တယ် ... စံပန်းခေတ်ကလည်း ဒါကို အတိအကျ ဝန်ခံနေပြီပဲ မာမီရယ် ... ပြောမနေပါနဲ့တော့ ... နွယ်ဆို ဇတ်ဝန်းကျင်က သိမှာစိုးလို့တောင် အရမ်းမျက်နှာပူနေပြီ"

"ဝတီနွယ် ... ညည်း မပြောနဲ့ ... ဒီကောင်လေးကိုပဲ ငါ မေးစရာရှိတာမေးမယ် ... မင်းနဲ့ ငါ့မြေးလေး စံပန်းခေတ် ... တကယ်ဖြစ်နေ တကယ်တွဲနေကြတယ်ဆိုတာ ဟုတ်သလား"

"ရှင် ... ရှင် ... ဟုတ်တယ်လို့ ပြောလိုက်လေ ... "

ပန်းခေတ် မနေနိုင်ပါ။ သူမ ဝင်ပြောတော့မှ အောင်တံခွန်ဆိုတဲ့လူက ပန်းခေတ်ကို နားမလည်နိုင်စွာ လှမ်းကြည့်ရင်း ...

"ဟုတ် ... ဟုတ်ပါတယ် ... "

"ပန်းခေတ်လေးက မင်းကိုပြန်ချစ်တာလည်း ဟုတ်တယ်နော်"

"ဟုတ် ... ဖွား ... ဟုတ် ... ဟုတ် ... "

"ကောင်းပြီလေ ... ဒါဆို မင်းတို့ ဆုံးဖြတ်တာကိုပဲ ငါနာခံလိုက်တော့မယ် ... ဟဲ့ မညို ... ပန်းခေတ်လေးဖြစ်စေချင်တာတွေအားလုံး ညည်း စီစဉ်ပေးလိုက် ... ငါသိတယ် ... ပန်းခေတ်လေးရဲ့မျက်လုံးထဲမှာ ငါ့ကိုပြောချင်နေတဲ့စကားတွေအားလုံးကို ငါ ကြားနေရတယ် ... ကဲ ... ဒါပဲ ငါသွားတော့မယ် ... "

ဖွားက ပြတ်သားသောစကားကိုပြောပြီး တစ်ခါတည်းလှည့်





ထွက်သွားခဲ့ပြီ။ ဒါပေမဲ့ ... လှည့်မထွက်နိုင်သူတစ်ယောက်ကတော့ ရှိပါသေးတယ်။ သူက အန်ကယ်ဦးနေသူရိန်ပဲပေါ့။

"သမီး စံပန်းခေတ် ... "

"ရှင် ... အန်ကယ် ... "

"သမီးဖေဖေက အန်ကယ့်ကိုမေးလာရင် အန်ကယ်ဘယ်လိုဖြေရမလဲ ... သမီးဖေဖေ သမီးအပေါ်မှာ ထားခဲ့တဲ့မျှော်လင့်ချက်တွေကို သမီးတစ်ခါတည်း ရိုက်ချိုးဖျက်ဆီးပစ်လိုက်တော့မလို့လား"

"သမီး ဒီလိုမှ မဆုံးဖြတ်ရင် သမီးကို ချောက်တွန်းသိကျွာချမယ့်သူတွေ သမီးပတ်ဝန်းကျင်မှာ အများကြီးဖြစ်နေတာလေ အန်ကယ် ... ပြောမယ်ဆိုရင် ကိုအောင်တံခွန်ဆိုတဲ့လူကို သမီးရွံပြီး လက်ထပ်လိုက်တော့မှာ ... "

"ဘာ ... ဘာပြောတယ် ... "

ဒေါ်ဝတီနွယ် ခါးတစ်ဖက်ထောက်ရင်း ရှေ့တက်လာပြီ။

"မင်း ... မင်း စကားပြောတာ ဆင်ခြင်ပြီး ပြောနော် စံပန်းခေတ် ... မင်းဟာမင်း အပြင်မှာပွေခဲ့ရှုတ်ခဲ့လို့ အပုတ်နံ့တွေတထောင်းထောင်းထွက်လာတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ရေမွှေးတွေဖြန်းပြီး ပန်းကုံးစွပ်အောင်ပွဲချိုင်နေသေးလို့လား ... ပတ်ဝန်းကျင်ကိုလည်း မင်းဘာမှဆွဲထည့်ပြီး ရမ်းနေစရာအကြောင်းမရှိဘူး ... လောကကြီးမှာ ကိုယ်ကောင်းရင်စံ ကိုယ်မကောင်းရင်ခံ ဒါပဲ ... မင်း အပိုမပြောနဲ့ ... "

"ဟုတ်တယ် ... ဟုတ်တယ် ... အန်တီပြောတာ ချယ်ထောက်ခံတယ်"



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ချယ်က တစ်မှောင့် ...

"ဒီမှာ ကိုနေ ... ဒီကိစ္စမှာ ရှင်ဝင်မပါနဲ့၊ ဒီကိစ္စက ကျွန်မတို့ချင်းပဲ အပြတ်ရှင်းမှရတော့မှာ ... အရေးကြီးတာ မာမီနောက်ကို ရှင်လိုက်သွား ... မာမီသွေးတိုးနေတာ ရှင်သိတယ်နော် ... ရှင်သိတယ် ... ဟင်း ဟင်း ... "

"ကဲပါကွာ ... ကဲပါကွာ၊ မင်းတို့လုပ်ချင်တာပဲလုပ်တော့ ဟုတ်ပြီလား ... ဒီကိစ္စကို မာမီပြောသွားသလိုပဲ ငါပြောလိုက်တော့မယ် ... ပန်းခေတ်လေးအကြောင်းကို မင်းတို့သိတာတွေအားလုံးထက် ငါကပိုသိတယ်ဆိုရင် မင်းယုံလိုက် ... ကဲ ... သွားပြီ"

"သွားပါ ... သွားပါ ... "

"ဟွန်း ... ဟင်း ... "

နှုတ်ခမ်းမဲ့မဲ့လေးတွေနဲ့ ကျန်ခဲ့တာ။

ဒေါ်ဝတီနွယ်နဲ့ သံစဉ်ချယ် နှစ်ယောက်တည်းပါ။

ဦးနေသူရိန် ထွက်သွားတော့မှ ပန်းခေတ် တဖက်ကို ဒေါ်ဝတီနွယ် မျက်နှာပြန်လှည့်သည်။

"ကဲ ... မင်းဘာလုပ်မှာလဲ ... ဒီကောင်လေးကို ရွဲ့ပြီး လက်ထပ်လိုက်ရပါတယ်ဆိုတဲ့ စကားနဲ့ ... ငါတို့ကို မင်းမခြိမ်းခြောက်နဲ့ ... မင်း ရှုတ်ထားသမျှ အထောက်အထားတွေအားလုံး ငါတို့မှာ ရှိပြီးသား ... "

"သိပါတယ် အန်တီရယ် ... သိလို့လည်း ဒီအောင်တံခွန်ဆိုတဲ့လူကို ပန်းခေတ် ယူလိုက်တော့မှာလေ ... အန်တီ ... ပြီးတော့လည်း သူနဲ့ပန်းခေတ်က အဆင့်ခြင်းလည်းတူတယ်၊ ဘဝချင်းလည်း တူတယ်လေ အန်တီရဲ့ ... ဟင်း ဟင်း ... "





ပန်းခေတ် ခပ်ရွဲ့ရွဲ့လေးပြောတော့ ...

ဒေါ်ဝတီနွယ်ရော သံစဉ်ချယ်ပါ မျက်လုံးတွေပြူးကာ။

"ဟင် ... ဘယ်လို ... ဘယ်လိုတူတာလဲ ... "

"ကိုအောင်တံခွန်ဆိုတာ နာမည်ကြီးကုမ္ပဏီတစ်ခုမှာ ကားမောင်းနေတဲ့ ဒရိုင်ဘာတစ်ယောက်ရဲ့သားလေ အန်တီရဲ့ ... "

"ဘုရားရေ ကြည့်စမ်း ... "

"အန် ... အန်တီ ... သူ ... သူက ဒါတွေတောင်သိနေပြီ၊ ချယ် ... ချယ် ... ဒီမမကို ကြောက်တောင်ကြောက်လာပြီ၊ အန်တီပဲ ရှင်းနော် အန်တီ ... ချယ် မရှင်းဘူး ... ရှုတ်လာရင် ချယ်မရှင်းတတ်တော့ဘူး အန်တီရဲ့ ... "

"ဘုရား ... ဘုရား ... "

ဒေါ်ဝတီနွယ်ရော သံစဉ်ချယ်ပါ မျက်နှာတွေလည်းပျက် အသက်ရှူတွေလည်းမှား။ ပိုဆိုးတာက ဒေါ်ဝတီနွယ်ပါ။ ဒင်းက အောင်တံခွန်ဆိုတဲ့ လူမိုက်ကောင်လေးကို ဒရိုင်ဘာသားမှန်း ဘယ်လိုလုပ် သိသွားခဲ့တာလဲ။

စဉ်းစားရင်း ဖောချွေးတွေပါ ပြန်လာသည်။

ပန်းခေတ်ဆိုတဲ့ကောင်မလေးနဲ့ မျက်ဝန်းအကြည့်တွေဆုံသွားပြန်တော့လည်း စိတ်ကမလုံ။

"မင်း ... မင်း ပြောစမ်း ပန်းခေတ် ... ဒီကောင်လေးကို ဒရိုင်ဘာသားဆိုတာ မင်းဘယ်လိုလုပ်သိနေတာလဲ ... "

"ဟင်း ဟင်း အန်တီရယ် ... ပန်းခေတ်နဲ့ကြိုက်နေတဲ့ ညည်းစားအကြောင်းကို ပန်းခေတ်ကမသိဘဲ နေပါ့မလား အန်တီရဲ့ ... ရည်းစားက ဒရိုင်ဘာသားဆိုပေမယ့် ပိုက်ဆံကလည်း အရမ်းအရှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ အန်တီ … တစ်ခါရှာလိုက်ရင် ငါးထောင်တန်အသစ် ချပ်ချွတ်တွေမှ အပုံလိုက်အုပ်လိုက်ကိုရတာ … အန်တီ … ဟင်း ဟင်း … ”

“ကြည့်စမ်း … ကြည့်စမ်း … ”

“ကြား … ကြားတယ်နော် အန်တီ … ”

သံစဉ်ချယ်လည်း သွေးပျက်နေပြီ။

ဒေါ်ဝတီနွယ်လည်း ကြက်သေသေပြီး ပါးစပ်ဟောင်းလောင်းနဲ့။

“မင်း … မင်း … ”

စကားလည်း ဆက်ပြောလို့မရတော့ပါ။

သူတို့နှစ်ယောက်ကိုကြည့်ပြီး ပန်းခေတ်တကယ်ကိုပဲ အူလှိုက်သည်းလှိုက်လေး ရယ်ချလိုက်ချင်ပါသည်။ ဒါကျတော့ မျက်နှာပျက်ရကောင်းမှန်း နှစ်ယောက်စလုံးသိနေကြတာပဲ။

ဒါပေါ့လေ … အိုးမလုံ အုံပွင့်တယ်ဆိုတာ ဒါမျိုးပေါ့။

ပန်းခေတ်ကတော့ တကယ့်ကို အေးအေးဆေးဆေးပါ။ အရေးကြီးတာ အားလုံးကို ပြတ်ပြတ်သားသားရင်ဆိုင်သွားဖို့ပဲ။ အောင်တံခွန်ဆိုတဲ့သူများကျွေးတာယူ ခိုင်းတာလုပ်တတ်တဲ့လူစား တစ်ယောက်ကိုလည်း ဂရုစိုက်နေစရာအကြောင်း မရှိဘူးလေ။ ပန်းခေတ်ကတော့ ကိုယ်မှန်တယ်ထင်ရင် ခေါင်းမော့ရင်ဆိုင်ပြီးသားပဲ။

“မင်း … မင်း … အပိုစကားတွေ ဘာမှလျှောက်ပြောမနေနဲ့တော့ စံပန်းခေတ် … အကောင်းဆုံးက မင်းရဲ့အရှုတ်ထုတ်ကိုခေါ်ပြီး ကြိုက်တဲ့နေရာမှာ ကြိုက်သလိုသွားရှင်းကြ … ကြီးညို့ ဒီ





ကောင်မလေးရဲ့ အသုံးအဆောင်တွေနဲ့ အဝတ်အစားထုတ်တွေကို ခုတစ်ခါတည်း ထုတ်ပေးလိုက်ပါ … ”

“ဩော် … ဩော် … ”

ပြောပုံလေးက လွယ်လိုက်တာ။

ပန်းခေတ် မခံချင်လိုက်တာလေ။

“ဒီမှာ သားမဟော်ကို မင်းတစ်နှစ်လုံး စာသင်စာပြလုပ်ပေးခဲ့တာလည်း ကျေးဇူးတင်တယ် … ဒီကောင်လေးနောက်ကို မင်းလိုက်သွားတော့မယ်ဆိုတာကိုလည်း လက်ဖွဲ့သုံးသိန်းတစ်ခါတည်းပေးလိုက်မယ် … ချယ် … ညွှန်းမှန်ဗီရိုအပေါ်ဆုံးအဆင့်က အန်တီလက်ပွေ့အိတ် သွားယူစမ်း … ”

“အမလေး အန်တီရယ် … ငွေသုံးသိန်းလောက်များ အထဲပြန်ယူနေစရာလား ချယ်မှာလည်း ပါပါတယ်အန်တီရဲ့ … ရော့ ရော့ … အန်တီ … အန်တီကသုံးသိန်း ချယ်က တစ်သိန်း … လေးသိန်း ပေးလိုက် အန်တီ … ”

ကြည့်စမ်း …

ချယ်ဆိုတဲ့ ကောင်မလေးက တစ်သောင်းတန်အုပ်လေး တစ်အုပ်ကို အိတ်ထဲက ဆွဲထုတ်လိုက်ပြီး အရွက်ခြောက်ဆယ်ပြန်နုတ်ကာ ကျန်တာတွေအားလုံး ဒေါ်ဝတီနွယ်လက်ထဲ သွက်သွက်လေး လှမ်းထည့်ပေးသည်။

“အင့် … အန်တီ … ”

ဟိုကလည်း လက်အပ္ပမခံ။

“ရော့ … စံပန်းခေတ် … ”

ဒီက ပန်းခေတ်ကလည်း သိတယ်မလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်တံခွန် ရှင်ယူထားလိုက် … အဲဒါ ရှင်နဲ့ထိုက်လို့ ရှင်ရတယ်မှတ် … ကျုန်တာ ကျွန်မကို မမေးနဲ့ … အရေးကြီးတာ ဒီပိုက်ဆံကိုယူပြီးတာနဲ့ ကျွန်မနောက်ကို လိုက်ခဲ့ပါ … ကျွန်မရဲ့ အဝတ်အစားအိတ်တွေ ရှင်သယ်ရမယ် … ဒါပဲ … လာ ကြီးညို သွားမယ် … "

"ပန်းခေတ်ရယ် … အဟင့် … "

"ဟာ … ကြီးညို မငိုနဲ့လေ … "

သူမအပေါ် သံယောဇဉ်ကြီးတဲ့ ကြီးညိုကိုတော့ ပန်းခေတ်က ကျေးဇူးတင်နေမိပါသည်။ ဒါပေမဲ့ … သူတို့နဲ့ပြိုင်ဖို့ ပန်းခေတ်မှာ ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတော့တဲ့ဥစ္စာ။

သေချာတာက ဒီဇာတ်လမ်းမှာ ဘာတစ်လုံးမှဝင်မပြောသေးဘဲ လက်ပိုက်နှုတ်ခမ်းမဲ့ရင်း လှည့်ရပ်နေတာက မဟော်။

ပန်းခေတ်ကလည်း ဂရုမစိုက်ပါဘူး။

ရှင်တို့သားအမိတွေ ကြိုက်သလိုထင် မာနချင်းပြိုင်ရမှာက ပန်းခေတ်ရဲ့တာဝန်ပဲ။

"အန်တီ … "

"ဟင် … ချယ်လေး … "

"အဲဒါ … ပန်းခေတ် တကယ်လိုက်သွားမယ်ထင်လို့လား။ ရွဲ့နေတာနော် အန်တီ … ပန်းခေတ် ချယ်တို့ကို ရွဲ့နေတာ … ရွဲ့နေတာ … "

"ရှူး တိုးတိုး … "

နှစ်ယောက်သား ခေါင်းချင်းလေးဆိုင်မိနေသလို ပျက်နေတဲ့ မျက်နှာလေးတွေကို ဟန်မပျက်လေး ပြုံးနိုင်ဖို့ကြိုးစားနေရသည်။

လှန်းထားမြို့

BURMESE CLASSIC

www.burmeseclassic.com